www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ရှင်မီထယ်

## မောင်ကိုမှန်းတယ်

တမူခွင့်ပြုချက်အမှတ်
၅၀၀၄၆/၁၀၀(၁၀၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၃/၁၀၀၅(၁၀၄)
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၁၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၁၅၈၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မီထယ်
မောင်ကိုမှန်းတယ်/ရှင်မီထယ်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၄။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) မောင်ကိုမှန်းတယ်

BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဌာန်းနိုင်ရေး
- ပြဌာန်းလာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com









# ရှင်မိတယ်

## မောင့်ကို မုန်းတယ်


စီစဥ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







“ကျွန်မ ရှင်းရှင်းပဲပြောမယ် မင်းသက်မှုတင် ...
ရှင့်ကို ကျွန်မ လုံးဝ လက်မထပ်နိုင်ဘူး ...
ကျွန်မကို မပိုင်လို့ မိဘတွေကိုအပိုင်တွက်ပြီး ...
လာတောင်းမယ်ဆိုရင် ...
ရှင် ... အမောဆိုက်တာပဲ အဖတ်တင်မယ်နော် ...
အဲဒီတော့ ...
ရှင်ကြံနေတဲ့ အကြံအစည်တွေကို ...
ခေါင်းထဲကနေ ခါထုတ်ပစ်လိုက်ပါ ...
ဟုတ်ပြီလား ...”

ခင်ခင်မြတ်မင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



“တကယ်တော့ မောင်ရယ် ...

ကျွန်မ ရင်ထဲမှာ ...

ရှင့်ကို မြတ်နိုးခဲ့တာ ကြာပါပြီ ...

ရှင့်ရဲ့အမူစတိုင်တွေကို အထင်မကြီးလို့ ...

ရှင် ... ကျွန်မအပေါ်

အနိုင်ယူမိုလ်ကျခဲ့တာတွေကို မုန်းလွန်းလို့ ...

ရှင့်ကို ချစ်တယ်လို့ ပါးစပ် ဖွင့်ဟာမပြောခဲ့ပေမယ့် ...

ကျွန်မရင်ထဲမှာ ရှင့်ကို

‘ချစ်တယ်’ဆိုတဲ့စကားလုံးထက်

လေးနက်တဲ့ စကားသစ်ကလေးကို

အဖြေပေးခဲ့ပြီး သွားပါပြီ ...

အဲဒီအဖြေကလေးကတော့ ...

မောင့်ကိုမုန်းတယ် ...”



“အင်း ... နေစမ်းပါဦး ...

ကိုယ် မင်းကို မေးကြည့်လိုက်ဦးမယ်နော် ...

မင်းက ... မင်းကိုယ်မင်း အထင်ကြီးပြီး ...

လာတောင်းဖို့အဆင့်အထိတောင်

မျှော်လင့်ထားတာကိုး ...

ဟတ် ... ဟား ... ဟား ... ရယ်ရတယ် ...

ဒီစကားကြီးပြောရအောင် ...

ကိုယ်က မင်းကို ဘယ်တုန်းက ...

ချစ်တယ် ပြောဖူးသေးလို့လဲ”


မင်းသက်မှုးတင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







## ၁

မင်းသက်မှူးတင် ...

အမယ်လေး ...

နာမည်ကြီးကလည်း ...

ဂီတစာဆိုလိုလို ...

ရှေးစာဆိုတော်ကြီးယောင်ယောင် ...

ဟွန့် ...

တင်စီးလိုက်တဲ့နာမည်ကြီး ...

ကြားရတာနဲ့တင် နားကလောပါဘိ။

ရယ်စရာလည်း ကောင်းပါသည်။

ဒီလိုရယ်စရာကောင်းသည့်နာမည်ကြီးကို ခင် ရယ်ချင်လွန်းစွာဖြင့် ဒုတိယအကြိမ် ခပ်ဖွဖွလေး ရေရွတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းသက်မှူးတင် … ဟိ ဟိ"

ခင်က ဒီနာမည်ကြီးကို လျှာခံတွင်းမတွေ့ပါဘဲ ဖွဖွ ကလေးရေရွတ်ပြီး မေမေ့မျက်နှာကြီးကို ပြုံးစိစိကလေးစိုက်ကြည့်မိသည်။

ကြည့်စမ်းပါဦး …

သူမ သံယောင်လိုက်လိုက်တာကို သဘောတော် အကျကြီးကျသွားခဲ့သည့် မေမေ့မျက်နှာကြီးက သကာရည်လောင်းလိုက်တာထက်ကို ချိုမြိန်လွန်းလှသည်။

ဘာအတွက်ကြောင့်များ …

ခင် မင်းသက်မှူးတင်ကို ရေရွတ်လိုက်တာနဲ့တင် မေမေ့မျက်နှာကြီးမှာ ဘယ်လိုဖြစ်လို့ မလုံမလဲကြီး ဖြစ်သွားရတယ် မသိ။ အပျိုဖြန်းလေးတစ်ယောက်လို မျက်လုံးအကြည့်ကြီးတွေ လှပ်ခနဲ လှပ်ခနဲနှင့် ခင့်မျက်နှာလေးကို ခိုးခိုးကြည့်လိုက်သေးသည့် မေမေ့ရဲ့ရှိုးစင်းလှသည့် အကြည့်တွေကြောင့် ခင် ရယ်ချင်စိတ်တွေကို မနည်းကျိတ်မျိုချထားရသည်။

ရှိုးပ! မေမေရယ် …

မေမေ့သမီးက မန္တလေးသူစစ်စစ်ကလေး ဖြစ်ခဲ့ပေမယ့် ဒီလောက်အထာလောက်ကတော့ ပေါက်ပြီးသား။

မဟုတ်မှလွဲရော …





ဒီမင်းသက်မှူးတင်နဲ့ ခင့်ကို မေမေတို့ မိရိုးဖလာ အတိုင်း လူကြီးချင်းစေ့စပ် …

ပြီးတော့ …

လက်ထပ်ပေးစား …

အို … မေမေရယ် … မေမေချတဲ့ပုံစံကြီးက မမိုက် လှပါဘူး၊ ရှိုးစင်းလွန်းပါတယ်။

ခင်က ဒီလိုလူကြီးမိဘနဲ့ လာပြီးတောင်းရမ်းစေ့စပ် ပြီး လက်ထပ်ရမယ့် မိန်းကလေးမှ မဟုတ်တာ။

ခင့် အရည်အချင်းနဲ့ ခင် စိတ်ကြိုက် "ဒေါင်ဒေါင် ဒေါင်ဒေါင်"ရွေးချယ်မှာပဲ။

ပြီးတော့ …

ခင်က သာမန်ညောင်ည မိန်းကလေးမှမဟုတ်တာ။

ခင့်ပညာ၊ ခင့်ဂုဏ်၊ ခင့်ဥစ္စာဓန၊ ခင့်အလှတွေနဲ့။

အဟင်း ဟင်း … တန်ရုံယောကျ်ားတွေကိုတော့ ခင်တို့က ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့ကိုမထင်။

ဒါကြောင့်မို့ …

ခင့်ကို လူအတော်များများက မျက်မုန်းကျိုးကြတာ။

ခင့်ကို ကြီးကျယ်လို့ ဘဝင်မြင့်လို့ ဘယ်လိုယောကျ်ား မျိုးနဲ့ ညားမလဲဆိုတာကိုပဲ စောင့်ကြည့်ကြမတဲ့။



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်ကြစမ်းပါကွယ်။

ခင့်ကို စိတ်ဝင်စားလွန်းလို့ မျက်စိဒေါက်ထောက် စောင့်ကြည့်ကြလို့ကတော့ ခင်တို့က ပြုံးပြုံးကလေး မျက်လုံးကလေးပင့်ပြီး ဂုဏ်ယူကြည့်လိုက်ဦးမည်။

"အဟင်း ဟင်း"

"ဟောတော် ... ကလေးမဟုတ် သူငယ်မဟုတ် ဘာတွေ သဘောကျပြီး ရယ်နေရတာလဲ ခင်ရယ်၊ ကြည့် ... မေရေ ညည်းတူမကတော့ အရင်ပုံစံတိုင်းပဲ လာပြီ"

မျက်နှာကြီးရှုံ့မဲ့သွားပြီး အန်တီလေးကို အဖော်စပ်သလို တိုင်ပင်လိုက်သည့် မေမေ့ကိုကြည့်ရင်း ခင် ပခုံးကလေးတွန့်ကျုံ့လျက် 'တဟိဟိ' ရယ်လိုက်မိသည်။

ခင်က တစ်ဦးတည်းသောသမီးဆိုတော့ အသက်နှစ်ဆယ့်ငါး၊ အင်္ဂလိပ်စာနည်းပြဆရာမလေးတစ်ယောက်ဖြစ်ခဲ့ပေမယ့် အိမ်မှာတော့ ကလေးပဲ။

အိမ်က အပျိုကြီးဖြစ်သည့် အန်တီလေးနှင့် ပေါင်းပြီး ခင် ကလေးပေါကြီး ဖြစ်နေသည်။

မေမေက ခင် အဲဒီလိုပေါက်တာကို လုံးဝမကြိုက်။

ခင်က ဘယ်လောက်အထိ ကလေးဆန်သလဲဆိုရင် ခင့်ကို သဘောကျကြိုက်နှစ်သက်လို့ဆိုပြီး လူကြီးတွေနှင့် လာကမ်း





လှမ်းသည့်အချိန်မှာပဲ အဲဒီလူကြီးမိဘတွေရှေ့မှာ ခင် ခွက်ထိုးခွက်လန် ရယ်မောပစ်လိုက်မိသည်အထိ ကလေးဆန်တယ်ပဲခေါ်မလား၊ သူတို့တွေကို ရယ်စရာအဖြစ် သတ်မှတ်ပြီး ရင်ထဲကကို ဟားမိတာပဲလားမသိ၊ အဲဒါကို မေမေက လုံးဝမနှစ်သက်။

သမီးလာအောင်းသည့် မေမေ့မိတ်ဆွေသူငယ်ချင်းတွေ ပြန်သွားပြီးတာနှင့် ခင့်ကို ပွက်လောညံ ဆူပူလာတော့သည်။

အဲဒီအချိန်ခဏလေးမှာတော့ ...

ခင်က မျက်နှာပိုးကလေးသတ်ပြီး ဘာမှ မဟုတ်တော့သလို ပခုံးကလေးတွန့် ခေါင်းကလေးငုံ့ လျှာကလေးထုတ်ပြီး တဟိဟိ ရယ်ပစ်လိုက်တော့သည်။

ပြီးတော့ ...

မေမေ့ကိုလည်း ရင်ထဲက ဆန္ဒလေးတွေကို ကြွေးကြော်ပစ်လိုက်သေးသည်။

“အဟင်း ... တကယ်ရယ်ရတယ်နော်၊ ခင့်ကိုများ သာမန်မိန်းမလို့သတ်မှတ်ပြီး လူကြီးတွေနဲ့လာကမ်းလှမ်းတယ်၊ ရိုးလိုက် တုံးလိုက်တာကြီးနော် ... အဟိ၊ ခင်တို့ကတော့ ခင့်ကို ရင်မဆိုင်ရဲလို့ မိဘနဲ့အပိုင်တွက်ပြီး လာကမ်းလှမ်းတဲ့လူကိုတော့ တာ့တာပါပဲရှင်၊ သူ့ဘာသာ ဟိုင်းဘော့စ်ကြီးဖြစ်နေပစေ ဆောရီး ... တာ့တာ”



www.burmeseclassic.com

www.burmeseclassic.com



လို့ [illegible]ပါအောင် ရင်ထဲက ဆန္ဒလေးတွေကို ကြွေးကြော်လိုက်တော့ မေမေက မကျေမနပ်ကြီး မျက်စောင်းခဲ ကာ ခင့်ကို မှိုချိုးမှုစ်ချိုး ပြောလာပါတော့သည်။

"အေးပါအေ၊ မှုနိုင်တုန်းတော့ မှုထားဦးပေါ့၊ မမှုနိုင်တော့တဲ့ အချိန်ရောက်မှ ဖေဖေကယ်ပါ၊ မေမေကယ်ပါ၊ အန်တီလေး ကယ်ပါနဲ့ ယောက်ျားနှိပ်စက်လို့ မျက်ရည်လေးစမ်းစမ်း စမ်းစမ်းကျပြီး အိမ်ဆင်းဘ၀ ဖြစ်လာလို့ကတော့ ဒီက မိထားတို့ကလည်း ဆောရီးပါပဲ"

မေမေက သူ့ကိုယ်သူ ဒေါသထွက်စိတ်ဆိုးသွားပါ လျှင် မိထား ... မိထားနှင့် တင်စားတတ်ပါသေးသည်။

ခင်တို့ကတော့ ကိုယ့်ကိုယ်ကိုယ်တော့ မိကြီးတပ်ပြီး တော့တော့ မတင်စားနိုင်ပေါင်။ ရွှေကလေးတပ် တင်စားလိုက်တော့ ဘာဖြစ်သေး။

ရွှေထားဆိုရင် ဘယ်လောက်နားဝင်ချိုလိုက်မလဲ။

အင်း ... အဟင်း ... မေမေ ... မေမေ။

အဲဒီကတည်းက ခင့်ကို မေမေ မျက်မုန်းကျိုးသွား တာပဲလားမသိ။

ခင့်ကို လာတောင်းရမ်းတဲ့လူတွေကို ဖုန်းနဲ့ပဲ ငြင်း ထုတ်လိုက်လေသည်။





အဲဒီတော့ မျက်နှာမပူရတော့ဘူးပေါ့။

အခုတော့ ...

ဘာတွေများထူးခြားပြီး မင်းသက်မှူးတင်၊ မင်းသက် မှူးတင်နဲ့ ရက်ပိုင်းအတွင်းမှာ အမောဖောက်မတတ် ရေစွတ်လာ သည့်နာမည်တစ်ခုက ခင့်နားထဲမှာ ယဉ်းပါးခဲ့ရပြီဖြစ်သည်။

ဒီနေ့မှာတော့ အလေးအနက်ထားပြီး ဆွေးနွေးလာ တဲ့စကားကို ခင်က အလေးအနက်မရှိသလို ခပ်ပါးပါးလေးလုပ် ပြလိုက်တော့ မေမေ ရှူးရှူးရှားရှား ဒေါပွသွားကာ မျက်ထောက် နီကြီးနှင့် ခင့်ကို စိုက်ကြည့်လာတော့သည်။

"ဟဲ့ ... မိခင် ညည်း ဘယ်လိုဟာသကားကိုကြည့်လိုက် ရလို့ ဒီလောက်သဘောကျနေရတာလဲ"

"ဟိ ဟိ ... မေမေကလည်း ခင့်ကို မိခင်လို့မခေါ်ဘဲ ရွှေခင်လို့ ချစ်စနိုးလေးခေါ်"

"ဒေါက်"

"အား"

မေမေက ခင့်နဖူးတည့်တည့်ကို လက်မှန်းတည့်တည့် ခေါက်ချလိုက်တာကို ခင် မရှောင်နိုင်တော့ဘဲ တည့်တည့်တိုး အခေါက်ခံလိုက်ရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... မေမေနော်၊ မေမေ ခင့်ကို ဒီအသက်အရွယ်အထိ ရိုက်တုန်း၊ ခင့်ကိုသာ သိပ်နိုင်တာ၊ ဖေဖေ့ကျကြောက်လိုက်ရတာ ပြားပြားဝပ်ပဲ"

"ဘာပြားပြားဝပ်လဲ၊ ငါ ညည်းအဖေကို ဘယ်တုန်းက ကြောက်ရလို့လဲ"

မျက်လုံးကြီးပြူး ဒေါပေါင်းလာသည့် မေမေ့ကို ကြည့်ပြီး ခင်က နှာနေသည့်နဖူးကလေးကို ပွတ်ရင်း တဟိဟိရယ်လိုက်ပါတော့သည်။

"ဟိ ဟိ ဟိ"

"ဟယ် ... ပေါလိုက်တာ၊ တော်တော့ကိုပေါ့တဲ့ ငါ့သမီးပဲ၊ တချို့က သက်ဦးအရှုံးတဲ့၊ အနုလည်းဟုတ်ပါ့၊ တစ်ဦး တည်းသောသမီး သက်ဦးအရှုံး တကယ့်အရှုံးပဲ"

အခုနေတုန်း မေမေ့ဒေါသတွေကို ပိုပြီးဆွပေးလိုက်ရင် ခင့်ကိုများ ဘာထလုပ်ဦးမလဲမသိ။

စိတ်ထဲကတော့ ...

ခင် မေမေ့ကို ခံပြောနေလိုက်မိသည်။

မေမေ ဖေဖေ့ကို ကြောက်ပါတယ်။ ဖေဖေ ဘာပြောပြော ဘာမှငြင်းဆန်နိုင်တာမရှိ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ အစ်ကိုနဲ့ ကြောက်လိုက်ရတာ ရှိသေလိုက်ရတာလည်း နှစ်ယောက်မရှိ။





မယားဝတ္တရား အကျေအပွန်လွှန်နေသည့် မေမေ့ကို ကြည့်ပြီး ခင် နှာခေါင်းရှုံ့ပစ်လိုက်သည်။

ခင်တို့ကတော့ ဒီလိုပုံစံမျိုးမရ။

ဆောရီးပဲ ...

"အဟင်း ဟင်း ... ကဲ ... တော်ပါတော့ မမရယ်၊ ညည်း သမီးအကြောင်းလည်း ညည်းအသိသားနဲ့၊ ထားတော့ ဘာစကားမှမပြောတော့နဲ့၊ သူ့ကို စကားကောင်းဘယ်တုန်းကမှ ပြောလို့မရဘူး၊ ချိုချိုသာသာလေး ပြောလို့မရဘူး၊ မဖြစ်မနေ ဘေကလေး တီးပေးမှရတာ၊ သဘောပေါက် သဘောပေါက်၊ ကိုယ့်သမီး အကြောင်း ကိုယ်သဘော ပေါက်"

"ပေါက်ပါတယ်အေ၊ ပေါက်ပါတယ်၊ မင်းသက်မှုတင် ဟိ ဟိတဲ့၊ သူကပဲ ဟိဟိလုပ်ရသေး၊ ဟိုက သူ့ကို ဟဲဟဲ လုပ်မှာ၊ ဟိုက သူ့ကိုမြင်ပြီးတော့ အော့ကြောကြီးလန်၊ အော့ကြောကြီးလန် ဆယ်ခါပြန် ဆယ်ခါပြန်ဖြစ်မှာ"

"အမယ်လေး ... ခင်တို့ကသာ အဲဒီရှေးဂီတစာဆိုကို အရင် ဆုံး ဘေလွှတ်ပေးလိုက်မှာ၊ မှတ်ထား"

"ဘာ ... ဘာဂီတစာဆို"



www.burmeseclassic.com

www.burmeseclassic.com



မေမေက မတော်ရသေးသည့် သူ့သမက်လောင်းကလေးကိုထိတော့ ဆတ်ဆတ်ခါ နာသွားပုံဖြင့် လက်ကြီးခါပြီး စလန်ပေးလာသည်။

အဟင်း ... လာ,လာချည်သေးရဲ့။

ရှေးဂီတစာဆိုက ဘာကောင်မို့လို့လဲ ...။

ခင့်ကိုမြင်ပြီး မခွဲလမ်း မရှုးသွပ်သည့်ယောကျာ်းရယ်လို့ မရှိ။

မမြင်ဘူးလို့ မခွဲလမ်းတာပဲ ရှိရင်ရှိမည်။

ခင်တို့ရဲ့ရှေးဘဝကုသိုလ်ကံ ကောင်းလွန်းလို့ ချောမောလွန်းသည့် ရုပ်ရည်ကလေးကြောင့် ခင်က ယောကျာ်းတိုင်းရဲ့ အချစ်ဦးဖြစ်ခွင့် ရခဲ့လေသည်။

ခင့်မျက်နှာသွယ်သွယ်ချောချောကလေးမှာ အထင်းဆုံးလှတာကတော့ မျက်လုံးဝိုင်းဝိုင်းကလေးတွေပါပဲ။

ကိုယ့်ကိုယ်ကိုယ်မို့ညွှန်းတာမဟုတ် ...

ပြီးတော့ ...

လေးကိုင်းနှုတ်ခမ်းဖူးဖူးလှလှလေးကလည်း ဆေးမသွင်းရပါဘဲ အမြဲတမ်း ပန်းသွေးရောင်ပြေးနေခဲ့တာ ခင့်ကိုယ်ခင် နှစ်သက်ကြည်နူးမိသည်။

အဟင်း ... ခုခေတ်က ကြော်ငြာဝင်ခေတ်။





ကိုယ့်ကိုယ်ကိုယ် ကြော်ငြာမင်းသမီးလုပ်သည့်ခေတ်ကြီးမှာ ခင်ကလည်း ခင့်ကိုယ်ခင် ကြော်ငြာဝင်နေမိသည်။

စကားဝိုင်းကလေး တိတ်ဆိတ်ငြိမ်ကျသွားကြချိန်မှာ မေမေ့ကို ကြာကြာစိတ်ဆိုးခွင့်မပေးနိုင်သည့် မေမေ့အခန်းထဲက မေမေ့ရဲ့ Hand Phone က တတူတူ မြည်လာပါတော့သည်။

"တူ တူ တူ ..."

ကောင်းတယ်။

အခုမှပဲ နားအေးပါးအေး နေရတော့မယ်

ကျောင်းကလေးပိတ်လို့ နားအေးပါးအေးလေးများ နေရမလားလို့ အနားယူပါတယ်။

အိမ်က မေမေ့ရဲ့ဆူညံ ဆူညံအသံက ကစ်ခေတ်ထလာပြန်ပြီ။

"အင်း ... ငါ့အခန်းထဲက ဖုန်းမြည်လို့သွားလိုက်ဦးမယ်၊ ဒီမှာ ခင် ညည်းခေါင်းထဲမှာတော့ မင်းသက်မှူးတင်ကို မေ့ထားလို့မရဘူးနော်၊ အဲဒါတော့ နည်းနည်းလေး သတိပေးထားမယ်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ခင် ဆက်ပြောမယ့်စကားက ရန်ဖြစ်ရမယ့် စကားတွေမို့ ဘာမျှ ဆက်ပြောချင်စိတ်မရှိတော့ဘဲ ရင်ထဲမှာပဲ တိတ်တိတ်လေး မျိုချလိုက်ရတော့သည်။

ဟွန်း ... အခုလောက်အထိ မေမေ ကဲကဲဆတ်ဖြစ်နေပုံအရ ဒီဂိတစာဆိုဘိုးတော်က လာကမ်းလှမ်းလာလို့ကတော့ ခင်နှင့်ဖူးစာရှင်ဖြစ်ဖို့ဆိုတာ မိုင်ပေါင်းကုဋေရယ်ပေါ့။





## ၂

"ဟယ် ... သမီးလေးက အဲဒီလောက်အထိ ခေါင်းမာတယ်တဲ့လား၊ အဟင်း ဟင်း ... ဒါလွယ်ပါတယ်၊ မြတ်တို့ လမ်းကြောင်းလွှဲပေးလိုက်မယ်၊ လူငယ်အချင်းချင်းတည်ပေးလိုက်မယ်၊ အဲဒါမှ အိုကေမှာ အဟင်းဟင်း၊ ဒီက သားတော်မောင်ကလည်းလေ ခင်လေးကို မြင်ဖူးတော့မှ အသည်းစွဲ အရိုးစွဲဖြစ်မှာ ... အဟင်းဟင်း"

ဟာ ...

လုပ်ပြီ။

မာမီတို့ကတော့ တကယ်ညစ်ပါသည်။

ဖုန်းစကားပြောရင်း သွားမစိတမ်း သဘောတွေစွတ်နေသည့် မာမီ့ကိုကြည့်ပြီး သူ တော်တော်စိတ်ပျက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော မာမီတစ်ယောက် တကယ်ကို ဂနာမငြိမ် ယောက်ယက်ခတ်နေတာ ဒက်ဒီတောင် မျက်စိစပါးမွေးစူးလာရပြီ။

တစ်နေ့ တစ်နေ့ ...

စားလည်း ခင်။

အနွေကြည့်လည်း ခင်။

ကော်ဖီသောက်လည်း ခင်။ တခင်ခင်ဖြစ်နေတာ သူလည်း နားကြားပြင်း ကတ်လှသည်။

မန္တလေးက လွန်ခဲ့တဲ့နှစ်လလောက်က မာမီ အလည်သွားရင်းနှင့် တစ်သက်လုံး တစ်ခါမှ မမြင်ဖူးတွေ့ခဲ့ရသေးသည့် မာမီ့သူငယ်ချင်းရဲ့သမီးလေးကို မြင်ပြီးကတည်းက သူနှင့် သဘောကျပါတယ်။ သူ့ကို ဒီမိန်းကလေးကိုပဲ လက်ထပ်ရမည်ဆိုပြီး နားပူနားဂျီ ကျလာတာ သူ အတော်ကလေးစိတ်ညစ်ရသည်။

မာမီတို့ကလည်း ခေတ်မီမလိုနှင့် သိပ်တုံးလွန်းသည်။

သူကလည်း ဒီလိုမျိုးဆို သိပ်အလိုမရှိ။

အင်း ... ပြောပြောဆိုဆို မာမီ ဖုန်းပြောပြီးသွားလို့ သူ့ကို မျက်နှာချိုချိုကြီးဖြင့် လှမ်းကြည့်ပြီးပြလာခဲ့တာကြီးကို သူ ဒီလည်းလည်ကြီး ကြည့်လိုက်မိသည်။

မာမီ့ဒုက္ခကလည်း မသေးလှ။





သားရေး သမီးရေးကို စိန်ကုန်သည်ဖွဲ့လို လိုက်ခပ်နေ့ဟပ်နေတာ သူ ရှက်လည်း ရှက်လှသည်။

တစ်ဖက်ကမိန်းကလေးကလည်း ရှက်ရှာမှာပဲ။

"ဟောတော် ... မာမီ့ကိုများ မကျေမနပ် မျက်မှောင်ကြီးကုတ်ကြည့်လို့၊ ဘာလဲ သားလေးက မူပြီပေါ့ ဟုတ်လား"

"မူတာမဟုတ်ပါဘူး မာမီရာ၊ မာမီတို့ လုပ်တာကြီးက ခေတ်နောက်ဆွဲနေပြီဗျာ၊ ဘယ့်နှယ်ဗျာ လွန်ခဲ့တဲ့နှစ်လလောက်က မန္တလေးသွားရင်းနဲ့ တွေ့ခဲ့တဲ့မိန်းကလေးကို သဘောကျလို့ဆိုပြီး ချက်ချင်းချွေးမတော်ချင်တာ အဲဒါ မာမီ မရှက်တာ၊ သား စိတ်မခ်စားဘူးဗျာ"

"ဒါဆို သားက ငြင်းတယ်ပေါ့"

"ဟုတ်ကဲ့"

သူက မျက်မှောင်ကြီးကြုတ်ပြီး ပြောလိုက်တော့ မာမီက စိတ်မဆိုးသည့်အပြင် ရယ်သွမ်းသွေးလိုက်သေးသည်။

"အဟင်း ဟင်း ... အေးနော်၊ မင်းစကား အတည်နော် သား"

"ဟာဗျာ ... မာမီကလည်း သားက မိန်းမလိုချင်နေတဲ့သူမှ မဟုတ်တာ၊ အခုမှ သားအသက်နှစ်ဆယ့်ငါးနှစ်ပဲရှိသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်နဲ့အတူတူပါပဲ၊ ခင်ကတောင် သားထက်နှစ်လပိုငယ်သေးတယ်"

"ငယ်ငယ်ကြီးကြီးဗျာ၊ ကျုပ်တာမယ်တော်ဆို သားမလိုချင်ဘူး၊ သားကို ဆရာလုပ်မယ့်မိန်းမဆို သားနဲ့ လုံးဝကိုမဖြစ်ဘူး"

"အဟင်း ဟင်း ... နောက်မှ မြင်ယောင်သေးတယ်၊ ခင် ခင် ခင် နဲ့ ပါးစပ်ကတောင် ချမှာမဟုတ်ဘူး၊ ငါ့သားလေးနော်၊ မိန်းကလေးကိုမြင်ပြီးမှ မင်း အခုပြောမယ့်စကားတွေကို ပြောကြည့်ပါလား၊ မာမီတို့ကလည်း လူငယ်တွေအကြောင်း မပါဘဲ အတင်းအကျပ် မစီစဉ်ပါဘူး"

အင် ... ဒီအမျိုးသမီးက ဘယ်လောက်အထိများ ချောနေလို့ မာမီ ဒီလောက်အထိ အာမခံချက်ပေးနေရတာလဲ နတ်သမီးလောက်များ လှသလား။

အင်း ... စိတ်တော့ဝင်စားစရာပါပဲ။

အဟက် ...

သူက သိပ်လှတဲ့ မိန်းကလေးတွေကို သဘောကျနေပ်သူရယ်ပါ။

"ဒါပေမဲ့ သား ခင့်ကိုတော့ မြင်ဖူးအောင်တော့ ခင်တို့ဆီ သွားရမယ်၊ မာမီတို့ဆောက်လုပ်ရေးကုမ္ပဏီသစ်ကို မန္တလေးမှာ ထပ်ပြီးတိုးချဲ့ရ ကောင်းမလားလို့၊ အဲဒါ သားလေးက သင့်တော်မတော် သွားလေ့လာရင်းနဲ့ ခင်တို့အိမ်ကို မာမီ ပေးလိုက်တဲ့လက်ဆောင်လေးတွေ သွားပေးရမယ်၊ အဲဒီတော့မှ သားလေး သဘောလေ၊ သားလေး မလိုချင်ပါဘူးဆိုလည်း မာမီ ဘာမှမပြောလိုပါဘူး"

အင်း ...

မှုပြီဗျာ ...

မာမီတို့ကတော့ ...

သူ့ဆန္ဒတွေကို တောက်ကြည့်သလိုလိုနှင့် နောက်တော့ အဖျားရှူးသယောင်ယောင်ကလေးပြလိုက်ပြီး သူ့ကို ခိုးလိုးခုလုကြီးဖြစ်သွားအောင် တမင်ကလိလိုက်သလိုပင်။

အင်း ... မာမီ ... မာမီ ... တတ်လည်းတတ်ပါ့ဗျာ။

အဟွန်း ... တတ်လို့လည်း သူ့မာမီ ဖြစ်နေတာပေါ့။

ခင်နှင့်ပတ်သက်သည့်စကားကို ဘာတစ်ခွန်းမှမဟတော့ဘဲ သူ့ကို ပြုံးစိစိလေးကြည့်ပြီး လှည့်ထွက်သွားသည့် မာမီကို သူ အားမလိုအားမရ မျက်စောင်းကြီးလှမ်းခဲကြည့်လိုက်မိသည်။

ဟွန်း ... သူ့ချွေးမလောင်းက ဘယ်လောက်အထိများ ချောမောလှပနေလို့ ထောက်ခံမဲအပြည့်ယူပြီး သူ့ကို အပိုင်တွက်ထားတယ်မသိ။

www.burmeseclassic.com

www.burmeseclassic.com



မာမိအပြုံးကြီးက သူ့ကို ကလိသလိုလို ရိသလိုလို နှင့်။

"သား မာမိတွေ့ခဲ့တဲ့ မာမီ့သူငယ်ချင်းရဲ့သမီးလေးကို မတွေ့သေးလို့ပါ၊ မင်းတွေ့သွားရရင် မင်းနှလုံးသားတွေ ခံနိုင်ရည် မရှိတော့ပါဘူး"လို့ မျက်လုံးအကြည့်လေးတွေနှင့် ပြုံးပြုံးကလေး ထေ့နေတာ သူ့ရင်ထဲမှာမခံချင်သလို မာမီပြောသည့် ကျူတာမယ် တော်လေးကိုလည်း နေ့ချင်းညချင်း စိတ်ဝင်စားသွားမိရတော့သည်။

မာမီက သားသဘောပါလို့ ပြောလိုက်တော့မှ မာမီ ပြောတဲ့ ကျူတာမယ်တော်လေးကို စိတ်ဝင်စားလှစွာဖြင့် သူမ လေးရှိတဲ့ မန္တလေးကို သွားချင်သည့်ဆန္ဒတွေက တားမနိုင် ဆီး မရ တဖွားဖွားပေါ်လာတော့သည်။

အင်း ... ဒီမှာကလည်း အလုပ်ကမပြီးပြတ်သေး။

မာမီကလည်း မန္တလေးသွားဖို့ စကားလမ်းကြောင်း မစသေးတာမို့ သူ့ရင်ထဲမှာ လိပ်ခဲတည်းတည်းကြီးဖြစ်ကာ အစာ နင်နေရချေပြီ။

အခုမှ တစ်ယောက်တည်း မာမီ မန္တလေးကပြန်လာ တုန်းက ခင်နှင့်ပတ်သက်သည့် စကားသံလေးတွေကို စားမြုံ့ပြန် ရင်း မျက်နှာကြီးတစ်ခုလုံး ပြုံးယောင်သမ်းကာ နွေးမြမြကြီးခံစား လိုက်ရသည်။





"အို ... ရှားမှရှားလိုက်တာ မောင်ရယ်၊ မြတ်တစ်သက်မှာ ခင့်လောက်ချောတဲ့မိန်းကလေးမျိုးကို တစ်ခါမှ မမြင်ဖူးခဲ့ သလိုပဲ၊ မင်းသမီးတစ်ယောက်လိုလှတာ၊ မင်းသမီးတောင် ကိုရီးယားစပိုင်ချစ်သူထဲက ခိုအားလား မျက်နှာမျိုးလေး၊ နှမ့်နေတာပဲ၊ ခင်က မျက်နှာပေါက်ကျပုံ ပိုလှတယ် မောင်ရဲ့၊ မျက်လုံးလေးကလည်း ပြောမပြတတ်အောင်ပဲ၊ ဒါပေမဲ့ မာနကတော့ ထိပ်ပဲတဲ့"

အဲဒီတုန်းက ...

သူ မာမီ့စကားကို ဟားတိုက်ရယ်မောခဲ့မိသည်။

ချောလည်းချော၊ ပညာကလည်းတတ်၊ မာနက လည်းရှိ၊ ပစ္စည်းဥစ္စာကလည်း အပြည့်ဖြင့် ဘဝင်တွေစွတ်မြင့်နေ သည့် ကျူတာမယ်တော်ကို အခုချိန်မှာ သူ့နှလုံးသားဆီသို့ အရှိန် ပြင်းပြင်းထရိုက်သွားခဲ့ရပြီမို့ နေလို့မရအောင်ကိုပင် စိတ်တွေလော ကာ တွေ့ချင်စိတ်ကလေးတွေ ပြင်းပြလာရသည်။

ကိုယ်နဲ့သက်ဆိုင်ရမယ့်သူလေးမို့ ...

ရင်ခုန်တာလား ...

ကြည်မွေ့သာယာမိတာလား ...

ချောတယ်၊ စပိုင်ရဲ့ခိုအားလားတဲ့။

ဒီလိုဆို သူက စပိုင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အား ...

စပိုင်တော့ သူ အဖြစ်မခံနိုင်။

လှစ်ခနဲ ဖိန့်ခနဲ အသည်းနှလုံးတွေ ထုံကျင်အေးမြ သွားသလို သူ့ပခုံးကြီးနှစ်ဖက်တွန့်ပြီး မြို့မြို့ကြီး ပြုံးလိုက်မိသည်။

အဟွန်း ...

ဒီကျူတာမယ်တော်ကလေးက အတော်ကလေး သလို ဘဝင်ကလည်း မြင့်တယ်ဆိုတော့ အင်း ... သူနဲ့ကတော့ တကျိမ်းကျိမ်းညှံ့ပြီပေါ့။

သူက သူ့ကို ကက်ကက်လန် နှုတ်လှန်ထိုးတ သည့်မိန်းမမျိုးကို သိပ်မုန်းပါသည်။

ဒါပေမဲ့ မန္တလေးသူလေးဆိုတော့ ...

အဟက် ... ယဉ်ကျေးသိမ်မွေ့မှာ ဧကန်မုချ

အတွေးတွေနဲ့တင် သူ့နှလုံးသားကြီးတစ်ခုလုံး မြမြကြီး ဖြစ်သွားရကာ သူမလေးနဲ့ တွေ့ချင် စကားပြောချင် တွေက ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ဟုန်းဟုန်းထ ပြီမို့ စာရင်းတွေကို ရေးချတ်နေရာမှ သူ ဆုံလည်ဆိုဖာကြီးက "ဝုန်း"ခနဲ ထရပ်ပစ်လိုက်သည်။

"ရှီ ... ရှီ ... အဟွန်း ... မင်းလေး သိပ်လှတယ် လည်း ကိုယ်က စိတ်ဝင်စားရပြီပေါ့၊ ကိုယ်တို့ယော





တွေက သိပ်လှတဲ့မိန်းမဆိုရင် ဘယ်လိုဖြစ်မှန်းမသိ ရင်က အလိုလိုခုန်လာတာ ... အဟက်"

အခန်းထဲကနေ ပခုံးကြီးနှစ်ဖက်တွန့်ပြီး သူ အပြေး လေးလှည့်ထွက်လာခဲ့သည်။

"အင်း ... မာမီ ... မာမီ ... သားကို နှိပ်စက်ထားဦးပေါ့ ဗျာ၊ သားကလည်း သာနည်းသားဟန်နဲ့ ကျူတာမယ်တော် နဲ့ ဒီနေ့တွေ့ရမှာပဲ ... ဟဲ ဟဲ၊ ဖုန်းဆက်မယ်လေ မာမီရဲ့"

မင်းသက်မှူးတင် ...

ဖုန်းကလေးကို မြှောက်ပြီး ဆွဲဆွဲ ဆွဲဆွဲ ကိုင်ရင်း အလုပ်စားပွဲကြီးကို အပြေးတစ်ပိုင်း လှမ်းဝင်ခဲ့သည်။

မာမီ့အလုပ်စားပွဲက စာရင်းစာအုပ်ထဲမှာ မိတ်ဆွေ ရဲ့ ဖုန်းနံပါတ်တွေကို တန်းစီရေးထားတာ သူ အသိဆုံး။

ဒီလောက်ကတော့ သားက လှစ်ခနဲ လှစ်ခနဲ ပါး သားပါ မာမီရာ။

"အဟွန်း ဟွန်း ..."

တစ်ယောက်တည်း ကျိတ်သဘောကျကာ သူ မာမီ့ စားပွဲက စာရင်းစာအုပ်ကြီးကို ကပျာကယာဆွဲလှန်ကြည့် က်သည်။ ဒီအချိန်ဆို မာမီ မလာသေးပါ။

"ဖတ် ... ဖတ် ... ဖတ်"



www.burmeseclassic.com

www.burmeseclassic.com



ဟော တွေ့ပါပြီ။

မိတ်ဆွေမျာ ရဲ့ ဖုန်းနံပါတ်များလို့ ခေါင်းစဉ်တ

ထားသည့်နေရာအရောက် သူ နည်းနည်းရင်ခုန်သွားရသည်။

မန္တလေးကို သွားရမယ်လို့ သတိပေးပြောလာပြီ

တစ်လနီးနီး မသိချင်ယောင်ဆောင်နေသည့် မာမိပရိုယာယ်

သူ မကျေနပ်ချင်တော့။

ဒါကြောင့်မို့လို့ ...

သူ့နည်းသူ့ဟန်နှင့် ရအောင်ဖွင့်လိုက်တာပဲ။

"ဟဲ ... ဟဲ"

မင်းသက်မှူးတင် တစ်ယောက် ကိုယ့်လုပ်ရပ်ကို

သဘောအကျကြီးကျသွားရကာ ပခုံးကြီးကို စုံပစ်တွန့်လိုက်

သည်။

အဟွန်း ... ကိုယ့်ကိုယ်ကိုယ် ရုပ်သေးမင်းသား

လက်ဖြစ်နေတာကိုတော့ မင်းသက်မှူးတင် သတိမထားမိတော့

"ဟား ... တွေ့ပြီ ... တွေ့ပြီ"

"အင် ... ဘာတဲ့ ... ခင် မန္တလေး ... အလို"

မာမိရေးထားတဲ့ ဖုန်းနံပါတ်တွေထဲက ထိပ်ဆုံး

ရာမှာ ခင့်ဖုန်းနံပါတ်ကလေး နေရာယူထားတာကြီးကို သူ

သဘောတော်ကျကာ နှုတ်ခမ်းကြီးတွန့်ပြီး လွှလွှကြီးပြုံးလိုက်

သေးသည်။





ချွေးမလေးလေးရဲ့ ဖုန်းနံပါတ်ကလေးကို အရင်

ဆုံး ဦးဦးဖျားဖျားလေး ရေးထားတယ်ပေါ့။

အဲဒီလောက်အထိ ဦးထားတာ။

"ဟဲ ... ဟဲ"

သူ့ရင်ထဲမှာ ဘယ်လောက်ကြီးမုန်းမသိအောင် လုပ်ခဲ့

ပြီးခဲ့ဖြစ်ကာ နွေးထွေးရင်ဖိုနေခဲ့သည်။

အင်း ...

သူမလေး ဖုန်းနံပါတ်ကလေးကို စိတ်ထဲကနေ

အသေအချာမှတ်လိုက်ပြီး Hand Phoneကလေးကို ခါးကြားထဲက

ဆွဲထုတ်ပြီးမှ လက်ကြီးပြန်ရုပ်ကာ ပခုံးကြီးနှစ်ဖက် အသာက

လေးတွန့်လိုက်မိပြန်သည်။

အင်း ...

ဒီအချိန် ဖုန်းဆက်လို့မဖြစ်။

သူမ စာသင်နေတဲ့ အချိန်ကြီးဆိုတော့ ရင်တွင်

းခံစားချက်တွေ ပြောခွင့်မရ။

ညသန်းခေါင်ကျော် တကယ်ရင်ဖိုရသည့်အချိန်မှာ

ပင် ဘွင်းချိုချိုကလေးတွေ ခံစားကြားရမည်။

အဲဒီအချိန်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



ခင့်ဆီက စကားသံလေးတွေကို ခုတင်ကလေးပေါ်က
နေ မျက်လုံးကလေး စင်းမေးမှိတ်ပြီးတော့ သူမလေးရဲ့ အသံက
လေးကို နှလုံးသားနန့ထဲကို ရှုရှိုက်ပြီး နားထောင်ရမည်။

အင်း ...

ခင် ... ခင် ... မင်းကို ကိုယ် မမြင်ရခင်ကတည်းက
ရူးသွပ်ခဲ့တာ မင်း ကံကောင်းတာပဲ။





"တူ ... တူ ... တူ"

"........"

"တူ ... တူ ... တူ"

အင်း ...

နားထဲမှာ ဖုန်းမြည်သံလေးလို သဲ့သဲ့ကလေးကြားနေ
တာမို့ ခင် အိပ်ပျော်နေရာမှ လူးလွန့်လှုပ်ရှားသွားရသည်။

ဒီအချိန်ကြီး ဘယ်သူကများ ဖုန်းဆက်တာပါလိမ့်။

ညကြီးအချိန်မတော် ခမျာ အိပ်မက်မက်နေတာလား
မသိ။

"တူ ... တူ ... တူ"

ဟော ... မြည်လာပြန်ပြီ။

ခင် အိပ်မက်မက်နေတာ မဟုတ်တော့။

တကယ့်ကို ခုတင်ခေါင်းရင်းက သူမ Hand Phone
လေးက မြည်နေခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်ကနာရီကို ကြည့်လိုက်တော့ ညဆယ်

နာရီခွဲနေပြီဖြစ်သည်။

ဘယ်သူကများ ဒီအချိန်ကြီး အရေးတကြီးဖုန်းဆက်

တယ်မသိ။ သိချင်စိတ်တွေက ခင့်ရဲ့အိပ်ချင်မူးတူး မျက်လုံး

ကို ပြူးကျယ်ပွင့်ဟသွားရကာ ခင် စိတ်ပျက်လက်ပျက်ဖြင့်ပင်

ခုတင်ခေါင်းရင်းက ဖုန်းကလေးကို ကောက်ကိုင်ပြီ

ဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"......"

"ဟယ်လို ... ခင်ခင်မြတ်မင်း ပြောနေပါတယ်"

"အား ... နာမည်ကြီးကလည်း"

"ဘာ"

"ဘာ"ခနဲကျယ်လောင်စွာ မြည်သွားသည့် ခင့်အသံ

က ခင့်အခန်းထဲမှာ လှိုင်းရိုက်ခတ်သွားပါသည်။

ကြည့်စမ်းပါဦး။ သန်းခေါင်ကျော်အချိန်မှာ ဘယ်သူ

ကများ အနှောင့်အယှက်ပေးဖို့ ဖုန်းဆက်တာလဲမသိ။

ယောကျ်ားတစ်ယောက်ရဲ့အသံဖြစ်သလို အသံပိုင်

ရှင်ဟာ ခင့်ကို သိနေသလို ရယ်စစနှင့် ညုသလိုလို တာသလို

ယောကျ်ားပီပီသံပေါက်ကြီး ထွက်လာပါလျက်နှင့် ညို့သံကြီးနှ

နေတာကိုတော့ ခင့်စိတ်ထဲ တစ်မျိုးကြီးခံစားလိုက်ရသည်။





ရင်ကလေးတွေ ခုန်မြည်လှုပ်ရှားနေတာတော့

...တယ်။

ရင်ထဲမှာ တစ်မျိုးကလေး လှုပ်ခနဲဆန့်သစ်ခွေးထွေး

သွားသလိုကြီး ခံစားလိုက်ရတာဖြစ်သည်။

"အဟွန့်"

"အရမ်းနိုက်တယ်လို့"

"ဘာ ... ရှင် ... ရှင် ဘယ်သူလဲ၊ သန်းခေါင်ကျော်ကြီး

ဘာအရူးထနေတာလဲ"

"ကိုယ် ဘယ်သူလဲဆိုတာကို စိတ်ဝင်စားသွားပြီပေါ့"

"စိတ်မဝင်စားပါဘူး"

"သြော်"

"ဒါဆို သိတော့ သိချင်မှာပဲ"

"မသိချင်ဘူး၊ မသိချင်ဘူး"

ကဲ ... မှတ်ထား။

အိပ်ချင်မူးတူးနဲ့ စိတ်ပေါက်ပေါက်ဖြင့် တအားအော်

ဖစ်လိုက်တော့ တစ်ဖက်က ဖုန်းထဲက အားခနဲ ခပ်အက်အက်က

လေး အော်လိုက်သည့်အသံတစ်ခုက သူမတစ်ကိုယ်လုံး ကြက်သီး

မွေးညင်းထသွားသည်အထိ ရင်ကလေးတွေ ဆောင့်ခုန်သွားရကာ

ခေါင်းတစ်ခုလုံးလည်း ကျင်မြမြကြီးဖြစ်သွားသည်အထိ ခံစား

ကြက်တွေ အင်း ... အဲ ... သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရား ... ဘုရား ...။

ဒီအသံ ဒီဟန်က မေမေတို့ပြောပြောနေတဲ့ မင်းသက်မှုးတင် ဆိုတဲ့ ဂီတစာဆို ဘိုးတော်များလား။

သူမနှလုံးသားတစ်ခုလုံး ပွက်လောညံ ဆူညံလှိုင်းခတ်သလို ဗရမ်းဗတာခုန်လျက် အသက်ရှုလို့မဝတော့သလိုကြီး ဆို့နင့်သွားရသည်။

အား ...

ငါ ... ငါ ဘာဖြစ်သွားတာလဲ ...

မင်းသက်မှုးတင် ဆိုတော့လည်း ငါ ဘာအကြောင်းထားစရာ လိုတာမှတ်လို့။

"ကြောက်စရာကြီးနော်"

အတွေးကလေးတွေနှင့် ရင်ခုန်မောပန်းစွာ ငြိမ်သက်နေချိန်မှာ ခပ်တိုးတိုးကလေး ရိုထေ့လာသည့် ညသံကြီးက ခင့်နှလုံးသွေးတွေကို ညှို့ငင်သိမ်းယူလိုက်သလို ခံစားလိုက်ရတော့သည်။

"ဘာ"

"ဘာကိုကြောက်စရာကြီးလဲ"

"အားလုံးအလုံးစုံ"

"ဟာ ... ရှင် ဘယ်လိုလူလဲလို့"





"အား ... ချစ်ဖို့ကောင်းလိုက်တာကွာ၊ အပြင်မှာ အခုတောင်လာတွေ့လိုက်ချင်တယ်၊ အိုခေ ... မနက်ဖြန်နဲ့ သန်ဘက်ခါဆို အင်း ... အဆင်ပြေပါတယ်"

တစ်ဖက်မှ မင်းသက်မှုးတင်တစ်ယောက် ခပ်ဆောင့်ဆောင့်လေးအော်ပြောလိုက်သည့် ခင် အသံကလေးကို ငြိမ့်ငြိမ့်ကြီးနားထောင်ရင်း ကြည်မွေ့ကြည်နူးစွာ ကိုယ့်ကိုယ်ကိုယ် ဘာတွေပြောနေမိမှန်းတောင်မသိလိုက်ရသည့်အချိန်မှာပဲ တစ်ဖက်က ဖုန်းကလေးပိတ်သွားခဲ့ပြီဖြစ်သည်။

အင်း ... တစ်ဖက်ကလည်း ကျူတာမယ်တော်ကဖုန်းပိတ်သွားပြီဆိုတော့လည်း သူ့မှာ အီလည်လည် ဆန့်ငင်ငင်ကြီးဖြစ်သွားရသလို ဖုန်းကလေးကို နှုတ်ခမ်းထောင့်ကလေးဖြင့်နွေးနွေးလေးဖိကပ်နမ်းရှိုက်ရင်း ရင်ထဲက ရင်ခုန်သံနွေးနွေးလေးတွေကို ကြည်နူးရင်ဖိုစွာ မျက်စိကလေး မှေးစင်းစင်းချရင်း တိတ်တိတ်ကလေး ငြိမ့်ပစ်လိုက်တော့သည်။

"အား ... တကယ့်အသည်းစားကလေးပဲ"

ကျူတာမယ်တော်လေးကို သူ အထင်ကြီးပြီး အကဲခတ်လိုက်တာ။ အဟား ... ကျူတာမယ်တော်လေးကလည်း မခေ။

သူ့ကိုများ ဟိန်းလိုက်ဟောက်လိုက်တာများ ဆရာမယ်လို့မပြောရဘူး။ ဟွန်း ... သူကလည်း အဲဒီလိုလေးကိုပဲကျနပ်သဘောကျတာ။


www.burmeseclassic.com

www.burmeseclassic.com



"အောင့်ကြောလန်လေး … အဟက်"

ရင်ထဲမှာ တစ်ခါမှ ဒီလိုမျိုး မိန်းကလေးတစ်ယောက်နဲ့ပတ်သက်ပြီး မကြည်မွေ့ဘူးခဲ့။ ရင်မခုန်ဘူးခဲ့။

နွေးထွေးသည့် ခံစားချက် အသစ်အဆန်းကလေးတွေ မဖြစ်ဘူးသည့် မင်းသက်မှူးတင် တစ်ယောက် ဒီတစ်ခါတော့ မာမီ ထွင်းခဲ့သည့်လမ်းကြောင်းကြီးကို မက်မက်မောမော လျှောက်လှမ်းဖို့ ပီတိအဟုန်ဖြင့် မျက်နှာကြီး ပြုံးမြမြကြီးဖြစ်သွားရကာ ရင်မှာ အကျေနပ်ဆုံး ကျေနပ်သွားခဲ့ရပါပြီ။

"အား … ဟား … မာမီရေ … မာမီ့သားတော့ မာမီဖော်ခဲ့တဲ့ဆေးကို စွဲသွားပြီဗျာ၊ အသံလေးကြားရတာနဲ့တင် သားHeartထိတယ်၊ တကယ် … တကယ် သား မမူတော့ဘူးဗျာ"

မင်းသက်မှူးတင် ကလေးလေးတစ်ယောက်လို တိုးဖွဖွကလေးရေရွတ်ရင်း သူမလေးဆီလည်း ဖုန်းထပ်ဆက်ဖို့ စိတ်မကူးတော့ဘဲ အိပ်ရာထဲမှာပဲ'ကိုယ့်အတွေးနဲ့ကိုယ် အေးဆေးနွေးထွေးစွာ အိပ်ပစ်လိုက်ပါတော့သည်။

အင်း … မျက်လုံးကလေးသာ မှိတ်ထားခဲ့ရပေမယ့် ရင်ထဲမှာတော့ နွေးငြိမ့်နေခဲ့သည်။

စိတ်ကူးကလေးတွေဆန်းသစ်ကာ မနက်ဖြန်မှာ သူမလေးနှင့် ရင်ဆိုင်ရမယ့်အရေးကို တွေးရင်း ကြည်မွေ့ရင်ခုန်ခဲ့ရ





သည့် ခံစားချက်ဆန်းကလေးတွေကို သူ့နှလုံးသားနုနုကလေးမှာ သစ်မှုးညှို့ငင်စွာဖြင့် …။

"အင်း … ခင်ခင်မြတ်မင်း … ခင်ခင်မြတ်မင်း … မင်းရဲ့ အသံလေးကြားတာနဲ့တင် မင်း ဘယ်လောက်မာနကြီးပြီး မိုလ်ကျတယ်ဆိုတာကို ကိုယ် နားလည်လိုက်ရပြီ၊ အဟတ် ကိုယ့်အပေါ်ကိုလည်း မင်း မိုလ်ကျမှာလား မိုလ်ကျရဲ့လား ခင်"

တစ်ယောက်တည်း အရူးထပြီး တိုးဖွဖွလေးရေရွတ်နေသည့် ကိုယ့်အသံကလေးကိုယ် နားထောင်ရင်း ဒီညတစ်ညလုံး အိပ်လို့မရတော့ဘဲ မိုးစင်စင်လင်းခဲ့ရတော့သည်။

ခင်ရယ် …

အဲဒီလောက်အထိ …

ကိုယ် မင်းကို အသည်းစားဖြစ်သွားရပြီကွာ။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com



၃

"ကျွိ ... ကျွိ ..."

"ဟင်"

ပေါ်တီကိုရှေ့သို့ ထိုးရပ်လာသည့် LANDCRUISER အနက်ရောင်ကြီးကိုကြည့်ပြီး ခင့်ရင်ကလေးတွေ နွေးရှိတုန်မြသွားရကာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ရင်ခုန်စိတ်လှုပ်ရှားသွားခဲ့သည်။

အို ...

ဒီကားပိုင်ရှင်ဟာ ညက ခင့်ဆီ ဖုန်းဆက်သည့် မင်းသက်မှူးတင်ကလွဲပြီး တခြားဘယ်သူမှ မဖြစ်နိုင်။

ကားထဲကနေ သေချာပိုင်နိုင်စွာဖြင့် သူ့ကိုယ်သူ ယုံကြည်စိတ်ချချက် အပြည့်ခံယူထားသည့် မျက်နှာထားကြီးဖြင့် ရှိမှတ်ကွန်ထရိုးလေးနှင့် ကားပေါ်ကနေ ကားတံခါး "ချောက်" ခနဲ





ဖွင့်ပြီးဆင်းလာသည့် ခင်တို့အရွယ်လောက်ရှိသည့် အရပ်ရှည်ရှည် လူရွယ်လူချောလေးကိုကြည့်ပြီး ခင့်မျက်လုံးတွေ ပြာဝေမူးမိုက်သွားတော့သည်။

ဒီလူချောကလေးက ...

မင်းသက်မှူးတင်မှ မင်းသက်မှူးတင်အစစ်။

တီရှပ်လက်တိုအဖြူကလေးကို ဂျင်းဘောင်းဘီရှည် အပြင်မှာထုတ်ဝတ်ထားပြီး Hand Phoneကလေးကို လည်ပင်းမှာ ချိတ်ဆွဲလျက် ပလက်တီနမ်လက်ကောက်တွေ ဝတ်ထားသည့် ကောင်လေးကိုကြည့်ပြီး ခင့်တစ်ကိုယ်လုံး ကြက်သီးကလေးတွေ တဖြန်းဖြန်းထသွားသည်အထိ ရင်ခုန်စိတ်လှုပ်ရှားသွားရကာ မျက်လုံးဝိုင်းဝိုင်းကလေးတွေ ကလယ်ကလယ်နှင့် အန်တီလေးကို တုန်ကုန်ယင်ယင်ကြီး လှမ်းခေါ်လိုက်မိတော့သည်။

"အန်တီလေး ... အန်တီလေး"

အမယ်လေး ...

ဂီတစာဆို ဘိုးတော်လေးကလည်း လျှင်လိုက်တာ။

ကားပေါ်ကနေဆင်းပြီး အပေါ်ထပ်ဝရန်တာလေးကို တစ်ချက်ကလေး မော့မကြည့်ဘဲ အောက်ထပ်တိုက်ထဲကိုပဲ ပြေးတော့ မယောင်ခြေလှမ်းတွေနှင့် လှမ်းဝင်သွားသည့် လူချောလေး Seyle လေးက ခင့်ကို ပိုပြီးရင်ဖိုနွေးထွေးစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာလဲ သမီး"

ခင် အန်တီလေး မျက်နှာကြီးကိုကြည့်ပြီး ဘာပြန်ပြောရမှန်းမသိအောင် ရင်ခုန်သံလေးတွေ မြန်ဆန်ပွက်လောညံသွားရလေသည်။

အင်း ...

အန်တီလေးကိုပဲ ဂီတစာဆိုကလေး အောက်မှာရောက်နေတယ်လို့များ ပြောရမလား။

ဒါမှမဟုတ် မသိသလိုကလေးပဲ နေရမလား။

ညက သူ ဖုန်းဆက်တဲ့အကြောင်းတွေကို အန်တီလေးကို ဖွင့်ပြောရမလား။

ဟာ ...

ဘာမှမပြောဘူး။ ရှုပ်တယ်။

"ခင် ဘာဖြစ်နေတာလဲ"

"အင်း ... ဟို ... ဘာမှ မဖြစ်ပါဘူး"

ပြောသာပြောလိုက်ရပေမယ့် ခင့်ရင်ထဲမှာ တကယ်မောနေရပါသည်။

တစ်သက်လုံး အားတင်းမာန်ထည်လာခဲ့သမျှ ဒီတစ်ချီမှာတော့ ခင် လုံးဝ အလျှော့မပေးနိုင်။

ခင်ဆိုတဲ့မိန်းမသည် နူးညံ့သည့် နှလုံးသားပိုင်ရှင် မဖြစ်စေရ။





"အို ... ခင်ရဲ့၊ ဘာဖြစ်နေတာလဲ၊ စောစောက အိမ်ရှေ့မှာ ကားသံကြားတယ်၊ မမတို့များ ပြန်လာတာလား"

"ဟင့်အင်း ... မဟုတ်ဘူး၊ ကားတစ်စီးလာတယ်"

မျက်လုံးအကြည့်လေးကိုလွှဲကာ ခင် အန်တီလေးကို ပြောလိုက်သည့်အချိန်မှာပဲ အောက်ထပ်က အိမ်ဖော်အဒေါ်ကြီးက ခင်တို့ဆီတက်လာပြီး ခင့်မျက်နှာလေးကိုစိုက်ကြည့်ကာ ...

"ခင်ရေ အောက်ထပ်မှာ ဧည့်သည်ရောက်နေတယ်"

"ဟင် ... ဘယ် ... ဘယ်သူလဲ"

ခင် အထစ်ထစ် အငေါ်ငေါ်ဖြစ်သွားတာကို အန်တီလေးက မသင်္ကာသလို မျက်စောင်းကြီးခဲကြည့်လာသည်။

"ကောင်လေးတစ်ယောက်ပဲ၊ ခပ်ချောချောလေး၊ ရန်ကုန်ကတဲ့၊ လက်တွေမှာလည်း ပလက်တီနမ်လက်ကောက်တွေနဲ့ ရှုပ်ယှက်ကိုခတ်နေတာပဲ"

ဟာ ... သေချာပါပြီ။

ရန်ကုန်ကဆိုတော့ မင်းသက်မျှတင်ကလွဲပြီး တခြားဘယ်သူမှမရှိ။

"ဟာ ... ခင့်အသိထဲမှာ ဒီလောက်ခေတ်ရှေ့ပြေးတဲ့သူ မရှိဘူး အန်တီလေး၊ ရန်ကုန်ကဧည့်သည်ဆိုတော့ မေမေတို့ဆီလာတာပဲနေမယ်၊ အန်တီလေး သွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းလည်း လိုက်ခဲ့ပေါ့အေ"

"အာ ... မလိုက်ချင်ပါဘူး၊ ခင့်ကို တကယ်လို့မေးရင် စာစစ်နေတယ်လို့ ပြောလိုက်နော် အန်တီလေး"

"တကတဲ ခင်တစ်ယောက်ဟာလေ ဘာဖြစ်နေမှန်းကိုမသိဘူး"

အန်တီလေးက ခင် အသည်းအသန် ရုပ်ပျက်ဆင်းပျက်ငြင်းနေတာကြီးကို သတိထားမိသွားကာ သဘောပေါက်သလို ပုံစံကြီးဖြင့် နှုတ်ခမ်းကြီးမဲ့ရွဲ့ပြီး ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးဖြင့် အောက်ထပ်သို့ တအိအိဆင်းသွားပါတော့သည်။

ခင့်မှာတော့ ...

အန်တီလေးနှင့် ဂီတစာဆို ဘယ်လိုစခန်းသွားကြမလဲဆိုတာကိုပဲ ရင်တထိတ်ထိတ်ဖြင့် အခန်းထဲကို သုတ်ခနဲပြေးဝင်ရင်း နားစွင့်ထားလိုက်သည်။

အို ...

ခင် ဘာဖြစ်သွားရပြီလဲ ...။

ခင့်နှလုံးခုန်သံတွေကလည်း Normal မဟုတ်တော့သလို ခင့်မျက်နှာလေးမှာလည်း ရှက်သွေးကလေးတွေဖြင့် နွေးမြမြလေးဖြစ်နေသည်။

"အား ... ငါ ဘာဖြစ်သွားပြီလဲ၊ ခင် ... ခင် ဒီဂီတစာဆိုကို စိတ်ဝင်စားခဲ့ပြီလား ..."





ခင် စိတ်လှုပ်ရှားလွန်းလို့။

တိုးဖွဖွကလေး ရေရွတ်ပြီး ခုတင်ကြီးပေါ် တုံးလုံးလှဲချရင်း မျက်ဝန်းလှလှကလေးတွေကို ရှက်သွေးပိုစွာဖြင့် မှိတ်ချပစ်လိုက်တော့သည်။

အို ...

ခင့်မျက်ဝန်းလေးထဲမှာ အရပ်ရှည်ရှည်သွယ်သွယ်၊ အသားဖြူဖြူ၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် လေးထောင့်ကျကျ မျက်နှာချောချောလေးနှင့် ကားပေါ်က သွက်သွက်ကလေးဆင်းလာသည့် ဂီတစာဆို ရန်ကုန်သား မင်းသက်မှူးတင်ကို မြင်ယောင်ရင်း ရင်ခုန်သံလေးတွေ မြန်ဆန်သွားခဲ့ရတော့သည်။

အို ... ခင် ဘာဖြစ်သွားရပြီလဲ ...။

ခင်ခင်မြတ်မင်း ဆိုသည့်နာမည်ကိုသာ ပြောင်းပြန်ရေးချလိုက်ချင်ပါသည်။

ခင့်နှလုံးသား အသစ်ကလေးက ...

ဒီတစ်ယောက်နဲ့ကျမှ အရည်ပျော်သွားခဲ့ရပါလျှင် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်သည်က မောင်ရင်လား"

အိမ်ရှေ့ဧည့်ခန်းနံရံတွေမှာ ချိတ်ဆွဲထားသည့် ခင့်ရဲ့အလှဓာတ်ပုံတွေ နံရံကပ်ပိုစတာအလှပုံကြီးတွေကို သူ အံ့ဩရင်ခုန်စွာ ငေးငေးလေးစိုက်ကြည့် ကျေနပ်နေသည့်အချိန်မှာပဲ အဆင်မပြေလှသည့် ဖုဖုထစ်ထစ်အသံကြီးနှင့်ဆိုလာသည့် အမျိုးသမီးချောကြီးကို သူ လှည့်ကြည့်ရင်း အပြုံးကလေး လှစ်ခနဲပေးလိုက်ရသည်။

ရင်ထဲမှာတော့ အင်တင်တင်ကြီးရယ်ပါ။

ကိုယ့်ဆီကိုလာသည့် ရပ်ဝေးကဧည့်သည်ကို စကားပြော မပြေပြစ်ပုံထောက်ရင်ဖြင့် အပျိုကြီးဒေါ်ဒေါ်ပဲ ဖြစ်ရမည်။

မန္တလေးသူ မန္တလေးသားတွေ စကားချိုတယ်ဆိုတာ ဒီတွဝရီးနဲ့တင် စာဆိုတော်ကြီးတွေ လွဲသွားရချေပြီ။

ကြည့်စမ်းပါဦးဗျာ ...

အပျိုကြီးရယ်လို့ မပြောရဘူး ...





စူးစမ်းသည့်မျက်လုံးကြီးတွေ ပေါ်လွင်အောင်အကဲခတ်နေတာ တကယ်ရီးစင်းလွန်းနေသည်။

အင်း ... ဒီပုံအတိုင်းဆို သူကြော်ငြာဖွင့်မှဖြစ်တော့မည်။ အပျိုကြီး ဒေါ်ဒေါ်ကြီးကိုကြည့်ပြီး သူ ရယ်ချင်သွားရကာ ပန်းလေးကို အသာကျုံ့လျက် ...

"ဩော် ... ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်က ရန်ကုန်က Moon Constructionက ဦးမင်းမောင်ပိုင် ဒေါ်မြတ်မြတ်မို တို့ရဲ့ တစ်ဦးတည်းသောသား ဆောက်လုပ်ရေးကန်ထရိုက်တာ မင်းသက်မှူးတင်ပါခင်ဗျ"

ရီးစင်းစွာဖြင့် အကဲခတ်စူးစမ်းနေသည့် အပျိုကြီး ဒေါ်ဒေါ်ကို သူ ကြော်ငြာဖွင့်ပေးလိုက်တော့မှ အပျိုကြီးဒေါ်ဒေါ် မျက်နှာကြီးက အံ့ဩဝမ်းသာရိပ်တွေ ဖုံးလွှမ်းသွားရကာ သူ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလာတော့သည်။

"ဟင် ... မမမြတ်ရဲ့သား မောင်မင်းသက်မှူးတင် ဟုတ်လားကွယ်၊ ကြည့်စမ်းပါဦး၊ သားက ငယ်ငယ်ကလိုပဲ သွယ်သွယ်ချောချောလေး၊ မမမြတ်တို့ရော ပါမလာဘူးလား ကွယ်"

"ဟုတ်ကဲ့ မပါလာပါဘူး၊ ကျွန်တော် အလုပ်ကိစ္စနဲ့လာရင်း မာမီက ခင်တို့အိမ်ကို ဝင်လိုက်ပါဦးဆိုလို့ လာခဲ့တာပါ



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျ၊ ဒီမှာ အန်တီတို့အတွက် မာမီ လက်ဆောင်လေးတွေ ပါးလိုက်ပါတယ်''

သူက အန်တီအပျိုကြီး ဒေါ်ခွကြီးကို မာမီပေးလိုက်သည့် လက်ဆောင်ထုပ်တွေကို လက်ကလေးနှစ်ဖက်ဖြင့် တရိုတသေလေးပေးလိုက်တော့ အပျိုကြီးက အထူးသဘောကျသွားကာ ...

"အေး ... အေး ... ကျေးဇူးတင်တယ်ကွယ်၊ မမတို့တော့ အလုပ်သွားတာ မပြန်သေးဘူးကွယ်"

အင်း ...

အခုတော့ ချက်ချင်းကြီး ကြည်သွားလိုက်တာ ...

အဟွန်း ဟွန်း ... ရယ်လည်း ရယ်ချင်ပါဘိ။

သူ့မှာတော့ တွေ့ချင်မြင်ချင်သူလေးကို စက္ကန့်မလပ် မျှော်လင့်စောင့်ဆိုင်းပြီးလာခဲ့ရတာ အခုတော့ ခွကျလှသည့် အပျိုကြီးက အရင်ဆုံး ပဏာမဆြေခံနေတာ သူ့စိတ်ထဲမှာ အင်အဲအဲကြီးဖြစ်နေရသည်။

အင်း ...

ခင့် ကျောင်းပိတ်ရက်ကလေးကို အံကိုက်ပြီးလာခဲ့ကာမှ ခင့်ကို ဝင်ဝင်ချင်းမတွေ့လိုက်ရသဖြင့် သူ အမောမပြေဖြစ်သွားရသည်။





စိတ်ထဲမှာ ဂနာမငြိမ်ဖြစ်သွားသလို မျက်လုံးအကြည့်ဆွဲကလည်း စောစောက ခင်ဖြစ်ဟန်တူသည့် ဓာတ်ပုံပိုစတာထဲက မျက်လုံးဝိုင်းဝိုင်းညို့ညို့ကြီးတွေနှင့် ညို့အားကောင်းစွာပြုံးနေခဲ့သည့် မင်းသမီးလေးလို တစ်ပင်တိုင်လှ,လှနေသည့် မိန်းမချောလေးမျက်နှာလေးကို ရင်ခုန်မွေးဖျစွာ မျက်ဝန်းကြည်ကြည်တွေဖြင့် ငေးစိုက်ကြည့်ရင်း သူ့ရင်ထဲမှာ မောလျရင်ဖိုကာ တစိမ့်စိမ့်ကြည်နူးနေခဲ့သည်။

အင်း ... ခင် ... ဒေါ်မေပဲကလည်း သူလာတာကို သိသွားလို့ တမင်များ ရှောင်ပုန်းသွားခဲ့ပြီလားမသိ။

တွေ့ချင် မြင်ချင်လှပါသည်ဆိုကာမှ ...

အဟား ... ခင်ရယ် ... ကိုယ် မင်းကို သိပ်တွေ့ချင်ပြီ။ မင်းလေးက မာမီ ပြောတာထက်တောင် သိပ်လှတယ်ကွာ။

"မောင်မင်းသက်မှူးတင်"

"အင် ... ဗျာ"

"အဲဒါ အန်တီလေးရဲ့တစ်ဦးတည်းသော တူမချောလေး အင်္ဂလိပ်စာနည်းပြဆရာမလေး ခင်ပေါ့"

"အာ ... ဟုတ် ... ဟုတ်ကဲ့ခင်ဗျ၊ အခု ကျွန်တော်မယ် ... အဲ ... ခင်ရှောဟင်"



www.burmeseclassic.com

www.burmeseclassic.com

သူ ဣန္ဒြေမဆယ်မိဘဲ အလောတကြီးမေးလိုက်တော့ အန်တီအပျိုကြီးက "ဒါမျိုးတွေရှိနေပြီ"ဆိုတဲ့ မှုပုံကြီးဖြင့် မျက်နှာကြီးတစ်ဖက်လှည့်ပြီး မချိုမချဥ်ကြီး ပြုံးသွားကာ အတန်ကြာမှ –

"အန်တီလေးကိုတော့ ဧည့်သည်ထွက်မတွေ့နိုင်ဘူး၊ တစ်စ နေတယ်လို့ ပြောလိုက်တာပဲ၊ နေဦး သား ခဏစောင့်၊ အန်တီလေး သွားကြည့်ပေးမယ်"

"ဟုတ်ကဲ့"

အခုမှပဲ ရင်ထဲမှာ အမောပြေသွားသလို အသက် ဝဝရှူနိုင်သွားပါသည်။

"ဟား ..."

အောင့်တင်းထားမိသည့် ကိုယ့်အသက်ကိုယ်"ဟား" ခနဲ ဟားထုတ်ရင်း အန်တီလေး အပျိုကြီး လှည့်ထွက်သွားတာ ကို တစ်ချက်ကြည့်ရင်း ရင်ထဲမှာ ဘာ့ရယ်မဟုတ် စိတ်ပျက် သလိုကြီး ဖြစ်သွားရသည်။

အင်း ... ဒီအပျိုကြီးလိုမျိုး ဟိုတုမချောလေးများ ခွကျလှရင်ဖြင့် ...

သူနဲ့တော့ ...

မလွယ် ... တကယ်မလွယ်။

သူမလေးနဲ့ စကားပြောလိုက်ရတာလည်း ဒီ Mental ကြီးပဲ။





အပျိုကြီးလေသံ ...

ခွကျတဲ့လေသံ ...

မနူးညံ့တဲ့လေသံ ...

ယောကျ်ားတွေကို အထင်မကြီးတဲ့အသံ။

နောက်ဆုံးတော့ စိတ်တိုသံကလေးဖြင့် ဆောင့်အောင့် ထည့်လိုက်သည့် ခင့်အသံလေးက သူ့ Heartကို မိမိရရ ထိသွား စေခဲ့သည်။

အား ... မင်းအသံကလေး ကြားရတာနဲ့တင် ကိုယ် တအားရင်ခုန်တယ်ကွာ။ မင်းလေး ကိုယ့်ကို ဘာဖြစ်လို့ ရန်လို နေရတာလဲဆိုတာ ကိုယ် အပီသိတယ်။

အဟွန့် ... ကောင်မလေး ...

ကိုယ့်ကို လန့်နေတာမဟုတ်လား ...

မင်းသက်မှူးတင် တစ်ယောက် ...

ဧည့်ခန်းဆိုဖာကြီးကနေ ဣန္ဒြေမဆယ်နိုင်တော့ဘဲ ဂါဝန်အဖြူလွှလွှကလေးဖြင့် ယောကျ်ားတွေ အသည်းစွဲသည့် မှုပိုင်မခို့တရို့အပြုံးလေးဖြင့် မော့ကာ ကောင်းကင်ကြီးကိုကြည့် နေသည့် ခင့်မျက်နှာနုနုအိအိကလေးကို ရင်ခုန်မက်မောစွာ ညို့ ငင်စွာ တစိမ့်စိမ့်ညို့ရှိရှိကြီး စိုက်ကြည့်ရင်း အသည်းဖျားသွား တော့သည်။ အား ... အသည်းယားလိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com

ကြွေရောင်တောက်နေသည့် မျက်နှာလုလုအိအိကလေးကို သူ ရင်ခုန်အသည်းယားစွာဖြင့် လက်ဖဝါးကြီးနှင့်ဖွဖွကလေး ပွတ်သပ်ကိုင်ကြည့်လိုက်ရင်း ရင်ခုန်သံကြီးတွေ လူးလွန့်နွေးမြသွားခဲ့တာကြီးကို ပခုံးကြီးနှစ်ဖက် တွန့်ကျုံ့ပစ်လိုက်မိသေးသည်။

ပိုစတာထဲမှာ တကယ့်ကိုလှတာပဲ။

မာမီပြောတဲ့ ခိုအားလားထက်တောင်သာသေး။

လှလိုက်တာ ရွှေမင်းသမီးကလေး့ရယ် …။

မင်းကို ကိုယ် မမြင်ရသေးဘဲ မာမီ့ကို ဗွတ်ကြီးငြင်းနေတာ ကိုယ်နောင်တရတယ်။

အခုတော့ …

ကိုယ် မာမီ့ကို ဘယ်လိုစကားလုံးမျိုးနဲ့ ပြန် ဖားရပါ့မလဲ။

"အဟွန်း"

မင်းသက်မှုုတင် တစ်ယောက်တည်း သဘောကျကြည်မွေ့စွာဖြင့် ပခုံးကြီးနှစ်ဖက်တွန့်ကာ ရယ်လိုက်မိသည်။

နူးနူးညံ့ညံ့လေး ချောမွေ့နေသည့် ခင့်မျက်နှာလုလုကလေးကိုလည်း သူ့ရဲ့ အရည်တလက်လက်ညို့မျက်ဝန်းအကြည့်ကြီးတွေကို စက္ကန့်ဝက်မျှ မလွဲဖယ်မိတော့ဘဲ နွေးငြိမ့်ငြိမ့်လေး တစိမ့်စိမ့်ငေးကြည့်ရင်း ရင်ခုန်သံနွေးနွေးတွေက ရင်ဘတ်အဝဆီ





မှာ အသံက်ရှုုတိုင်း နိမ့်ချီမြင့်ချီ တုန်ယင်ကာ သူ ကြည်နူးရင်ဖို ခံစားရင်း ခံစားချက် အသစ်အဆန်းလေးတွေဖြင့် ငြိမ့်နေလိုက်သည်။

တကယ်ပါကွာ။

မင်းမျက်နှာလေးက ကိုယ့်အတွက်ထာဝရ …

ကဗျာမမီ … စာမမီ။

မင်းမျက်နှာလေးက တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်လေ ကိုယ့်အတွက် အမောပြေလေပါပဲ ခင်ရယ်။

ခံစားချက်နွေးနွေးကလေးတွေဖြင့် ဖိုးကာရဲ့ တစိမ့်စိမ့်ကြည့် စာသားလေးကို တိုးဖွဖွလေးဆိုညည်းရင်း သူ့ရင်ထဲကရင်ခုန်သံကလေးတွေကလည်း အရှိန်ကောင်းစွာ မြန်ဆန်မြင့်တက်လာရသည်။

တကယ်ပါ ခင်ရယ် …

ကိုယ် မင်းကို မမြင်ရသေးခင်ကကို ချစ်နေခဲ့ရပြီကွာ။

ရင်ထဲကနေ ဖွဖွကြီးညည်းပြီး ခင့်ရဲ့မျက်နှာလုလုလေးကို သူ့လက်ဖဝါးကြီးဖြင့် ကြင်နာစွာ ဖွဖွကလေး ပွတ်သပ်ကြည်နူးမိန့်မူးရင်း ညို့မျက်ဝန်းကြည်ကြည်ကြီးတွေဖြင့် အသည်းစွဲကလေးကို နင့်နင့်နဲနဲကြီး စိုက်ကြည့်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာကြည့်လေ ...

အသေအချာကို လှလေပါပဲ။

အား ... မူးပြီကွာ။

"ဟင်"

"ရှင် ... ရှင် ... ဒါ ဘာလုပ်တာလဲ"

"အား"

အနောက်ဘက်ဆီက အသံစွာစွာ တူးတူးလေးက သူ့အာရုံတွေကို ပျက်ပြားသွားစေခဲ့သလို ရင်ခုန်သံနွေးနွေးတွေ သည်လည်း ...

"ဟင် ..."

မင်းသက်မှူးတင် အသံလာရာကို ဇော်ကြီးလှည့်ပြီး လိမ်ကြည့်လိုက်သည့်အချိန်မှာပဲ ဟင်ခနဲ အာမေဋိတ်သံကြီး ဖွဖွ လေးထွက်သွားရကာ ရင်အစုံသည်လည်း နွေးခနဲ လှိုက်ဖိုတုန်ယင် သွားတော့သည်။

ကြည့်စမ်းပါဦးဗျာ ...

ကလေးလေးတစ်ယောက်လို မျက်လုံးအဝိုင်းသား လေးဖြင့် ဒေါသခေါင်နိုက် ရန်တွေ့လာသည့် နှုတ်ခမ်းဖူးဖူးပိုင် ရှင် မျက်နှာနုနုချောချောလေးကို သူ တစ်ခဏအတွင်း မှင်သက် မိစွာ အံ့သြဘနန်း စိုက်ကြည့်ရင်း ငြိမ့်ငြိမ့်လေးခုန်မြည်သွားသည့် ရင်ခုန်သံလေးတွေကို မေးအီခံစားရင်း သူ အမျှော်ကြီးမျှော်ခဲ့ရ





သည့် ခင့်မျက်နှာလှလှလေးကို စက္ကန့်မလပ် စိမ်ပြေနပြေ စိုက် ကြည့်နေခဲ့မိသည်။

တကယ်ပါဗျာ ...

လှလိုက်တာ ...

မာမီရယ် ... မာမီ တော်ပါတယ်။

"ဂလု"

ဒေါသအမျက် ချောင်းချောင်းထနေသည့် ခင့်မျက်နှာ ချောချောလေးကို မိန့်မိန့်ကြီး မေးကြည့်နေရင်းမှ ရင်ခုန်သံတွေ ခုန်ဆန်လာရသည့်အဖြစ်ကို ကိုယ့်ကိုယ်ကိုယ် ရှက်သလိုကြီးခံစား လိုက်ရသည်။

အင်း ... ရှက်လို့သတိထားပြီး တံတွေးကြီးကို ဖြည်း ဖြည်းချင်းမျိုချလိုက်ကာမှ ဂလုခနဲ မြည်သွားရသည့် ကိုယ့်အဖြစ် ကိုယ် အရှက်သည်းသွားခဲ့ရပေမယ့် မျက်နှာပြောင်ပြောင်ဖြင့်ပင် ခင့်မျက်နှာလှလှလေးကို တစိမ့်စိမ့်ငေးစိုက်ကြည့်နေရင်းမှ သူ နွေး မြမြလေး ပြုံးလိုက်မိသည်။

ခင်က ...

သူ့ရဲ့အပြုံးနွေးနွေးလေးတွေကို မကျေမခဲ နှုတ်ခမ်း ကလေးမဲ့ပြီး မျက်နှာကလေးကို ချာခနဲ လွှဲပစ်လိုက်ကာ အသံတုန် တုန်ကလေးဖြင့် ရန်တွေ့လာပါတော့သည်။

"ကျွန်မ ဓာတ်ပုံကို ရှင် တိုင်စရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

အခုမှပဲ မဒေါသအိုးကလေး ပေါက်ကွဲခဲ့ရသည့် အဖြစ်ကို သဘောပေါက်သွားရကာ မျက်နှာကြီး ပြုံးတုံ့တုံ့ကြီး ဖြစ်သွားရကာ ပခုံးကြီး ဆတ်ခနဲတွန့်ပြလိုက်မိသည်။

ပြီးတော့ ...

သူမလေး မခံနိုင်သည့် စကားလုံးကလေးကို တမင်ရွေးပြောပစ်လိုက်သည်။

"ဓာတ်ပုံကိုင်တာပဲ ဘာဖြစ်လဲ၊ လူကိုကိုင်တာမှ မဟုတ်တာ"

"ဘာ"

"အဟက်"

"ရှင် ... ရှင် ... မိကောင်းဖခင်သားသမီးဖြစ်ပြီး မိဂုဏ် ဘဂုဏ် မထောက် စကားမပြောနဲ့"

သူ ပြောလိုက်တာကို ဆတ်ဆတ်ခါသွားသည်အထိ အရှက်သည်းသွားသည့် ခင့်မျက်နှာလှလှလေးကို သူ မလွှတ်တမ်း စိုက်ကြည့်ရင်း ရင်ခုန်သံမွှေးမွှေးလေးက နှလုံးသား ဗဟိုတည့်တည့် ဆီသို့ တလှိုက်လှိုက် စီးဝင်သွားတော့သည်။

အား ...

တကယ်ပါပဲကွာ။





ငါတော့ ဘယ်မိန်းမနဲ့မှ မဖျားဖူးတာ။

အခုတော့ ဖျားသွားရပြီဖြစ်သည်။

သူ ဆုံးဖြတ်ချက်ကို တစ်ထိုင်တည်း ချပစ်လိုက်ပါသည်။

သူမလေးကို အမြန်ဆုံးလက်ထပ်ဖို့ မာမီ့ကို ပူဆာရမည်။

အဲဒီလောက်အထိ ကိုယ် မင်းလေးကို သိပ်ချစ်သွားခဲ့ရပြီကွာ။

"အခုလို ရန်တွေ့လွန်းတော့ မမောဘူးလား"

သူမလေး မခံချင်အောင် ပြုံးစိစိမျက်နှာပေးနှင့် သူ မျက်စချီရင်း ခင့်ကို သူ စလိုက်ပြန်သည်။

အင်း ...

သူမလေး စိတ်ဆိုးဒေါသထွက်နေသည့် မျက်နှာလေးက သူ့ကို အမောပြေစေခဲ့သည်။

"ရှင် ... ရှင် ... ပြန် ... အခုပြန်"

"ဟာ ... စွာလိုက်တာကွာ၊ အဟွန်း ... အဲဒီလိုလေးစွာတာကို ကိုယ်ကကြိုက်တာ၊ ကိုယ်က ကျူတာမယ်ဆော် ဆိုတော့ Simple လေးလို့ထင်ထားတာ၊ အဝတ်အစားက

www.burmeseclassic.com

www.burmeseclassic.com



အစ ရင်ဖုံးလက်စက ထင်ထားတာ၊ အခုလိုလေး ဂါဝန်ကလေးနဲ့ ရှန်တွေ့တတ်လွန်းတဲ့ နှုတ်ခမ်းကလေးနဲ့ဆိုတာ အစကသာသိရင် အခုလောက်ဆိုရင် ... ဟွန်း ဟွန်း"

"ရှင် ... ရှင် ဘာပြောတယ်၊ လူမဆန်တဲ့လူ ...

သွား ... ထွက်သွား"

"ဟာ ... မန္တလေးသူလေးရယ်၊ စကားကို တိုးတိုးသက်သာလေးနဲ့ ယဉ်ယဉ်ကျေးကျေးကလေး ပြောစမ်းပါဗျာ၊ အော်ကြောလန်ကြီး မလုပ်စမ်းပါနဲ့"

"ဘာ ... ရှင် ... ရှင် ... ကျွန်မကို တမင် ... တမင်စော်ကားနေတာ"

"ဟာ ... တိုးတိုးပြော၊ ရန်ဖြစ်နေတာကြီးကျနေတာပဲ၊ မော်ဒန်အောက်လိုက်တာကွာ"

သူက ...

သူမ မခံချင်အောင် ပခုံးကြီးတွန့် နှာခေါင်းလေးရှုံ့ပြီးလုပ်ပြလိုက်တော့ သူမလေးက ပိုပြီး ဒေါ်ဖောင်းသွားပုံဖြင့် သူ့အရှေ့မှာ မျက်လုံးစိမ်းလေးတွေဖြင့် တည့်တည့်လေးရပ်လိုက်တော့သည်။

သူက အခုမှ ...





"ခွင်"တွေ့သွားပုံဖြင့် နှုတ်ခမ်းကလေးကိုက်၊ မျက်ခုံးကလေးပင့်ပြီး သူမလက်မောင်းအိအိလေးကို လှမ်းခနဲ ဖျစ်ဆုပ်ဆွဲလိုက်သည်။

"အား ..."

သေပါပြီဗျာ။

ရှင်ခုန်လွန်းလို့ သူမလက်မောင်းကလေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်မိပါတယ်။ ဗြိခနဲမြည်အောင် ကုတ်ဆွဲလိုက်သည့်သူမလေးလက်သည်းရာကြီးက သူ့လက်မောင်းကြီးမှာ အထင်းသားပေါ်လွင်သွားတော့သည်။

ဟား ...

သူ့မှာ လက်မောင်းက အနီစင်းရာကြီးကိုကြည့်ပြီး မချိသွားဖြီကြီး ကျိတ်ရယ်လိုက်ရသလို သူမလက်မောင်းအိုးကလေးကိုလည်း ဘယ်အချိန်က ဘယ်လိုလွှတ်ပေးလိုက်မိမှန်းမသိ ဖြစ်သွားရသည်။

"မှတ်ထား၊ ရှင်တို့ ရန်ကုန်သူ ရန်ကုန်သား အပျံစားအလန်းစားတွေလို မြင်မြင်ချင်း ပဲဟော်စားလိမ့်မယ်မထင်နဲ့၊ လူကို လက်တဲ့စမ်းလို့ မရဘူး"

"အမယ်လေး ... မန္တလေးသူရယ် ... မင်းကရော ဘာထူးသလဲ၊ အော်ကြောလန်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ... ရှင် ... ပြောလေကဲလေ၊ မှန်းလေပြလေပါလား"

"အဟား"

သူမလေး စကားလေးကို သူ ဟန်မဆောင်နိုင်ဘဲ ပြုံးစိစိဖြစ်သွားရပြီး သူမလေးပြောပုံလေးကို သဘောကျလွန်းစွာဖြင့် ခပ်ဆိတ်ဆိတ်ကလေး စိုက်ကြည့်ပြုံးပြလိုက်သည်။

ပြောလည်း ပြောတတ်ပါ့ဗျာ။

ဒီလေသံကလေးကတော့ မှုပိုင်ပါပဲ။

သူက ချစ်စနိုးကြီး ပြုံးကြည့်နေခဲ့တာကြီးကို သူမလေးက မခံနိုင်သည့်မျက်နှာပေးနှင့် မျက်စောင်းခဲကာ နှုတ်ခမ်းကလေးကိုမဲ့ပြီး ဘာပြောမှန်းမသိ ကြံရာမရဖြစ်နေသည့်အချိန်မှာ သူက သတိရသွားကာ ပခုံးကြီးနှစ်ဖက် တွန့်ပစ်ရင်းမှ ...

"အဲ့ ..."

"လာပြီ"

"လာပြီ"

သူက ဟန်ပါပါ ပခုံးကြီးနှစ်ဖက်တွန့်ပြီး ပြောလိုက်တာကြီးကို ရှိးအ,တုံးနစွာဖြင့် ဆတ်ခနဲ အိမ်တံခါးဘက်ဆီသို့ မျက်နှာလေးလှည့်ကာကြည့်လိုက်သည့် သူမလေးကိုကြည့်ပြီး သူဘယ်လိုအသည်းယားသွားမှန်းမသိအောင် ရင်ခုန်စိတ်လှုပ်ရှားသွားကာ ခင့်မျက်နှာလှလှလေးကို ရိဝေဝေအချစ်ခိုးတွေပြည့်နေသည့်မျက်ဝန်းတွေဖြင့် အကြာကြီး စိုက်ကြည့်ပစ်လိုက်တော့သည်။





သူ အဲဒီလိုကြီး ကြည့်လိုက်သည့် ညို့ရီရီအကြည့်အီအိတွေကို သူမလေးက မနေတတ်မထိုင်တတ် မျက်နှာလေးဖြင့် ရှက်သွေးရဲရဲစိုသွားလျက် ရင်ခုန်သွားသည့် အမူအရာကလေးဖြင့် နှုတ်ခမ်းလေးကို ဖိကိုက်ကာ မှုန့်နှဲ့နှဲ့အသံကလေးနှင့် သူ့ကို ပြန်အော်လာခဲ့သည်။

"ဘာ ... ဘာလာပြီလဲ၊ ရှင်နော် ... ရှင်"

"အဟွန်း ... မင်းရဲ့ဆရာမလေသံကလေး လာပြီလို့ပြောတာလေ"

"တော်ပြီ ... တော်ပြီ၊ ရှင်လို့ အရှုးအပေါ ညည့်သည်ကို ညည့်မခံဘူး"

စူစူအောင့်အောင့်ကလေးပြောပြီး သူ့အရှေ့မှလှည့်ထွက်သွားသည့် ခင့်လက်ကလေးကို သူက ဖတ်ခနဲ လှမ်းဆွဲယူရင်း ခင့်မျက်လုံးလှလှကလေးကို အမိအရစိုက်ကြည့်လိုက်သည်။

"နေပါဦးကွာ၊ ကျုတာမယ်တော်လေးကလည်း"

"ဘာ ... ရှင် ဘာပြောတယ်"

"အား ... တင်စားတာပါ၊ ချစ်လို့တင်စားတာ ... ဟဲ ဟဲ"

"ရှင် ... ရှင် ... လွှတ်နော်၊ ကျွန်မလက်ကို အခုလွှတ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို မျက်လုံးဝိုင်းကြီးတွေဖြင့် စိမ်းစိမ်းကလေး ကြည့်ကာ သူ့လက်ထဲမှလက်ကလေးကို အတင်းရုန်းယူနေသည့် ခင့်မျက်နှာရဲရဲကလေးကို စိုက်ကြည့်ရင်း ရင်ထဲက ခံစားမှုတွေ လွတ်ထွက်သွားတော့သည်။

ဘယ်လိုမှ မထိန်းနိုင်လို့ပါ ခင်ရယ်။

"ဟင် ... ရှင် ... ရှင် လူရမ်းကား ... လူရမ်းကား"

သူ့ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း မသိအောင် ရင်ခုန်နှေးဖျသွားကာ သူမလေးလက်ဖဝါးကို တစ်ချက်တင်းတင်း ဆွဲဖျစ်ပြီး နမ်းရှိုက်လိုက်တာကြီးကို နောင်တရသွားသလိုလည်း အားနာမျက်နှာပူသွားရသည်။

ကြည့်စမ်းပါဦး။

ခင့်ခမျာ ရှက်လွန်းလို့ မျက်နှာကလေးတွေရဲလျက် သူဆွဲကိုင်ဖျစ်ပြီး နမ်းရှိုက်လိုက်သည့် လက်ကလေးကို အတင်း ရုန်းယူရင်း ဝိုမွဲမွဲ မျက်နှာလေးက သူ့နှလုံးသားကို နွေးငြိမ့်ငြိမ့် ကြီး ဖိလင်ဖြစ်သွားတော့သည်။

ချစ်တယ် ခင်ရယ် ...

ကိုယ်တော့ မှားသွားပြီ၊ မှားသွားပြီကွာ။

မင်း ကိုယ့်ကို အထင်သေးသွားပြီမဟုတ်လားကွာ။

ကိုယ် ဘယ်လိုမှ စိတ်မထိန်းနိုင်လို့ပါ ခင်ရယ် နော် ... နော်။





"ကိုယ် ... ကိုယ် ဘယ်လိုမှ စိတ်မထိန်းနိုင်လို့ပါ ခင်ရယ်"

"တော် ... ရှင် တော် ... ကျွန်မလက်ကို အခုလွှတ်ပေး နော်၊ မလွှတ်ရင် ကျွန်မ တစ်ခုခု လုပ်ပစ်မှာနော်"

အဲကလေး တကြိတ်ကြိတ်ဖြင့် ရန်တွေ့လာသည့် ခင့်ကိုကြည့်ပြီး သူ့ရင်ထဲမှာ ဝမ်းနည်းသလိုကြီး ခံစားလိုက်ရသည်။

ခင်ရယ် ... ကိုယ့်ကို အထင်မသေးလိုက်ပါနဲ့ကွာ နော်။

"ခင်"

ခင်က ဒေါသသွေးတွေကြွလျက် သူ့လက်ထဲမှလက် ကလေးကို ရအောင်ရုန်းယူနေသည့်အချိန်မှာပဲ ခပ်တည်တည်မျက် နှာထားကြီးနှင့် ဧည့်ခန်းထဲလှမ်းဝင်လာသည့် ခပ်ဝဝ အမျိုးသမီး ကြီးကို မင်းသက်မျုးတင် အရင်တွေ့မြင်လိုက်ပြီး ကိုယ့်အနေအထား ကြီးကို ပြင်ဆင်လိုက်ရသည်။

ဖျတ်ခနဲဆိုသလို ခင့်လက်ကလေးကိုလည်း ခပ်တင်း တင်းကြီး ဆွဲကိုင်ထားရာမှ မသိမသာလေးဖြေလွှတ်ပေးလိုက်ပြီး ခေါင်းကလေးငုံ့ချကာ လက်ကလေးနှစ်ဖက်ကို ယှက်ဆုပ်ရင်း အထာကလေးနှင့် ဆိုဖာကြီးမှာ ငြိမ်ငြိမ်လေး ထိုင်နေလိုက်တော့ သည်။

ခင့်မျက်နှာလေးကိုလည်း မကြည့်ရဲတော့။


www.burmeseclassic.com

www.burmeseclassic.com

ဒီအန်တီကြီးက ခင့်မေမေကလွဲပြီး ဘယ်သူမှမဖြစ်နိုင်တာမို့ သူ အန်တီကြီးကိုပဲ မျက်နှာလိုမျက်နှာရ ပျူငှာကြိုဆိုရမည်ဖြစ်သည်။

ဖျတ်ခနဲဆိုသလို ဆိုဖာကြီးမှာ မှီထိုင်နေရာမှ သူ့အနားမှာ ခေါင်းကလေးငုံ့ကာ အိုးတိုးအမ်းတမ်းလေး မတ်တတ်ရပ်နေသည့် ခင့်မျက်နှာလေးကို ပြုံးစစကလေး လှမ်းကြည့်ပြီး အန်တီကြီးမျက်နှာ ခန့်ချောကြီးကို မော့ကြည့်ပြုံးပြလိုက်ပါသည်။

"အန်တီထား နေကောင်းတယ်နော်"

"ဟယ် ... ဒါ ... ဒါ မြတ်ရဲ့သား၊ မင်းသက်မှူးတင်လေး၊ သားလေးမို့လား၊ ကြည့်စမ်းကွယ်၊ ငယ်ငယ်ကအတိုင်း သွယ်သွယ်ချောချောလေး အသားလေးကလည်းဖြူ ကြည့်စမ်းပါဦး၊ အခုတော့ လူပျိုကြီးဖားဖားကိုဖြစ်နေပြီ၊ မြတ်တို့ရော ပါမလာဘူးလား၊ အန်တီတို့လာကြိုမှာပေါ့"

"အဟွန်း ဟွန်း ... ရပါတယ် အန်တီရယ်"

သွားမစေ့တမ်း ရယ်ပြီး ခင့်ကို မေမေ့အလစ်မှာ မျက်စမျက်ခုံးဖြင့် 'ပိုင်တယ်'ပုံစံလုပ်ပြောလိုက်သည့် ဂီတစာဆို မင်းသက်မှူးတင်ရဲ့ ရဲတင်းမှုကြီးကို ခင် အထင်သေးလွန်းလို့ သူ့အကြည့်တွေကို လုစ်ခနဲလွှဲပြီး မျက်နှာလေးကို ပင့်တင်းပစ်လိုက်သည်။ ဟင်း ... မေမေကလည်း ...။





ဒီအစုတ်ပလုတ်ကောင် ဘာစည်းဘာကမ်းမှမရှိတဲ့ကောင်က သမီးကိုရောက်ရောက်ချင်း လက်ကိုင်ဆွဲနမ်းတတ်သည့်ကောင်ကိုများ သားလေး သားလေးနဲ့ ပါးစပ်ဖျားကမချ ဖြစ်နေတော့လည်း ဟိုအကောင်က ရောင့်တက်ပြီပေါ့။

မေမေတို့ မင်းသက်မှူးတင်ကို ဘယ်လောက်အသည်းစားဖြစ်ဖြစ် သူမကတော့ လုံးဝကို အထင်သေးပါသည်။

"ဟယ်... သမီးက သားကို ဘာမှဧည့်မခံဘူးလား၊ အအေးလေး ဘာလေး တိုက်ဦးလေ၊ အဝေးကနေ ကားမောင်းလာရတာ ခင်ကလည်း မသိတတ်လိုက်တာ"

"ခင့်ကို အပြစ်မတင်ပါနဲ့ အန်တီ၊ ကျွန်တော်လည်း အခုမှရောက်တာပါ"

"အေးကွယ် သားလေးကို အန်တီက ငယ်ငယ်ကဆို သားတစ်ယောက်လို ချစ်တာ"

"အခုလည်း သားအရင်းလိုဆက်ချစ်ပါ အန်တီရယ်"

"အေး ... အေး ... ဟင်း ... ဟင်း"

အို ... ကြည့်စမ်းပါဦး၊ ခင့်ကို တည့်တည့်ကြီးပြောနေတာတောင် သဘောတော် အကျကြီးကျနေသည့် မေမေ့ကိုလည်း ခင် မြင်ပြင်းကတ်လှသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ရဲတင်းလွန်းသည့် ရန်ကုန်သားလူလည် တစ်ယောက်ကို ပိုက်ဆံအရမ်းချမ်းသာတာနဲ့ပဲ စွတ်ရွတ်သဘော တူနေခဲ့သည့် မေမေတို့ရဲ့စိတ်ဓာတ်ကြီးကိုလည်း မုန်းသည်။

ဒီအကောင်ကလေးကလည်း အိမ်ပေါ်တက်ပြီး သမီး ကို ကိုယ်တိုင်လေ့လာရုံမက ရဲတင်းလိုက်တာ။

အို ...

ခင့်အတွေးကလေးတွေက စော်စောကရဲတင်းလွန်း စွာ ပြုမူလိုက်သည့် သူ့အပြုအမူကြီးကို ဖျတ်ခနဲမြင်ယောင်မိရင်း ရင်ကလေးတွေ တသိမ့်သိမ့်ခုန်မြည်သွားသည်အထိ စိတ်လှုပ်ရှား သွားခဲ့ရပေမယ့် ဒီရင်ခုန်သံလေးတွေကို မုန်းတီးစက်ဆုပ်စွာဖြင့် ခင် သူ့ကို အရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့တော့သည်။

သူ့မျက်နှာကိုတော့ တစ်စက်မှလှည့်မကြည့်မိတော့။

တကယ်လည်း စကားရေးရာ ကျွမ်းလည်းကျွမ်းကျင် ပါ့ ရန်ကုန်သားရယ်။

မေမေ့ရှေ့မှာတော့ မခုတ်တတ်တဲ့ ကြောင်သူတော် ယောင်ဆောင်တတ်လိုက်တာ။

မေမေကတော့ ရှင့်ကို သဘောတော်အကျကြီးကျခဲ့ ပေမယ့် ကျွန်မကတော့ အသန့်ထည်မိန်းမပီပီ ရှင့်ကို လုံးဝပယ်စ် ပယ်လိုက်ပြီဆိုတာကို ရှင် နားလည်လိုက်စမ်းပါ မင်းသက်မှူးတင်။





၄

အင်း ...

သူ့ရင်ထဲမှာ ခိုးလိုးခုလုကြီး ဖြစ်နေရသလို ခင့်လုပ် ရပ်တွေကိုလည်း မကျေမနပ်ဖြစ်နေခဲ့သည်။

လူကြီးတွေကတော့ သူ့ကို အလွန်အားနာပုံဖြင့် သူတို့သမီးဆိုးလေးကို ခွင့်လွှတ်သည်းခံပေးဖို့ စကားချိုချိုကလေး နှင့် သူနားဝင်အောင် ပြောလာလေသည်။

"အင်း ... အန်တီ့သမီးကတော့ ရုပ်ကလေးချောတော့ မာနကတော့ရှိတယ် သားရယ်၊ သား သည်းခံပေးပါလို့ ပြောချင်တယ်၊ အန်တီတို့ သားတို့ဆိုတာကလည်း လူရင်း တွေပဲမဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပွဲဝိုင်းမှာ တစ်ရက်မှ ခင်နှင့်အတူ ထမင်းမစားရသည့် ညှိုးသည်သမက်လောင်းကလေးကို အားနာပြောပြောလာသည့် ယောက္ခမလောင်းကြီးကို သူကလည်း မချိသွားဖြဲကလေး ခေါင်းညိတ်ခဲ့ရလေတော့သည်။

ယောက္ခထီးကြီးကတော့ သူ့ဘာသာသူ ဘာသိဘာသာနေလို့ သူ မျက်နှာမပူရ။

အင်း ...

ဒီနေ့နဲ့ဆိုရင် သူ ဒီမှာနေတာ ခုနစ်ရက်တင်းတင်းပြည့်ခဲ့လေပြီ။

မာမီကတောင် သူ့ကို အလုပ်ကိစ္စမဖြစ်ရင် ပြန်ခဲ့ဖို့မှာနေခဲ့ပြီဖြစ်သည်။

ဒါပေမဲ့ ...

သူ ဒီလိုပုံစံကြီးနှင့် ဘယ်လိုပြန်လို့ ဖြစ်ပါ့မလဲ။

မင်းသက်မှူးတင် ရာဇဝင်ရိုင်းသွားမှာပေါ့။

မိဘသဘောကျလို့ ရှာပေးခဲ့သည့် မိန်းမလှလေးကိုတောင် ကိုယ့်အစွမ်းအစနဲ့ကိုယ် ရအောင်ချစ်ခွင့်မတောင်းနိုင်ခဲ့ပါလျှင် ...

ဟား ... ခင်ရယ် ...

မင်း မှုထားဦးပေါ့ကွာ။





ဒီနေ့တော့ ကိုယ် မင်းကို အလွတ်မပေးတော့ဘူး။

မင်းကို အပီချဲတော့မှာ ခင်၊ မင်း လွတ်အောင်သာရှောင်ကြည့်ပေတော့။

သူ ခင်တို့အိမ်ကိုရောက်ပြီး နောက်တစ်နေ့ကစပြီး ခင် လှူလည်ကျူစွာဖြင့် တက္ကသိုလ်သွားတာ ကားအသွားအပြန်မှာ သူမ သူငယ်ချင်းဆရာမတစ်ယောက်ကို အဖော်အဖြစ်ခေါ်ခေါ်သွားခဲ့တာမို့ သူ့မှာ မန္တလေးက မိတ်ဆွေအိမ်မှာ အလုပ်ကိစ္စဆွေးနွေးရင်းဖြင့် ခင်နှင့်တွေ့ရဖို့အရေးကို ဘယ်လိုမှ ကြိုးစားခွင့်မရအောင်ခေါင်းခဲသွားရလေသည်။

အင်း ...

ဒီနေ့တော့ဖြင့် မင်းတွေ့ပြီပေါ့ကွာ။

ငါ့အကြံကို ဘာခံနိုင်ဦးမှာလဲ ခင်။

ဒီကနေ့မှာတော့ သူ ခင်တို့အိမ်ကို ခပ်စောစောပြန်လာခဲ့ပြီး ခင် လှူလည်ကျူပုံကလေးကို အသည်းတယားယားဖြင့် ညှိခန်းဆိုဖာကြီးကနေ ခပ်မင့်မင့်လေးမှီပြီး မျက်လုံးကလေးစင်းကာ စောင့်ကြည့်နေခဲ့သည်။

ဟော ...

လာပါပြီ။

မရွှေချော။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပင် ခင်က ကားကို ကိုယ်တိုင်မောင်းပြီး ပေါ်တီကိုရှေ့မှာ ထိုးရပ်လျက် ကားတံခါးလေးကို သွက်သွက်ကလေးဖွင့်ဆင်းကာ တစ်ဖက်ကားတံခါးမှဆင်းလာသည့် တစ်လမ်းတည်းနေ သူမ သူငယ်ချင်းဆရာမလေးကို အမူပိုပိုအသံကလေးဖြင့်နှုတ်ဆက်သံကလေးကို နားခါးစွာကြားနေရသည်။

"သူငယ်ချင်း တာ့တာ See you tomorrwo"

အမူပိုပိုနှုတ်ဆက်ပြီး တိုက်ထဲကို ခပ်သွက်သွက်ကလေးလှမ်းဝင်လာသည့် ခင်က ဆိုဖာကြီးမှာ မင့်မင့်ကြီးထိုင်နေတဲ့သူကို တွေ့မြင်သွားပြီး မျက်လုံးကလေးတွေ တစ်မျိုးလေး လှပ်ခနဲခံစားလိုက်ရသလို အရောင်ပြောင်းသွားခဲ့တာလေးကို အမှီ အရစိုက်ကြည့်လိုက်မိသည်။

အဲဒီနောက် အပေါ်ထပ်ကို ပြေးတက်တော့မယ့် ဆဲဆဲ ခင့်နောက်သို့ သူကလည်း အပြေးလိုက်သွားလိုက်ရင်း ခင့် လက်ကလေးကို ခပ်ကြမ်းကြမ်းကြီး လှမ်းဆွဲလိုက်တော့ ခင့်ကိုယ် လုံးသွယ်သွယ်ကလေး သူ့ရင်ခွင်ကြီးဆီသို့ အိခနဲ ပွေ့အပ်ရောက် ရှိလာတော့သည်။

"အို"

"ရှင် ဒါဘာလုပ်ပြန်ပြီလဲ"





ရှက်သွေးလေးတွေ စို့တက်သွားသည့် ခင့်မျက်နှာရဲရဲကလေးကို သူ ရှည်ကြာစွာ မက်မက်မောမောကြီး စိုက်ကြည့်ပြီး ရင်ခွင်ထဲက ချစ်သူကလေးကို ခပ်ကြမ်းကြမ်းကြီး ဆွဲဖက်ပစ်လိုက်တော့သည်။

ဖြစ်နိုင်ရင် ...

သူမ မျက်နှာနုနုကလေးကို မွှေးမွှေးပေးပစ်လိုက်ချင်တာ။

အား ... ချစ်တယ် ခင်ရယ် ...

ကိုယ် ... ကိုယ် မင်းကို ချစ်ရလွန်းလို့ သေမတတ်ပါကွာ ခံစားရတယ်။

ရင်ခွင်ထဲက ချစ်သူကလေးကို ခပ်တင်းတင်းကြီးပွေ့ဖက်ထားရင်းမှ ရင်ခုန်သံကြမ်းကြမ်းတွေကို သူ အတင်းမောင်းထုတ်ပစ်လိုက်ရတော့သည်။

ဒီတစ်ကြိမ် သူမလေး သူ့ကို အထင်သေးသွားမယ်ဆိုရင်တော့ သူ့နှလုံးသားတွေ သွက်သွက်ခါ ရူးသွားတော့မှာပဲ။

ခင့်ကိုယ်လုံးလေးဆီက နွေးမြမြအထိလေးတွေကို သူ မက်မောရှည်ကြာစွာ နွေးနွေးကြီး ခံယူမိန်းမူးခဲ့ချင်ပေမယ့် သူမလေးရဲ့ အဖြူထည်နှလုံးသားလေးကို မြတ်နိုးလွန်းစွာဖြင့် စိတ်တွေကို လျှော့ချကာ မောလျတုန်ယင်သွားသည့် ခံစားမှုတွေကို အသိတရားကလေးဖြင့် ပြန်ဆင်ခြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင်နော်"

"ကိုယ် မင်းကို ဘာမှ မလုပ်ဘူး၊ မင်း ငြိမ်ငြိမ်လေးနေ မရုန်းနဲ့၊ ရုန်းမယ်ဆိုရင် ကိုယ့်ကိုအဆိုးမဆိုနဲ့"

"သေ ... သေပစ် ... ရှင်"

"ရှင်တွေ သေတွေလုပ်မနေနဲ့၊ မင်း ကိုယ့်ကို ဘာအချိုးချိုးတာလဲ၊ ကဲ ... ပြော"

"ဘာအချိုးချိုးလို့လဲ၊ ရှင် ဖယ်နော်၊ ကျွန်မလက်ကို လွှတ်၊ အန်တီလေးတို့ မြင်သွားမယ်"

"မြင် ... မြင်၊ မြင်အောင်ကို ကိုင်ထားတာပဲ"

"ရှင် ရိုင်းရိုင်းစိုင်းစိုင်းတွေ မပြောနဲ့နော်"

ခင်က သူ့လက်ထဲမှ လက်ကလေးကို ရုန်းယူလို့ မရသဖြင့် ငိုမဲ့မဲ့မျက်နှာကလေးဖြင့် နှုတ်ခမ်းသားလေးကို ကြိတ် မနိုင်ခဲမရလေး ဖိကိုက်ထားလေသည်။

ဟွန်း ... ကိုယ် မင်းကို သနားမယ်ထင်လို့လား — ဒီတစ်ခါတော့ လုံးဝပဲ။

သူမလေးရဲ့ သူ့အပေါ် ဂရုမစိုက် လျစ်လျူရှု ဇော ခိုင်းမှုတွေကို သည်းခံဖို့ ဆိုတာ အတိုင်းအတာ ကျော်လွန်သွားလေ ပြီ။

ပေါ်ပြူလာမင်းသမီးလေးက လက်သစ်ဘာင် လေးတွေနှင့် သူမအနောက်ကို သူလိုက်မှာ တင်ကြိုသိနှင့်ပြီ





သူငယ်ချင်းကို ချောဆွဲခေါ်ခေါ်သွားတာ သူ လုံးဝကို မကျေနပ်။ ပြီးတော့ အိမ်မှာ သူ့ကိုမြင်တာနှင့် ချက်ချင်းကြီး အခန်းထဲလှည့် ဝင်သွားတတ်သည့် ခင့်အမူပိုပိုတွေကို အသည်းတယားယား စောင့်ပြီးသည်းခံလာခဲ့ရတာ ဒီကနေ့မှာဖြင့် လက်ပူးလက်ကျပ်ကို မိသွားရပြီဖြစ်သည်။

"ဖယ် ... လွှတ်ဆိုရင်နော်၊ မေမေတို့လာရင် မြင်သွားမယ်၊ ရှင် အရှက်နည်းနည်းမှမရှိတဲ့လူ"

"ဟော့နော် ... ရန်တွေ့တာကြည့်တွေ့"

"ဒီမှာ ရှင် ဘာတွေပြောမှာလဲ ပြော"

"ပြောမှာပဲ ပြောမှာပဲ၊ မင်းလုပ်ရပ်တွေ အားလုံး အားလုံး ကို ကိုယ် လုံးဝမကျေနပ်ဘူး၊ မင်း ကိုယ်ရောက်ပြီးကတည်း က ကိုယ့်ကို သိသိသာသာကြီးရှောင်နေတာ ကိုယ် လုံးဝ ကြိုက်ဘူး၊ အေး ... အထူးသဖြင့် ကျောင်းသွားကျောင်း ပြန်တာကြီးကို လုံးဝ မကြိုက်ဘူးကွာ၊ ကိုယ့်မျက်စိထဲမှာ မင်းမှုနေတာတွေက မမိုက်ဘူးကွာ ခရော့ပဲ"

"ဘာမှုတာလဲ ဘာခရော့လဲ"

"စကားကို အော်မပြောနဲ့ ခင်"

"ရှင် မိုက်ရိုင်းတာကျ ရှင်က နားဝင်ချိုတယ်ပေါ့"

"ဟာကွာ ခင်၊ မင်း ငါ့ကို ခံခံမအော်နဲ့နော်"

"ခံအော်တော့ ဘာဖြစ်သလဲ၊ ရှင်က ဘာကောင်မို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်ခွန်းမခံ ကက်ကက်လန် ခံခံအော်ပြော နေသည့် ခင့်မျက်နှာလေးကို စိုက်ကြည့်ပြီး ချစ်အသည်းယားစွာ ဖြင့် ရင်ထဲက ခံစားချက်တွေ လွတ်ထွက်သွားရတော့သည်။ သူ့ ကို နှုတ်ခမ်းနီပြည့်ပြည့်ကလေးနှင့် ရန်တွေ့နိုင်လွန်းသည့် နှုတ်ခမ်း လေးထက် မျက်နှာကြီးမွေ့အပ်ချလိုက်တော့သည်။

"ခင်ရေ ... သမီး ... ဟဲ့ ... အို"

"ဟင်"

ရုတ်တရက်ကြီး အင်္ဂကျက်ဘက်ဆီမှ ပေါ်လာသည့် အန်တီလေးအသံကြီးက သူမနှလုံးသားလေးကို ဆုပ်ညှစ်ယူလိုက် သလို ခင် မူးမိုက်သွားမတတ် မျက်လုံးတွေ ပြာဝေသွားရကာ သူ့ရင်ခွင်ထဲကနေ သတိလစ်မတတ် တအားရုန်းထွက်ပစ်လိုက် မိတော့သည်။

ပြီးတော့ ...

သူ့မျက်နှာကြီးကိုလည်း ရှက်ရွံ့ရင်ဖိုစွာဖြင့် ခင် ရှုးစူးကလေး စိုက်ကြည့်ပြီး မျက်ရည်လေးတွေ တလိမ့်လိမ့်စီးကျ လာတော့သည်။

အို ...

အန်တီလေး ဒီအနေထားကြီးကို တွေ့သွားပြီဆို တော့ ...

အဟင့် ... သေပြီ။





အပျိုကြီးပီပီ ဇီဇာကြောင်လွန်းသည့် အန်တီလေး ပါးစပ်ထဲသာ ဒီစကားကြီး ရောက်သွားပြီဆိုရင် ...

ဟင့်အင်း ... ခင် ရှက်လိုက်တာ။

"သွား ... ရှင် ပြန်၊ ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ်၊ ရှင့် ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူးဆိုတာ ရှင် မှတ် ထားလိုက် မင်းသက်မှူးတင်"

ခင့်မျက်လုံးထဲမှာ သူ့မျက်နှာကြီးကို ... ဝိုးတဝါးသာ မြင်လိုက်ရတော့သည်။

ဘယ်လိုမှ အရှက်မရှိသည့် မျက်နှာပြောင်ကြီးဖြင့် သူမ မျက်နှာလေးကို မျက်ခုံးကြီးပင့်ကြည့်ကာ ဟန်တစ်လုံးပန် တစ်လုံးနှင့်ကျန်ခဲ့သည့် မင်းသက်မှူးတင်ရဲ့ အရိုင်းအစိုင်းလုပ်ရပ် တွေကို ခင့်နှလုံးသားသည်းစိုင်ထဲကနေ အမုန်းတီးဆုံး အတူးခါး ဆုံးခံ[illegible]ျက်တွေဖြင့် ခင့်မျက်ရည်တွေ တစ်ပေါက်ပေါက်ကျခဲ့ ရသည်အထိ ယောကျ်ားတစ်ယောက်အရှေ့မှာ ကျရှုံးပေးဆပ်လိုက် ရပါတော့သည်။

ဒါပေမဲ့ ...

ခင်ဆိုတဲ့မိန်းမဟာ ဘယ်လိုမိန်းမတစ်ယာက်လဲဆို တာကိုတော့ သူ တစ်နေ့နေ့မှာ အသည်းကွဲစွာသိရလိမ့်မည်ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ရှင့်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး"

ဆိုတဲ့ စကားလုံးတွေကို ဘာမှ အလေးအနက်မထား ဘဲ ခပ်ဖွဖွလေး မဲ့ပြုံးပြုံးလိုက်သေးသည့် မင်းသက်မှူးတင်ရဲ့ ခပ်ဖော့ဖော့ အမူအရာတွေကို ခင် အသည်းတယားယားဖြစ်ခဲ့ရလေသည်။

သူ့ကို မုန်းပါတယ်ဆိုပြီး တူးတူးခါးခါးပြောနေသည့် ခင့်မျက်နှာကလေးကို ခပ်ပါးပါး Style ကလေးဖြင့် ရီရီလေးညို့အားပြင်းစွာကြည့်လာနိုင်သေးသည့် မင်းသက်မှူးတင် ရင်ထဲမှာ ခင့်ကိုများ အပိုင်တွက်ထားပြီးခဲ့လို့လားမသိ။

သူ့အမူအရာတွေက ခင့်နှလုံးသားကို မုန်းအောင် စနောက်နေသလိုနှင့် ခင်သည် သူ့အမူအရာလေးတွေကို အသည်းတယားယားဖြင့် မခံနိုင်ဖြစ်ကာ ရင်ထဲမှာ သူ့အမူအရာလေးကိုပဲ တစိမ့်စိမ့်တွေးပြီး သူ့အကြောင်းကို စက္ကန့်တိုင်းမတွေးဘဲ မနေနိုင်လောက်အောင် ခင့်အာရုံထဲသို့ အမုန်းတွေဖြင့် ရောက်ရှိလာခဲ့ရသည်။



အဟင်း ... အတော့်ကိုကဲတဲ့ ရန်ကုန်သား။

လက်ရဲဇက်ရဲနိုင်လွန်းတာကို ခင် အထင်သေးခဲ့မိပေမယ့် တကယ်တမ်းတွင် ခင်သည် သူ့အထိအတွေ့အောက်မှာ ကြည်မွေ့သာယာခဲ့မိတာကိုတော့ ခင့်ကိုယ်ခင် ဝန်မခံရဲလောက်အောင် ရှက်မိပါသည်။

ဒါပေမဲ့ မင်းသက်မှူးတင်ရယ် ... ရှင် ကျွန်မကို အထိအတွေ့နဲ့ ဆွဲဆောင်နေခဲ့ပြီဆိုတာကို ကျွန်မကလည်း ပါးပါးကလေးပဲ ရှင့်အထာလောက်ကတော့ လှစ်ပြီးသားပါပဲရှင်။

ရှင်လည်တာလောက်ကတော့ ကျွန်မကလည်း မှိတ်နေလိုက်ဦးမယ်။ ညနေက အဖြစ်အပျက်တစ်ခုက ခင့်နှလုံးသားလေးကို အခုထိ တုန်ယင်နွေးထွေးနေတုန်းပင် ခံစားရသေးသည်။

ရုတ်တရက်ကြီး သူ ဒီလိုကြီးနမ်းလိမ့်မယ်လို့ ခင် ထင်မှတ်မထားခဲ့မိပါ။

အခုတော့ ...

အို ... ခင် ... ခင် ရှက်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူ နမ်းရှိုက်ခဲ့သည့် အနမ်းနွေးနွေးတွေက အခုချိန်ထိ ပူနွေးအသက်ဝင်သလိုကြီး ခံစားခဲ့ရသေးသည်။

"အို ... ရှင့်ကို လက်မထပ်ဘူး၊ လုံးဝကို လက်မထပ်ဘူး၊
သိပ်အနိုင်ယူတဲ့လူ"

ခင် နှုတ်ခမ်းသားအိအိကလေးကို ရှက်သွေးဖို့စွာ လက်ဖဝါးကလေးဖြင့် ဖွဖွကလေးဖိအုပ်ရင်း ခင် အံ့ရခက်စွာ ရေရွတ်လိုက်သည်။

တကယ်လည်း သူ့ကို ခင် လက်မထပ်ရဲလောက် အောင်ကိုပင် အထင်သေးလှသည်။

မိဘတွေ သဘောတူလွန်းလို့ အိမ်ပေါ်တင်ထားသည့် အခွင့်အရေးတစ်ခုကို ရအောင်ယူသုံးတော့သည့် လူလည်ယောကျ်ား တစ်ယောက်ကို သူမ နှုတ်မိုတ်ပြီးလက်ထပ်လိုက်ပါလျှင် တစ်ချိန် ကျ သူမတစ်ယောက်တည်းပဲ ခါးစည်းခံရတော့မယ့်အဖြစ်။

ရုပ်ကိုကကြည့်လိုက်ရင် မြင်သူမိန်းကလေးတိုင်း ရွံမုန်းစရာ ကြာရုပ်။

ကြာပါသည့် ယောကျ်ားတွေကို သူမ သိပ်မုန်းပါ သည်။

ယောကျ်ားဖြစ်ပါလျက် ချောလည်းချောပါလျက်နှင့် မျက်စ မျက်ခုံးဖြင့် နှုတ်ခမ်းတွေ တွန့်တွန့်ကြည့်ပြီး မျက်ဝန်း အကြည့်မှိုင်းသလို ရီသလို ညို့သလိုနှင့် တည်ရူးရူးလေးကြည့် တတ်သည့် မင်းသက်မှူးတင်လို ကြာယောကျ်ားကိုတော့ သူမ နှလုံးသားက ယစ်မူးညွတ်ပြောင်းပြီး အိမ်ထောင်ဖက်ယောကျ်ား အဖြစ် ရွေးချယ်မိဖို့ဆိုတာကြီးကိုတော့ ခင်အနေနှင့် ဘယ်လိုမှ စဉ်းစားလို့မရ။

မိဘတွေ ဘယ်လောက်သဘောတူတူ ခင်ကတော့ သူ့ကို ပယ်မဲလုပ်လိုက်ပါပြီ။

ဒီအတွေးတစ်ချက်က ခင့်နှလုံးသားနုနုကလေးကို ပူခနဲဆင်းသွားသည်အထိ ခင် ရင်ထဲမှာ နွမ်းဟိုက်မောပန်းသွား တော့သည်။

အို ...

ခင့် ဘာဖြစ်သွားတာလဲ ...

ခင် ဘာဖြစ်လို့ ဒီလိုကြီးခံစားလိုက်ရတာလဲ ...

ခင် သူ့ကိုများ ...

ဟင့်အင်း ... မဖြစ်စေရ၊ ခင် သူ့ကို မုန်းပါသည်။

ရင်ထဲက သူ့ကိုမုန်းသည့်အမုန်းတွေက ခင့်နှလုံး သားထဲကို တရိပ်ရိပ် စီးဝင်လာသည်နှင့် တစ်ပြိုင်နက် ခင် စိတ် မောလှမောကြီး ဖြစ်သွားရကာ မျက်ဝန်းအစုံကို တင်းတင်းလေး မှိတ်ပစ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ထဲမှာရော အတွေးထဲမှာပါ မင်းသက်မှူးတင် မရှိစေရ။ ခင့်ဘ၀ထဲမှာပါ မရှိစေရ။

ခင့်နှလုံးသားထဲမှာလည်း မင်းသက်မှူးတင် နေရာဝင်မယူနိုင်အောင် ခင့်ရဲ့လှုပ်ရှားယိမ်းထိုးနေတဲ့ နှလုံးသားတံခါးချပ်ကလေးကို အမြှောင်ပိတ်ချထားရမည်ဖြစ်သည်။

ရင်ထဲမှာ နွေးငြိမ့်ငြိမ့်ကလေး ခံစားနေခဲ့ရသည့် ခံစားမှုလေးတွေကို ခင် လျစ်လျူရှုရင်း ခေါင်းအုံးကလေးပေါ် မျက်နှာကလေးအပ်ချရင်း သက်ပြင်းငွေ့ငွေ့ကလေး ချလိုက်မိသည်။

အဲဒီအချိန်မှာ ခင့်အခန်းဆီသို့ လျှောက်လာသည့် ခြေသံတရုပ်ရုပ်က ဘယ်သူများပါလိမ့်။

ညကြီးအချိန်မတော် ခင့်အခန်းဆီကို လာနေတာ မင်းသက်မှူးတင်များလား ...။

သူ မနက်ဖြန် ပြန်ရတော့မှာမို့ ညဘက်ကြီး ခင့်အခန်းဆီများ လာခဲ့တာလား။

ခင်တစ်ယောက်တည်း မျက်လုံးကလေးတွေ ဝိုင်းဝိုင်းလည်သွားသည်အထိ ရင်ခုန်စိတ်လှုပ်ရှားသွားသည့် အချိန်မှာပဲ ...

"ဒေါက် ... ဒေါက်"





တံခါးခေါက်သံက ခင့်တစ်ကိုယ်လုံးက အသားတွေ တဆတ်ဆတ်တုန်ယင်သွားသည်အထိ ထိတ်လန့်သွားရပါသည်။

မျက်လုံးကလေးအဝိုင်းသားဖြင့် ခင် အတုန်တုန်အယင်ယင်အသံကလေးကို နှိမ့်ကာ ...

"ဘယ် ... ဘယ်သူလဲ"

ထိန်းထိန်းသိမ်းသိမ်းကလေး ပြောလိုက်ကာမှ အသံကလေးက ထစ်အသွားသေးသည်။

"အန်တီလေးပါ၊ ခဏတံခါးဖွင့်ဦး၊ စကားပြောစရာရှိလို့"

အမယ်လေး ... တော်ပါသေးရဲ့။

အခုမှပဲ ရင်ထဲက တဒိတ်ဒိတ်ခုန်နေသည့် ရင်ခုန်သံနွေးနွေးတွေ လျှော့ခနဲဆင်းသွားတော့သည်။

"အန်တီလေး ဘာပြောမလို့လဲ၊ ဆယ့်တစ်နာရီပဲထိုးနေပြီ၊ ခင် အိပ်ချင်တယ်"

"ဟယ် ... ပြောရတာ လက်ပေါက်ကတ်လိုက်တာ၊ ဒီမှာ ပြောစရာရှိလို့"

စိတ်တိုသံကြီးပါလာသည့် အန်တီလေးကို တံခါးဖွင့်ပေးလို့မရတော့။

ခင်မှာ စိတ်ရှုပ်ရှုပ်မျက်နှာကလေးဖြင့် နှုတ်ခမ်းကလေးမဲ့ကာ လော့ခ်ချထားသည့် တံခါးကို သော့ဖွင့်ပေးလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com

မင်းသက်မှူးတင် အိမ်ကိုရောက်လာကတည်းက ခင့်အခန်းတံခါးကို လော့ခ်ချလိုက်တာကို အန်တီလေးက မျက်စောင်းကြီးတခဲခဲ လုပ်သေးသည်။

တော်တော်ယုံစရာကောင်းတဲ့ အကောင်ဆိုတော့။

"ဘာပြောမလို့လဲ အန်တီလေးရဲ့"

အန်တီလေးက အခန်းထဲကို သုတ်ခနဲဝင်လာပြီး ခင့်မျက်နှာကို စူးစမ်းအကဲခတ်လာသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်လာသဖြင့် ခင် အန်တီလေးရှေ့မှာ မျက်နှာကလေး မနေတတ်အောင် ထူအမ်းအမ်းလေး ဖြစ်သွားရသည်။

ညနေက မင်းသက်မှူးတင် ကိစ္စကြီးကို ပြောလာတော့မယ်။ ဟား ... တကယ့်ဇီဇာကြောင်တဲ့ အပျိုကြီးနဲ့မှ ထိပ်တိုက်သွားတွေ့ခဲ့တာ ခင်တော့ သေချင်လောက်အောင် ရှက်ရသလို စိတ်လည်းညစ်ရသည်။

"ညည်း မင်းသက်မှူးတင်ကို လက်ခံလိုက်ပြီလား"

အဆက်အစပ်မရှိ ပြောလာသည့် အန်တီလေးစကားကြီးက ခင့်နှလုံးသားကို ပွခနဲ ခါးသက်သွားရသည်။

အန်တီလေးကိုလည်း စိတ်အတော်မျက်သွားရသည်။

"ဟာ ... ဘာလို့လက်ခံရမှာလဲ၊ သူနဲ့ ခင်က ဘာဆိုင်လို့လဲ၊ ဘာမှမဆိုင်ဘူး၊ သူလိုလူစားကိုလည်း ခင် လုံးဝလက်မထပ်နိုင်ဘူး"





"ဘာမှမဆိုင်ဘူး၊ လက်မထပ်နိုင်ဘူး ဟုတ်လား၊ စကားကိုလည်း ကြည့်ပြောစမ်းပါအေ၊ ဒီလောက်ပယ်ပယ်နယ်နယ် အနမ်းခံထားရတာတောင်"

"အန်တီလေး"

ခင် ရှက်လွန်းလို့ အန်တီလေးစကားတွေကို အော် တားမြစ်ပစ်လိုက်ရင်း မျက်ရည်တွေ စီးကျလာခဲ့တော့သည်။

အို ...

ခင် ဒီလိုအပြောခံရတာ ရှက်လိုက်တာ။

ဒါပေမဲ့ ...

တူမတစ်ယောက်ကို ဒီလိုမြင်ကွင်းမျိုးတွေ့ထားခဲ့ တဲ့ အန်တီလေးအဖို့လည်း လက်ထပ်ဖို့အရေးပဲ မျှော်လင့်နေမှာ ဆန်းတကြယ်မဟုတ်။

အဲဒီလို အထင်ခံရတာကိုက ခင် သေချင်လောက်အောင်ရှက်ခဲ့ရတာဖြစ်သည်။

"ညည်းတို့နှစ်ယောက်အကြောင်းကို ငါ မမကိုပြောဖို့ စဉ်းစားထားတယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ သိက္ခာမဲ့အောင်တော့ ဒီကလေးကို လက်မထပ်ဘဲတော့မနေပါနဲ့ ငါ့တူမရယ်၊ အခုဆိုရင် အန်တီတို့အသိုင်းအဝိုင်းထဲမှာ မမကိုပြောနေကြပြီ၊ သမက်လောင်းကို ဒီလောက်တောင်သဘောကျတယ်လားတဲ့၊ အဲဒါ ဘာကြောင့်မေးတာလဲ ဆိုတာသိလား"


www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ခင်က အ,နေတဲ့သူမှမဟုတ်တာ၊ နဂိုတည်းက မေမေတို့ အန်တီလေးတို့က အိမ်ပေါ်ခေါ်တင်ထားကတည်းက ပတ်ဝန်းကျင်က ဒီစကားထွက်မယ်ဆိုတာ သိပြီးသား၊ မေမေတို့ ဒီယုန်မြင်လို့ ဒီချုံထွင်တဲ့ဇာတ်လမ်းထဲကို ခင်က အလိုက်သင့်မျောပါမယ့် ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး"

"ခပ်ညံ့ညံ့မိန်းမ မဟုတ်လည်း ညည်း ဒီကောင်လေးကို လက်ထပ်ရမှာပဲ"

"လက်မထပ်ဘူး၊ ဘယ်တော့မှလက်မထပ်ဘူး၊ ဒီလိုတေလေကြမ်းပိုး ကြာရုပ်ကို ခင် လုံးဝလက်မထပ်နိုင်ဘူး၊ အင်း ... ခင့်ကိုအနှောင့်အယှက်ဖြစ်အောင် လာမပြောတော့နဲ့ အန်တီလေးရယ်၊ ခင် စိတ်ဆိုးလာပြီ သိလား"

"ညည်းကသာ စိတ်မဝင်စားလို့ အော်ငြင်းနေလည်း ညည်း ဘယ်လိုမှ ကောင်လေးကို ခေါင်းရှောင်လို့မရပါဘူး၊ သိပ်မကြာတဲ့အချိန်မှာ ကောင်လေးကို ညည်း လက်ထပ်ရမှာ မလွဲ"

ကြည့် ...

ခင့်ကို မခံချင်အောင် တမင်လာကလိပြီး ကိုယ်လုံးကြီး အိပက်အိပက်နှင့် အခန်းထဲကထွက်သွားတာကို ခင် အသည်း





ယားလွန်းစွာဖြင့် အခန်းတံခါးကို ဂျိမ်းခနဲမြည်အောင် ဆောင့်ပိတ်ပစ်လိုက်တော့သည်။

ခင့်ရင်ထဲမှာ အန်တီလေးရဲ့စကားတွေကို ဘယ်လိုမှ မခံနိုင်အောင်ကိုပင် ဒေါသလေးတွေ ငယ်ထိပ်ပြေးဆောင့်သွားရလေပြီ။

အင်း ... ဒီပုံအတိုင်းဆို ...

ခင့်ဂုဏ်သိက္ခာတွေကို ဒီလူဆိုးက ဝါးမျိုးတော့မယ်ပေါ့။

ဟင့်အင်း ... ဘယ်တော့မှ မဖြစ်စေရဘူး။

ခင်ဟာ အသန့်စင်ဆုံးနေလာတဲ့ အသန့်ထည်လေး။

သူက ရန်ကုန် ကာလဂျွေ။

ခင်နှင့် လုံးဝကို မအပ်စပ်သလို ဒီလောက်လည်ဝယ်လွန်းသည့် လူတစ်ယောက်ရဲ့ ရင်ခွင်ထဲကိုတော့ တစ်ဘဝလုံး ပုံအောမပေးနိုင်။

ခင် ဘာလုပ်ရမလဲ။

အင်း ... ဒီနေ့ညမှာ သူရှိတုန်းအချိန်မှာ ခင် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချရတော့မည်။

သူ့ကို လက်မထပ်နိုင်ပါဘူးလို့ အတိအလင်းကြေညာထားတာတောင် ခပ်ပါးပါးလေး ပခုံးကလေးတွန့်ပြီး မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးကလေးမေးစင်းကြည့်နိုင်သေးသည့် သူ့နှလုံးသားထဲကို ဆတ်ဆတ်ခါနာသွားရမယ့်စကားမျိုးကို ခင် ပြောပစ်နိုင်ရမည်။

ဒီတစ်ညပဲ နေခွင့်ရတော့မယ့် ရှင့်ကို ကျွန်မ ဆုံးဖြတ်ချက်တစ်ခုခုတော့ ပေးရတော့မယ်။

ရှင်လို မိန်းကလေးတစ်ယောက်ကို မြင်မြင်ချင်း အငမ်းမရဖြစ်တဲ့ နှလုံးသားပိုင်ရှင်ကို ကျွန်မ ဘယ်တော့မှ ယုံကြည်ကိုးစားဖို့ စိတ်မကူးဘူး။

အဲဒီအတွက် ရှင် ကံဆိုးတဲ့အဖြေတစ်ခုကိုပဲ ရွေးလင့်နေတော့ မင်းသက်မှူးတင်။





ရင်ထဲမှာ တစစ်စစ်နာကျင်ကြေကွဲနေခဲ့ရသည်အထိ သူ ခံစားနေခဲ့ရသည်။

သူ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ...

"ရှင့်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး"

လို့ ပြောလာသည့် သူမရဲ့စကားသံလေးတွေက သူ့ရဲ့နှလုံးသားလေးကို အရှိန်ပြင်းပြင်းထိမှန်သွားခဲ့ရလေသည်။

ဒါပေမဲ့ ...

သူမလေးရှေ့မှာတော့ သူ ဟန်ဆောင်ကောင်းစွာဖြင့် မျက်နှာကြီးကို ပြုံးတုံ့တုံ့လုပ်ပြီး ပါးပါးကလေးလုပ်ပြလိုက်ရပေမယ့် တကယ်တမ်း သူ့ရင်ထဲမှာ နာကျင်ခံစားကြေကွဲခဲ့ရသည်။

"ရက်စက်လိုက်တာ ခင်ရယ်"

လို့ နှလုံးသားက ဖွဖွကြီး ညည်းတွားလိုက်သည့် သူ့အသံကြီးကို ခင် မကြားနိုင်သလို ကြားသိခွင့်ရခဲ့မည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



လည်း အောင်နိုင်သူမဲ့ပြုံးကလေးဖြင့် နှုတ်ခမ်းလှလှကလေးကို စေ့ပြီး ပြုံးမော်သွားမှာ သေချာသည်။

မနက်ဖြန်ဆို သူ မန္တလေးမြေက ခွဲခွာခဲ့ရတော့မလို သူ သိပ်ချစ်ရမည့် ခင့်အရိပ်ကနေ ခွဲခွာရဦးမည်။

ဖြစ်နိုင်ရင် သူ ခင့်ကို ချက်ချင်းကြီး လက်ထပ်ပြီး ရန်ကုန်ကို တစ်ပါတည်းခေါ်သွားချင်တာပါ။

သို့သော် ...

အတွေးဟာ စိတ်ကူးယဉ်သက်သက်သာဖြစ်လာ

လေသည်။

သူ့ရဲ့အဖြစ်ကို မာမီသာသိရင် သူ့ကို မထွေ့ပြုံး

လေးနှင့် သရော်ဦးမည်။

အခုလည်း ဖုန်းထဲကတောင် မာမီ သူ့စကားသံ

ကို ရိပ်မိချင်ရိပ်မိနေလောက်ပါပြီ။

"သားလေး ... မင်း လုပ်ငန်းကိစ္စ အဆင်မပြေဘူးဆိုလ

ပြန်လာခဲ့တော့၊ ခင်တို့အိမ်မှာ ရောက်နေတာလည်း တစ်

ရှိပြီ၊ ကြာကြာနေလို့မသင့်တော်ဘူးကွယ်၊ မိန်းကလေးသိ

ကျတယ်၊ သား ပြန်လာခဲ့တော့"

ဆိုသည့် မာမို့စကားတွေကို အင်အားမဲ့သည့်

ကလေးဖြင့် "ဟုတ်ကဲ့ မာမီ၊ သား မနက်ဖြန် ပြန်လာခဲ့မယ်ဗျာ"





ညည်းညူသလိုကလေးပြောပြီး ဖုန်းပိတ်ခဲ့သည့် သူ့ကို မာမီက လည်း ပါးနပ်သူပီပီ ရိပ်မိမှာသေချာသည်။

မာမီရယ် ... မာမီ ဖော်ခဲ့တဲ့ဆေးမှိုင်း သားမိနေပြီဗျာ။

သား ... သား သူ့ကို သိပ်ချစ်ခဲ့လို့ သားရင်ထဲက ခံစားချက်ကလေးတွေ လွတ်ထွက်သွားခဲ့တာကို သူ အထင်သေး သွားပြီ။

သားကို သူ အထင်မကြီးတော့ဘူး။

မင်းသက်မှူးတင် ရင်ထဲမှာ ဘယ်လိုခံစားချက်ကြီး မျိုးခံစားနေရမှန်းမသိ ကြေကွဲလိုက်ဆူရိဝေနေသည်။

တကယ်ပါဗျာ ...

သူ မိန်းမလှလေးတွေ အတော်များများကို ရည်းစား ထားခဲ့ဖူးပါသည်။

ဒီလိုမျိုး တစ်ခါမှ နင့်နင့်သီးသီး မခံစားခဲ့ရချေ။

ခင်နှင့်ကျမှ သူ့ရဲ့ကျပန်းနှလုံးသားတစ်စုံသည်လည်း ကြေကျမြေခခဲ့ရလေပြီ။

တစ်ယောက်တည်း အိမ်ထဲမှာ မွန်းကျပ်မှုတွေကို မခံစားနိုင်တော့သည့်အဆုံး သူ ခြံထဲက ဒန်းကလေးပေါ်မှာ ဆဲငေးဆွေးဆွေးကလေး သိမ်ငယ်နေခဲ့ရသည့် သူ့ကိုယ်သူလည်း ဘာကယ်ရှက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း ...

တကယ်ချစ်ခဲ့ရသည့်ချစ်သူတွေ့တော့မှ အချစ်ဆိုတာ နှင့်သီးကြေကွဲရပါလားဆိုတာကို သူ လက်တွေ့ခံစားမိမြင်လိုက်ရပြီဖြစ်သည်။

မနက်ဖြန်ကို ပြန်ရတော့မယ့် အလွမ်းမင်းသားလေးအဖြစ် သူ့ရင်ထဲမှာ ကြေကွဲပူလောင်နေခဲ့ရပေမယ့် ခင်ဟာ သူကလွဲပြီး ဘယ်သူ့ကိုမှ လက်ထပ်ခွင့်မရှိဘူးဆိုတာကို သိထားသည့်နှလုံးသားက ခံစားချက်သစ်လေးဖြင့် ဖြေသာခဲ့ရသည်။

ခင် သူ့ကို မချစ်နိုင်တာက မချစ်နိုင်တာတစ်ပိုင်း။

လက်ထပ်ရမှာက လက်ထပ်ရမှာတစ်ပိုင်းပေါ့။

"ခင် ... မင်း ကိုယ့်ကို မချစ်လည်း ရတယ်၊ ကိုယ် မင်းကို ပိုင်ဆိုင်ခွင့်ရဖို့က အဓိကပဲ"

"ဟင်း"

သူ ရင်နှင့်မချိအောင်ခံစားနေရသည့် ခံစားချက်တွေကို တိတ်ဆိတ်အေးမြသည့် ညချမ်းအမှောင်ထုအောက်မှာ တိုးဖွဖွလေး ရင်ဖွင့်ရင်း ခင်တို့အပေါ်ထပ်ဝရန်တာလေးဆီသို့ ရီဝေမှုန်ဖျစွာ ငေးခနဲစိုက်ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ ဝရန်တာမှာ ဆံပင်ကလေးဖားလျားချလျက် အနက်ရောင် ညဝတ်ဂါဝန်ကလေးဖြင့် ဝရန်တာလက်ရန်း





ကလေးကို လက်ထောက်မှီပြီး မိုးကောင်းကင်ကြီးကို ရီရီကလေး မော့ကြည့်နေသည့် ခင့်ပုံရိပ်ကလေးက သူ့နှလုံးသားတစ်ခုလုံးကို ဖျပ်ဖျပ်လူးလွန့် ကြည်မွေ့သာယာသွားခဲ့သလို ခံစားရှုဖျသွားတော့သည်။

ဟား ... တိုက်ဆိုင်လိုက်တာကွာ။

သူက အဆွေးနာကျပြီး ခြံထဲက ဒန်းကလေးပေါ်က နေ ဝရန်တာကြီးကို ငေးမျှော်နေတဲ့အချိန်မှ သူမလေးကလည်း ဝရန်တာလေးကနေပြီး လမင်းကြီးကိုမော့ကြည့်ပြီး သူနှင့် လက်မထပ်ရပါစေနဲ့လို့များ တိတ်တိတ်ကလေးဆုတောင်းနေသည်လား။

ဒါမှမဟုတ် ...

သူ မနက်ဖြန် ပြန်တော့မှာကိုသိပြီး တိတ်တိတ်ကလေး ကြေကွဲခံစားနေရတာလား။

အင်း ... မိန်းမတွေရဲ့ ...

လျှို့ဝှက်ကောက်ကြောင်းကို သူ ပုံဖော်ခံစားလို့မရခဲ့။

ဒါပေမဲ့ ...

ခင်ရယ် ... အဲဒီလိုလေး လမင်းကြီးကို မော့ငေးကြည့်နေတဲ့ မင်းမျက်နှာလှလှကလေးက ခြံထောင့်တစ်နေရာက အမှောင်ရိပ်ခပ်ကျကျ ဒန်းကလေးပေါ်မှာ ထိုင်နေတဲ့ ကိုယ့်ကိုသာ ရုတ်တရက်မြင်တွေ့လိုက်ရရင် အခုလိုလေး အပြစ်ကင်းစင်အေး


www.burmeseclassic.com

www.burmeseclassic.com



မြတဲ့ မင်းမျက်နှာမှာ ပူလောင်မှုတွေ ဖုံးလွှမ်းသွားမယ်ဆိုတာ ကိုယ် ခံစားရပါတယ်ကွာ။

မင်းလို ဣန္ဒြေသိက္ခာကြီးတဲ့ မိန်းကလေးကို ကိုယ် ဒီလိုလက်လွှတ်စပယ်ကြီး မနမ်းသင့်ဘူးဆိုတာ စိတ်က သိပြီးတားမြစ်နိုင်ခဲ့ပေမယ့် တကယ် မင်း စွာတူးလန်နေတာလေးကို ကြည့်ပြီး ခံစားရတဲ့ ကိုယ့်အာရုံတွေ ဘယ်လိုမှ ထိန်းချုပ်လို့မရခဲ့တော့ဘူး။

မင်းကို ကိုယ် နမ်းရှိုက်မိတဲ့အတွက် ကိုယ့်ကို ခွင့်လွှတ်ပါ ချစ်ရယ်။

ဆန်းသစ်နွေးမြသည့် ခံစားချက်လေးဖြင့် ခင့်ကိုရင်ထဲက လှိုက်လှဲတုန်ယင်စွာ တောင်းပန်ပြီး လရောင်အောက်က ခင့်မျက်နှာဝင်းဝင်းကလေးကို ငေးကြည့်ရင်း ရင်ခုန်ကျေနပ်နေသည့်အချိန်မှာပဲ ခင်က ဖျတ်ခနဲ လက်ကလေးလှုပ်ရှားလိုက်သလိုကပိုကရို ဖြာကျသွားသည့် ဆံပင်စင်းစင်းလေးတွေက ခင့်ခေါင်းကလေး ငုံ့အချမှာ ပါးပြင်နုနုကလေးပေါ်မှာ ကဗျာဆန်ဆန်လေး ပျံ့ဝဲဖုံးအုပ်သွားရလေသည်။

အဲဒီအမူအရာ ကဗျာမမီတာလေးကို ကြည့်ပြီး သူ့ကျိတ်အသည်းယားသွားရကာ ဖွဖွကြီး သက်ပြင်းမောကြီးချလိုက်မိသည်။





"ဟင်း"

"ချစ်တယ့် သိပ်ချစ်တယ် ချစ်ရယ်၊ မင်းကို အမြန်ပိုင်ဆိုင်ခွင့်ရအောင် ကိုယ် လုကြိုးတွေနဲ့ ကြိုးစားမယ်"

တစ်ယောက်တည်း ရေရွတ်လိုက်သည့် စကားသံတွေကိုသာ ခင်ကြားမိခဲ့ရပါလျှင် ...

"တူ ... တူ ... တူ"

အတွေးအာရုံဖြင့် မိန့်မိန့်ကြီးပြုံးကာ ကျေနပ်ကြည်နူးနေသည့်အချိန်မှာပဲ သူ့ခါးကြားထဲက HandPhone ကလေးကို ဖျတ်ခနဲထုတ်ကိုင်ပြီး ဖုန်းဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မင်းသက်မှူးတင်"

ဩဇာအာဏာ အပြည့်ပါသည် ခင့်အသံကလေးကို ကြားလိုက်ရသည့် သူ့တစ်ကိုယ်လုံး ဖိန့်ဖိန့်တုန်မူးမိုက်သွားသည်အထိ စိတ်တွေ လှုပ်ရှားသွားရကာ ဘာပြန်ပြောရမှန်းမသိအောင်ခင်တွေ တဒိန်းဒိန်းဆောင့်ခုန်သွားသည်အထိ တုန်ယင်မောလျှသွားသည်။

လှပ်ခနဲ မျက်ဝန်းအကြည့်ကြီးတွေကို ဝရန်တာလေးဆီသို့ လွှဲအကြည့် ...

ဟား ... လှလိုက်တာ ချစ်ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ဘယ်လိုနေနေ ပြိုင်စံမမီ တကယ် Style မိနေတာပဲကွာ။

HandPhoneကလေးကို ကိုင်ပြီး ကောင်းကင်ကြီးကို မမှိတ်မသုန်မော့ကြည့်ကာ သူ့ကို ကဗျာပေးတော့မယ့် မျက်နှာကလေးကို ငေးရီရီကြီး စိုက်ကြည့်ရင်း သူ ရင်ခုန်အသည်းယားသွားရသည်။

ဖြစ်နိုင်ရင် ...

ဝရန်တာလေးမှာ နွဲ့နွဲ့လေးမှီရပ်နေသည့် ခင့်ဆီကို အပြေးသွားပြီး သူ့ရင်ခွင်ကျယ်ကြီးထဲကို ခပ်တင်းတင်းကြီး ဆွဲသွင်းပွေ့ဖက်ပြီး မွှေးမွှေးကြူပစ်လိုက်ချင်သည်။

အင်း ...

သူ့အဖြစ်က ကိုယ်နဲ့ မကြာခင် လက်ထပ်ရတော့မယ့် မာနခပ်ကြီးကြီးမိန်းမကို မြင်သာမြင် မကြင်ရသည့်အဖြစ်။

တစိမ့်စိမ့် တွေးကြည့်လေ သူမလေး အမူပိုပိုလေးတွေက အသည်းယားစရာ ကောင်းလေပါပဲ။

အခုလည်းကြည့် ...

ဆံပင်ကလေးတွေက ညချမ်းတန်ခူးလေ ဖြူးဖြူးကလေးတွေနှင့် လေထဲမှာ ပျံဝဲပြီး မျက်နှာလှလှကလေးပေါ်မှာ ကလူကျီစယ်နေတာ ကဗျာဆန်သလို ကပိုကရိုလေး လှလွန်းလှသည်။





ကပိုကရိုကလေးနှင့် သိမ်လှလွန်းသည့် မွေ့နွမ်းမင်းသမီးကလေး ခင့်ရယ်။

"မင်းသက်မှူးတင်"

အွန် ...

အတွေးအာရုံခံပြီး တစိမ့်စိမ့်ကြည့်နူးရင်ခုန်နေသည့် သူ့နှလုံးသားကြီးကို တုန်ခနဲမြည်သွားသည်အထိ ထန်ခေါ်လိုက်သည့် ခင့်အသံကလေးက သူ့ရဲ့ စိတ်ကူးယဉ်အိပ်မက်ကြီးကို နိုးထသွားခဲ့ရတော့သည်။

ဒီပုံ ဒီလေသံလေးနဲ့ဆိုရင်ဖြင့် ...

သူ့အတွက် အလားအလာမကောင်းတာ သေချာသွားပါပြီ။ သူက နှုတ်ခမ်းနှစ်မြွာကို ယောက်ျားမာနဖြင့် ခပ်တင်းတင်းစေ့ကြိတ်ရင်း အမှောင်ထုထဲကနေ ခင့်မျက်နှာလေးကို တည်စူးစူးကြီး စိုက်ကြည့်ပစ်လိုက်သည်။

ကဲ ... ပြောစမ်း မင်း ပြောချင်ရာပြောစမ်း။

မင်းမာနက အလွန်ဆုံးတင်းခံ တစ်လပေါ့ကွာ။

"အင်း ... ပြော"

သူ့ဘက်ကလည်း ဘာမှ ညှပြီးအီစရာ မလိုတော့။

သူမနှင့်သူဟာ ရန်သူမဟုတ်ပါဘဲ သူ့ကို ရန်သူကြီးသက်သက် ဆက်ဆံနေတာကိုတော့ သူ မခံချင်ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောဆိုတော့ ပြောရတာပေါ့၊ ရှင် မနက်ဖြန် ပြန်တော့မယ်ဆို"

"ဟုတ်တယ်လေ"

သူ ခပ်ပြတ်ပြတ်လေသံနှင့်ပြောပြီး ပခုံးကြီးနှစ်ဖက် အသာတွန့်ရင်း သူမ မျက်နှာမှ မျက်နှာမောင်းလေးကို စက္ကန့်မလပ် အကဲခတ်လိုက်သည်။

သူမလေးက သူ့လေသံကြီးကို မခံမရပ်နိုင်ဖြစ်သွားကာ ဝရန်တာလေးကို ဆတ်ခနဲ ကျောခိုင်းလိုက်လေသည်။

ဟွန်း ... ရယ်ရသေးရဲ့။

သူ့အလှည့်ကျ လေသံကလေးတောင် အတင်းမခံဆတ်ဆတ်ခါသွားလိုက်တာ။

"ကျွန်မ ရှင်းရှင်းပဲပြောမယ် မင်းသက်မှူးတင်၊ ရှင့်ကို ကျွန်မ လုံးဝ လက်မထပ်နိုင်ဘူး၊ ကျွန်မကို မပိုင်လို့ မိဘတွေကို အပိုင်တွက်ပြီး လာတောင်းမယ်ဆိုရင်တော့ ရှင်အမောဆိုက်တာပဲ အဖတ်တင်မယ်နော်၊ အဲဒီတော့ ရှင်ကြံနေတဲ့အကြံအစည်တွေကို ခေါင်းထဲကနေ ခါထုတ်ပစ်လိုက်ပါ ဟုတ်ပြီလား"

"အင်း ... နေစမ်းပါဦး၊ ကိုယ် မင်းကို မေးကြည့်လိုက်ဦးမယ်နော်၊ မင်းက မင်းကိုယ်မင်း စွတ်အထင်ကြီးပြီး





လာတောင်းဖို့ အဆင့်အထိတောင် မျှော်ထားတာကိုး ... ဟတ် ဟား ဟား၊ ရယ်ရတယ်နော်၊ ဒီစကားကြီးပြောရအောင် ကိုယ်က မင်းကို ဘယ်တုန်းကချစ်တယ် ပြောဖူးသေးလို့လဲ"

"ဘာ"

"ဟတ် ဟတ် ... စိတ်ကူးပုံဖော်တာ သောင်ကျော်သွားပြီနော့ ဒေါ်ခင်ခင်မြတ်မင်း"

"ရှင် ... ရှင်"

"အင်း ... ပြော၊ နားထောင်နေတယ်"

"အေး ... ကောင်းပြီနော်၊ ရှင့်စကား ရှင် မှတ်ထား"

"ဒါပေမဲ့ ချွင်းချက်လေးတော့ ရှိတာပေါ့၊ မင်းကို အခုချစ်စရာမကောင်းသေးလို့ မချစ်နိုင်သေးခဲ့ပေမယ့် နောင်ကိုယ့်စကားကို နားထောင်ပြီး လိမ်လိမ်မာမာကလေးဖြစ်လာရင် ချစ်စရာကောင်းရင် ကိုယ်ချစ်မှာပေါ့၊ အဲဒီတော့မှ ကိုယ် မင်းကို လက်ထပ်မှာ"

"ရှင် ကျွန်မကို သေတောင် လက်ထပ်ခွင့်မရဘူး မှတ်ထား မင်းသက်မှူးတင်"

"စောင့်ကြည့်လိုက်လေ၊ တစ်လအတွင်း ကိုယ် မင်းလက်ကို တွဲပြီး အခမ်းနားဆုံး လက်ထပ်နိုင်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မှို ... ရွှံစရာကောင်းလိုက်တဲ့လူ"

နဆောင့်ဆောင့်အောင့်အောင့် အော်လိုက်သည့် ခင့်အသံကလေး သူ့နားစည်ထဲသို့ ပူခနဲစီးဆင်းသွားသည်နှင့်တစ်ပြိုင်နက် သူမကလည်း လက်ထဲကဖုန်းကလေး ဆောင့်ပိတ်ပြီး ဆတ်ခနဲ ဝရန်တာဘက်ဆီ မျက်နှာလေးမူလာခဲ့သည်။

အဟွန်း ... ကောင်မလေး အတော်ကြီးကို နှာသာခံခက်ဖြစ်သွားရလေပြီ။

အဝေးကလှမ်းမြင်နေရသည့် လရောင်အောက်က မျက်နှာတင်းတင်းကလေးက ဒေါသသွေးရောင် ပန်းနုရောင်ဇ လေးများ ပြေးသွားသလားမသိ။

အင်း ...

နှုတ်ခမ်းလှလှလေးတွေကို အခဲမကျေစွာ ဖိကိုက်ထားသည်လား။

အဟုတ် မင်းထိတော့ မင်းနာသွားပြီမဟုတ်လား

မင်းလေး အခုလို ခံစားကြေကွဲသွားတာကို ကိုယ်မကြည့်ရက်ပါဘူး။

ကိုယ့်ရင်ထဲမှာ တကယ်ခံစားသွားရပါတယ် ချစ်ရယ်။





မင်းမျက်နှာလေး အမြဲတမ်း ကြည်လင်ကျေနပ်နေတာကိုပဲ ကိုယ်မြင်ချင်ပါတယ်။

ကိုယ်လေ မင်းကို အဲဒီလောက် နားလည်ပေးပြီး ခဲဃယလေး ချစ်ချင်ခဲ့တာပါ ချစ်ရယ်။

❤ ❧ ❤


www.burmeseclassic.com

www.burmeseclassic.com



## ၆

မန္တလေးမြေက ချစ်သူလေးဆီကနေ သူ ပြန်လာခဲ့ရပေမယ့် သူ သိပ်ချစ်ခဲ့ရသည့် ချစ်သူကလေးကဖြင့် သူ ပြန်မယ်ဆိုတာတောင် အခန်းထဲကထွက်ပြီး နှုတ်ဆက်ဖော်မရခဲ့။

သူ့ရင်မှာ နွမ်းချိချိကြီးဖြင့်သာ ယောက္ခမလောင်းကြီးတွေနှင့် အန်တီလေးအပျိုကြီးကိုပဲ နှုတ်ဆက်ပြီး မျက်နှာငယ်လေးဖြင့် ပြန်ခဲ့ရသည့်အဖြစ်။

ခင့်ရဲ့ရက်စက်စိမ်းကားနိုင်မှုတွေက သူ့မာနကို ပေးလိုက်သလို တစ်သက်လုံး ဗိုလ်ကျလာခဲ့သည့် သူ့နှလုံးသားသည်လည်း အနာပြင်းပြင်း ရသွားခဲ့ရလေပြီ။

"အေး ... မင်း မှုထားဦးပေါ့ကွာ ခင်ရယ်"



လို့ပဲ အပြန်လမ်းမှာ အထီးကျန်ဆန်စွာ တစ်ယောက်တည်း ကားမောင်းရင်းကနေ တိတ်တဆိတ်ကြိမ်းဝါးရင်း မာနဆွလွှမ်းခြုံထားသည့် ခင့်မျက်နှာလေးကို တစိမ့်စိမ့်မြင်ယောင်ရင်း သူ့ရင်ထဲမှာ ပူနွေးရင်ခုန်လာသည့် ခံစားချက်တွေကို သူက ခုံးကြီးတွန့်ပြီး ပါးပါးလေး လုပ်ပစ်လိုက်သည်။

ခင့်အိုက်တင် ခင့်အမူအရာတွေက သူ့ကို တမင်တင် ယောကျ်ားတစ်ယောက်ရဲ့မာနတွေကို ကြီးသထက်ကြီးအောင် ဆွပေးနေသလိုပင်။

ဒါပေမဲ့ ...

သူက ဘာမထီယောကျ်ားပုံစံကြီးဖြင့် အိမ်ကို ပြန်ရောက်ရောက်ချင်းပင် မာမီကို အပြုံးနုနုတွေဖြင့် ခံစားချက်တွေ ပေါ်လွင်အောင် ဟန်ဆောင်နိုင်ခဲ့သည်။

သူမလေးနှင့် ပတ်သက်ပြီး ဘာစကားတစ်ခွန်းမှ မဟဘဲ မန္တလေးက ဆောက်လုပ်ရေးကိစ္စကိုပဲ တွန်းပြောလိုက်သည်။

"မာမီရာ မန္တလေးမှာ ဆောက်လုပ်ရေးတိုးချဲ့ဖို့ မစဉ်းစားတော့နဲ့ဗျာ၊ သားကလည်း တစ်ယောက်တည်း၊ လက်ပြကြီးဆိုတော့ ဘယ်လိုမှ မတတ်သာဘူး၊ ဒီမှာ ကုမ္ပဏီကြီးတစ်ခုလုံး ဦးဆောင်နေရတာ လုပ်ငန်းကြီးနှစ်ခုလုပ်ရတာလည်း မသင့်တော်ပါဘူး မာမီရယ်၊ သား ခရီးပန်းလာလို့ အနားယူလိုက်ဦးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



သူ ...

ဒက်ဒီ မာမီတို့ရှေ့မှာ ကြာကြာရင်မဆိုင်ရဲလောက်အောင် မျက်နှာကြီး ရှက်သွေးဖျန်းနေခဲ့ရသည်။

သူ့ကိုယ်သူ အထင်တကြီးကြွေးကြော်ပြီး ကိုယ်နဲ့လက်ထပ်ရမယ့် မိန်းကလေးဆီကို ရောက်ခဲ့ပြီးခါမှ အဲဒီမိန်းမရဲ့ မာနတံခွန်ကြီးက သူ့နှလုံးသားကို စူးစူးကြီးလာထိသွားခဲ့ပြီမို့ သူ အလူးလူးအလိမ့်လိမ့် ကျရှုံးခဲ့ရသည့်အဖြစ်ကို မိဘတွေ ခံစားမတွေ့စေချင်။

အင်း ... အခုမှ သူ့အဖြစ်က ...

ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်နေရပြီ။

ဟား ... မတတ်နိုင်တော့။

မာမီတို့စိတ်ထဲမှာ သူ့ကို ဘယ်လို သုံးသပ်ကျန်ခဲ့မည်မသိ။ သူကတော့ ...

အခုလောလောဆယ် အခန်းကြီးထဲ စွတ်ဝင်ချလာပြီး ခုတင်ကြီးပေါ် အားလျားမှောက်ချအနားယူလိုက်ရင်းမှ ခင့်စကားသံလေးတွေကို တစိမ့်စိမ့်ကြားယောင်ရင်း ကျားနာကြီးတစ်ကောင်တည်း ကြိတ်မနိုင်ခဲမရ ဟိန်းဟောက်မာန်ဖီပုံကြီးဖြင့် ခင့်ကို ကြိမ်းဝါးလိုက်တော့သည်။





"ခင် ... ခင်ခင်မြတ်မင်း ... မင်းမာနတွေ သိပ်မကြာခင် အချိန်မှာ ကျွတ်သွားစေရအောင် ကိုယ် စွမ်းဆောင်ပြမယ် ကြည့်နေ"

မင်းသက်မှူးတင် တစ်ယောက်တည်း ခုတင်ကြီးပေါ်မှာ အားလျားကြီးမှောက်ချပြီး ကြိတ်မနိုင်ခဲမရ မာန်ဖီနေတဲ့အချိန်မှာ ...

အိမ်ရှေ့ဧည့်ခန်းဆီက ဒေါ်မြတ်မြတ်မိုးတို့ဇနီးမောင်နှံနှစ်ယောက်ကတော့ သားတော်မောင် မန္တလေးကပြန်ရောက်ရောက်ချင်း မအီမလည်ကြီးဖြစ်လာရသည့် မျက်နှာမူမျက်နှာမောင်းကြီးကိုကြည့်ပြီး နားလည်စွာဖြင့် ကျိတ်ပြုံးလိုက်ကြသည်။

အပြုံးကိုယ်စီဖြင့် လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်နေရင်းမှ ...

"မြတ် ... မင်းသားတော့ မူးလာပြီ"

"အို ... ရှင်ကလည်း မန္တလေးကနေ အကြာကြီးကားမောင်းလာတဲ့သားက အရက်သောက်ထားမလားရှင့်"

"ဒီမိန်းမ အ,လိုက်တာကွာ၊ မင်းသား မူးလာတာက အရက်မဟုတ်ဘူး၊ အချစ် ... အချစ်ကွ"

"ဩော် ... ရှင်ကလည်း ... အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်မြတ်မိုတစ်ယောက် ယောကျ်ားလုပ်သူရဲ့ စကားကြီးကို သဘောအကျကြီးကျသွားရကာ အင်အင်ကြီး ပြုံးမော်သွားတော့သည်။

"အချစ်မူးမူးလို့ကတော့ မူးစမ်းပါစေ မောင်ရယ်၊ ပြော လိုက်တော့ ငပေါက်တစ်ဝါကြီး၊ အသဲနေ ဒီကောင်လေးကို ခင်နဲ့ပတ်သက်ပြီး ဘာစကားမှမမေးနဲ့၊ ကျွန်မလည်းမ[illegible] ဘူး၊ ကြားလား မောင်"

"အေး ... ကောင်းတယ်၊ ဒါမှ ဒီကောင် မုတ်လောက်သ[illegible] လောက်ဖြစ်သွားမှာ၊ ဒါနဲ့ မင်း ထားတို့ကိုတော့ ပိုင်ပါတ[illegible] နော်၊ မင်းသားကြည့်ရတာ မင်းရွေးပေးတဲ့ချွေးမကို မရ[illegible] ကိုယ့်ကိုယ်ကိုယ် သတ်သေမဲ့ရုပ်ကြီးကွ နော် ... မိန်းမ"

"အင်းပါ ရှင်ကလည်း၊ မြတ် နားလည်ပါတယ်"

"မိန်းမ ဒါ မင်းဖော်တဲ့ဆေးနော်၊ မင်းနိုင်အောင်[illegible] ထိန်းပေတော့"

"မောင်ကလည်းနော်၊ ဒါ မြတ်တာဝန်ပါ သိပါတ[illegible] ခင်က ရှင့်သား မချေမင်လို့ မျက်မှန်းကျိုးပေမယ့် မြ[illegible] ထားက သူငယ်ချင်းအရင်းကြီးပါ၊ မြတ်တို့ စိစဉ်မှ[illegible] ကလေးတွေ လိုက်နာရမှာပါပဲ"





"အေး ... ဒီလိုဆိုလည်းပြီးရောကွာ၊ မင်းသားမျက်နှာကြီး ကြည့်ရတာနဲ့တင် ငါတောင် စိတ်နောက်ချင်သလိုလို ဖြစ်သွားရပြီ"

"အဟင်း ဟင်း"

ဒေါ်မြတ်မြတ်မိုကတော့ ...

သူမထွင်လိုက်သည့်ဇာတ်ထဲမှာ သားကလေး အလူး အလဲလိုက်ပါမျောသွားခဲ့ရသည့်အဖြစ်ကို သဘောတကျပြုံးပျော် ကျေနပ်သွားရပါတော့သည်။

သူမကြီး ရင်ထဲမှာတော့ ရှေ့ဆက်ရမယ့်အစီအစဉ် တွေကို သဘောကျကြည်နူးကာ ရေးဆွဲချမှတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တစ်ခုကို ...

သူ ပိုင်ပိုင်နိုင်နိုင်ချလိုက်မိပြီးမှ အေးအေးဆေးဆေး အိပ်ပျော်သွားတော့သည်။

သူ့ရဲ့ဆုံးဖြတ်ချက်ကလေးကတော့ ခင့်ကို မိဘတွေနှင့်ပြောလို့မရရင် ခိုးပြေးမယ်ဆိုတဲ့ဆုံးဖြတ်ချက်ကလေးပဲဖြစ်သည်။

အင်း ... ဘာပဲဖြစ်ဖြစ် ...

သူကတော့ ဇွတ်တရွတ် မိုက်ရတော့မှာပဲ။

သူ့နှလုံးသားကြီးကို ရှုံးအောင်ပြုစားခဲ့သည့် မာနခပ်ကြီးကြီးမိန်းမကို သူ ရအောင်လက်ထပ်ယူမယ်ဆိုသည့် နှလုံးသားခံစားချက်ကလေးက သူ့ရင်က မောလျှနာကျင်မှုတွေကို နွေးထွေးစေခဲ့သည်။

ဒီဆုံးဖြတ်ချက် အတွေးကလေးတွေက နံနက်အိပ်ရာနိုးသွားသည့်အချိန်မှာ မျက်နှာကလေးကို ကြည်လင်ရွှင်မြကာ သူ လေကလေးတချွန်ချွန်ဖြင့် မျက်နှာကလေးသစ်ပြီး ...





မျက်နှာကလေးကို Cream ခပ်ပါးပါးလိမ်းလိုက်သည်။

ပြီးတော့ ကုမ္ပဏီသွားရတော့မှာမို့ တစ်ခါတည်း အဝတ်အစား လဲလိုက်တော့သည်။

Lacoste ရှပ်အပြာနုကွက် လက်တိုကလေးကို Style ဆောင်းဘီကော်ဖိရောင်နှင့် ခပ်မိုက်မိုက်တွဲဝတ်လိုက်ပြီး စားပွဲပေါ်က HandPhoneကလေးကို ခါးမှာချိတ်ရင်း ထောင်တောင်တောင်ဆံပင်ကေကလေးကို လက်ကလေးဖြင့် ခပ်ရွရွလေးပွတ်လိုက်သည်။

အင်း ... မှန်ထဲမှာ အထင်းသားပေါ်လွင်နေသည့် ကိုယ့်ရုပ်ကိုယ်တောင် လူမှားချင်တင်တင် ဖြစ်သွားရသည်။

ကိုရီးယားနံပါတ်တစ်မင်းသား Jung Dong Gon လိုလို ဘာလိုလိုပေါ့။

"အဟွန်း"

အင်း ... အခုမှပဲ သူ့ရင်ထဲက မခံချင်သည့်မာနတွေ တစ်စစီလွင့်ပြယ်သွားသလို သူ့ကို ရောက်ရောက်ချင်းနှုတ်လန်ထိုးခဲ့သည့် ကျူတာမယ်တော်လေးရဲ့ စူတူမူတူ မကျေမခံမျက်စောင်းနက်နက်ကလေးကို မြင်ယောင်ပြီး အသည်းယားကာ နှုတ်ခမ်းကလေးကို ဖွဖွကလေးကိုက်လျက် အောက်ထပ်ဧည့်ခန်းဆီသို့ အပြေးဆင်းလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသော့တွဲလေး တယမ်းယမ်းကိုကိုင်ပြီး ဧည့်ခန်းထဲကို သွက်လက်ရွှင်ပြုံးစွာဝင်လာသည့် သူ့ကို ဒက်ဒီနှင့်မာမီက မျက်လုံးကြီးအပြူးသား စိုက်ကြည့်လာပြီး ...

"ဒါက ဘာစတိုင်လဲဟေ"

"မော်ဒယ် မင်းသက်မှူးတင် Style သစ်လေ ဒက်ဒီရဲ့"

သူက အခုမှ အပျော့်လွန်သွားသလို ဒက်ဒီကို ပခုံးကြီးနှစ်ဖက်တွန့်ပြလိုက်သေးသည်။

မာမီကတော့ မျက်ခုံးတပင့်ပင့်ဖြင့် သူ့အမူအရာကို မကျေမလည်ဖြစ်နေသည်။

"မနေ့က မစ္ဆလေးကပြန်ရောက်တုန်းကတော့ မျက်နှာကြီးက ဘာဖြစ်တာလဲ ဟင်"

"သား ဟိုမိန်းမဆိုးလေးဒဏ်ကို တော်တော်ခံလိုက်ရပြီ မာမီရာ"

"ကဲ ... ပြောစမ်းပါဦး၊ ဘာတွေထိပ်ရောက်ခဲ့ပြီလဲ"

"ဟင့်အင်း ... Top အဆင့်အထိ သား မရောက်သေးပါဘူး၊ အဟွန်း ... နောက်တစ်ခေါက်သေချာပိုင်နိုင်မှ Top ဖြစ်မှာ"

သူ့ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ဆယ်ကျော်သက်ကလေးလို ရင်ခုန်သံတွေ မြန်ဆန်လာရကာ စိတ်တွေလည်း လှုပ်ရှားနေသည်။





ခင်ရယ် ... မင်းနဲ့ပတ်သက်လာရင် ...

ကိုယ်ဟာ ဆယ်နှစ်လောက်ငယ်သွားတဲ့ လူပျိုပေါက်ကလေး ပြန်ဖြစ်သွားရပြီကွာ။

အဲဒီလောက်အထိ ...

မင်းရဲ့အလှအပ အထိအတွေ့လေးတွေအောက်မှာ ကိုယ် ယစ်မူးကျရှုံးခဲ့ရတာပါကွာ။

ဒါပေမဲ့ ...

မနေ့ကညက ခင်ပြောခဲ့သည့် စကားသံလေးတွေက အခုထိ သူ့ရင်ကို ပူလောင်ခါးသက်စေခဲ့သည်။

ရင်ထဲမှာ ...

အသစ်စက်စက် ခံစားချက်နွေးနွေးလေးတွေ သူ့နှလုံးသားလေးဆီ စီးဆင်းဝင်ရောက်သွားတဲ့အချိန်မှာ ပြုံးပျော်ကျေနပ်နေမိသည့် သူ့မျက်နှာလေး တင်းတည်တည်ကလေး ဖြစ်သွားရကာ နံနက်စာကော်ဖီကိုပဲ ကမန်းကတန်း မော့သောက်ပစ်လိုက်ရသည်။

အင်း ... ဒက်ဒီနဲ့မာမီကလည်း သူ့မျက်နှာကို စက္ကန့်ခပ် အကဲခတ်နေတာမို့ သူ့မှာ ဘာပြောရမှန်း မသိအောင်ခပ်အမ်းအမ်းမျက်နှာလေးဖြင့် ဒက်ဒီကို ပြုံးပြရင်း ကားသော့ကလေးဆွဲကာ မတ်တတ်ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

“မာမီ ... သား ကုမ္ပဏီသွားတော့မယ်”

“စောလိုက်တာကွာ သားရ”

“ဟုတ်ကဲ့ ဒီနေ့တော့ မန္တလေးကပြန်ရောက်ခါစမို့ စော ထွက်လိုက်တာပါ၊ သား သွားမယ်နော် ဒက်ဒီ”

အင်း ...

ဒယ်ဒီတို့ မာမီတို့ကတော့ သူ့ရင်ထဲမှာ ဘယ်လောက်အထိ ပူလောင်ရှာခံစားနေရတယ်ဆိုတာကို ဘာမှမသိဘဲ ပြုံးစိစိမျက်နှာပေးတွေနှင့် ကျန်ရစ်ခဲ့ကြလေသည်။

မာမီတို့က သူ့ကိုကြည့်ပြီး ပြုံးနိုင်ခဲ့ပေမယ့် သူ့မှာ အီလည်လည်ကြီးဖြစ်ကာ အစာနင်နေရှာသည်။

အသေအချာ တွေးကြည့်လေ ခင့်လုပ်ရပ်တွေက သူ့ကို ပိုပြီးမခံချင်စရာကောင်းလေ ဖြစ်ခဲ့သည်။

“ရှင့်ကို ကျွန်မ လုံးဝ လက်မထပ်နိုင်ဘူး၊ ကျွန်မကိုမပိုင်ဘဲ မိဘတွေကို အပိုင်လုပ်ပြီး လာတောင်းမယ်ဆိုရင် ရှင် အမောဆိုက်တာပဲ အဖတ်တင်မယ်နော်”

လို့ စိန်ခေါ်သလိုလို ထန်လွန်းသည့် ခင့်စကားက သူ့ကို အမြဲတမ်း နှိပ်စက်အနိုင်ယူနေခဲ့သည်။

ဒီစကားလုံးကြီးက သူ့ရင်ထဲက နှလုံးသားအစုံကို ထိုးဆွချေမွနေသလို သူ အောင့်သက်သက်ကြီးခံပြင်းလှသည်။





မင်းသက်မှူးတင်ရဲ့ ရာဇဝင်မှာ မိန်းမတစ်ယောက်က သူ့အချစ်ကိုငြင်းပယ်တယ်ဆိုတာ ထုံးစံမရှိ ရာဇဝင်ရိုင်းလှသည်။

ခင် ...

မင်းကို ကိုယ် ဒီတစ်လအတွင်း ရအောင်လက်ထပ်နိုင်ရမယ်။

စိတ်ထဲက မခံချင်စိတ်တွေဖြင့် နှလုံးသားကြီး ထုံမွှန်းသွားအောင် ချစ်ခဲ့ရသည့်မိန်းမကို ကျိတ်ကြိမ်းဝါးရင်း ခုနစ်ရက်လောက် ဝေးကွာသွားသည့် ကုမ္ပဏီရုံးခန်းဆီသို့ သူ သွက်သွက်ကြီး တက်လာခဲ့တော့သည်။

သူ ကုမ္ပဏီထဲ လှမ်းဝင်လိုက်သည်နှင့် ရုံးပျာတာကောင်လေးက သူ့အတက်ချိကေ့စ်ကြီးကို တရိုတသေလေး လှမ်းယူဦးညွှတ် နှုတ်ဆက်လာခဲ့သည်။

“သူဌေး ပြန်လာပြီလား”

“အေး”

သူ ခပ်မှန်မှန်ပင် ရုံးခန်းထဲကို လှမ်းဝင်လိုက်ပါသည်။

ရုံးလုပ်သားကလေးက သူ့မှန်စားပွဲကြီးပေါ်သို့ သူ့အတက်ချိကေ့စ်ကို တင်ချရင်း သူ့ကို ဦးညွှတ်နှုတ်ဆက်ပြီး ရုံးခန်းအပြင်ဘက်ဆီသို့ လှမ်းထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့မှာသာ ရင်ထဲမှာ လိပ်ခဲတည်းတည်းကြီးဖြစ်ပြီး စိတ်တိုင်းမကျဖြစ်ကာ ဆုံလည်ဆိုဖာကြီးမှာ ခပ်ဆောင့်ဆောင့်ကြီး မှီထိုင်ချလိုက်ရင်း မျက်ဝန်းအစုံကို တင်းတင်းကြီးမှိတ်ချပစ်လိုက်သည်။

မှိတ်ထားသည့် မျက်ဝန်းကြီးထဲမှာ ခင့်မျက်နှာလှလှကလေးက အထင်းသား ပေါ်လာရပြန်သည်။

"ဟား ... ရူးတော့မှာပဲကွာ၊ ဒီမိန်းမကိုပဲ တောင့်တနေ၊ ဖုန်းဆက်မယ်ကွာ"

ချက်ချင်းပင် သူမဆီ ဖုန်းဆက်ဖို့ ခါးကြားထဲက Hand Phone ကလေးကို ဆွဲထုတ်ရင်း သူမ ဖုန်းနံပါတ်ကလေးကို နှိပ်ချလိုက်သည်။

ဖုန်းလိုင်းဝင်သွားပြီးခါမှ တစ်ဖက်က ခင်က သူ့ဖုန်းမှန်းသိလို့ ဖုန်းပိတ်သွားခဲ့တာကို သူခံပြင်းနာသာခံခက်ရှိစွာဖြင့် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိတော့သည်။

"တောက်"

ဒီလောက်မာနကြီးတဲ့မိန်းမ။

မင်းတော့လားကွာ မကြာစေရဘူး။

ငါ့ရင်ခွင်ထဲမှာ မျက်ရည်တွေနှင့် ခိုနားရမယ်မှတ်။





မင်းသက်မျှုးတင် ကိုယ့်အဖြစ်ကိုယ် ရှက်လည်းရှက်မိသလို ဝမ်းလည်းဝမ်းနည်းသွားရသည်။

တစ်သက်နဲ့တစ်ကိုယ် ဒီလောက်အထိ ရင်ထဲမှာ လှိုက်ဆုဝမ်းနည်းမှုတွေ မဖြစ်ဖူးခဲ့။

အခုမှ ချစ်သည့်မိန်းမကြောင့် သူ မျက်ရည်များဝဲတက်လာသည်အထိ ဝမ်းနည်းစိတ်တွေ ဖြစ်ခဲ့တာ ကိုယ့်ကိုယ်ကိုယ်လည်း နာကြည်းသွားခဲ့သည်။

ဒီလောက်မာနကြီးသည့် မိန်းမကိုမှ သူ အရူးအမူးစွဲလမ်းခဲ့ရတာ ဝဋ်ကြွေးတစ်ခုကြောင့် ခံစားကြေကွဲခဲ့ရကာလားမသိ။

မခံမရပ်နိုင်သည့် ရင်ထဲက ခံစားကြေကွဲမှုတွေဖြင့် သူမေးကြောကြီးတွေ ထောင်ထလာသည်အထိ အံကြိတ်ပစ်လိုက်သည်။

လက်သီးကိုလည်း တင်းတင်းဆုပ်ပစ်ပြီး လက်ထဲက ဖုန်းကလေးကို စားပွဲပေါ် တအားလွှဲပစ်ပေါက်လိုက်သည်။

"သွားကွာ ... သွား ... မုန်းတယ်"

အရူးတစ်ယောက်လို သူ ပေါက်ကွဲသွားရသည်။

Hand Phone ကလေးကို စားပွဲကြီးဖြင့် တဒေါက်ဒေါက်ထုရိုက်ပစ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ကဲကွာ ... ကဲကွာ ... သွား"

"ဟယ် ... ဘာလုပ်တာလဲ ကိုကြီး"

လှစ်ခနဲ သူ့အရှေ့သို့ရောက်လာသည့် စန္ဒီကို သူ မျက်မှောင်ကြီးတွန့်ကြုတ် ကြည့်လိုက်မိသည်။

စန္ဒီက သူ ထုရိုက်နေသည့် Hand Phone ကလေးကို လှမ်းဆွဲယူပြီး သူ့လက်မောင်းကြီး ဖမ်းချုပ်ကာ နားမလည်သည့် မျက်နှာကလေးဖြင့် သူ့မျက်နှာကြီးကို မော့ကြည့်လာတော့ သူ သတိရသွားကာ ဒေါသဖြင့်ပူထူနေသည့် မျက်နှာကြီး လက်ဖဝါးကြီးဖြင့်ဖိအုပ်ရင်း ရင်ထဲကလှိုင်းရိုက်သွားသည့် ခံစား ကြီးကို လေပူကြီး "ဟား" ထုတ်လိုက်မိသည်။

"ကိုကြီးရယ် ... ဘာဖြစ်တာလဲ၊ ရူးနေတာ ကျနေတာ ပဲ"

"အေးကွာ ရူးနေတာ၊ ရူးနေတာ၊ နင်က ဘာကိစ္စ အခန်းထဲ အသံမပေး ဘာမပေးနဲ့ စွတ်ဝင်ရတာလဲ"

"နဂိုလည်းဝင်တာပဲ"

"အခု မဝင်ရဘူးကွာ၊ ထွက် ... ထွက် စိတ်ရှုပ်ရတဲ့ကြား ထဲ နင်ကတစ်မျောင့်"

"ဟင် ... ကိုကြီးနော်၊ စန္ဒီ့ကို ရင့်ရင့်သီးသီးစကားမပြော နဲ့"





"မပြောစေချင်ရင် ထွက်ကွာ ... သွား ... သွား"

"သွားမှာပါ ... သွားမှာပါ၊ ကိုယ့်ဘာသာကိုယ် ဘာတွေမွန်ထွန်နေမှန်းမသိဘဲ သူများကိုရမ်းနေတာ ဗလိုင်းကြီး"

စန္ဒီက ...

ပြောပြောဆိုဆို မျက်ရည်လေးတွေနှင့် သူ့ရုံးခန်းထဲ ကနေ ချာခနဲလှည့်ထွက်သွားပါတော့သည်။

ခြေကလေးဆောင့်ပြီး မကျေမချမ်း သူ့ကို မျက်စောင်းကလေးခဲကာ လှည့်ထွက်သွားသည့် ကောင်မလေးကိုကြည့်ပြီး သက်ပြင်းမောကြီးချလိုက်မိသည်။

ဟင်း ...

ဒီကောင်မလေးက ကုမ္ပဏီက သူ့လက်ထောက်ရဲ့ အတွင်းရေးမှူးမလေး၊ တစ်ရုံးလုံးမှာ အလှဆုံးကောင်မလေးမို့ သူက ထိပ်ပုတ်ခေါင်းပုတ်လုပ်ပြီး အသားယူခဲ့လို့ ရင်းနှီးနေခဲ့သည့် ကောင်မလေး။

အခုချိန်မှာတော့ ...

ဒီကောင်မလေးကိုလည်း သူအလိုမရှိတော့။

သူ့ရင်ထဲမှာ နှလုံးသားထဲမှာ ...

ခင်တစ်ယောက်ပဲ၊ ခင့်ကိုပဲ သူ တမ်းတမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်ရယ် ... မင်းရဲ့မာနတွေက ကိုယ်နဲ့ မင်းကို အမြန်ဆုံးလက်ထပ်ရမယ့်မာနတွေ ဖြစ်သွားပြီဆိုတာကို မင်းလေး သိသွားခဲ့ရင် ကိုယ့်အပေါ်ကို မင်းဒီလိုမာနတွေထားရဲမှာမဟုတ်ခဲ့ဘူးနော်။

အခုတော့ ... မင်း နောင်တရပေတော့ ခင်ရေ။

ကိုယ် မင်းကိုချစ်တဲ့အချစ်တွေက မင်းကို အမြန်ဆုံး ပိုင်ဆိုင်ချင်တဲ့အထိ ချစ်သွားခဲ့ပြီဆိုတော့ ...

ဟွန်း ... ကိုယ်ကတော့ ...

မင်းကို ရအောင်လက်ထပ်ယူမှာပဲဆိုတာ မင်းသိပ်မကြာတဲ့အချိန်မှာပဲ သိရစေမယ်ပေါ့ကွာ။





## ၇

"သမီး ... မေမေတို့ သမီးကို စကားပြောစရာရှိတယ်"

ဧည့်ခန်းဆိုဖာကြီးမှာ သူမ ဝင်ထိုင်ထိုင်ချင်းပင် ...လိုက်သည့် မေမေ့စကားတွေကို ခင် စိတ်ရှုပ်သလိုကလေး ...က်မှောင်လေး တွန့်လိုက်မိတော့သည်။

မဟုတ်မှလွဲရော ...

မေမေပြောလာမယ့် စကားက လွန်ခဲ့တဲ့တစ်ပတ် ...သာက်က ပြန်သွားခဲ့သည့် လျာထား,ထားသည့် သမက်လောင်း ...လေးအကြောင်းကလွဲပြီး တခြားမဖြစ်နိုင်။

သူမက စိတ်ထဲကသိနေသည့် ခံစားချက်မျက်ဝန်း ...းတွေဖြင့် မေမေ့ကို တစ်ချက် နင့်နင့်စိုက်ကြည့်ကာ ခေါင်း ...လေးညိတ်ပြလိုက်ရသည်။

"ဘာပြောချင်လို့လဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်အေးဆေးပြီး သိထားသည့် ခင့်မျက်ဝန်းတွေက မေမေ့ကို အတော်ကြီး အခံရခက်သွားပုံရသည်။

ချက်ချင်ပင် မေမေ့မျက်နှာကြီး စူတင်သွားကာ အသံကြီးမြှင့်ပြီး ...

"မင်းသက်မှူးတင်က သမီးကို လက်ထပ်ချင်ပြီဆိုပြီး သူ့မာမီကို လောလောလောလော ပူဆာလို့ မေမေ့သူငယ်ချင်းက မနေ့က ဖုန်းနဲ့တောင်းတောင်းပန်ပန်ပြောလာလို့ မေမေတော့ လက်ခံလိုက်ပြီ၊ သူတို့ ဒီတစ်ပတ်အတွင်း ရောက်လာကြလိမ့်မယ်ထင်တယ်"

ဟင် ...

ခင် ထင်ထားခဲ့သည့် အတိုင်းအတာထက်တောင် စည်းကျော်သွားခဲ့သည့် မင်းသက်မှူးတင်ရဲ့ တစ်ကွက်ကြောကြီးကို သူမ နာသာခံခက်ဖြစ်စွာဖြင့် နှလုံးသားတစ်ပြင်လုံး ဆတ်ဆတ်ခါနာကျင်သွားသည်အထိ သူမ မင်းသက်မှူးတင်ကို တစ်ခုခုလုပ်ပစ်လိုက်ချင်တာ လက်တွေ့ တစ်ခုလုံးတောင် တင်းကျင်ခဲသွားခဲ့သည်။

အလကားကောင် ...။

လက်ထပ်ဖို့ကို စိန်ခေါ်သွားခဲ့ပြီး အခုလို သူလိုချင်သလို ခင့်ကို ပုံစံလာချလို့ကတော့ ရှင်သာ ရှင်ကွဲပက်လက်ဖြစ်သွားစေရမယ်မှတ် မင်းသက်မှူးတင်။





"အဲဒါ မေမေ သမီးကို ကြိုအသိပေးထားတာပဲ၊ မင်းသက်မှူးတင်ဆိုတာ တခြားသူလည်းမဟုတ်ဘူး၊ ငယ်ငယ်လေးတည်းက မေမေက သားအရင်းလိုချစ်ခဲ့ရတဲ့ ကလေးပဲ"

"ခင် လုံးဝ လက်မခံနိုင်ဘူး မေမေ၊ ခင် သူ့ကို လက်ထပ်ဖို့ငြင်းပါတယ်၊ လုံးဝ လုံးဝကို ငြင်းတယ် မေမေ"

"ဟင် ... ညည်းက ... ညည်း"

မေမေက ခင့်မျက်နှာကိုစိုက်ကြည့်ပြီး မခံချိမခံသာ ခံကာ မထိတထိကလေးပြုံးရင်း ...

"မိဘတွေကို ပိုင်တယ်ဆိုပြီး ခင့်ကို အပိုင်တွက်ပြီးစိန်ခေါ်သွားခဲ့တဲ့ ယောကျာ်းတစ်ယောက်ရဲ့သတ္တိက နည်းတဲ့သတ္တိမဟုတ်ဘူး၊ အဟင်း ဟင်း ... ဒီလိုအငြင်းခံရမယ်မှန်းသိရက်နဲ့ ဖွတ်တိုးပြောလာတာ တော်ရုံတန်ရုံသတ္တိမျိုးမဟုတ်ဘူး၊ အဲဒီစိတ်ဓာတ်ကလေးကိုတော့ မင်းသက်မှူးတင်ကို ချီးကျူးပါတယ်၊ ကျန်တဲ့အကျင့်စာရိတ္တပိုင်းကတော့ ဖွတ်ချေး၊ ရန်ကုန်မှာ လေလိုပွေလို့အားရလို့ ရှိုးသွားလို့ မန္တလေးတက်လာတဲ့လူတစ်ယောက်ကို မေမေတို့ အထင်ကြီးတာ အံ့ဩပါရဲ့နော်၊ ပါးနပ်မှုမရှိလိုက်တာ၊ ခင့်မေမေတောင် လုပ်ဖို့ မကောင်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင် ... ခင် ... ညည်းဟာ မိဘကိုပါ စော်ကားနေတာ၊ မိဘက ကောင်းတာဖြစ်စေချင်လို့ စီစဉ်ခဲ့တာကို အကောင်း မထင်ဘဲ အပြစ်နဲ့စော်ကားနေတာ"

"အို ... ခင် မေမေ့ကို စော်ကားတဲ့စကား တစ်လုံးမှမပါ ဘူးနော်"

"ကဲ ... တော်ကြပါတော့၊ တော်ပါတော့၊ ပြောကြရင်းနဲ့ ရန်တော့ထမဖြစ်ကြပါနဲ့၊ ခင် ... သမီးကလည်း စကားကို ယဉ်ယဉ်ကျေးကျေး ပြောစမ်းပါကွယ်"

ခင်နှင့် မေမေ အပြန်အလှန်စကားများနေသည့်ရန်ပွဲကို အန်တီလေးက ဝင်ပြီးထိန်းပေးလိုက်ပေမယ့် ခင့်ရင်ထဲမှာ နည်းနည်းမှ မကျေနပ်ခဲ့ချေ။

ဘာထူးမှာလဲ ... အန်တီလေးကလည်း မေမေနဲ့ တစ်လေသံတည်းပဲဟာ။

အဟင်း ဟင်း ... ဟုတ်တာမှန်တာ ပြောတော့ နာလိုက်တာ ...

ဟိုက ဘာမှ သွေးမတော် သားမစပ်သည့်လူတွေရဲ့ စကားကို ယုံကြည်စိတ်ချပြီး ကိုယ်သမီးနုနုထွတ်ထွတ်ကလေးကို နားသွင်းဖို့ကြိုးစားရင် မေမေပဲ အမောဆို့သွားမယ် မေမေ။





ဒီလောက် လက်ရဲဇက်ရဲဖြစ်ပြီး လူလည်ကျသည့် ယောကျ်ားတစ်ယောက်ကိုတော့ ခင့်လို အသန့်ထည်မိန်းကလေးက မိဘစကားကို ကြိတ်မှိတ်နားထောင်ပြီး ဖွတ်မှိတ်လက်ထပ်ရမယ် တဲ့လား မေမေရယ်။

ခင့်ဘက်ကလည်း ကိုယ်ချင်းစာတွေးကလေး တွေး ပေးဦးမှပေါ့။

ခင့်ရင်ထဲမှာ မေမေ့ကို တကယ်မျက်မုန်းကျိုးမိသည် အထိ စိတ်နာလှသည်။

ကိုယ့်သမီးအသန့်ထည်လေးကို ကာလေဂျပွေလက် ထဲထည့်ဖို့ ကြံရွယ်ခဲ့တာ အံ့လည်းအံ့ဩမိသည်။

"အဟင်း ဟင်း ... မိဘက ပိုက်ဆံချမ်းသာတယ်၊ ရုပ်က လေးကလည်း မန္တလေးမြို့မှာ အချောဆုံးလို့ ကိုယ့်ကိုယ် ကိုယ်ခံယူပြီး မာန်သိပ်တက်နေတာ ဟိုလူလာတောင်းလည်း ဟင့်အင်း၊ ဒီလူလာတောင်းလည်းဟင့်အင်းနဲ့ ငြင်းခဲ့တာ ကျုပ် ကြည့်နေခဲ့ပေမယ့် ဒီတစ်ခါတော့ မိခင် ... ညည်း ခေါင်းကြော သိပ်မာမပြနဲ့နော်၊ မိထားအကြောင်း ကောင်း ကောင်းသိသွားရမယ်မှတ်၊ အေး ... သူတို့တစ်ပတ်အတွင်း ရောက်လာမှာနော်၊ တစ်နေရာကို ရှောင်သွားဖို့တော့ စိတ် မကူးလိုက်လေနဲ့၊ မိထားတို့က ပြတ်ပြီဆို ဘယ်သူနဲ့မှတူ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး၊ ငါ့ကိုအာခံပြီး အတိုက်အခံလုပ်လို့ကတော့ သတင်းစာထဲမှာ အမွေပြတ်ကြော်ငြာပစ်မပယ်မှတ်"

ခင့်မျက်နှာကို ဒေါသခိုးတွေ ဆူဝေနေသည့် မျက်လုံးကြီးဖြင့် စိုက်ကြည့်ပြီး ကြိမ်းမောင်းကာ ဧည့်ခန်းထဲကနေ ဆောင့်ကြီးအောင့်ကြီး လှည့်ထွက်သွားသည့် မေမေ့ကိုကြည့်ရင်း ခင် ဘာပြန်ပြောလို့မှ မရတော့အောင် ရင်ထဲမှာ ဝမ်းနည်းဆို့တက်သွားတော့သည်။

ရင်ထဲက ...

နှလုံးသားနုနုကလေး ကြေလုမတတ် ကြေကွဲလိုက်ဆူကာ ဘာမှစကားမပြောနိုင်တော့။

ဝမ်းနည်းမျက်ရည်များက အလိုလို မျက်ဝန်းအိမ်က တစိမ့်စိမ့် စီးကျလာခဲ့တော့သည်။

အို ... ခင် ယောက်ျားတစ်ယောက်နဲ့ပတ်သက်ပြီး ပထမဆုံးအကြိမ် မျက်ရည်ကျခဲ့ရပြီပေါ့။

ဟင့်အင်း ... ခင် မငိုဘူး။

ငါ သူ့အတွက်ကြောင့်တော့ မျက်ရည်မကျစေရဘူး။

မေမေ ပြောတာတွေကို ငါ စိတ်နာလို့ မျက်ရည်ကျတာ။





မငိုဘူး။ ဒီအလကားလူတစ်ယောက်ကြောင့် မျက်ည်မကျဘူး။

ရင်ထဲက မာန်မာနလေးတွေက နာကျင်အေးခဲနေသည့် ခင့်နှလုံးသားလေးကို ညှို့ယူသိမ်းပိုက်လိုက်သလို ခင် ကျက်နှာကလေးကို မာန်ချီမော့တင်းပစ်လိုက်ရင်း စီးကျလာသည့် မျက်ရည်စလေးတွေကို လက်ဖဝါးကလေးဖြင့် ခပ်ကြမ်းကြမ်းကြီး တ်သုတ်ပစ်လိုက်တော့သည်။

ခင်ဆိုတဲ့မိန်းမဟာ ဘယ်တော့မှ မျက်ရည်ကျပြီး ရှုံးပေးသည့်မိန်းမ မဖြစ်စေရဘူး။

အထူးသဖြင့် ခင့်အပေါ် အကြောကြီးနှင့် ဆက်ဆံခဲ့ည့် ယောက်ျားတစ်ယောက်ကို လက်ထပ်ရမှာ ကြောက်ရွံ့ပြီး က်ရည်ကျ အရှုံးပေးခဲ့ရသည့်မိန်းမ မဖြစ်စေရပါ။

မေမေကလည်း မေမေ့အမိန့် မေမေ့မူရှိသလို ခင် လည်း ခင့်မူ ခင့်ဟန်ဖြင့် မာန်အပြည့်ရှိပါသည်။

ခင့်ကို ဒီမင်းသက်မှူးတင်ကို လက်မထပ်လို့ဆိုပြီး မွေပြတ်လို့ကတော့ ခင်တို့က ပြုံးပြုံးကလေး ခေါင်းမော့ခံယူ က်ဦးမည်။

"အဟင်း ဟင်း ... ခင့်ကို ဒီပုံစံလာချိုးလို့ကတော့ ခင်က လည်း သိတယ်မို့လား အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com



ခင် စိတ်လွတ်ကိုယ်လွတ် ငိုကြွေးနေတာလေးကို လက်ကြီးပိုက်ပြီး ဆိုဖာကြီးကို စိတ်ပျက်လက်ပျက်ကြီးမှီကာ ခင့်ကို မသက်မသာကြီးကြည့်နေသည့် အန်တီလေးကို ခင်က လည်း ဘာမထီပုံစံကလေးဖြင့် ခပ်မင့်မင့်လေး ပြုံးပြလိုက်သည်။

ဖြစ်နိုင်ရင် ခင်ရှေ့က မြင်မြင်သမျှ ပစ္စည်းတွေကို နံရံမှာပေါက်ခွဲပစ်လိုက်ချင်အောင် ရင်ထဲမှာ စိုးစိုးထိတ်ထိတ်နာသာ ခံခက်ကြီး ဖြစ်နေရတာ။

ပြီးတော့ ...

မင်းသက်မှူးတင်ဆိုတဲ့ အကောင်ကိုလည်း အမွှန်ချေပစ်ချင်လောက်အောင် မုန်းခဲ့မိသည်။

ဟင်း ... ဟင်း ... ရှင် စိန်ခေါ်ခဲ့သလို ရှင် တစ်ကွက် ကြောသွားခဲ့ပေမယ့် ကျွန်မကလည်း ရှင့်ခြေလှမ်းတွေကို တစ်လှမ်း လှမ်းတိုင်း တစ်ချက်ရိုက်ချနိုင်စေရမယ် မင်းသက်မှူးတင်။

ရှင်က အချစ်ကို ကစားလို့ရမယ် ထင်သလား။

မရဘူး ... လုံးဝမရဘူး။

အဟင်း ဟင်း ... ရှင့်ကို လုံးဝ အထင်မကြီးတဲ့မိန်းမ တစ်ယောက်ကို ရှင် လက်ထပ်နိုင်ဖို့ဆိုတာ ကျွန်မဒူးကိုဖက်ပြီး ခခ ယယနဲ့ ကျွန်မကို ချစ်ပါတယ်လို့ အောက်ကျနောက်ကျ တောင်းခံ ရင်တောင် ရှင် နောင်ဆယ်နှစ်စောင့်လိုက်ဦး မင်းသက်မှူးတင်။





"ခင် ဘယ်လိုမိန်းကလေးဆိုတာ တစ်သက်လုံး မိဘလုပ် လာပြီး အခုထိ မသိသေးဘူး ထင်တယ်"

"ခက်တော့တာပဲ ခင်ရယ်၊ မိဘက သင့်တော်လို့လက်ခံခဲ့ တာပဲ၊ ညည်းမလည်းအေ ဟိုတစ်ယောက်လည်းကြေးများ၊ ဒီတစ်ယောက်လည်းကြေးများနဲ့ ကြာရင် ငါ့လိုအပျိုကြီးဖြစ် မှာစိုးလို့ မိဘက စီစဉ်ပေးတာပေါ့"

"ဘာလဲ အန်တီလေးက အပျိုကြီးဖြစ်လို့ နောင်တရနေ တာလား၊ ဒီအရွယ်ကြီးရောက်မှ လင်မလိုချင်လိုက်ပါနဲ့ အန်တီလေးရယ်၊ ရှက်စရာကြီး"

မေမေ့ဘက်တော်သားဖြစ်သည့် အန်တီလေးကိုပါ အမြင်ကတ်လွန်းလို့ သူမ ပညာသားပါပါနက်လိုက်တာကို အန်တီ လေးက ဆတ်ဆတ်ခါ နာသွားပါတော့သည်။

ရင်ဘတ်ကြီးကို လက်ကြီးနှစ်ဖက်ဖြင့်ဖိပြီး ...

"အမယ်လေး ... အမယ်လေး ... ငါ လင်မလိုချင်ပါဘူး အေ၊ ဒီအရွယ်ကြီးရောက်မှ ယူမယ့်သူလည်း မရှိတော့ပါ ဘူး၊ ညည်းကိုသာ ယူမယ့်သူရှိနေတာ၊ ယူမယ့်သူကလည်း ကျားစီးဖားစီးကို အနောက်ကလိုက်တော့တာပဲ၊ ညည်းဘာ သာ လင်မလိုချင်ပါဘူးလို့ နတ်သိကြားတွေသိအောင်ကြို အော်ပြီး တိုင်တည်နေတောင် ကျိန်းသေစိတ်ချ ညည်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရကိုရမှာ၊ မိဘတွေ စီစဉ်ပေးတာကို ဂုဏ်သိက္ခာရှိရှိ လက်မခံချင်ရင်နေလေ၊ ဟိုက မိဘတွေနဲ့ပြောလို့မရရင် နိုးပြေးမှာပဲတဲ့"

"ဘာ ... ဒီစကားကို ဘယ်သူကပြောတာလဲ"

"မင်းသက်မှူးတင်ပေါ့"

"တောက် ... သူက ဒီစကားပြောရအောင် ... ဟာ ... အတော့် ကိုမုန်းဖို့ကောင်းတဲ့လူ၊ မုန်းလိုက်တာ၊ တွေ့မယ် ခင်နဲ့ တွေ့ကိုတွေ့ရမယ်၊ ခင့်အကြောင်းကို သိစေရမယ်"

ခင့်ရင်ထဲက မျိုသိပ်ခဲ့ရသည့်ဒေါသတွေက အစွမ်းကုန်ပေါက်ကွဲပြီး အသည်းယားဖို့ကောင်းအောင် ကိုယ်လုံးကြီးနဲ့နဲ့ နဲ့နဲ့နှင့် ထွက်သွားသည့် အန်တီလေးနောက်ကျောပြင်ကြီးကို ဒေါသတွေမွန်ထူနေအောင် စိုက်ကြည့်ရင်း စားပွဲပေါ်ကတင်ထားသည့် အလှပန်းအိုးကလေးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး နံရံမှာပစ်ပေါက်လိုက်တော့သည်။

"ခွမ်း"

"ချလွမ်း"

"သွား ... သွား ... မုန်းတယ်၊ သိပ်မုန်းတယ်"

စိတ်ရှိလက်ရှိ ညှော်ခန်းစားပွဲမှာတင်ထားသည့် ဖန်ခွက်တွေကို တစ်ခုပြီးတစ်ခု ကိုင်ပေါက်ပစ်လိုက်တော့သည်။





အလှပန်းအိုးကလေးရော ဖန်ခွက်ကလေးတွေပါ ပါကေးကြမ်းခင်းပေါ်မှာ တခွမ်းခွမ်းမြည်သွားသည့် အသံကလေးကိုရော ကွဲရှသွားသည့်အပိုင်းအစတွေကိုပါ ခင် နှုတ်ခမ်းသားလေးမဲ့ပြီး စိုက်ကြည့်နေလိုက်မိသည်။

မင်းသက်မှူးတင် ...

အခု ဖန်ခွက်ကလေးနဲ့ အလှပန်းအိုကလေးကွဲသွားသလို ရှင့်နှလုံးသားလည်း ကျွန်မကြောင့် တစ်စစီ တစ်ပိုင်းစီကွဲအက်စေရမယ်ဆိုတာ ရှင် နားလည်ထားလိုက်စမ်းပါရှင်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဟယ် ... မြန်လိုက်တာ မြတ်ရယ်၊ ချက်ချင်းကြီးပဲ လာ ခေါင်းမယ်ပေါ့၊ ဩော် ... သားတော်မောင်ကလည်း လော လိုက်တာလွန်းပါရော၊ ဒီမှာ သမီးမိုက်ကလေးကတော့လေ ဘယ်လိုမှနားချလို့မရဘူး၊ ထားကတော့လေ အပြတ်ပြော လိုက်တယ်၊ ထားစကားကို နားမထောင်ရင် အမွေပြတ် မယ်လို့ ... ဟင်း ဟင်း၊ တကယ်ပြောတာ၊ ဒါဆို မြတ် ညနေငါးနာရီလောက် ရောက်မှာပေါ့နော်၊ အင်း ... အင်း ကောင်းပါတယ်"

ခင် အပေါ်ထပ်တက်တက်ချင်း ကြားလိုက်ရသ မေမေ့စကားသံတွေက ခင့်နှလုံးသားလေးကို ပူနွေးတုန်ယင်သွ ရသလို ခြေလှမ်းကလေးတွေတောင် တုန်ချင်သွားရသည်။



ဟင်း ... မနေ့ကမှ တစ်ပတ်အတွင်းရောက်မယ်ဆို ပြီးတော့ ...

အခုတော့ ...

ဒီနေ့ ချက်ချင်းကြီး ရောက်လာတာ။

ခင့်ရင်ထဲမှာ မခံချင်ဖြစ်ခဲ့မိသလို ဒီလို ယောကျ်ား ဘစ်ယောက်က ကိုယ့်ကို လက်ထပ်ချင်လို့ အနောက်ကနေ အငမ်းမရ ဘာဂုဏ်သိက္ခာမှမထောက်ဘဲ တောက်တဲ့ကပ်နည်း သိုက်ကပ်နေသည့်အဖြစ်ကြီးကို ရှက်လွန်းလှသည်။

အင်း ... မေမေကတော့ တကယ့်ကို အပီအပြင်ဇာတ် ကနေခဲ့လေပြီ။

ဖုန်းပြောရင်းနှင့် ကြည်လည်ရွှင်မြူးနေလိုက်တာ။ ခင် အပေါ်ထပ်တက်လာတာတောင် မသိဘဲ အရှိန်ကောင်းစွာ စကားပြောနေသည့် မေမေ့ကို ခင် မုန်းတီးစွာ တစ်ချက်နင့်နင့် ငံက်ကြည့်ပြီး အခဲမကျေလွန်းစွာဖြင့် ခင့်အခန်းဆီသို့ ခြေသံပြင်း ပြင်း နင်းတက်လာခဲ့တော့သည်။

ဟင်း ... အခုညနေ ရောက်လာတော့မယ်ဆိုတော့ ဒီကောင်နဲ့ ခင် ဘယ်လိုအနေအထားမျိုးနှင့် ရင်ဆိုင်ရဦးမလဲ။

ခင်ကတော့ သူ့မိဘတွေကိုလည်း ဂရုစိုက်ဖို့စိတ်ကူး ဲ မစဉ်းစားမိ။ ရိုင်းတယ်ထင်ရင်လည်းထင်။

www.burmeseclassic.com

www.burmeseclassic.com



ရိုင်းအောင်ကို တမင် ခွကျကျဆက်ဆံပစ်ဖို့ ရင်ထဲကနေ တိတ်တိတ်ကလေး ကျိတ်ကြံထားလိုက်သည်။

အဟင်း ဟင်း ... မင်းသက်မှုူးတင်ရယ် ... ရှင့်မိဘတွေလည်း ကျွန်မကို အော့ကြောလန်ထွက်သွားစေရအောင် ကျွန်မ ပညာပေးပြမယ် ကြည့်နေ။

ရင်ထဲက မာန်မာနတွေက ခင့်တစ်ကိုယ်လုံးက သွေးကြောလေးတွေအနှံ့ စီးဆင်းသွားသလို ခင့်မျက်နှာကလေးကလည်း ခပ်မဲ့မဲ့ကလေးဖြစ်သွားပြီး မျက်ခုံးကလေးပင့်ကာ ခေါင်းကလေးကို မော့တင်ပစ်လိုက်ရင်း ခင့်အခန်းဆီသို့ သွက်သွက်ကလေး လှမ်းဝင်လိုက်ပါတော့သည်။

အန်တီလေးကတော့ ခင့်အခန်းထဲကို ဆောင့်ကြီးအောင့်ကြီး လှမ်းဝင်သွားတာကို ဘာမှ မသိသေးဘဲ နှုတ်ခမ်းထူထူပြဲပြဲကြီးကို မဲ့တဲ့တဲ့လုပ်ပြီး ကျန်ရစ်ခဲ့တော့သည်။

အခန်းထဲရောက်တော့ ခင်လွယ်ထားသည့် အိတ်ကလေးကို စားပွဲပေါ်ပစ်ချပြီး ခင် ဘာလုပ်ရမှန်းမသိအောင် စိတ်တွေရှုပ်ထွေးကာ ကြံရာမရဖြစ်နေရသည်။

နောက်ဆုံးတော့ ခင် ရှူးရှူးနှမ်းနှမ်းဖြင့် စိတ်ထွက်ပေါက်ပေးပစ်လိုက်တော့သည်။





လူသူဝေးတဲ့ကမ်းစပ်သွားပြီး အာခေါင်ပြဲပြီးအော်ပစ်လိုက်ချင်သည့် ခင့်ရင်ထဲက နာကျင်ခါးသီးမှုတွေကို ခင် ဘယ်လိုမှ မမျိုသိပ်နိုင်တော့သည့်အဆုံး အခန်းထဲမှာပဲ ခင် အားခနဲအော်ပစ်လိုက်ပါတော့သည်။

အား ... အခုမှပဲ ခင် ရင်ထဲပေါ့ကျသွားရတယ်။

"ဟူး"

အဲဒီအချိန်မှာ သမီးဖြစ်သူရဲ့အခန်းဆီမှ အော်ဟစ်သံတစ်ခုကို ကြားလိုက်ရသည့် ဒေါ်လှိုင်မေထားး တစ်ယောက်မှာတော့ သမီးကလေး ဘာများဖြစ်သွားပြီလဲဆိုသည့် စိုးရိမ်စိတ်ကြီးဖြင့် သမီးအခန်းတံခါးဆီသို့ မပြေးရုံတမယ် လျှောက်လာခဲ့ပြီး သမီးရဲ့အခန်းတံခါးကို ဘွားခနဲ တွန်းဖွင့်လိုက်လေသည်။

အင်း ... အစိုးရိမ်လွန်သည့် မျက်လုံးကြီးတွေနှင့် သမီးဖြစ်သူအခန်းကို ရင်တမမ လှမ်းဝင်လိုက်သည့်အချိန်မှာပဲ သူမကြီးဝင်လာတာကို မျက်လုံးစိမ်းတွေနှင့် စိုက်ကြည့်လာသည့် သမီးကို ခုတင်ပေါ်မှာ ငုတ်တုတ်ကလေး ထိုင်နေတာတွေ့လိုက်ရသဖြင့် အခုမှပဲ ရင်ထဲကအလုံးကြီး ပြုတ်ကျသွားတော့သည်။

သူမကြီး ရင်ထဲမှာတော့ ...

"အမယ်လေး တော်ပါသေးရဲ့၊ ဘာများဖြစ်သလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုညည်းရင်း သမီးဖြစ်သူရဲ့ မကြည်မရွှင်သည့် မျက်နှာလေးကိုကြည့်ပြီး သနားကြင်နာသွားရကာ ချော့မော့နှစ်သိမ့်ဖို့ မျက်နှာကြီးကို အစွမ်းကုန် ဖြီးချိုလိုက်ပါသည်။

"သမီးလေး ပြန်ရောက်တာကြာပြီလား"

ဟင်း ...

လူကို လာချော့လို့ပျော့လာလိမ့်မယ်မထင်နဲ့ မေမေ၊ ခင်က မေမေ့ထက်ပိုပြီး မူတတ်နွဲ့တတ်တယ်။

ခင့်ရင်ထဲမှာ ဝမ်းနည်းလွန်းလို့ ဗလာသက်သက်ဖြစ်နေပြီး မေမေ့ကို ဘာစကားမှ ပြန်မပြောမိတော့ဘဲ မျက်လုံးသေတွေဖြင့် ခပ်တည်တည်ကြီး စိုက်ကြည့်နေမိတော့သည်။

မေမေက ခင့်ရဲ့ ထုံအအ,အမူအရာလေးကိုကြည့်ပြီး သနားကြင်နာသွားလို့လားမသိ ...

တိုနံ့နံ့လေးစည်းထားသည့် ခင့်စတက်ဆံပင်ကလေးတွေကို ဖြေချပြီး ဖွဖွကလေးပွတ်သပ်ပေးရင်း ကရုဏာသံကလေးဖြင့် ပြောလာခဲ့သည်။

"သမီးရယ် ... စိတ်ကို ဒီလောက်ကြီးအထိ တင်းမထားစမ်းပါနဲ့ကွယ်၊ မေမေတို့တုန်းကလည်း ဒီအတိုင်းပဲ၊ သမီးမေမေက မေမေ့ကို လက်ထပ်ချင်လို့ မိဘတွေနဲ့ တောင်းရမ်းပွဲလာ မေမေကစိတ်ဆိုး၊ မေမေက သူ့ကိုမကြိုက်ဘူးလေ၊ သမီး





လိုပဲ ဘုဘောက် ကျတာပေါ့၊ အဟင်း ... နောက်တော့လည်း ကိုယ့်ယောက်ျား ဖြစ်သွားတော့ ချစ်သွားတာပါပဲကွယ်"

"အို ... ဘာမှ မကြားချင်ဘူး၊ ခင် နားခါးတယ်၊ ဘာမှလာမပြောနဲ့"

ခင်က ငိုသံတစ်ဝက်ဖြင့် မေမေ့ကို ပြန်အော်လိုက်ပြီး မေမေ့အရှေ့ကနေ ချာခနဲလှည့်ထွက်ပစ်လိုက်သည်။

ဘာ အခုမှ လာချော့နေတာလဲ ...။

ကိုယ့်သမီး အလိမ္မာလေးကို ပစ္စည်းပုံအောတင်ဆောင်းတာနဲ့ပဲ ဟိုမှာ ဘာဖြစ်နေမှန်းမသိသည့် လူတစ်ယောက်လက်ထဲ အတင်းရက်ရက်ရောရော ပုံအပ်ရက်တာ အံ့သြလွန်းလို့ ခင့်ရင်ထဲမှာ နာလည်းနာခဲ့သည်။

ဒီတစ်ခါ ခင် မေမေတို့ကို စိတ်အနာဆုံးခံစားခဲ့ရသည်။

တစ်သက်လုံး မေမေတို့နေစေချင်သည့် ပုံစံခွက်ကျသာသည့် သမီးလိမ္မာတစ်ယောက်မှ ဆန့်ကျင်ဘက်မိုက်လုံးကြီးပြမည့် သမီးမိုက်အဖြစ် မိုက်မဲနာမည်ဆိုးခံယူရဦးမည်။

ခင့်ရင်ထဲမှာ အခံရခက်စွာ မျက်ဝန်းလေးကို မှိတ်အချင်းကို မထိတထိပြုံးပြုံးကြည့်တတ်သည့် မင်းသက်မှူးတင် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုမြင်ယောင့်ရင်း ခင့်ရင်ကလေးတွေ နိမ့်ဖိုတုန်ယင်သွားခဲ့တာကို ခင်က မုန်းတီးစွာဖြင့် အံကလေးကို ဖိကြိတ်ပြီး လက်သီးကလေးကို တင်းတင်းဆုပ်ကာ ဆိုဖာကြီးမှာ ဆောင့်ကြီးအောင့်ကြီးပစ်ထိုင်ချလိုက်သည်။

မျက်နှာကိုတော့ အစွမ်းကုန် မော့တင်းထားလိုက်သည်။

မေမေ့ရှေ့မှာတော့ မျက်ရည်ကျပြီး အရှုံးမပေးချင်။

ခင် နှုတ်ခမ်းသားလေးကို ဝမ်းနည်းလွန်းလို့ ခပ်နာနာလေး ဖိကိုက်ပစ်လိုက်သည်။

"သမီးရယ် ... မေမေကလေ သမီးလေးဘဝ ရေရှည်အကောင်းဆုံးဖြစ်အောင် စီစဉ်ရတာပါ၊ တစ်နေ့မှာ မေမေ့စေတနာတွေကို နားလည်လာမှာပါ၊ အခု မေမေဆို မိဘစကားကို နားထောင်တော့ ကိုယ့်လင်သားကလည်း ကိုယ့်အပေါ်ကောင်းတယ်၊ တစ်ဦးတည်းသောသမီးလေးကလည်း သိပ်လိမ္မာတယ်၊ မိဘစကားနားထောင်တော့ ကိုယ့်မှာ ဂုဏ်ယူထိုက်တဲ့ သမီးကောင်းလည်း ရတယ်"

"မေမေ"

ခင် ဖွတ်မိုတ်ပြီး မေမေ့ကို ခပ်ချွဲချွဲကလေးတောင် ဆိုကြည့်ဖို့ ရှုးကြည့်လိုက်သေးသည်။





သူမနှင့် ယှဉ်တွဲပြီး ဝင်ထိုင်လိုက်သည့် မေမေပခုံးကြီးပေါ် ခေါင်းကလေးမှေးတင်ပြီး ငယ်ငယ်တုန်းက ပူဆာသည့်ဟန်ကလေးဖြင့် ခံစားအသက်သွင်းလိုက်သည်။

"ဘာပြောမလို့လဲ သမီး"

"ခင် ဘယ်လောက်အထိ လိမ္မာခဲ့တယ်ဆိုတာလည်း မေမေတို့ ခံစားရပါတယ်၊ ခင့်ကိုယ်ခင်လည်း ဂုဏ်ယူမိတယ်၊ ခင်လေ ငယ်ငယ်ကတည်းက မေမေတို့ဖြစ်စေချင်သလို နေလာခဲ့တာ၊ ပညာရေးမှာ ခင် ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ဉာဏ်မမီပေမယ့် မေမေတို့က တက္ကသိုလ်ဆရာမတော့ဖြစ်အောင်ကြိုးစားပါဆိုလို့ ခင် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်၊ ဒီနေ့အထိ ခင့်ကြောင့် မေမေတို့ စိတ်မဆင်းရဲခဲ့ရပါဘူး၊ ခင့်ကြောင့် မေမေတို့ စိတ်မဆင်းရဲသလို မေမေတို့ကြောင့်လည်း ခင့်ကို အခုလောက်အထိ စိတ်ဆင်းရဲနေရတာကို မလုပ်ချင်ပါနဲ့ မေမေ"

"သြော် ... သမီးရယ်၊ မေမေတို့က သမီးကို တမင်စိတ်ဆင်းရဲအောင် နှိပ်စက်နေတာမှမဟုတ်တာပဲကွယ်၊ မိဂုဏ်ဘဂုဏ် အသိုင်းအဝိုင်းဂုဏ်ကြီးပြီး ကောင်းလေးကိုယ်တိုင်ကလည်း ကုမ္ပဏီလုပ်ငန်းကို ရိုးရိုးသားသား ဦးဆောင်လုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့ လူတော်ယောက်ျားတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘောတူခဲ့တာ၊ သမီး ဘာစိတ်ဆင်းရဲစရာ ရှိသလဲ၊ မင်းသက်မှူးတင်မှာ ပညာရေးကရော ဘာအပြစ်ပြောစရာ ရှိသလဲ၊ အင်ဂျင်နီယာဘွဲ့ရ Construction ကုမ္ပဏီပိုင်ရှင်၊ ရုပ်ရည်လေးကရောကွယ် အခုခေတ်မိန်းမချောမိန်းမလှလေးတွေကို ဘယ်သူ့သွားပြောပြော ခေါင်းညိတ်မယ့်ရုပ်ရည်မျိုးပါကွယ်၊ ချောလိုက်တာ နုနေတာတောင် သမီးက ကြေးများချင်ရအောင် ... ကဲ”

“ဟင့်အင်း ... ဟင့်အင်း ... သမီး သူ့ပုံစံကို လုံးဝမကြိုက်ဘူး၊ သူ့အကျင့်စာရိတ္တက လုံးဝ လုံးဝကို မကောင်းဘူး ခင် သိတယ်”

“ခက်တာပဲ သမီးရယ်၊ ခေတ်လူငယ် တစ်ယောက်ပဲ၊ ခေတ် Style တော့ရှိတာပေါ့၊ ဒါကို အပြစ်ပြောလို့မရဘူးလေ”

“မဟုတ်ပါဘူး မေမေရယ်၊ အဲဒီကောင်ဟာ သိပ်ရဲတင်းသာ နှာဘူး၊ အသေအချာ မျက်နှာကိုကြည့်ပါလား၊ တကယ်နှာဘူးကျတဲ့ရုပ်ရည်၊ ယောကျ်ားဖြစ်ပြီး ကြာများတဲ့ရုပ်၊ မြာပွေရုပ်ပါ မေမေရယ်၊ ဒီလိုမြာပွေတဲ့ယောကျ်ားကို ခင် လက်မထပ်ပါရစေနဲ့နော်၊ တောင်းပန်ပါတယ် မေမေရယ်”





“မဖြစ်ဘူး သမီးရယ်၊ မင်းသက်မှူးတင်ဟာ ဒီလိုယောကျ်ားစားလည်းမဟုတ်ဘူး၊ မေမေသိတယ်၊ မေမေတို့ သမက်ရွေးမမှားဘူး၊ သမီးသာ သူ့ကို အကောင်းမမြင်တာပါ၊ သူ့စတိုင်တွေကို ရှုံ့နေတာ၊ ယောကျ်ားတွေက သူတို့သိပ်ချစ်တဲ့မိန်းမကို အချိန်တွေ စီမံကိန်းတွေထားပြီး ချစ်တာမဟုတ်ဘူး၊ မြင်မြင်ချင်း တမ်းတမ်းစွဲချစ်သွားတော့ သမီးလည်း အထင်သေးသွားတာပေါ့၊ သမီးဖေဖေလည်း မေမေ့ကို ဒီအတိုင်းပဲ မြင်မြင်ချင်းချစ်သွားတော့ မေမေလည်းသမီးလို အထင်သေးတာပေါ့၊ ဒါပေမဲ့ မေမေထင်သလို မဟုတ်ဘူး၊ သူဟာ မေမေ့ကို ရယူပိုင်ဆိုင်ချင်တာ တစ်စိတ်တည်းရှိတယ်”

“တော်ပြီ ... တော်ပြီ၊ မေမေ ခင့်ကို ဘာမှမပြောတော့နဲ့၊ ခင် စိတ်ဆင်းရဲအောင် မေမေတို့ နှိပ်စက်နေတာ”

ခင်သည် မေမေ့ကို ဘယ်လိုမှပြောလို့မရတော့သည့်အဆုံး ဆိုဖာကြီးကို ခြေပစ်လက်ပစ်မှီချပြီး တအီအီငိုရှိုက်လိုက်ပါတော့သည်။

ခင် ရှက်လည်း မရှက်နိုင်တော့ပါ။

ခင့်ဘဝမှာ ပထမဦးဆုံးအဖြစ် ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး မျက်ရည်ကျအရှုံးပေးခဲ့ရသည့် မိန်းမပျော့မိန်းမညံ့တစ်ယောက်ဖြစ်သွားခဲ့ရသလို ခင့်ကိုယ်ခင် မုန်းမိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

မေမေ့ကိုလည်း မုန်းသည်။

မင်းသက်မှုူးတင် ဆိုတဲ့ကောင်လေးကိုတော့ အမုန်းဆုံးဖြစ်ပြီး ရောက်လာလို့ကတော့ အမှုန့်ချေပစ်ဖို့အထိ ခင် ငြိုးတေးထားလိုက်သည်။

"တွေ့ကြသေးတာပေါ့ မင်းသက်မှုူးတင်ရယ်၊ ကျွန်မကြောင့် ရှင် သေရာပါအနာရွတ် ဖြစ်စေရမယ်"

ရင်ထဲကနေ အခဲမကျေစိတ်ဖြင့် တီတီတိတ်ကလေး ငြိုးတေးကြိမ်းဝါးရင်း စီးကျလာသည့် မျက်ရည်တွေကို လက်ဖဝါးလေးဖြင့် ခပ်ကြမ်းကြမ်းပိတ်သုတ်လိုက်တော့ မေမေက ခင့်ကို ကြည့်ပြီး တအိအိရယ်ချလိုက်ပါတော့သည်။

"အဟင်း ဟင်း ... သမီးရယ် တကယ့်ကလေးလေးပဲ"

ခင် မေမေ့ကို မျက်စောင်းခဲပြီး နှုတ်ခမ်းသားတွေကို ခပ်မဲ့မဲ့လုပ်ကာ လုပ်ပြုံးလေးပြုံးရင်း ခေါင်းလေး တယမ်းယမ်းလုပ်နေလိုက်သည်။

"ကဲ ... မယ်မင်းကြီးမ ခေါင်းတခါခါနဲ့ ကလေးမဟုတ် သူငယ်မဟုတ် ဘာမှ စိတ်အပင်ပန်းခံပြီး ဒေါသပုန်ထမနေနဲ့၊ ညနေကျရင်တော့ မြတ်ရော မင်းသက်မှုူးတင် ဒက်ဒီပါ ပါလာမှာနော်၊ သမီး ညနေ ထမင်းစားရင် ဧည့်သည်တွေနဲ့ အတူထမင်းစားရမယ်၊ အဲဒီအချိန်မှာ သမီးမျက်နှာလေးမှာ





တကဲ့သိုလ်ဆရာမပီပီ ယဉ်ကျေးသိမ်မွေ့နေပစေနော်၊ ထမင်းစားချိန်ကျ မေမေ လာခေါ်မယ်၊ အင်း ... သူတို့လည်း မကြာခင် ရောက်တော့မယ်၊ မေမေ သွားတော့မယ်၊ သမီး ဘာမှ စဉ်းစားမနေနဲ့နော်၊ စိတ်အေးအေးသာနေ၊ ကဲ ... ကဲ ... မေမေ သွားပြီ"

ပြောပြောဆိုဆို သူမ ဆံပင်ကလေးကို ဖွဖွကလေး ချော့သလိုလေး ပွတ်သပ်ပြီး ပခုံးလေးကိုဖက်ကာ အခန်းထဲမှ လှည့်ထွက်သွားသည့် မေမေ့ကိုကြည့်ပြီး ခင် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ မျက်နှာလေးကို လက်ဝါးနှင့်အုပ်ပြီး ရှိုက်ငင်ငိုကြွေးလိုက်ပါတော့သည်။

အို ... ခင့်ဘဝမှာ ...

ဒီလို သည်းသည်းထန်ထန် ငိုကြွေးခဲ့ရတာ ဒါ ပထမ :အကြိမ် ဖြစ်သလို အနာကျင်ဆုံး အခါးသီးဆုံးခံစားချက်တွေ ဖြစ်ခဲ့ရသည်။

အဲဒါ ရှင့်ကြောင့် အခုလို ကျွန်မ ခံစားနေရတာ။ ကျွန်မ ရှင့်ကို တစ်သက်လုံး ဘယ်တော့မှ ခွင့်မလွှတ်ဘူး မင်းသက်မှုူးတင်။

❤ ❤



www.burmeseclassic.com

## ၉

"အစ်ကိုမောင်ကိုတော့ သမီးလေးအကြောင်း သိမထား သေးတော့ သမီးဘက်က အမှားတစ်ခုခုလုပ်မိရင် ခွင့်လွှတ် ပေးဖို့ ကျွန်မ ကြိုတောင်းပန်ပါတယ်ရှင်၊ ဒီက သားလေး မြတ်တို့က သမီးအကြောင်း သိပြီးသားဆိုတော့ ဘာမှ အထွေအထူး ပြောနေစရာ မလိုတော့ဘူး ... အုဟင်း — ဟင်း"

သမီးရှင်ဝိဝိ အန်တီထားက လူကြီးရှက်တော့ရယ် ဆိုသလို မိန့်မိန့်ကြီးရယ်နေသလို၊ သူ့ယောက်ျား အန်ကယ်ထွန်း လည်း ပြုံးချိုချိုမျက်နှာကြီးဖြင့် မကြာခဏလှမ်းလှမ်းကြည့်နေတာ သူ့ရင်ထဲမှာ ဘယ်လိုကြီးခံစားရမှန်းမသိအောင် ရှက်စွံ့ရင်ဖိုနေ သည်။





ရောက်ရောက်ချင်း တအောင့်တနား,နား ရေမိုးချိုး ပြီးလို့ ညှေ့ခန်းမှာ မင်္ဂလာစကားမစတင်ခင် အန်တီထားက သူ့သမီး မိန်းမဆိုးလေးအကြောင်းကို ဒက်ဒီကို ဖောက်သည်ကျ သလိုလိုနှင့် တောင်းပန်လိုက်တာဖြစ်သည်။

ဟင်း ... ခင်ကလည်း ရောက်ကတည်းက အခန်းထဲ က တစ်ချက်မှ ထွက်လာဖော်မရ။

ဒက်ဒီကိုတော့ နည်းနည်းအားနာဖို့ကောင်းသည်။

လူကြီးတွေလာတာတောင် နည်းနည်းမှအလိုက် ဘသိ ထွက်ညှေ့မခံတာ တစ်ဆိတ် ရင့်သီးလွန်းပါသည်။

တွေ့ကြသေးတာပေါ့ ခင်ရယ်။

မင်း ငါ့မိန်းမဖြစ်မှ ငါ ပုံစံချပြမယ် ကြည့်နေ။

မင်းဟာ ငါ့ပုံစံခွက်ထဲမှာ အမြဲတမ်း ပုံစံကျနေရ ယ်။

"ဟင်း"

သူ့မှာ တွေ့ချင်မြင်ချင်သူလေးကို ချက်ချင်းကြီး တွေ့မမြင်ရသေးတာမို့ ရင်ထဲမှာ လိပ်ခဲတည်းတည်းကြီးဖြစ်ကာ က်ပြင်းမောကြီး ဖွဖွချလိုက်မိရင်း ဒက်ဒီကိုကြည့်လိုက်တော့ ဒီက အလွန်အားနာသွားသည့် မျက်နှာကြီးဖြင့် လက်တကာ လုပ်ကာ ...

www.burmeseclassic.com



"ဟာ ... တစ်ယောက်အကြောင်းတစ်ယောက် မသိကြတဲ့ သူတွေမှမဟုတ်တာ ထားရယ်၊ ဘာမှ အထွေအထူးတောင်း ပန်စကားမလိုပါဘူး၊ သမီးရှင် မိဘတွေအနေနဲ့ အခုလောက် အထိ ဒီကသားတော်မောင် လောတာကြီးကို လက်ခံပေး တာကိုပဲ ကျွန်တော်တို့က ကျေနပ်နေရတာပါ၊ သမီးလေး ခင်ကလည်း စိတ်ဆိုးရှာမှာပေါ့၊ သားကလည်း ချက်ချင်း ကြီးဆိုတော့ အဟား ... အားနာတယ်ဗျာ ကိုထွန်းထွန်း ကိုလည်း"

"အားမနာပါနဲ့ဗျာ၊ ဒီလိုပဲ ကျွန်တော့်တုန်းက ထားကို အဲဒီလိုပဲ ... အဟွန်း [illegible]နဲ့ သမီးဖာတာက သွားတူနေတာကိုးဗျာ၊ ဘာမှမတတ်နိုင်တော့ဘူး"

"အဟင်း ဟင်း ... ဟုတ်တယ် မောင်ရဲ့၊ ထားတုန်းက လည်း အဲဒီအတိုင်ပဲလေ၊ အစ်ကိုထွန်းကြီးက ချက်ချင်းကြီး တွေ့ပြီး ချက်ချင်းကြီး မိဘတွေတောင်းခိုင်းတော့ ထားမှာ မြတ်အိမ်ကို လာလာပြီးငိုရတာ အမောပဲ ... အဟင်းဟင်း"

"အဲဒီတုန်းက ထားက ရည်းစားရှိလို့ ငိုတာလား"

"မရှိပါဘူး၊ သူ့ကို မလိုချင်လို့လေ"

"မလိုချင်လို့ ခေါင်းမာခဲ့တဲ့မိန်းမ၊ အခု သူ့သမီးနဲ့ကျမှ သူ့မိဘတွေဝင်္ဂကို သူ ပြန်လည်တော့တာပဲ၊ ဟိုက သူ့ ထက်ဆောင်းတယ်လေ၊ ဆတ်ဆတ်ကြဲ"





အမေကတောင် ဆတ်ဆတ်ကြဲလို့ပြောရလောက်တဲ့ အထိ ဘယ်လောက်အထိ သူ့ကိုမလိုချင်ကြောင်း ခါးခါးသီးသီး ငြင်းနေပုံကြီးကို မင်းသက်မှူးတင် မြင်ယောင်ကြည့်ရင်း ရင်ထဲမှာ ဘယ်လိုကြီးခံစားရမှန်းမသိ။

မခံချင်သလို အသည်းလည်း ယားသွားရသည်။

ပြီးတော့ ကိုယ်လုပ်ရာ လုပ်ကွက် ချက်ချင်းကြီး အဆင်ပြေချောမွေ့တာကိုပဲ ဂုဏ်ယူကျေနပ်မိသလို သူ့ကို အပြင်း အထန်ငြင်းဆန်နေလွန်းသည့်မိန်းမကို ရယူပိုင်ဆိုင်ရတော့မှာမို့ ရင်ထဲမှာ ဆန်းသစ်ဆွေးထွေးသာ[illegible]ချက်တွေက အေးငြိမ့်ငြိမ့် ကလေးရှိနေခဲ့သည်။

ကိုယ့်ကိုယ်ကိုယ်လည်း 'တော်လိုက်တဲ့ငါ'လို့လည်း လက်မထောင်ပြီး ကြိမ်းဝါးလိုက်ချင်သည်။

အဟွန်း ... ခင်ရေ ... အခုတော့ မင်း ဘာတတ်နိုင် သေးလဲ။

မင်းက ငါ့အချစ်တွေကို ခါးခါးသီးသီးကန်ထုတ် တော့ အခုတော့ မင်းမလိုချင်ဆုံး အရာတွေက မင်းဆီ တည့်တည့် ကြီးရောက်လာခဲ့တာပေါ့ကွာ။

အဟုတ် ... မင်း ကိုယ့်ကို အပြမ်းကိုင်လိုက်တာကို က မှားသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာစကားကိုတော့ ထမင်းစားသောက်ပြီးမှ အေးအေးဆေးဆေးပြောကြတာပေါ့၊ အခုတော့ အစ်ကိုမောင်တို့ မြတ်တို့ သားလေးတို့လည်း ခရီးလည်းပန်း ထမင်းကလည်း ဆာရောပေါ့၊ ထမင်းစားကြရအောင်နော်၊ လာ ... ထမင်းစားခန်းထဲသွားကြစို့၊ ဟိုမှာ မေ့ အားလုံး ပြင်ဆင်ပြီးပြီ၊ သမီးကိုလည်း ကျွန်မ သွားခေါ်လိုက်ဦးမယ်"

အန်တီထားက သူတို့ကို ထမင်းစား စားပွဲမှာ အသီးသီးနေရာချပေးအပြီး သူ့သမီး အကာပ်အကိုးမကြီးကို မနည်းသွားပြီးပင့်ရချေပြီ။

အဟွန်း ဟွန်း ... ကောင်မလေး တစ်ယောက် ဒီတစ်ကြိမ်တော့ သူနှင့် ထမင်းတစ်ဝိုင်းတည်း အတူမစားလို့ကို မရတော့။

အတွေ့ချင်ဆုံး မျက်နှာလှလှလေးပိုင်ရှင် သူ့ရဲ့ ဇနီးလောင်းကို တွေ့မြင်ရတော့မှာမို့ သူ့မှာ ရင်တွေ တဒိန်းဒိန်းခုန်ကာ စိတ်တွေလှုပ်ရှားနေပြီး စားပွဲပေါ်က တည်ထားတဲ့ရေတွေကိုပဲ တငွပ်ငွပ် စွတ်သောက်နေလိုက်သည်။

"စားကြနော်၊ အားရပါးရစားကြပါရှင်၊ ဘာမှ အားမနာနဲ့ အစ်ကိုမောင်တို့ မမြတ်တို့၊ အားမနာနဲ့နော်၊ သားလေးကတော့ အထွေးအထူး ဘာမှ ပြောစရာမရှိဘူး၊ သူက ကိုယ့်အိမ်ကိုယ့်ရာလို ဖြစ်နေပြီ"





အန်တီလေးအပျိုကြီးရဲ့စကားကို သူ နားမဝင်နိုင်။

ထမင်းစားခန်းအဝင်ဝေါက်ကို ဤမြေပျက်လုမတတ် ျက်ဝန်းညိုကြီးတွေ တကဲကဲလုပ်ပြီး စောင့်ကြည့်နေခဲ့မိသည်။

ဟော ... လာပါပြီဗျာ။

အင်း ... လူကတော့ တကယ့်အိုက်တင်က ဘယ်သူ့ အရေးမစိုက်သည့် သူတစ်လူ ငါတစ်မင်း ဘုရင်မစတိုင်ဖြင့် ိတ်ဟန်ခပ်ကြီးကြီး ဝင်လာသည့် ခင့်မျက်နှာလှလှလေးကို ျွန့်မလပ် ရင်ခုန်လိုက်မောစွာ ငေးစိုက်ကြည့်နေရင်း သူ့နှုတ် မ်းအစုံက ကျေနပ်စွာဖြင့် ပြုံးလွလွကြီး ဖြစ်သွားတော့သည်။

ခင့်မေမေက လူကြီးတွေထိုင်သည့် စားပွဲတန်းမှာ င်ထိုင်လိုက်ပြီး ခင့်ကို သူနှင့်ယှဉ်လျက် ခြေရင်းထိုင်ခုံမှာ ဝင် ိုင်စေလိုက်သည်။

"အစ်ကိုမောင်နဲ့ မြတ်တို့ အားရပါးရစားနော်၊ သားလေးလည်းစားနော်၊ ဘာမှ အားမနာပါနဲ့ သမီးက ဒီမှာထိုင်လိုက်၊ မေက ဟိုဘက်ထိပ်မှာထိုင်"

ခင်က မျက်နှာတည်ကလေးဖြင့် ဒက်ဒီနှင့် မာမီကို ်ချက်လွလွလေးပြုံးပြပြီး သူ့ဘေးကထိုင်ခုံကလေးမှာ ခပ်မှန် ်လေး ဝင်ထိုင်လိုက်သည်။

သူ့ကိုတော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် ်ဘဲ နည်းနည်းလေးမှ လှည့်ကြည့်ဖော်မရ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကို သူ အသည်းယားတာ။

မှုလွန်း မင့်လွန်းတဲ့ သူ့ရဲ့အသည်းစားလေးကို သူ ရင်ခုန်အသည်းယားလွန်းစွာ ဘာလုပ်ရကောင်းမလဲ စဉ်းစားရင်း သူ ထမင်း စတင်စားလိုက်သည်။

ထမင်းကို အစပ်များများ ထည့်စားလိုက်တော့ နဂိုကတည်းက အစပ်ကြောက်သည့် သူ့မျက်နှာတစ်ခုလုံး ရဲရဲနီမြန်းသွားကာ နားရွက်တွေတောင် ရဲပတောင်းခတ်သွားပြီး တစ်ကိုယ်လုံးထူပူသွားရတော့သည်။

ခင့်ကို ပညာပေးချင်တာနဲ့ပဲ သူ့မှာ လောလောလတ်လတ် ငရဲခံနေရပြီဖြစ်သည်။

လူကြီးတွေနှင့် ခင်ကတော့ သူ့အကြံကို ဘာမှမသိရှာဘဲ ထမင်းဟင်းကိုပဲ ကိုယ့်အာရုံနှင့်ကိုယ် စားနေကြလေသည်။

သူ့မှာသာ အစပ်ဒဏ်ကို မခံနိုင်တော့ဘဲ စားပွဲအောက်ကနေ လက်တစ်ဖက်ဖြင့် လူကြီးတွေမသိအောင် ခင့်ပေါင်ကလေးကို ဆုပ်ကိုင်ပြီး တရှုးရှုး စပ်နေတာကြီးကို ပြောလိုက်ရသည်။

"အား ... ဖလူးလူး ... စပ်လိုက်တာ ခင်ရယ်၊ ကိုယ့်ကို သောက်ရေအိုးထဲကရေကလေး ခပ်ပေးပါနော်၊ ဒီရေတွေက ရေခဲရေတွေ တအားအေးတာပဲ၊ မသောက်နိုင်လို့"





ခင့်ပေါင်ကလေးပေါ်တင်ထားသည့် လက်ကလေးကို သူ ယောင်လို့မှ မရွှေ့မိတော့ဘဲ ဒီအတိုင်းမသိချင်ယောင်ဆောင်ဘင်ထားလိုက်သည်။

အဲဒီအချိန်ကာအတွင်းမှာပဲ ခင် မျက်လုံးကလေးတွေ ဒ်မ်းလဲ့သွားသလို သူ့မျက်နှာတည့်တည့် စူးထန်ထန်ကလေးစိုက်ကြည့်လိုက်တာလေးကို လူကြီးတွေက စကားတပြောပြောနှင့် မသိချင်ယောင်ဆောင်လိုက်ကြလေသည်။ ဒါပေမဲ့ ခင်ကတော့ ပြုံးမျက်မယ့်မျက်နှာထားတင်းတင်းကြီးဖြင့် ထမင်းကို ဆက်မစားတော့ဘဲ စားလက်စလက်ကလေးကို ရုပ်ကာ သူမပေါင်ပေါ်တင်ထားသည့် သူ့လက်ခုံတည့်တည့်ဆီသို့ ခက်ရင်းဖြင့် ထိုးချလိုက်တော့သည်။

"အွတ်"

"အား ... သေပါပြီဗျ"

"ဟား ... သား ... သား ဘာဖြစ်တာလဲ၊ အရိုး လည်ပင်းထဲဝင်သွားတာလား"

ဒက်ဒီက ထမင်းစားနေရာမှ အပြုံးအပြဲထပြောလာတော့ သူက ခင် ခက်ရင်းထိုးလို့ သွေးစို့ကာပေါက်သွားသည့် ဒဏ်ရာလေးကိုကြည့်ပြီး စပ်တာနှင့်ရောကာ မျက်ရည်တွေတောင် စီဝိုင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒီမှာစပ်လို့ ခင့်ကို ရေသောက်ချင်လို့ ရေခပ်ခိုင်းတာ မသိချင်ယောင်ဆောင်နေတယ် အန်တီရဲ့"

"ဟယ် ... သမီး ရေခတ်ပေးလိုက်ဦးလေ၊ ဪ ... ဒုက္ခပဲကွယ်"

"သားလေးကလည်း ဒီမှာ ဖန်ခွက်ထဲကရေသောက်လေ"

"အာ ... မာမီကလည်း ရေခဲရေတွေ အေးကအေးနဲ့ မသောက်ချင်ဘူး"

မင်းသက်မှူးတင် ကလီကမာ များနေပြီဆိုတာကို လူကြီးတွေရိပ်မိကာ မျက်နှာတွေ ပြုံးစိစိဖြစ်ကုန်ကြသည်။

အထူးသဖြင့် သမီးဖြစ်သူ ဆုံးမလိုက်တာကို အစ အဆုံး သိထားပုံရသည့် အန်ကယ်ထွန်း မျက်နှာကြီးက တကယ့်ကို ရယ်ချင်စိတ်တွေကို ထိန်းထားရပုံဖြင့် ပြုံးစပ်စပ်ကြီး ဖြစ်နေသည်။

သူ့မှာတော့ ခပ်ရှက်ရှက်ဖြင့် လူကြီးတွေနှင့်အတူ ပြုံးလိုက်ရင်း ခင် ရေများခပ်ပေးမလားလို့ မျှော်လင့်စောင့်ဆိုင်းသည့် မျက်လုံးတွေဖြင့် ခင် မျက်နှာလေးကို ငဲ့အကြည့် ခင်က ထမင်းစားတာလေးကို လက်စသတ်လိုက်ပြီး စားပွဲမှ ထထွက်သွားကာ အိမ်ဖော်ကြီးကို လှမ်းခေါ်လိုက်လေသည်။

"ဒေါ်လုံးရေ ... ဒေါ်လုံး"





"လာပြီ သမီး"

ခင် ခေါ်ပြီးတာနှင့် ဒေါ်လုံးက ခင့်အရှေ့ရောက်လာလျှင် ခင်က ဒေါ်လုံးကို ဣန္ဒြေရရ တစ်ချက်ကြည့်ပြီး တစ်လုံးချင်း ပြောချလိုက်လေသည်။

"ဒေါ်လုံး သူ့ကို ရေတစ်ခွက်ခပ်ပေးလိုက်ပါ"

ဒေါ်လုံးကို အမိန့်သံပါပါပြောသွားသည့် ခင့်စကားအဆုံးမှာတော့ သူ့မှာ အီလည်လည်ကြီးဖြစ်သွားရသလို လူကြီးတွေမျက်နှာမှာလည်း အားနာရှက်ပြုံးတွေဖြင့် ပြုံးသွားခဲ့ကြလေတော့သည်။

သူ့မှာတော့ ခင်ရေခပ်မတိုက်တဲ့အပြင် သူ့လက်ခုံကိုပါအဆစ် ခက်ရင်းနဲ့ ထိုးခံလိုက်ရတာကြောင့် ရင်ထဲမှာ နိုးလိုးနိုးလုကြီးဖြစ်လျက် ခင့်ကို ရင်ထဲကပဲ တိတ်တိတ်ကလေး ကျိတ်ကြိမ်းဝါးလိုက်ရတော့သည်။

"ဟင်း ... တွေ့ကြသေးတာပေါ့ ခင်ရယ်၊ မင်း ငါ့မိန်းမဖြစ်တော့မှ မင်းကို ငါ ကောင်းကောင်းကြီး နှိပ်ကွပ်မယ် ကြည့်နေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေး စားလည်း စားပြီးကြပြီ ဆိုတော့

အင်း ... သားရှင်ဖြစ်တဲ့ ကျွန်တော်ကပဲ မျက်နှာပူပူနဲ့

မင်္ဂလာစကားပြောရတော့မှာပဲ"

အစချီလိုက်တဲ့ ဒက်ဒီစကားကြီးကို မင်းသက်မှူးတင်
ရင်ထဲမှာ ဘဝင်ကြီးမကျနိုင် ဖြစ်သွားပေမယ့် သူ့အရှေ့က မျက်
နှာချင်းဆိုင်ဆိုဖာရှည်ကြီးမှာ ခပ်လျှောလျှောလေးမှီပြီး ငြိမ်သ
နေသည့် ကျောက်ရုပ်မယ်ကလေး အနည်းငယ် လှုပ်ရှားသွားတာ
လေးကိုတော့ သူ ကျေနပ်မိပါသည်။

ဟင်း ... မထုံတက်တေး အမူအရာကလေး
ဘာကိုမှ အလေးအနက်မထားဟန် ဆောင်ထားသည့် မိန်းက
တော့ ဒက်ဒီစကားအောက်မှာ အတော်ကလေးကို စိတ်ရှုပ်
သွားပုံလေးဖြင့် စင်ရော်တောင်မျက်ခုံးကလေးနဲ့ ထိဆက်လုမ
တွန့်ရှုံ့ပစ်လိုက်လေသည်။





သူ့ကို ဘာနဲ့တွန်းရမလဲဆိုပြီး ဆိုဖာကြီးကို ခပ်လျော
လျောလေးမှီထိုင်နေရာမှ ဣန္ဒြေရရကလေး ကိုယ်လုံးကလေးကို
တော်ထူလိုက်ကာ လက်ကလေးနှစ်ဖက်ကိုယှက်ဆုပ်လိုက်ပြီး မျက်
လွှာကလေးချ အကြံထုတ်နေသည့် အိုက်တင်လေးက သူ့ကို
ပြီးအသည်းယားစေခဲ့သည်။

နုနုထွေးထွေး နှုတ်ခမ်းကလေးကို မရူတရူကလေး
သပ်ထားတာလေးကို သူ ပိုပြီးမြတ်နိုးသည်။

အား ...

ရင်ခုန်လိုက်တာကွာ ...

မင်း မျက်လွှာကလေးချပြီး မကျေမနပ် နှုတ်ခမ်း
လေးစူထားတာလေးကို ကိုယ် အသည်းခိုက်မတတ် ချစ်တယ်
ကွာ။

မင်း အဲဒီအမူအရာလေးကို ကိုယ် အသည်းစွဲသွားပြီ။

ဟား ... ဖြစ်နိုင်ရင် ကိုယ် မင်းကို ရင်ခွင်ထဲ
လွဲပွေ့ဖက်ပြီး တရှိုက်မက်မက် နမ်းပစ်လိုက်ချင်တယ်ကွာ။

လူကြီးတွေရှိနေလို့ ကိုယ် ဆင်ခြင်နေရတယ်။

ရင်ထဲက ခင့်ကို ချစ်သည့်အချစ် မြတ်နိုးသည့်
နိုးမှုတွေကို ဣန္ဒြေဖြင့် ဟန်ဆောင်ထိန်းချုပ်ထားရသည်။

... သူမလေးကတော့ စူတူမှုတူ နှုတ်ခမ်းကလေးဖြင့် မျက်



www.burmeseclassic.com

www.burmeseclassic.com



လှလှကလေးချကာ လူကြီးတွေစကားဝိုင်းကို ပွဲဖျက်ဖို့အကြံယူနေ
သည့် ခင့်မျက်နှာလှလှကလေးကို သူ ချစ်စနိုးဖြင့် ဖွဖွကြီးကြည့်
ရင်း ရင်ထဲမှာ ဘာတွေမောလို့မောမှန်းမသိအောင် ခံစားလိုက်ရ
သည်။

ခင့် မေမေနှင့် ဖေဖေကလည်း လူငယ်နှစ်ယောက်
တိုက်စစ်လုပ်နေကြတာကို သဘောကျ ပြုံးပျော်ကျေနပ်နေသလို
ဒက်ဒီနှင့် မာမီကလည်း မင့်မင့်ကြီး ပြုံးနေကြလေသည်။

လူကြီးတွေအားလုံးက ခင် အတိုက်အခံလုပ်ပြီ
ငြင်းတော့မယ်ဆိုတာကို သဘောပေါက်နားလည်ထားကြသည်

"အင်း ... မင်္ဂလာစကားစတင်ပြောရမယ်ဆိုရင် ကျွန်တေ
ကတော့ သားတို့သမီးတို့ မင်္ဂလာပွဲကို အကောင်းဆုံးဖြ
အောင် စီစဉ်ပေးမှာပါ၊ Sedona မှာ မင်္ဂလာဆောင်မယ
မန္တလေးမှာ မင်္ဂလာ တစ်ခါဆောင်ချင်လည်းဆော
မန္တလေးမှာ ဆောင်ပြီးမှ ကျွန်တော်တို့ရန်ကုန်မှာ ဆောင်
တာပေါ့၊ သားကိုတော့ မင်္ဂလာလက်ဖွဲ့အဖြစ် ကျွန်တေ
တို့ခြံထဲက နှစ်ထပ်တိုက်ကြီးတစ်လုံးနဲ့ LANDCRUS
တစ်စီး၊ အခု သားထိုင်တဲ့ ကုမ္ပဏီတစ်ခု၊ အင်း ... လ
ဝတ်ရတနာ စိန်ရွှေပတ္တမြားကတော့ သားကြိုက်သလော
ယူသုံးပေါ့ဗျာ၊ ထားတို့အနေနဲ့ ဘာပြောစရာရှိသေးလ





"အို ... ဘာမှ ပြောစရာ မလိုတော့ပါဘူးရှင်၊ အတွင်းလူ
တွေပဲ၊ ဘာအထွေအထူး ပြောစရာရှိတာမှတ်လို့၊ မန္တလေး
မှာလည်း တစ်ခါမဆောင်တော့ဘူး၊ ရန်ကုန်မှာပဲ တစ်ခါ
တည်း အပြီးဆောင်လိုက်တာပဲ ကောင်းတယ်၊ အစ်ကိုတို့
မြတ်တို့ကလည်း အလုပ်အားကြတာ မဟုတ်ဘူးမို့လား၊
ရန်ကုန်မှာပဲ တစ်ခါတည်းဆောင်လိုက်တာ အကောင်းဆုံး
ပါပဲ"

အခုချိန်အထိ လူကြီးတွေ မင်္ဂလာစကားပြောနေကြ
တာကို ဘာတစ်လုံးမှဝင်မပြောဘဲ မျက်ခုံးကလေးပင့်ပြီး၊ မင့်မင့်
မှုမှုကလေး အိုက်တင်ပေးနေသည့် ဇနီးလောင်းလေးကိုကြည့်ပြီး
မင်းသက်မှူးတင် ရင်ထဲက ရင်ခုန်သံနွေးနွေးတွေကို ထိန်းချုပ်
ရင်း မိန့်မိန့်ကြီး စိုက်ကြည့်နေရသည့်အဖြစ်ကို မကျေနပ် မရောင့်ရဲ
ချင်ပေ ။

ဖြစ်နိုင်ရင် ခင်နှင့် တူယှဉ်တွဲလျက်ထိုင်ပြီး ခင့်
လက်ကလေးကို ကြင်နာယုယစွာ ဖွဖွကလေးဆုပ်ကိုင်ကာ ခင့်
မျက်နှာလေးကို တစ်ကမ္ဘာတည်ပြီး မိန့်မိန့်မှုးမှုးကြီးချစ်ခွန်းခြွေပစ်
လိုက်ချင်သည်။

အင်း ...

အခုတော့ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်ကိုရှာမိတော့လည်း သူ့မှာ အသည်းတယားယားဖြင့် ကြိတ်မှိတ်သည်းခံနေရသည်။

လူကြီးတွေကတော့ သူ့ရဲ့ခံစားချက်နွေးနွေး ရီတီတီအကြည့်တွေကို မသိချင်ယောင်ဆောင်ပြီး ကျေနပ်နေကြလေသည်။

အဲဒီလို လူကြီးတွေ ကျေနပ်သဘောကျနေခဲ့တာကိုပဲ ခင်က မကျေမနပ် အတိုက်အခံလုပ်ချင်နေသလိုကလေး ရှိနေသည်။

"ဟုတ်တယ်ဗျာ၊ ရန်ကုန်မှာပဲ ဆောင်လိုက်ကြပါ၊ ကျွန်တော်တို့သမီးရှင်ဘက်က ဘယ်လိုမှ သဘောမထားပါဘူးဗျာ၊ အကောင်းဆုံးစီစဉ်တာပဲ၊ အားလုံးကို လက်ခံအတည်ပြုပါတယ်"

"ဖေဖေ လက်ခံအတည်ပြုပေမယ့် ခင် လက်ခံအတည်မပြုဘူး အန်ကယ်နဲ့ အန်တီ"

"ဟေ"

မင်္ဂလာစကား အဆုံးသတ်ကာမှ ခင်ကတော့ ကန့်လန့်တိုက်ချလိုက်ပေပြီ။

မှုမှုမင့်မင့်မျက်နှာကလေးဖြင့် သူ့မျက်နှာကို တစ်ချက်မှမော့မကြည့်ဘဲ ငြင်းဆန်လာပြီဖြစ်တဲ့ ဇနီးလောင်းကလေးကို သူ ရယ်ကျဲကျဲစိုက်ကြည့်ပြီး လူကြီးတွေကို နားလည်သလို အမူအရာကြီးဖြင့် သူမလေးဆီ မေးဆတ်ပြလိုက်သည်။





သူမလေး ပြောချင်ရာပြောတော့မယ် နားထောင်ပေးလိုက်ကြပါဗျာဆိုတဲ့ အိုက်တင်နှင့် သူက အရာရာကို ခွင့်လွှတ်နားလည်ထားလိုက်သည်။ ဒါပေမဲ့ သူမက သူထင်သလို ပြောလာတာမဟုတ်ဘဲ သူ့အရှက်ကို ကောင်းကောင်းခွဲခဲ့တာပဲဖြစ်သည်။

ဇနီးလောင်းလေး ပါးစပ်ကလေးက ဒီစကားမျိုး ပြောထွက်လိမ့်မယ်လို့ သူ လုံးဝမျှော်လင့်မထားခဲ့တာမို့ ရုတ်တရက်ကြီး ပြောချလိုက်တော့ သူ ဘာစကားပြန်ပြောရမှန်းမသိအောင် ထူထူထုံထုံကြီး ခံစားလိုက်ရတော့သည်။

"ဟော ... ဘာဖြစ်လို့လဲ သမီးရဲ့၊ သားမှာ သမီးမကြိုက်လောက်တဲ့ အရည်အချင်း ဘာရှိလို့လဲ ပြောပါ၊ သမီး ပွင့်ပွင့်လင်းလင်းသာပြော၊ သမီး မကြိုက်တာမှန်သမျှ သားအားလုံးပြင်ဆင်ပေးမှာပေါ့ကွယ်"

ခင် မကြိုက်တဲ့အချက်က သူ့အတွက် ပြင်ဆင်လို့မရတဲ့အမှားတစ်ခုပဲ"

"ဟင် ... ဘာအမှားလဲ သမီး"

"သူဟာ လူပျိုစစ်တဲ့ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ ခင်က ခေတ်ပညာတတ်မိန်းကလေးပီပီ သိထားလို့ သူလို မစစ်မှန်တဲ့ယောကျ်ားကို ခင် လုံးဝ လက်မထပ်နိုင်ဘူးဆိုတာ ငြင်းဆိုပါတယ်၊ ခင် သူ့ကို လက်မထပ်နိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



မေမေ အမွေဖြတ်ချင်လည်း ခင် အမွေဖြတ်ခံမယ် မေမေ၊ ခင် လူပျိုမစစ်ဘူးလို့ခံယူထားတဲ့သူကိုတော့ လက်မထပ်နိုင်ဘူး၊ ခင် ဒါပဲပြောချင်ပါတယ်”

ဘယ်သူ့မျက်နှာမှ ထောက်ရကောင်းမှန်းမသိ ပြောချင်ရာပြောပြီး လူကြီးတွေစကားဝိုင်းကနေ ခပ်တည်တည်မျက်နှာထားလေးနှင့် လှည့်ထွက်သွားသည့် ခင့်ကို ဘယ်သူမှ ဘာမှမပြောသာတော့ချေ။

မထင်မှတ်ဘဲကြားလိုက်ရသည့် စကားတွေအတွက် လူကြီးတွေ အမ်းတမ်းတမ်းကြီးဖြစ်သွားချိန်မှာ သူကတော့ သွေးဆုနေသည့်နှလုံးသားကို ရင်ဖွင့်ဖို့ မျက်နှာကြီးကိုအမော့ စုတင်းနေသည့် မျက်နှာလေးတစ်ခုက သူ့ကို သရော်လှောင်လိုက်ပြီဆိုတာကို နာကျင်ကြေကွဲစွာ သိလိုက်ရပြီး သူ ဘာလုပ်ရမှန်းမသိအောင် အရမ်းရှက်သွားပါတော့သည်။

ယောကျ်ားလူပျိုစစ်စစ် တစ်ယောက်ကနေ လူပျိုရည်ပျက်ပါတယ်လို့ အပြောခံလိုက်ရသည့် လူပျိုယောကျ်ားတစ်ယောက်ရဲ့ မာနနှင့် အရှက်တွေက သူ့နှလုံးသားတစ်ခုလုံးမှာ ဗလောင်ဆူ ဆူဝေရိုက်ခတ်သွားတော့သည်။

ရင်ထဲမှာ ဘယ်လိုကြီးခံစားရမှန်းမသိအောင် ခေါင်းကြီးငိုက်စိုက်ချပြီး ဆိုဖာကြီးမှာ လက်သီးနှစ်ဖက်ကို တင်းတင်းဆုပ်





လျက် နှုတ်ခမ်းကြီးစေ့ကြိတ်ကာ ခင့်စကားတွေကို ကြိတ်မနိုင်ခဲမရ နာသာခံခက်ဖြစ်နေသည့် သူကိုယ်သူ အခုမှ သတိရသွားတော့သည်။

အင်း ... လူကြီးတွေရှေ့မှာ သူ ဘယ်တော့မှ မကျရှုံးစေရ။

မင်း ငါ့ကို မိဘတွေရှေ့မှာ အရှက်ကောင်းကောင်းခွဲထားနိုင်သလို မင်းလည်း မင်းမိဘတွေရှေ့မှာ ငါ့လို အရှက်ကွဲစေရမယ်မှတ်။

ဟင်း ဟင်း ...

မင်းသက်မှူးတင် အကြောင်းကို မင်း မကြာခင် သိစေရပါမယ်ကွာ။

မင်းသက်မှူးတင်ရဲ့ ရင်ထဲက ယောကျ်ားမာနတွေက နှလုံးသားထဲ ဗရပွဆူညံရိုက်ခတ်နေရပြီဖြစ်သည်။

ဒါ တမင်သက်သက်ကို သူ့ရဲ့ယောကျ်ားမာနကို စော်ကားသွားတာပင်။

ခင် ... ခင် ... မင်းဟာ ငါသိပ်ချစ်ခဲ့တဲ့ အချစ်တွေနဲ့တောင် မတန်ဘူး၊ မင်းကို ကျော်မဲ့လွှားမဲ့ယောကျ်ားမျိုးနဲ့တွေ့သင့်တာ။

တကယ်ဆို ...



www.burmeseclassic.com

www.burmeseclassic.com



ငါဆိုတဲ့ကောင်က လူလည်တာပဲရှိတယ်။

စိတ်ဓာတ်က ရိုးသားနေတာ ခက်တယ်။

ငါ့စိတ်ဓာတ်က ဆန်းပြားတဲ့ယောကျ်ားစိတ်ရှိရင်

အင်း ... ဘယ်လောက်ကောင်းလိုက်မလဲ။

သူ့အတွေးတွေက ခင့်ကိုများ လက်စားချေချင်လို့ မညှာမတာလေး တွေးခဲ့မိပြီလား။

ဟား ... တကယ်ကို ရှက်ဖို့ကောင်းလိုက်တာကွာ။

ပြန်တွေးကြည့်လေ အသေအချာရှက်ဖို့ကောင်းလေ ပါပဲ။

မင်းသက်မျိုးတင် မျက်နှာကြီးတစ်ပြင်လုံး ရှက်သွေးတွေဖြင့် နီမြန်းကာ ဒေါသအရှိန်လည်း မြင့်သထက်မြင့်တက်သွားရတော့သည်။

အင်း ... ခင် ... ခင် ... မင်းတော့လားကွာ လူကြီးတွေရှေ့မှာ အရှက်ကွဲစေရမယ်မှတ်။

မင်းသက်မျိုးတင် ရင်ထဲက တိတ်တိတ်လေး ကြိမ်းရင်း ခြေလှမ်းကျဲကြီးတွေနှင့် ခင့်အနောက်ကနေ ထက်ကြပ်မကွာ လိုက်လာခဲ့တော့သည်။

ဟာ ... ကံကောင်းချင်တော့ ခင့်အခန်းတံခါးဘုသီးလေးကို လှည့်အဖွင့် တံခါးလော့ခ်မချရသေးဘဲ တံခါးကြီး ပွင့်ခနဲပွင့်သွားခဲ့သဖြင့် သူ မိန့်မိန့်ကြီးပြုံးလိုက်ရင်းက ခင့်အခန်းထဲကို ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းဝင်ပြီး တံခါးကို ဝုန်းခနဲဆောင့်ပိတ်ကာ လော့ခ်ချပစ်လိုက်တော့သည်။

"ဟင်"

ခင်က အခုမှ သူ့လုပ်ရပ်တွေကို သဘောပေါက်သွားသလို အံ့သြသည့်မျက်လုံးဝိုင်းကြီးဖြင့် ရိုတီတီဖြစ်နေသည့် သူ့မျက်နှာကြီးကို စိုက်ကြည့်လာပြီး တုန်ယင်ယင် အသံစွာတာတာလေးဖြင့် သူ့ကို ရန်တွေ့လာတော့သည်။

"ရှင် ... ရှင် ဒါ ဘာလုပ်တာလဲ၊ ကျွန်မ အခန်းထဲကို ဝင်ရအောင် ရှင် ရမ်းကားလှချည်လား"

"ရမ်းကားတာပေါ့၊ ကိုယ် ဘယ်လိုယောကျ်ားလဲ ဆိုတာ မင်း သိနေတာပဲ၊ ကိုယ့်ရမ်းကားမှုကို မင်း ဒဏ်ခံရမှာပဲ"

သူက ပြောပြောဆိုဆို ခင့်မျက်နှာလေးကို အချစ်[…]း‌တွေ ပြည့်လျှမ်းနေသည့် မျက်ဝန်းအစုံဖြင့် အုပ်မိုးကြည့်လိုက်[…]း ခင့်ကိုယ်လုံးကလေးကို ရင်ခွင်ထဲသို့ ခပ်တင်းတင်းဆွဲသွင်း[…]ဖက်ကာ စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲသွားရပါတော့သည်။

ရင်ထဲကချုပ်ထိန်းထားသည့် ယောကျ်ားတစ်ယောက်[…]ခံစားမှုတွေ လွတ်ထွက်သွားခဲ့ရလေပြီ။







www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက နှလုံးသားတစ်စုံသည်လည်း ချစ်သည့် မိန်းမကို အရူးအမူးချစ်ဖို့ ရှိန်းရီနွေးထွေးအသက်ဝင်သွားရပြီဖြစ်သည်။

မင်းသက်မှူးတင် ဘာဂုဏ်သိက္ခာတွေကိုမှ မထောက်ညှာဘဲ ခင့်ကိုယ်လုံးကလေးကို ရင်ခွင်ဆဲကို ဆွဲသွင်းပွေ့ချီရင်း အိပ်ရာခုတင်ဆီသို့ လျှောက်လာခဲ့တော့သည်။

ရင်ထဲက ရင်ခုန်သံကြမ်းကြမ်းတွေကိုလည်း သူ ယစ်မူးသာယာခံစားလိုက်ရတော့သည်။

"အား ... ရှင် ဒါ ဘာလုပ်တာလဲ၊ ရှင် မယုတ်မာနဲ့နော်၊ မေမေရေ ... မေမေ"

"ဟင်"

ခင် ကြောက်ရွံ့တုန်လှုပ်စွာ တအားအော်ပြီး မေမေကို အော်ခေါ်လိုက်ပေမယ့် ခင့်အသံလေးတွေက ထပ်ပြီးထွက်လာနိုင်သည့်အင်အားမရှိတော့ဘဲ သူ့ရဲ့အချစ်နှုတ်ကြားမှာ နစ်မြုပ်သွားရတော့သည်။

"အဟင်း ... ဟင့် ... လူယုတ်မာ၊ မုန်းတယ်၊ မုန်းတယ်"

မိနစ်ကြာကြာမျှ အချစ်မူးမူးခဲ့တာကြီးကို ငိုရှိုက်သံသဲ့သဲ့ကလေးကြားလိုက်ရတော့မှ မင်းသက်မှူးတင် ကိုယ့်ကိုယ်ကိုယ်





ပြန်သတိထားမိသွားရသည်။ ဟား ... အခုမှပဲ ခင့်ကို အနမ်းမူးမူးတွေ ပေးအပ်မိခဲ့တာကြီးကို သတိရသွားသလို အခြေအနေနဲ့ နေရာကြီးကိုလည်း အခုမှ ရှက်ရကောင်းမှန်း သိသွားရသည်။

"ဟူး"

အင်း ... အသိတစ်ခု ဆင်ခြင်လိုက်မိလို့ပါပဲ။

သူမလေးကို လက်မထပ်ခင် မကျူးလွန်မိအောင် အသိဖြင့် သတိကို ဆင်ခြင်လိုက်လို့။

သူမ ပြောစကားတွေက ယောကျ်ားတစ်ယောက်ရဲ့ မာနတွေကို အစွမ်းကုန်ပေါက်ကွဲသွားရတာပင်ဖြစ်သည်။

ဘယ်နှယ်ရှိစ ယောကျ်ားတစ်ယောက်ရဲ့ မာနကို ချိုးချင်ဖဲ့ချင်ဦး။

အခုမှ သူ့ရင်ခွင်ထဲမှာ ကြောက်ရွံ့တုန်လှုပ်နေသည့် မျက်လုံးဝိုင်းကြီးတွေဖြင့် အတင်းရုန်းထွက်နေသည့် ချစ်ရသူကလေးကိုကြည့်ပြီး သနားကြင်နာသွားရကာ သူမလေးကိုယ်ကလေးကို ပွေ့ကလေး ဖြေလွှတ်ပေးလိုက်တော့သည်။ အခုမှ သူလည်းပဲ မောသည့် သက်မမောကြီးကို ကျယ်လောင်လောင်ကြီးချလိုက်မိတော့သည်။

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း သူ့မျက်နှာကြီး တစ်ဖက်လှဲ
သက်မမောကြီးချလိုက်တော့မှ စိတ်ချလက်ချ ဟီးချင်ကြွေးလို
တော့သည်။

"အဟီး ဟီး ... မေမေရေ ... မေမေ"

"ဟဲ့ ... အခန်းထဲမှာ ဘာဖြစ်နေကြတာလဲ"

"သားလေး ... သားလေးရော အဲဒီမှာလား သမီးခင်

"အဟီး ဟီး ... မေမေရေ အခန်းတံခါးဖွင့်ပြီး ဝင်လာ
တော့၊ ဒီမှာ မင်းသက်မှူးတင် လူယုတ်မာ ခင့်အခန်း
ရောက်နေတယ်၊ ခင့်ကို ... ခင့်ကို"

"သားလေး တံခါးဖွင့်စမ်း၊ မင်း ... မင်း လူကြီးလူကော
ကမွေးထားတဲ့ သားတစ်ယောက်နော်"

အခန်းပြင်က မာမီ့အသံက ကြောက်စရာကော
လောက်အောင် တင်းမာခက်ထန်သွားတာမို့ သူ့မျက်နှာကြီး
သွားရကာ ခင့်ကိုယ်လုံးလေးကိုလည်း ပိုပြီး ရင်ခုန်စွာ တိုး
ပစ်လိုက်သည်။

သူ တိုးဖက်လိုက်တော့ ခင်က ပိုပြီး သည်းသ
လှုပ်သွားကာ အော်မလို့ ပါးစပ်ဟလိုက်သည့်အချိန်မှာပဲ သူ
အချိန်မီ ခင့်နှုတ်ခမ်းကလေးတွေကို မျက်နှာကြီးဖြင့် ဖိအ
လိုက်ရတော့သည်။





သူ့ရင်ထဲမှာ အတိုင်းအမဲ့ ရင်ခုန်နေရသည့်အဖြစ်
ကို ခင် နားမလည်တာကို သူ လုံးဝမကျေနပ်နိုင်သေးချေ။

ဒါပေမဲ့ ...

သူ့ရင်ခုန်သံတွေကို အေးအေးငြိမ့်ငြိမ့်လေး ခံစား
လိုက်ပါသည်။

သူ့မျက်နှာနှုနုကြီးကို ဖယ်ခွာလိုက်ပြီး အခုမှ မျက်
ရည်လည်ရွဲဖြစ်နေသည့် ခင့်ကို မျက်စချီ စိုက်ကြည့်မဲ့ပြလိုက်ရင်း
ပခုံးကြီးနှစ်ဖက် အသာတွန့်ပြလိုက်သည်။

"ဘယ့်နှယ်လဲ ယောက်ျားတစ်ယောက်ရဲ့အချစ်ကို စော်ကား
ချင်ဦး"

"အဟင့် ဟင့် ... သေချင်းဆိုး"

သူက ခင့်မျက်နှာလေးကို ချစ်မြတ်နိုးစွာ ဖွဖွကြင်
ကြင်ကြီး နမ်းမွေးရင်း ခင့်ကို ကလူကျီစယ်လိုက်ပြန်သည်။

"သားလေး တံခါးဖွင့်စမ်းဆိုရင် မာမီ စိတ်တိုလာပြီ"

ခင့်မျက်နှာလေးကို နွေးထွေးစွာ နမ်းရှိုက်မဝဖြစ်နေ
သည့်အချိန်မှာပဲ အခန်းပြင်က မာမီ့အသံကြီးက သူ့ရင်ထဲက
ရင်ခုန်သံနွေးနွေးတွေကို ရပ်တန့်ငြိမ်သက်သွားစေခဲ့တော့သည်။

ခင့်မျက်နှာလေးဆီမှ သူ့မျက်နှာကြီးကို ဖယ်ခွာလို
က်ပြီး တံခါးဘက်ဆီ မျက်နှာကြီးလှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မာမီကလည်း အခန်းတံခါးသော့က မာမို့ချွေးမလောင်းဆီမှာ၊ သားဆီမှာမဟုတ်ဘူး၊ ဒီမှာ သားတို့ တစ်နာရီလောက် ဆွေးနွေးလိုက်ဦးမယ်၊ မာမီတို့ အေးအေးဆေးဆေးသာ စကားပြောကြတော့"

"မဟုတ်ဘူး … မဟုတ်ဘူး အန်တီ"

"ခင်နော် … မင်း ပါးစပ်ပိတ်ထား"

အခန်းထဲက သားတော်မောင်နှင့် ချွေးမလောင်းလေးရဲ့ အသံလေးတွေကိုကြားတော့မှ ဒေါ်မြတ်မြတ်မိုတစ်ယောက် အခုမှ သက်မမောကြီးချနိုင်သွားပြီး ထားကိုလည်း မျက်နှာရဲရဲပြုနိုင်သွားတော့သည်။ ဟူး … တော်ပါသေးရဲ့။

သားတော်မောင်များ တစ်ရှူးထိုး တဇောက်ကန်း မိုက်ရူးရဲဆန်ပြီး မိန်းကလေးကို နှမချင်းမစာနာမှုဖြင့် ရင်ပူလိုက်ရတာ။

"သူကိုတွေ အေးအေးဆေးဆေး စကားပြောပစေတော့ ထားရေ၊ မြတ်တော့ သားရှင်မအေပီပီ တကယ်မျက်နှာ… ပူပါတယ်၊ ဘယ်နေရာထားရမှန်းတောင်မသိဘူး၊ သားဆေ… ကလည်း တော်တော်ဆိုးတယ် ထားရယ်"

"အဟင်း ဟင်း … သမီးကလည်းအဆိုးလေးလေ၊ ပြော… ကြည့်ပါလား၊ သားလေးကိုများ ပြောလိုက်တာ ရစရာ…





ဘူး၊ အလကား သူလည်း ငြင်းဆန်နိုင်တဲ့အင်အားရှိတာ မဟုတ်ဘူး၊ တော်ကြာကျမှ ကိုယ့်လိုဖြစ်မှာ သိလား မြတ်"

"အဟင်း … ဟင်း … အဲဟုတ်ပဲ၊ ထားတုန်းကလည်း အစ်ကိုထွန်းကြီးကို ခါးခါးသီးသီးပဲနော်"

"ခါးသီးတာပေါ့ မြတ်ရယ်၊ သူကလည်း အခု မြတ်ရဲ့သားတော်မောင်အတိုင်းပဲ၊ ရဲလိုက်တာလွန်ပါရော"

လူကြီးတွေကတော့ သဘောတူလာပြီဆိုရင် …

မင်းသက်မျိုးတင် ဘယ်လောက်အကျည်းတန်အောင်ဆိုးဆိုး ခွင့်လွှတ်ကြည်ဖြူစွာဖြင့်ပင် ပီတိအဟုန်လွှမ်းခြုံနေသည့် အပြုံးချိုချို မျက်နှာကြီးတွေနှင့်ပင် သားနှင့်သမီးကို စိတ်ချလက်ချ ကြည်ဖြူပြီး အခန်းဝကနေ လှည့်ထွက်လာခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၁

“ကျွိ”

ပေါ်တီကိုရှေ့ကို ခင်တို့မင်္ဂလာမောင်နှံ စီးနှင်းလာသည့် LANDCRUISER ခိုပြာရောင်ကြီးကို ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ခင်က အကြဲအစည်တစ်ခုကို အကောင်အထည်ဖော်ဖို့ စိတ်ထဲကနေ တစ်လမ်းလုံး ကျိတ်ကြံစွယ်ငြိုးတေားထားလိုက်သည်။

မင်္ဂလာဆောင်ခဲ့ရသည့်တစ်ချိန်လုံး သူ့စိတ်တိုင်းကျ စက်ရုပ်တစ်ရုပ်လို နေလာခဲ့ရသည့် ခင့်ရင်ထဲမှာ သူ့ကို မုန်းတီးလွန်းလို့ သူ့ကို ဘယ်လိုနည်းနဲ့ ပညာပေးရမလဲ ဆိုတာကိုပဲ အပြန်လမ်းတစ်လျှောက်လုံး စဉ်းစားရင်း ခင့်ရင်ထဲမှာ လိပ်ခဲတည်းတည်းကြီး ဖြစ်နေခဲ့သည်။

အင်း ...





အခုတော့ဖြင့် အကြံပေါ်ပါပြီ။

ကောင်းလိုက်သည့် ရွှေဉာဏ်ရှင် ခင်ခင်မြတ်မင်းကလေးပဲလို့ ကိုယ့်ကိုယ်ကိုယ်တောင် တင်စားလိုက်ချင်သေးသည်။

တစ်လမ်းလုံး ကားပေါ်မှာ ခင့်ပခုံးလေးကို ပိုင်စိုးပိုင်နင်း သိုင်းဖက်ပြီး ခင့်ကို ကြည်နူးပီတိတွေ ပြုံးချိုနေသည့် အချစ်မျက်ဝန်းညိုကြီးတွေဖြင့် ညို့ရီရီစိုက်ကြည့်ခဲ့သည့် ခင်ပွန်းတစ်ယောက်ရဲ့ ချစ်ရိပ်မျက်ဝန်းလှလှကြီးတွေကို ခင် ရင်ဖိုကြည်နူးသာယာယစ်မူးခဲ့မိတာကိုတော့ ဝန်ခံပါသည်။

ဒါပေမဲ့ ...

သူ့အရှေ့မှာတော့ ခင်ဟာ သူ့အချစ်တွေကို မရယူချင်သည့် မိန်းမအဖြစ် ဟန်ဆောင်ပန်ဆောင် မျက်ခုံးကလေးပင့်ပြီး အိုက်တင်ကလေးပေးရင်း သူ့ရဲ့ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းအကြည့်ကြီးတွေကို ရင်ခုန်လွန်းလို့ ရင်မဆိုင်ရဲခဲ့တဲ့ မျက်လွှာကလေးတွေ သိမ်းသိမ်းသွားခဲ့တာလေးကို သူက သဘောတကျ ယ်မောခဲ့သေးသည်။

သူမက အဲဒီအချိန်မှာ သူ့ကို မျက်စောင်းမရွယ်မိအောင် သတိထားရင်း ပန်းသွေးရောင်ပြေးသွားသည့် ရှက်မျက်နှာလေးနဲ့ ခေါင်းကလေး ခုပ်ငုံ့ငုံ့ပြုရင်း ရင်မောခဲ့ရသည့် ခံစားချက်ကလေးတွေကို တိတ်တိတ်ကလေး ဖြေဖျောက်ခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဟင်"

ကြည်နူးပီတိ အတွေးကလေးတွေဖြင့် မျက်ဝန်းက လေးတွေ စင်းချပြီး အတွေးလွန်သွားသည့် အချိန်မှာပဲ ခင့်ကား တံခါးကို ဆွဲဖွင့်လိုက်သည့် အသံက ခင့်နှလုံးသားလေးကို တလှုပ်လှုပ် ပူနွေးအသက်ဝင် ရိုက်ခတ်သွားပါတော့သည်။

အို ...

သူမ မျက်နှာလေးတစ်ခုလုံး ရှက်လွန်းလို့ ပန်းသွေး ရောင်လေး ပြေးသွားခဲ့သည်။

ရှက်လိုက်တာနော်။

သူမ စိတ်ကူးယဉ်အတွေးလေးတွေကို လီမွာပါးနပ် စွာ တင်ကြိုသိနှင့်နေသည့် သူမရဲ့သတို့သား မင်းသက်မှူးတင် မျက်နှာက သူမကို ကလူကျီစယ်နေသလို ပြုံးစစလေးဖြင့် ခင့် ကို မျက်ခုံးပင့်ကြည့်ကာ ဆင်းခဲ့ဖို့ လက်ယပ်ခေါ်နေတာလေး တမင်သက်သက် ခင့်ကို စိတ်ဆိုး မခံချင်ဖြစ်အောင် ကလိသ ရှိသလိုစနေသလိုပင်။

"အဟွန်း ... အိမ်ကိုရောက်ပြီ သတို့သမီးလေးရဲ့၊ ဘာ များစိတ်ကူးတွေယဉ်နေလဲမသိဘူး၊ ကားရပ်တာတော မသိလိုက်ဘူး"





"သိသားပဲ၊ ကားတံခါးဖွင့်ပေးတာကို စောင့်နေတာ"

"ဩော ... ဟော် ... ဒီလိုပြောတတ်တော့လည်း ဟုတ် သား"

"မပြောတတ်ရအောင် ရှင်လို့ လူအ,မှမဟုတ်တာ"

"ကိုယ် လူအ,မဟုတ်လို့ မင့်းကို တစ်လအတွင်း လက်ထပ် နိုင်ခဲ့တာပဲ မဟုတ်လား"

"ရှင်နော် ... ရှင် ဒါပဲပြောရအောင်"

ကားပေါ်က အခုထိမဆင်းသေးဘဲ သတို့သားချော လေးကို မကြည့်မလင် မျက်ဝန်းလှလှကလေးတွေဖြင့် စိုက်ကြည့် ပြီး ရန်တွေ့နေသည့် သတို့သမီးချောလေးကို မိဘဆွေမျိုးများ နှင့် သတို့သားချောလေးက သဘောကျသလို ပြုံးကြည့်နေခဲ့ကြ သလို မင်္ဂလာမောင်နှံကို ကားမောင်းပို့ခဲ့ရသည့် ဒရိုင်ဘာကြီးက လည်း သဘောကျစွာဖြင့် တိတ်တဆိတ်ကလေး ပြုံးနေခဲ့ပါသည်။

ဒါကို သတို့သမီးချောလေးက မြင်ဖြစ်အောင်မြင် သွားပြီး ရှက်သွေးလေးတွေဖျန်းသွားရကာ သတို့သမီးလေးရင်ထဲက အကြဲအစည်ကလေးကိုလည်း အကောင်အထည်ဖော်ပစ်ဖို့ ဆုံးဖြတ် လိုက်တော့သည်။

ကားပေါ်ကနေ သတို့သားရဲ့အကြည့်နွေးနွေးလေး တွေကို ရှက်သွေးမွှုပိုသလိုကလေး ခေါင်းကလေးငုံ့ပြီး ထမိန်းက



www.burmeseclassic.com

www.burmeseclassic.com



တန်း ဆင်းလိုက်သည့်ဟန်ကလေးဖြင့် မင်းသက်မှူးတင်ရဲ့ ခြေစုံ ဖွေးဖွေးကြီးကို တည့်တည့်မတ်မတ်ပင် ဒေါက်ဖိနပ်ချွန်ချွန်ကလေးဖြင့် အားနဲ့တက်နင်းချလိုက်ပါတော့သည်။

ကဲ … မှတ်ထား လူတွင်ကျယ်လုပ်ဦး မင်းသက်မှူးတင်။

"အား … သေပါပြီဗျ"

"ဟဲ့ … ဟဲ့ … သားလေး ဘာဖြစ်တာလဲ"

ထွန့်ထွန့်လူး အော်ဟစ်လိုက်သည့် မင်းသက်မှူးတင် အရှေ့သို့ သူ့မာမီက အပြေးရောက်လာသလို မေမေကလည်း စိုးရိမ်တကြီး ရောက်လာခဲ့သည်။ ဒါကို သူမက အားနာမျက်နှာပူ သွားသလို မျက်နှာမှာ အရိပ်ကလေးသွင်းလိုက်ရင်း လက်ကလေး တကာကာဖြင့် ဟန်ဆောင်ပန်ဆောင် အားနာစကား လေချိုသွေး လိုက်ရပါတော့သည်။

"အို … ကြည့်စမ်းပါဦး၊ သူ့ခြေထောက်က ခင် … ခင် ဆင်းမယ့်နေရာ ရောက်နေတော့ မမြင်လိုက်ဘူး၊ အားနာ လိုက်တာ၊ တအားနာသွားမှာပဲနော်"

အဟင်း …

ဟန်ဆောင်စကားချိုရတာ ပါးစပ်ထဲမှာ ခံတွင်းတွေ့ လိုက်တာ … ဟီ ဟီ။





ရင်ထဲမှာ အခုလို မင်းသက်မှူးတင် သူမလက်နက် ကြောင့် အပြင်းစားဒဏ်ရာ ရသွားတာကို ဘယ်လိုကျေနပ်မှန်းကို သိ။

ဒါကို မင်းသက်မှူးတင်က မြွေမြွေချင်း ခြေမြင်ပြီး ငံ့ပခုံးသားလေးတွေကို လူကြီးတွေရှေ့မှာပဲ အရှက်မရှိ တအား ဆွဲကိုင်ပြီး သူနှင့် မျက်နှာချင်းဆိုင်ဆွဲလှည့်ကာ မျက်လုံးချင်းဆုံ ကြည့်လာခဲ့သည်။

"မင်း … မင်း … ဒါ ကိုယ့်ကို တမင်လုပ်တာ"

"အို … တမင်လုပ်တာတော့ ဟုတ်မလား"

"ကြည့်ပါလား အမူအရာကိုကကွာ၊ မာမီ … မာမီချွေးမ ကိုတော့နော် … သား"

ဆတ်ဆတ်ခါ နာလွန်းလို့ နားရွက်လေးတွေတောင် တကား နေသည့် မင်းသက်မှူးတင်ရဲ့ ဒေါသမျက်နှာရဲရဲကြီးကို ကြည့်ပြီး ခင် ရင်ထဲမှာ ကျိတ်ကြည်နူးနေခဲ့မိသည်။

အင်း …

အခုချိန်ကစပြီး ရှင် စိတ်ဆင်းရဲအောင် ကျွန်မ နှိပ် ကပြတော့မယ် မင်းသက်မှူးတင်ရဲ့။

"သားလေးကလည်းကွယ် မဟုတ်တာ၊ ကဲ … ကဲ … အိမ် ပေါ်တစ်ခါတည်းတက်ကြစို့၊ သားတို့နေရမယ့် အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတည်း လူကြီးတွေကို ကန်တော့ရအောင် လာ ... လာ"

မာမီက သူ့ချွေးမကို အကာအကွယ်ပေးရင်း သူမလေးလက်မောင်းကလေးကို ဆွဲကိုင်ပြီး အိမ်ထဲကို လှမ်းဝင်သွားတော့သည်။ သူ့မှာတော့ ခြေထောက်ကနာကျင်လွန်းသည့်ဒဏ်ကြီးကို ကြိတ်မှိတ်သည်းခံပြီး တအားအား ညည်းညူရင်း ထော့နဲ့ထော့နဲ့ဖြင့် အပေါ်ထပ်ကို လူကြီးတွေအနောက်ကနေ တက်လာခဲ့ရပါတော့သည်။

ဟင်း ... တွေ့ကြသေးတာပေါ့ကွာ ခင်ရယ်။ မင်းကိုယ့်ကို လူကြီးတွေရှေ့မှာ ကောင်းကောင်းအနိုင်ယူထားဦးပေါ့။

မင်းအလှည့်ရောက်မှ မျက်ရည်လည်ရွဲနဲ့ တောင်းပန်လို့ကတော့ ဆောရီးပဲ။ မသနားဘူး မရွှေချော။

မင်းသက်မှူးတင်မှာ ခြေထောက်ကနာကျင်တာရောရင်ထဲမှာ အခံရခက်တာပါရောပြီး သတို့သားဝတ်စုံ ပိုးပုဆိုးကြီးကို တဝွမ်းဝွမ်းမြည်အောင် လျှောက်လာခဲ့ရင်း လူကြီးတွေဝင်ထိုင်လိုက်ကြသည့် ဆိုဖာအသီးသီးမှာ သူကလည်း သူ့သတို့သမီးနှင့်အတူယှဉ်လျက် အောင့်သက်သက်ကြီး ဝင်ထိုင်လိုက်ရပါသည်။

ရင်ထဲမှာ အောင့်သက်သက်ကြီး ခံစားခဲ့ရပေမယ့် သူ သိပ်ချစ်ရသည့်မိန်းမချောလေးကို ဒီကနေ့ လှပုံအလယ်မှာ





ဂုဏ်ယူဝင့်ကြွားစွာ ခွေလက်တွဲပြီး လက်ထပ်ယူလိုက်ရသည့်အဖြစ်ကိုတော့ ကြည်နူးပီတိ အဟုန်မြင့်စွာဖြင့် သူ့မှာ မျက်နှာကြီးတစ်ခုလုံး နွေးမြရှိန်းဖိုသွားရသည်။ ပြီးတော့ အသစ်စက်စက်ချစ်ဇနီးလေးမျက်နှာလေးကို ချစ်ကြင်သည့်မျက်ဝန်းညိုကြီးတွေဖြင့် စိုက်ကြည့်ပြီး လက်ဖြူဖြူနုနုကလေးကို လူကြီးတွေ မမြင်အောင် ခပ်ဖွဖွကလေး ဆုပ်ကိုင်ထားလိုက်သည်။

သူမလေးက လူကြီးတွေမမြင်အောင် သူ ဆွဲကိုင်ထားသည့် လက်ကလေးကို ရုန်းယူနေတာမို့ သူ ဖွဖွကလေးဆိတ်ဆွဲလိုက်တော့မှ ငြိမ်ကုတ်သွားတော့သည်။

အခုလိုလေး လိမ္မာသွားပြန်တော့လည်း သူ့မှာပိုပြီးရင်ခုန်အသည်းယားသွားကာ မျက်ခုံးလေးရှုံ့ပြီး မကျေမနပ် ဖြစ်နေသည့် သူမလေးကို စိုက်ကြည့်ရင်း ဖတ်ခနဲ မျက်စိမှိတ်ပြလိုက်သည်။

"အဟမ်း ... အဟမ်း ... အင်း ... သားတို့ သမီးတို့ လူကြီးမိဘတွေကို ကန်တော့လိုက်ကြရအောင်ကွယ်"

မာမီက သူ့ချွေးမကို ဖတ်ခနဲ မျက်စိမှိတ်ပြလိုက်တာကို တွေ့မြင်သွားပြီး မချိမချဉ်မျက်နှာကြီးဖြင့် ပြောလာတော့သည်။

ခင်ကလည်း မာမီမျက်နှာကြီးကိုကြည့်ပြီး ရှက်သွေးလေးတွေ စို့တက်သွားကာ ခေါင်းကလေး ငုံ့ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေအရှေ့မှာ ခေါင်းလေးငုံ့ချပြီး ငိုတော့မယောင်မျက်နှာကလေးနှင့် ရက်သွေးလေးစို့နေသည့် သူ့ရဲ့သတို့သမီးလေးကို နှစ်ဖက်မိဘလူကြီးတွေက သဘောတကျ ပြုံးကြည့်ကာ ကျေနပ်နေခဲ့ကြသည်။

အင်း ... မိဘတွေ ... မိဘတွေ။

သဘောတူကြည်ဖြူကြပြီဆိုတော့လည်း သူတို့ပါ မင်္ဂလာအိပ်ခန်းထဲ လိုက်ပါပို့ဆောင်ပေးမတတ်ပင်။

"လာ ... ခင်၊ ကိုယ်တို့ မိဘတွေကို ကန်တော့ရအောင်"

အခုချိန်အထိ တစ်ချက်မှ ခေါင်းကလေး မော့မလာတော့သည့် ခင့်မျက်နှာလေးကို သူ မွေးနွေးလေး စိုက်ကြည့်ပြီး ခင့်လက်ကလေးကို ဖွဖွလေးဆုပ်ကိုင်ရင်း ဆိုဖာကြီးအောက်မှာ ဆောင့်ဆောင့်ထိုင်ချလိုက်သည်။

ခင်က သူ့ရဲ့ဘေးမှာ မျက်နှာကလေးရဲရဲနီမြန်းလျက် ကျုံ့ကျုံ့ကလေးထိုင်ရင်း နှစ်ဖက်မိဘတွေကို သူတို့နှစ်ယောက်သား လက်အုပ်ချီပြီး သုံးကြိမ်တိတိ ကန်တော့လိုက်ကြပါတော့သည်။

သူတို့နှစ်ယောက် မိဘတွေကို ကန်တော့လို့အပြီးမှာတော့ ဒက်ဒီနှင့်မာမီ၊ အန်ကယ် အန်တီတို့ရဲ့ ဆုပေးသံအသီးသီးက သူ့နှလုံးသားလေး နွေးမြတုန်ယင်စေခဲ့သည်။





"အေးကွယ် ... ဒီလင်ဒီမယား အသက်ရာကျော်ရှည်ပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ အိုအောင်မင်းအောင် ပေါင်းကြပါစေကွယ်၊ တစ်ယောက်ကိုတစ်ယောက်လည်း နားလည်မှုတွေနဲ့ ညီညွတ်အောင် ပေါင်းသင်းနေထိုင်ကြပါစေကွယ်"

ဆိုသည့် ဒက်ဒီ့ ဆုပေးသံကြီးကို သူက ကြည်နူးပီတိဖြင့် နှုတ်ခမ်းနှစ်မွှာက ပြုံးမြသွားရင်း ခင့်မျက်နှာကလေးကို ရင်ခုန်နှုန်းမြန်စွာစိုက်ကြည့်ပြီး ဒက်ဒီဆုပေးတာတွေကို စိတ်လက်ရွှင်ပျစွာဖြင့် ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာလို့ ပြောလိုက်ပေမယ့် ခင်ကတော့ တုတ်တုတ်မျှမလှုပ်တော့ဘဲ မျက်တောင်ရှည်ကြီးတွေကို စင်းချငြိမ်သက်နေတော့သည်။

သူက ခင့်ကိုကြည့်ပြီး အသည်းယားသွားကာ ခင့်မျက်နှာလေးအနား တိုးကပ်သွားပြီး လေသံကလေးဖြင့် ...

"ခင် ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့ ပြောလိုက်ဦးလေ"

"မပြောပါဘူး၊ မပြည့်လေ ကောင်းလေပဲ"

"ဟာကွာ ... ကျွတ်"

သူက လေသံကလေးနှင့်ပြောလိုက်တာဖြစ်ပေမယ့် ခင်က ပုံမှန်အသံဖြင့် ပြန်ပြောလိုက်သဖြင့် လူကြီးတွေအားလုံး ကြားသွားကြပြီး ခင့်မေမေမျက်နှာကြီးက တင်းတည်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ ပုံမှန်အသံကြီးဖြင့် သူ့သမီးကို ဩဝါဒပေး လာပါတော့။

"အေး ... အေး ... လင်မယားဖြစ်လာကြပြီဆိုရင် တစ်ယောက်နဲ့တစ်ယောက် ချစ်လို့ကြိုက်လို့ပဲဖြစ်ဖြစ် မချစ်မနှစ်သက်ဘဲ လူကြီးမိဘစကားကို နားထောင်ပြီး လက်ထပ်လိုက်ရတာပဲဖြစ်ဖြစ် လင်မယားသံယောဇဉ်ဆိုတာကတော့ ဖြစ်လာကြတာပဲ၊ မင်္ဂလာဦးကနေ တစ်နှစ်ပြည့်မင်္ဂလာ၊ တစ်နှစ်ပြည့်မင်္ဂလာကနေ ဆယ်နှစ်ပြည့်မင်္ဂလာ၊ ဆယ်နှစ်ပြည့်ကနေ အနှစ်နှစ်ဆယ် ဒါမျိုး သမိုင်းမှတ်တမ်းလေးတွေရှိလာကြတာပဲ၊ ဒါဟာ မင်္ဂလာရတုအမှတ်တရတွေအဖြစ် သားတို့ သမီးတို့ရင်ထဲမှာ အမြဲတမ်းနှလုံးသွင်းထားရမယ် ...

အထူးသဖြင့် ခင်၊ ခင်က ကိုယ့်ရဲ့ယောကျ်ားအပေါ် မလေးစားတဲ့ ဆက်ဆံမှုမျိုး ဘယ်တော့မှမဆက်ဆံရဘူး၊ ကိုယ့်ယောကျ်ားကလည်း ကိုယ့်အပေါ်ကို မြတ်နိုးတန်ဖိုးထားတယ်"

ခင့်မေမေက ဆုံးမဩဝါဒပေးနေပေမယ့် ခင်က ခင့်မေမေပြောသည့်စကားတွေကို တစ်စက်ကလေးမှစိတ်မဝင်စား။

မျက်လုံးကလေးတွေ ကလယ်ကလယ်ဖြင့် လူကြီးမိဘတွေရဲ့ မျက်နှာတွေကို တစ်ယောက်ချင်းစီအောင် လိုက်ကြည့်





သည့် ခင့်ရဲ့ဂနာမငြိမ်ဖြစ်နေပုံလေးကိုကြည့်ပြီး ခင့်မေမေက ငြိမ့်မိစွာဖြင့် ဆူပူငေါက်ငမ်းလာပါတော့သည်။

"ခင် ... ဘာဖြစ်နေတာလဲ"

အင်း ...

အမှုပိုပြပါတော့မယ်။

စိတ်မဝင်စားတာကို အိုက်တင်ပဲ ပေးပါတော့မယ်။

ခင့်အကြံတွေကို သူ မသိဘဲနေမလား။

အန်တီက သူ့အပေါ်ကို ရိုရိုသေသေ လေးလေးစားစား ဆက်ဆံဖို့ပြောတာကို နားမဝင်ဘူးဆိုပြီး လူကြီးတွေရှေ့မှာ ပြတာ သူကလည်း လူငယ်ပီပီ စိတ်ထဲကပဲ စေးမှတ်ထားလိုက်သည်။ တွေ့ကြသေးတာပေါ့ ခင်ရယ်။

"ဘာဖြစ်နေတာလဲ ခင်ရဲ့"

မျက်နှာကလေးရှုံ့မဲ့ကာ ဖင်တကြွကြွ ဖြစ်နေသည့် ခင်အရွဲ့မကို သူက အမြင်ကတ်စိတ်ဖြင့် မှုမှုအင့်အင့်ကြီး စိုက်ကြည့်လိုက်တော့ ခင်က မျက်နက်ဝန်းကလေးကို ဆောင့်ကပ်ပြီး သူ့ကို မျက်စောင်းကလေးထိုးလိုက်တာကို သူ ရင်ခုန်သည်းယားစွာ တွေ့မြင်လိုက်ရသည်။

"အား ... ကျွတ် ... ကျွတ် ... ခင် ... ခင် ဗိုက်အရမ်းနာနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... ကြည့်စမ်း ခင် ... သမီးလေးကလည်း ဒါကို ရက်ပြီး မပြောဘူး၊ ဟုတ်ပါရဲ့ ကလေးမျက်နှာမှာချွေးတွေ တောင်ပြန်လို့ပါလား၊ သားလေးက သမီးလေးကို ရေအိမ် လိုက်ပြလိုက်ပါကွယ်"

ဟင်း ...

အမှုကတော့ တကယ်ပိုပါရဲ့။

မဟုတ်နိုင်တာကတော့ သေချာသည်။

ဟင်း ... ရုပ်ကိုက မှုယာမာယာများဖို့ ကြည့်နေတာ။

ကိုယ် မင်းဉာဏ်များတာကို မသိရင်ခက်လိမ့်မယ် ခင်ရယ်။ အန်တီ ဆုံးမနေတာကို တမင်သက်သက်ကို နားမထောင်ချင်လို့ ကန့်လန့်တိုက်လိုက်တာ သူ့စိတ်ထဲက သိနေခဲ့သည်။

ဒါပေမဲ့ မာမီက အဟုတ်ယုံသွားတော့လည်း သူက သူမလေးကို အခုမှ အသစ်စက်စက်ပြောင်းလာသည့် သန့်စင်ခန်းရှိတဲ့ အောက်ထပ်သို့ အောင့်အည်းအောင့်သက်မျက်နှာကြီးဖြင့် လိုက်ပို့ခဲ့ရတော့သည်။

ခင်က သူ့အနောက်ကနေ ခပ်သာသာမျက်နှာလေးဖြင့် လိုက်ပါလာတာကို သူက အနောက်ကို လှစ်ခနဲ အကြည့်ရတ်တရက် တွေ့မြင်လိုက်တာမို့ လှမ်းလက်စခြေလှမ်းတွေကို ရပ်ပစ်လိုက်ပြီး ခင့်မျက်နှာလေးကို မျက်မှောင်ကြီးကြုတ်ကာ ငုံ့





ကြည့်လိုက်ရင်းက ရင်ထဲက မကျေနပ်သံစဉ်များ ပွင့်ထွက်သွားတော့သည်။

"မင်း အန်တီ့စကားကို နားမထောင်ချင်လို့ တမင်ဟန်ဆောင်တာ မဟုတ်လား"

"ဘာလို့ ဟန်ဆောင်ရမှာလဲ၊ ရှင်နော် တမင်ဘုစကားမပြောနဲ့"

"ဟွန်း ... မိန်းမမာယာ ပြားကိုးဆယ် လုပ်ဖို့ ကြည့်နေ"

မင်းသက်မှူးတင် မကျေမနပ်ဖြစ်ကာ ပွစိပွစိ ရေရွတ်ပြီး အရှေ့ကနေဦးဆောင်သွားနေလေသည်။ ခင်ကလည်း သူ့ကို မျက်စောင်းနက်နက်ကလေးရွယ်ပြီး လူလည်ကျသည့် ယောက်ျားတစ်ယောက်ကို အမှုပိုပိုလေးဖြင့် ခြေကလေးဆောင့်ဆောင့်ကာ ... ဆက်နင်းရင်း သူ့အနောက်ကနေ ခပ်ဖြည်းဖြည်းလေး လိုက်လာခဲ့ရတော့သည်။

အောက်ထပ်သန့်စင်ခန်းအဝင်ပေါက် ရောက်တော့မှ မင်းသက်မှူးတင်က ရှုတ်မှုတ်တူ ခင့်မျက်နှာလေးကို ချစ်အသည်းယားစွာ တစ်ချက်ဆွဲဖျစ်ပစ်လိုက်ပြီး ...

"ကဲ ... အဲဒီမှာ ကြီးတော် ဝင်ပေတော့၊ ဉာဏ်များတာ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ဦးမယ် နော်၊ ညားခါစလင် မယားမို့လို့ သိလား"


www.burmeseclassic.com

www.burmeseclassic.com



လို့ တမင်ပင် အင့်ပြောလိုက်တော့ ခင့်မျက်နှာက လေး ပိုပြီး သုန်မှုန်သွားသလို မျက်လုံးစိမ်းလေးတွေဖြင့် သူ့ကို ရှုတည်တည်လေး စိုက်ကြည့်ပြီး ဆောင့်ကြီးအောင့်ကြီး ပြန်ပြောလာ ခဲ့လေသည်။

“ဘာဉာဏ်များလို့လဲ၊ ရှင်လို လူလိမ်လူညာမှတ်ပြီး ကိုယ့် စိတ်နဲ့မနှိုင်းနဲ့”

“ကိုယ် ဘာကိုလိမ်ညာလို့လဲ”

“ရှင့်ကိုယ်ရှင် အသိဆုံး”

“ဟာ ... မူးပြီးကွာ၊ လာပြီ မမူးဘဲရမ်းပြီ”

“ကျွန်မကနော် နဂိုကတည်းက အရိုးသားဆုံးနေလာတာ၊ လူတစ်ယောက်ကို ဘယ်တော့မှ မျက်နှာပြောင်ပြောင်နဲ့ လည်း ညာမပြောတတ်ဘူး”

“ဟာ ... ခင်နော် သက်သက်ကိုရန်စနေတာ၊ အေး — မင်းထွက်လာတော့မှတွေ့မယ်”

“တစ်သက်လုံး တွေ့နေမှာပဲ”

သန့်စင်ခန်းထဲဝင်တဲ့အထိ သူ့ကို မကျေမနပ်ရန် တွေ့သွားသည့် ချစ်ဇနီးလေးကို သူ အသည်းယားလွန်းစွာဖြင့် သန့်စင်ခန်းအပြင်ကနေပဲ သူမလေး ပြန်ထွက်အလာကို လမ်းကြီး လျှောက်ပြီး အောင့်အည်းအောင့်သက်ကြီး စောင့်မျှော်နေလိုက် သည်။





အင်း ... မိနစ်နှစ်ဆယ်ကြာသွားပြီ။

ခင်တစ်ယောက်ကတော့ သူနှင့်ရင်ဆိုင်ရမှာကို အရမ်းလန့်ပြီး အသစ်စက်စက်ရေအိမ်ထဲမှာပဲ အိပ်ပျော်သွားပြီလား မသိ။

သူ ဘာမှ မတတ်နိုင်တော့။

ဒီအခန်းရှေ့ကနေ စိတ်ပျက်လက်ပျက်ကြီး လှည့် ထွက်လာခဲ့ရတော့သည်။

အင်း ... ခင် ... ခင် ဉာဏ်များပါ့ မိန်းမရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"သမီး ... သားတော့ သူ့သူငယ်ချင်းတွေ လာခေါ်လို့ ပါသွားလေရဲ့၊ ခင့်ကိုပြောလိုက်ပါတဲ့၊ သူ မိုးမချုပ်ခင် ပြန်လာခဲ့မယ်တဲ့၊ မာမီတို့ကို မှာသွားခဲ့တယ်၊ မာမီတို့ သားပြန်လာတော့မှ ပြန်တော့မယ် သမီး"

ဟင် ...

ကြားလိုက်ရသည့် စကားတွေက ခင့်ရင်ကလေးကို လှိုက်ခနဲ တုန်ယင်နွေးမြသွားသည်အထိ ခံစားလိုက်ရသည်။

အင်း ... သူ့သူငယ်ချင်းတွေနဲ့ ပါသွားပြီဆိုတော့ အရက်သောက်လာဖို့ကတော့ ကျိန်းသေပြီပေါ့။

ဟင်း ... သောက်လာလို့ကတော့ မင်းသက်မှူးတင် ရယ် ကျွန်မနဲ့ အတွေ့ပဲ။





ရင်ထဲမှာ အခဲမကျေဖြစ်ကာ ခင့်မျက်နှာလေး အလို ကျေသလို စူတူတူလေး ဖြစ်နေတာကို ဖေဖေနဲ့ သူ့မာမီက သဘောကျသလို တဟင်းဟင်း ရယ်နေခဲ့လေသည်။

ခင်ကတော့ သူ ဒီပုံစံချိုးတာကို လုံးဝကို မကျေနပ်။

သူဟာ ခင့်အပေါ် အငြိုးထားသည့်ယောက်ျားတစ် ယောက်ဖြစ်မှာပဲလို့ ခင့်စိတ်ထဲမှာ အလိုလိုသိနေရသည်။

မင်္ဂလာဦးမှာ ခင့်စိတ်ကို အနိုင်ယူနှိပ်စက်ဖို့ အရက် သောက်လာမှာဆိုတာကို ခင့်မသိစိတ်က တင်ကြိုသိနေခဲ့တာမို့ ခင့်ရင်ထဲမှာ အတော်လေးပူလောင်နေခဲ့ရပြီဖြစ်သည်။

မင်္ဂလာအိပ်ခန်းထဲဝင်ပြီး သတို့သမီးဝတ်စုံကလေး ကိုလ်ပြီး ပေါ့ပေါ့ပါးပါးဘာလောက်အပြာပွင့်ကလေးဖြင့် စိန်မိုက် ကယ်ထဘီအပြာနုရောင်အိအိကလေးကို တွဲဝတ်လိုက်ပြီး စတက် ကာတိုတိုနံ့နံ့လေးကို ဖားလျားလေးချလိုက်သည်။

ပြီးတော့ မှန်ထဲမှာ ထင်းထင်းကြီးပေါ်လွင်နေသည့် မျက်နှာလှလှလေးကို ငေးခနဲစိုက်ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် သည်းယားသွားရသည်။

ဟင်း ... ဒီမျက်နှာလေးမှာ အလှတရားတွေစုနေလို့ ခုလို ဒီမင်းသက်မှူးတင်က လပိုင်းကလေးနှင့် လက်ထပ်ခွင့် တောင်းခံခဲ့ရတဲ့အဖြစ်ကို တွေးမိတိုင်း ရင်နာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ ညကျော်လွန်သွားပြီဆိုရင် သူမဟာ အဖျိုး
မိန်းမတစ်ယောက်မဟုတ်တော့မည့်ဘဝကြီးကို ရင်ဖိုနွေးလျှ
သည်။ မင်းသက်မှူးဘင်ရဲ့ တရားဝင်ဇနီးမယားအဖြစ် သူ့အ
ဆန္ဒကို ကြည်ဖြူစွာခွင့်လွှတ်ပေးရတော့မည့်မိန်းမ ဖြစ်ရတော့မ
ဘဝကို သူမ တွေးမိတိုင်း နာကြည်းမိသည်။

အိမ်က ဖေဖေ မေမေတို့ကိုလည်း မုန်းမိသည်။

ခင့်ကို သူစိမ်းတွေလက်ထဲ လက်လွှတ်စပယ်ကြ
ထည့်ရက်တဲ့ ခင် ရင်နာသည်။

ခင့်ဘဝ ခင် တွေးမိတိုင်း ခင် ဝမ်းနည်းလွန်း
နှုတ်ခမ်းသားနုနုတွေးတွေးကလေးတွေကို ဖိကိုက်ပြီး မျက်ရည်
လေးတွေ တစိမ့်စိမ့်စီးကျလာခဲ့သည်။

ရင်ထဲမှာ တိတ်တိတ်ကလေး ကျိတ်ပြီးငိုကြွေးနေ
ရသည့်အဖြစ်ကို မင်းသက်မှူးတင်သာသိရင် ဘယ်လောက် သ
ကောင်းလိုက်မလဲ။

ဟင်း ... မုန်းတယ်၊ လူစုတ်၊ အရက်သောက်လာ
ကတော့ အတွေ့ပဲ။

ခင်က မာန်မာနကလေးဖြင့် မျက်နှာကလေး
ပင့်မော့လိုက်ပြီး စီးကျလာသည့် ဝမ်းနည်းမျက်ရည်လေးတွေ
လက်ကလေးဖြင့် ခပ်ကြမ်းကြမ်းကြီး ပိတ်သုတ်ပစ်လိုက်သ





ဟင်း ... သင်းကို လက်ထပ်ရတာ တစ်စက်မှ
စိတ်မချမ်းသာဘူး။

အတွေးကလေးဖြင့် မကျေမနပ် တွေဝေငေးမောစွာ
မှန်ရှေ့မှာ တစ်ယောက်တည်း ငေါင်းစင်းစင်းလေးဖြစ်နေသည့်
အချိန်မှာပဲ အိမ်ရှေ့ဆီက ဆူညံဆူညံအသံများက ခင့်နားစည်ထဲ
သို့ ပြေးရိုက်ခတ်လာပါတော့သည်။

"ဟယ် ... ကြည့်စမ်းကွယ် သားလေးရယ်၊ မာမီ ပြောလိုက်
ရဲ့သားနဲ့ ဒီလောက်မူးတူးနေအောင် သောက်လာရအောင်
ငါ တကယ်စိတ်ပျက်တယ်"

"အာ ... မာမီရာ ပါးပါးလေးပါ၊ မပြောပလောက်ပါဘူး၊
ခင်ရော ... ခင်အိပ်ပြီလား"

"အရက်မရှိတဲ့ကောင် ငါ ရှက်တယ် တကယ်"

အိမ်ရှေ့ဆီမှအသံတွေက ခင့်နားထဲကို ခါးသီး
ကျိန်းမြစွာ ဝင်ရောက်လာခဲ့သည်။

ဟင်း ... တွေ့ပြီပေါ့။ မေမေ့သမက်လောင်းကြီး
ဘတွေ့နတွေ့ကို တွေ့မြင်သွားရပြီ ချိုမြိန်သွားပြီ။

ခင့်မေမေတို့ရှေ့မှာတောင်မရှောင် အလေးမထား
နိုင်ဘဲ အားလေးလျှာလေးကြီးဖြင့် ခင်ရှိတဲ့အခန်းထဲကို လှမ်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ခြေသံတွေကို ခင့်စိတ်ထဲမှာ မုန်းတီးလွန်းလို့ တစ်စက်မှ လှည့်မကြည့်ဘဲ နှုတ်ခမ်းသားကလေးတွေကိုသာ ပြတ်ထွက်မတတ် ဖိကိုက်ထားလိုက်သည်။

အင်း ... ခံစရာရှိတဲ့အချိန် ရောက်လာတော့လည်း ခံလိုက်ရုံပဲပေါ့။

ခင်သည် လောကကြီးကို လက်ပိုက်ပြီး ခပ်လျော့လျော့လေး စိန်ခေါ်ထားလိုက်သည်။

ဒါပေမဲ့ ...

ခင့်အပေါ် လာကြောလို့ကတော့ ...

ဟင်း ဟင်း ... သေရာပါဒဏ်ရာ ပါသွားစေရမယ် မှတ်။

"ခင် ... ခင် ဘာလုပ်နေတာလဲကွ၊ ဒီမှာ ကိုယ်ပြန်လာတာ ကိုတောင် မင်းက ထွက်မကြိုရအောင် ဘာလဲကွ၊ မင်းက ကိုယ့်ကို မချစ်မနှစ်သက်ဘူးဆိုပြီး ဖီလာလုပ်တာပေါ့၊ ဟုတ်လား"

"သားလေး မင်းပါးစပ် ပိတ်ထားစမ်း၊ ခင် သမီး မာမီ တောင်းပန်ပါတယ်ကွယ်နော်"

"အိပြီလား မေမေ"





လို့ ခင်က ဆီးရွက်လောက်ပဲရှိတော့သည့် မေမေ့ မျက်နှာကို စိုက်ကြည့်ပြီး ခပ်ပြုံးပြုံးကလေးနေပြလိုက်တော့ မေမေက စိတ်မကောင်းဖြစ်သွားပုံဖြင့် မျက်နှာကြီးလွှဲသွားလေသည်။

စကားတော့ တစ်ခွန်းမှကို မဆိုနိုင်ရှာတော့။

သမက်ကောင်းကြီးရဲ့လုပ်ရပ်ကြီးကို အာစီးမိသွား ပြီဖြစ်သည်။

"မေမေ ကန်တော့နော်၊ ကျွန်တော် ခင့်ကို ရမ်းကားတာ မဟုတ်ဘူး၊ ခင့်ရဲ့ရက်စက်စိမ်းကားမှုတွေကို ဒဏ်မခံနိုင်လို့ တောင်းပန်ပါတယ် မေမေရယ်နော်"

အမယ်လေး ...

ခွေးပါးစပ်က နတ်စကားထွက်တယ်။

မေမေ့ကိုများ ပိုင်စိုးပိုင်နင်း မေမေလို့ လျှာအရသာ ခံခေါ်လိုက်သလို ရှိရှိကျိုးကျိုးကလေး တောင်းပန်နေပုံကို ခင် မုန်းလွန်းလို့ နားရင်းကြီးသာ ပြေးပြီးအုပ်ပစ်လိုက်ချင်သည်။

ဟင်း ... ကြာကလည်းများပါ့။

ဒီလောက်လူမှန်းမသိ မူးတူးနေတာတောင် အရည် ဆောက်တောက် မျက်လုံးညိုညိုတွေက ခင့်မျက်လုံးလေးတွေကို ရိုမြဲလေး စိုက်ကြည့်နေတာ ခင် အော့နလုံးနာလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် သူ့မာမီကတော့ ခင်နှင့်သူ့ကို ဖျောင်းဖျပြီး ခေါင်းရင်းအိမ်က တိုက်ကြီးဆီသို့ ပြန်သွားခဲ့ကြတော့သည်။

မေမေတို့ ပြန်သွားပြီးတာနှင့် သူက ကြီးကြီးမားမားကို ရန်စလာပါတော့သည်။

ခင်ဟာ သည်းခံတတ်တဲ့မိန်းမ မဟုတ်မှန်း သိရက်သားနဲ့ တမင်ရန်စလာတာကြီးကို ခင်တို့က ဘယ်တော့မှ ခေါင်းငုံ့သည်းမခံ။

ခင့်ကိုယ်လုံးလေးကို အနောက်ကနေ သိမ်းကျုံးပွေ့ဖက်လိုက်သည့် သူ့ကိုယ်လုံးကြီးဆီက ချဉ်စူးစူးကြီးကို ခင် ရှူရှာစက်ဆုပ်စွာဖြင့် ပျို့တက်လာရကာ ပါးစပ်ထဲက တံတွေးတွေကို ထိုးအန်ချလိုက်မိပါတော့သည်။

"ဝေါ့ ... ဝေါ့ ... ဝေါ့"

"အာ ... ခင် ... ခင် ဘာဖြစ်တာလဲ၊ အမယ်လေး — အမယ်လေးဗျာ၊ မောင့်အင်္ကျီတွေပေါ်ကို အန်ချတယ် အာ ... ဒုက္ခပဲကွာ၊ အရက်မူးတဲ့ယောကျ်ားက မအန်ရဘူး အရက်နံ့ကိုမခံနိုင်တဲ့မိန်းမက အန်ရတယ်လို့ကွာ၊ ငါ့မိန်းမကတော့ကွာ တကယ်စံပဲ"

"မထိနဲ့၊ မထိနဲ့ ရှင့်အသားကြီးနဲ့ လုံးဝကိုမထိနဲ့"





"ခင်ကလည်းကွာ မပိုစမ်းနဲ့၊ ကိုယ့်အနံ့က ဒီလောက်မဆိုးပါဘူး"

အသည်းပိုလွန်းသည့် ချစ်ဇနီးလေးကိုကြည့်ပြီး သူ ဘယ်လိုချစ်မြတ်နိုးသွားမှန်း မသိ ရင်ထဲ လှစ်ခနဲ နွေးဖျတုန်ယင်သွားရကာ ချစ်ဇနီးလေးရဲ့ ကိုယ်လုံးလျှလျှလေးကို တအားသိမ်းကျုံးပွေ့ဖက်ပစ်လိုက်ပြီး ခေါင်းလေးတယမ်းယမ်းဖြင့် ငြင်းဆန်နေသည့် ချစ်ဇနီးလေးမျက်နှာကလေးထက် အနမ်းနွေးနွေးတွေကို မိန့်မိန့်မူးမူးကြီး ပေးအပ်လိုက်မိပါတော့သည်။

ဇနီးလေးကတော့ သူ့ရဲ့ချစ်အနမ်းတွေကို ရွံရှာလွန်းစွာဖြင့် တဝေါ့ဝေါ့ တထွီထွီလုပ်ရင်း သူ့ရင်ဘတ်ကြီးကို ရင်ခွင်ထဲကနေ တဘုန်းဘုန်း လက်သီးဆုပ်ကလေးဖြင့် ထုနေတာလေးကို သူ လုံးဝမနာနိုင်ခဲ့ဘဲ ချစ်ဇနီးလေးကို အနွေးထွေးဆုံးအချစ်တွေဖြင့် ချစ်ကြင်ခံစားလိုက်ရသည်။

"အဟင့် ဟင့် ... သေချင်တယ် ... သေချင်တယ်"

"မသေချင်နဲ့ပါဦး အချစ်ရယ်၊ ကိုယ်ဟာ လူပျိုစစ်စစ်ယောကျ်ားတစ်ယောက် ဆိုတာကို လက်ခံအတည်ပြုလိုက်ပါဦး"

"ရှင် ... ရှင် ... ဒါ ကျွန်မကို ငြိုးထားတာပေါ့"

"အင်း ... ဟင်း ... မငြိုးပါဘူး၊ ဒီညလွန်ရင်တော့ ကိုယ်ဟာ မင်းထင်ထားတဲ့ ယောကျ်ားတစ်ယောက်ဖြစ်သွားပြီနော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ကောက် လူယုတ်မာ"

"ဟော့ ... အဲဒီစကားကို မသုံးနဲ့နော်"

"သုံးတယ်၊ သုံးတယ် ... ဝေါ့"

"အာ ... ဒီမိန်းမ ပိုလိုက်တာကွာ၊ ဖွီး ... ရွှံဖို့ကောင်းလိုက်တာကွာ၊ တံတွေးတွေ ကိုယ့်ကိုစဉ်ကုန်ပြီ"

မျက်ရည်လေးတွေ ရွှဲရွှဲစိုအောင်ငိုနေရင်းမှ သူ့ရင်ခွင်ထဲမှာ ဆတ်စလူးခါကာ တဘုန်းဘုန်းထုရိုက်နေသည့် ချစ်ဇနီးလေး တံတွေးတွေကို ရွံ့ဖို့ကောင်းလိုက်တာလို့ ပြောလိုက်ရပေမယ့် ဒီအမူအရာလေးကို အသည်းခိုက်မတတ်ချစ်သွားခဲ့ရသည့် သူ့ကိုယ်သူ ဘာမှန်းမသိသည့်ခံစားမှုနွေးနွေးလေးတွေ စိမ့်တုန်သွားခဲ့ရတော့သည်။

အား ... ချစ်တယ် ...

ချစ်တယ်။

မင်းကို ကိုယ် ဘယ်လိုချစ်မှန်း မသိဘူး။

ရင်ထဲက နွေးရှိရှိချစ်ခြင်းတွေက သူ့နှုတ်ခမ်းဖျားကနေ တိုးဖွဖွကြီး ပွင့်အန်သွားရလေတော့သည်။

ချစ်သူဇနီးလေးကလည်း သူ့ရင်ထဲက အနွေးထွေးဆုံးချစ်ခြင်းတွေကို ချိုမြိန်နွေးထွေးစွာ မိန့်မိန့်မူးမူးလေးခံယူခဲ့မှာပဲလို့ သူ ရင်ခုန်စွာဖြင့် ယုံကြည်လိုက်မိပါတော့သည်။





"ခင် ... ကိုယ် မင်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးပါဘူး၊ ကိုယ့်ဘဝမှာ ခင်ဟာ ပထမဦးဆုံး ကိုယ့်ရဲ့အချစ်ဦး အသည်းနှလုံးလေးပါကွာ၊ ကိုယ့်ဘဝမှာ ခင်ရှိရင် အရာရာပြည့်စုံသွားပြီ၊ ခင်က ကိုယ့်အသက် ကိုယ့်အသည်းပဲ၊ ခင် စိတ်ဆင်းရဲမယ့်အရာမှန်သမျှ ကိုယ် ဘာမှမလုပ်တော့ပါဘူး၊ ကိုယ် အဲဒီလောက်အထိ ခင့်ကို သိပ်ချစ်ပါတယ်၊ ကိုယ် ဒီနေ့ အရက်သောက်လာတာကို ခွင့်လွှတ်ပါနော် ခင်၊ နောက် ကိုယ်ဘယ်တော့မှ အရက်မသောက်တော့ပါဘူး ... နော် ... နော်"

"ဟင့်အင်း ... ဟင့်အင်း ... ရှင့်အနံ့ကြီးကို မခံနိုင်ဘူး၊ ရှင် အပြင်ထွက်အိပ်ပေးပါ၊ တောင်းပန်ပါတယ်"

"ဘာ ... ဒါတော့မရဘူးကွာ ချစ်ရယ်"

"ဟင့်အင်း ... ဟင့်အင်း ... ရှင်နော်"

ခင့်နှုတ်ခမ်းလုံးလုံးအိအိကလေးတွေဆီက အငြင်း ...ားလေးတွေ ရဲရဲဝံ့ဝံ့ကလေး ထွက်မလာနိုင်ရှာတော့ဘဲ သူ့ရဲ့ ...မ်းနွေးနွေးတွေအောက်မှာ တိခနဲပိတ်ကျသွားရရှာတော့သည်။

ချစ်ဇနီးကလေး မျက်ရည်လည်ရွှဲဖြင့် ခေါင်းလေး ...ါ ငြင်းဆန်နေတာလေးကို သူ ရင်ခုန်နွေးဖျစွာ သနားကြင် ...ိပေမယ့် မဂ်လာဦးညကိုတော့ဖြင့် သူ လက်လွှတ်ဆုံးရှုံးမခံ



www.burmeseclassic.com

www.burmeseclassic.com

နိုင်လောက်အောင်ကိုပင် ရင်ထဲမှာ နွေးထွေးသည့်ရင်ခုန်ခြင်းတွေက အသက်ဝင် လတ်ဆတ်သွားပါတော့သည်။

ခင်ရယ် ... ကိုယ် မင်းကို ဘယ်လိုချစ်မှန်းမသိခဲ့ပါဘူးကွာ။

ကိုယ့်ဘဝမှာ ...

မင်းမျက်နှာလေးက တစ်ကမ္ဘာပါပဲ ခင်ရယ်။





## ၁၃

"ဟင် ... ခင်ရော"

မင်းသက်မှူးတင် အိပ်ရာမှ လန့်နိုးနိုးချင်း ရင်ခွင်ထဲမှာ ပွေ့ဖက်ထားသည့်ဇနီးလေးကို မတွေ့လိုက်ရသဖြင့် ရင်ထဲ...ိန်းခနဲဆောင့်ခုန်သွားသည်အထိ စိတ်လှုပ်ရှားသွားပါသည်။

ခုတင်ကြီးပေါ်မှာ ငွမ်းဆောင်ထူထူကြီးကို ခြုံရင်း...နွေးနွေးထွေးထွေး အိပ်စက်နေရာကနေ ဝေါက်ခနဲ ထထိုင်ပစ်လိုက်...ီး ခုတင်ပေါ်မှ ကမန်းကတန်း ဆင်းလိုက်သည်။

ညက မချွတ်ဖြစ်သည့် ရိုးလက်နာရီကလေးကို ...ောင်ကြည့်လိုက်တော့ မနက်ဆယ်နာရီခွဲတောင်ကျော်သွားပြီမို့...ှမှာ ရင်တထိတ်ထိတ်ဖြင့်ပင် အခန်းထဲက အပြေးတစ်ပိုင်းထွက်...ာခဲ့တော့သည်။


www.burmeseclassic.com

www.burmeseclassic.com

အင်း ...

ခင် ... ခင် ဘယ်ရောက်သွားပြီလဲ။

အိမ်ကနေတော့ ထွက်မပြေးလောက်ပါဘူး။

မဟုတ်တရုတ် အတွေးရူးတွေက သူ့ဦးနှောက်ထဲ လုပ်ခနဲဝင်လာပြီးမှ သူ ကမန်းကတန်း မျက်လုံးအကြည့်တွေကို ရွေ့လျားရင်း အခန်းတိုင်းစိအောင် သူ ရင်ဖိုတုန်ယင်စွာလိုက်ရှာနေမိသည်။

အိမ်ရှေ့ဝရန်တာမှာလည်း ခင့်ကိုမတွေ့။ နောက်ဖေးမီးဖိုဆောင်မှာလည်းမတွေ့။

ဟား ...

မာမီတို့ဆီများ ရောက်နေတာလား ...

ဒီမိန်းမကွာ ငါ့ကို ရင်ပူအောင်လုပ်တယ်။

သူ့မှာ အိပ်ရာထထချင်း မျက်နှာတောင်မသစ်အားသေးဘဲ ဇနီးချောလေးကို အငမ်းမရ လိုက်ရှာနေခဲ့မိသည်။

အပေါ်ထပ်ရေချိုးခန်းမှာလည်း ရှာမတွေ့သည့်အဆုံး သူ အောက်ထပ်ရေချိုးခန်းရှိရာသို့ လှေကားပေါ်ကနေ အပြေးတစ်ပိုင်း ဆင်းလာခဲ့မိပါတော့သည်။

"ဟင်"





လုပ်ခနဲ သူ့မျက်လုံးတွေကို ရွေ့လျားလိုက်သည့် အချိန်မှာပဲ အိမ်ရှေ့သံပန်းတံခါးကလေးကို နွဲ့နွဲ့ကလေးမှီပြီး မျက်ရည်လေးတွေ စီးကျနေသည့် ချစ်ဇနီးလေး ခံစားကြေကွဲနေတာလေးကို ကြည့်ပြီး သူ့ရင်ကြီး တုန်ခနဲ နွမ်းခိုက်သွားရသလို လှမ်းလက်စခြေလှမ်းကြီးတွေလည်း တုံ့ခနဲရပ်တန့်သွားတော့သည်။

ဟင်း ...

ခင် ဘာဖြစ်လို့ တိတ်တိတ်ကလေးငိုရှိုက်နေရတာလဲ။ ခင် ငိုနေတာလေးက ကလေးလေးတစ်ယောက် ကျိတ်ငိုနေသလိုမျိုးလေး။

ခင်ရယ် ဘာဖြစ်ရပြန်ပြီလဲ ချစ်ရယ်။

မင်းသက်မှုတင် ခင့်မျက်နှာမှ မျက်ရည်စွဲစွဲလေးတွေကို စိုက်ကြည့်ပြီး သက်မမောကြီးချလိုက်မိကာ နေးကွေးသည့်ခြေလှမ်းကြီးတွေဖြင့် ခင် မှီရပ်နေသည့် သံပန်းတံခါးဆီသို့ လျှောက်သွားလိုက်ပါသည်။

အဲဒီနောက် နောက်ကနေ ခင့်ကိုယ်လုံးလေးကို ပွေ့ဖက်ရင်း မျက်ရည်လေးတွေဖြင့် သူ့ကို အကဲမကျေစွာ စိုက်ကြည့်လာသည့် ချစ်ဇနီးလေးကို ချော့မော့နှစ်သိမ့်သည့် မျက်ဝန်းကြည်ကြည်တွေဖြင့် စိုက်ကြည့်လိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘာတွေ ခံစားနေပြန်ပြီလဲကွာ၊ ပြောစမ်းပါဦး မျက်ရည်လည်ရွဲဖြစ်နေတာ မောင် စိတ်မချမ်းသာဘူး၊ အိပ်ရာကနိုးနိုးချင်း ခင့်ကိုမတွေ့ရလို့ ရင်ကိုပူသွားတာပဲ ကွာ၊ ခင် နိုးတာကြာပြီလား၊ ကိုယ်ကတော့ အိပ်ပုပ်တယ် ကွ၊ ကုမ္ပဏီရုံးခန်းပိတ်ရက်ဆို ကိုယ်က ဆယ်နာရီလောက် ကို အိပ်ပစ်တာ"

ခင့်မျက်ဝန်းလုလုကလေးတွေကို နွေးနွေးလေးစိုက် ကြည့်ပြီး ချစ်စနိုးဖြင့် မေးဆတ်မေးလိုက်တော့ ခင်က သူ့မျက် နှာလေးကို တည်ရူးရူးကြီးစိုက်ကြည့်ပြီး နှုတ်ခမ်းကလေးမဲ့ကာ မျက်နှာလေး လွှဲသွားလေသည်။

သူက ခင့်အမူအရာလေးကို အရမ်းအသည်းယား သွားရကာ သွေးစိမ်းလေးတွေယှက်ဖြာနေသည့် ခင့်ရဲ့ပါးအိုကလေး ကို ခပ်နာနာကလေး ဆွဲဖျစ်ပစ်လိုက်တော့သည်။

"အား ... ရှင်နော်"

အမူပိုပိုလေးဖြင့် အော်လိုက်တာလေးကို သူ ပို အသည်းဖိန့်သွားရကာ ခင့်ကိုယ်လုံးလေးကို သူနှင့် တစ်သားတည် ကျအောင် တိုးဖက်ပစ်လိုက်ရင်း မျက်ရည်လေးတွေစိုစွတ်နေသ ခင့်ပါးပြင်နုနုလေးကို သူ့နှုတ်ခမ်းနွေးနွေးကြီးဖြင့် ဖိသုတ် လိုက်တော့သည်။





ခင်က ခေါင်းကလေးတယမ်းယမ်းဖြင့် သူ့အကြင်နာ အနမ်းလေးတွေကို ငြင်းဆန်လေလေ သူက ပိုပြီး အသည်းယားလေ လေဖြစ်သည်။

"ရှင်နော် ... ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ"

"ဘာတွေစိတ်ညစ်နေတာလဲ၊ ကဲ ... ပြောစမ်းပါဦး"

"ဖေဖေနဲ့မေမေတို့ မန္တလေးကိုပြန်သွားပြီ"

"သြော် ... ဟော် ... ဒါကတော့ သူ့ဌာနေ သူပြန်တာပေါ့ ခင်လည်းပဲ ခင့်ဌာနေဖြစ်တဲ့ ကိုယ့်ရင်ခွင် ကိုယ့်အရိပ် ကိုယ့်ဒေသကို ကျန်ခဲ့ရပြီလေ၊ ဒါဆန်းသလား မိန်းမရဲ့၊ ဒါ လောကသဘာဝမဟုတ်လားကွယ်"

သူက ခင့်စိတ်ကလေးကြည်သွားစေအောင် တမင် သီချင်းလေးလုပ် ဆိုပြလိုက်တော့ ခင်က ပိုပြီးဝမ်းနည်းသွားသည် ခင်သည်။

သူ့ရင်ခွင်ထဲမှာ မျက်နှာကလေးအပ်ချပြီး တရှိုက် ကြ ငိုကြွေးလိုက်ပါတော့သည်။

ဟား ... ရင်ခွင်ထဲမှာ ပြောကာမှ ပိုပြီး ဝမ်းနည်းသွား သည့် ဇနီးချောလေးကိုကြည့်ပြီး သူ စိတ်ပျက်လက်ပျက် မျက်နှာ ကြီးရှုံ့မဲ့သွားရသည်။

အား ...



www.burmeseclassic.com

www.burmeseclassic.com



အသည်းစားလေးတော့ ခက်တော့တာပဲ။

သူ့မှာ ချော့ပြီးရင်း ချော့ရမလို ဖြစ်နေသည်။

ချော့လေ ပိုဆိုးလေပဲ ဖြစ်မလားပဲ။

ဒါပေမဲ့ ...

မိဘတွေ ဌာနေပြန်သွားပြီမို့ ဝမ်းနည်းအားငယ်နေရှာသည့် ဇနီးချောလေးကို သနားကြင်နာစိတ်ဖြင့် နှစ်သိမ့်အားပေးရမည်ဖြစ်သည်။ ဒါမှ ဇနီးလေးကလည်း သူ့ကို တန်ဖိုးထားမြတ်နိုးမှာ။

"ခင်ရယ် သိပ်ပြီးလည်း ဝမ်းနည်းမနေပါနဲ့ကွာ၊ ခင့်မိဘတွေကို အရမ်းကိုသတိရလို့ ပြန်ချင်တဲ့အချိန် မောင်လိုက်ပို့မှာပေါ့ကွာ၊ တိတ်ပါကွာ' ငိုမနေပါနဲ့၊ မိဘတွေစိတ်အေးအေးနဲ့ပြန်ပါစေကွာနော်၊ ခင် ... ခင်က လိမ္မာပါတယ်၊ ကိုယ့်မိန်းမက လိမ္မာပါတယ်ကွာနော်"

"မသိဘူး ... မသိဘူး၊ ရှင့်ကို သိပ်အမြင်ကတ်တာပဲ၊ ရှင့်ကြောင့် ကျွန်မ လုပ်ပိုင်ခွင့်တွေအားလုံး ဆုံးရှုံးလိုက်ရပြီ၊ ကျွန်မ အမြတ်နိုးဆုံး ဆရာမ ဘဝကိုပါ စွန့်ပစ်လိုက်ရပြီ၊ ရှင့်လုပ်ရပ်တွေကို သိပ်မုန်းတယ်၊ မုန်းတယ်"

"ခင်ကလည်းကွာ ကလေးမဟုတ်ဘဲနဲ့၊ ကလေးလေးလို နှုတ်ခမ်းထော်ပြီး ရန်တွေ့နေတာ ကြည့်မကောင်းပါဘူး"





"အင်း ... တော်တော်တန်ဖိုးကြီးတဲ့ယောကျ်ားကို ရထားတော့ ကျွန်မဂုဏ်တွေကိုပါ အကုန်ခွာချပစ်ခဲ့ရပြီ၊ ဒီကသမက်က ကောင်းလိုက်တာ၊ ပိုက်ဆံအရမ်းချမ်းသာတဲ့ ဟိုင်းဘော့စ်ဆိုပြီး မေမေတို့ကိုတောင်မထောက် ဗီဇတွေမဖုံးနိုင်မဖိနိုင် အရက်တွေသောက်ရတာ အရက်သမားဂျိုးနောက်ဘာဗီဇတွေပေါဦးမလဲ၊ မြာပွေမလား ပွေ၊ ရှင်ပွေလို့ ကျွန်မ AIDS ရပြီးသေသွားရင် သေသွားစမ်းပါစေ၊ အဲဒီလိုသေသွားတာကမှ စိတ်ချမ်းသာဦးမယ်"

"ကျွတ် ... ခင်ကလည်းကွာ မင်္ဂလာဦးမှာ ဘာတွေလျှောက်ပြောနေတာလဲ၊ ကောင်းကောင်းမပြောဘူးကွာ"

စိတ်ပျက်ပျက်နှင့် သူကညည်းညူပြီး ခင့်မျက်နှာလေးကို ခပ်ရီရီလေးစိုက်ကြည့်လိုက်တော့ ခင်က မဲ့တဲ့တဲ့လေးလုပ်ပြီး မျက်နှာလေးကို လွှဲသွားခဲ့သဖြင့် သူ ပိုပြီးအသည်းယားသွားရကာ ခင့်ကိုယ်လုံးအိအိလေးကို တစ်ချက်တင်းတင်းဆွဲဖက်ပြီး ဆတ်ခနဲ ပွေ့ချီရင်း အပေါ်ထပ်ကို တက်လာခဲ့တော့သည်။

"ဟင် ... ရှင် ... ရှင် ငါ ဘာလုပ်တာလဲ၊ လွှတ် ... လွှတ်စမ်း"

"မိန်းမ ဂျီကျလွန်းလို့ နားမခံနိုင်တော့ဘူး၊ ဒီမှာ သူ့ကိုစိတ်ပူလို့ လိုက်ရှာလိုက်ရတာ ရင်ကို ဖတ်ဖတ်မောနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတွေ့ပြန်တော့လည်း ဂျီကျလိုက်တာ လွန်ပါရောကွာ
တကယ်"

"ရှင်ကရော ... လူကောင်း မို့လို့လား၊ အပြောမခံနိုင်ရ
အောင်"

"ဟာ ... လူကောင်းမဟုတ်လို့ ကိုယ်က တစ်ကုတ်မှမဟုတ်
တာ"

"ရှင် အရက်ဖြတ်၊ စီးကရက်ဖြတ်၊ နှာဘူးကျတာကိုဖြတ်
အဲဒါတွေကို ဖြတ်နိုင်မှ ကျွန်မ ဆက်ပေါင်းနိုင်မယ်
အဲဒါတွေကိုမဖြတ်ဘဲ ဆက်လက်ကျင့်သုံးနေမယ်ဆိုရင်
ကျွန်မက တရားဝင်ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးမှာပဲ"

"မိန်းမ မင်း ဂျီမကျစမ်းနဲ့ကွာ၊ ဟာကွာ ဒီပါးစပ်ကလေး
တော့ မဟုတ်မဟတ်တွေပြောပြီး တပီပီလုပ်တာ နားမခံ
နိုင်တော့ဘူး ... ကဲ"

"ရှင်နော် ... ရှင်"

"ရှင်နော် လုပ်မနေနဲ့၊ မောင်က မျက်နှာမသစ်ရသေးဘူး
နော့ ... ဟွန်း ... ဟွန်း"

"အို ... ရှင် ... ရှင် မယုတ်ပတ်နဲ့နော်၊ လူလိမ်လူကောက်"

"ကဲ ဘာဆက်ပြောဦးမလဲ ပြောဦး ... ကဲ"

"......"





ဖနီးလေးခမျာ သူ့ကို နှုတ်ခမ်းဖူးဖူးကလေးတွေနှင့် ရန်မတွေ့နိုင်တော့ဘဲ မျက်ရည်လေးတွေဖြင့် အရှုံးပေးလိုက်ရတော့သည်။

ဒါမှ သင်းလေးက ငြိမ်မှာ။

သင်းလေးကို ငြိမ်ဆေးကျွေးရမှာ ဘာလဲဆိုတာကို သူကောင်းကောင်းကြီး သဘောပေါက်သွားကာ မိန့်မိန့်ကြီးရင်ခုန်စွာဖြင့် ပြုံးလိုက်မိပါတော့သည်။

ကဲ ... ခင်ရေ ...

အဲဒါ မင်းအတွက် သင်ခန်းစာပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အခန်းထဲဝင်လိုက်တာနှင့် ရေမွှေးနံ့ တသောင်းသောင်းက ခင့်နှာခေါင်းထဲသို့ စူးခနဲ တိုးဝင်လာခဲ့တော့သည်။

အင် ... ကြည့်စမ်းပါဦး။

ယောက်ျားဖြစ်ပြီး အလှအပကလည်းမက်မောလိုက်တာ။

သူက သူမအခန်းထဲဝင်လာတာကို မမြင်သေးဘဲ လေကလေးတချွန်ချွန်ဖြင့် ကုမ္ပဏီသွားဖို့ တက်တက်ကြွကြွပြင်ဆင်နေတော့သည်။

အင်္ကျီလက်ရှည်အဖြူကလေးကို ရှိုးကျကျ ဂျင်းဘောင်းဘီထဲသွင်းပြီး အပြင်ကို ခပ်ဖောင်းဖောင်းကလေးဖြစ်အောင် ခါးနေရာကနေ ကြွကြွကလေး လက်ကလေးတကားကားနှင့် ပြင်ဆင်နေကာ တော်တော်မျက်မှန်းကျိုးဖို့ကောင်းသည်။





ဟွန်း ... သူ့ကိုယ်သူ လူပျိုစတိုင်လ် ထုတ်ချင့်သေးတယ်။

ရုံးမှာ ဘယ်မိန်းကလေးကို ပရော်ပရီ ခြေပုတ်လက်ပုတ် လုပ်ဦးမလဲမသိ။

ခင့်ရင်ထဲမှာ သူ့ကိုမြင်တွေ့လိုက်ရတာနှင့် ဘယ်လိုမှ စိတ်ထဲကြည်လင်ပြီး ကိုယ့်ယောက်ျားရယ်လို့ အထင်ကြီးမြတ်နိုးလို့ကိုမရ။

"ဟာ ... ခင်၊ အမယ်လေးကွာ ... တိတ်တိတ်ကလေးချောင်းနေတာ လန့်လိုက်တာ ... ဟွန်း"

ခင့်မျက်လုံးကလေးက သူ့မျက်နှာနုနုချောချောလေးကို မနှစ်မြို့သလိုကလေး စိုက်ကြည့်ပြီး သူ့ကိုယ်ဆီမှထွက်လာသည့် သင်းပျံ့ပျံ့ စံပယ်ရေမွှေးရနံ့ကလေးကို ရှူရှိုက်ရင်း နှလုံးသားထဲ ပွစ္စေသလိုကလေး ခံစားလိုက်ရသည်။

ဟင်း ... ယောက်ျားတွေ ရေမွှေးသုံးတာလောက်မုန်းတာမရှိ။ သူမလို မိန်းကလေးကတောင် ရေမွှေးမသုံး။

ရေမွှေးသုံးတဲ့ယောက်ျားတွေတိုင်း မိန်းမရှိုးတာများသည်။

"ဟင်း"

အတွေးကလေးဖြင့် ခင် သက်မမောလေးကျိတ်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ရင်ထဲက သံသယအတွေးလေးတွေကို ဘာမှသိ မထားသည့်မျက်နှာနုနုချောချောကလေးက အပြုံးနွေးနွေးတွေဖြင့် ခင့်မျက်နှာကလေးဆီ အနမ်းကလေးတွေပေးအပ်ရင်း ရင်ခုန်သံ မိန့်မိန့်မူးမူးကြီးဖြင့် ခင့်ရင်ထဲက ဝန်တိုမှုလေးတွေကို အလေး မထားဘဲ စွတ်ရွတ်ပြေဖြလာခဲ့တော့သည်။

"အင်း ... ချစ်မိန်းမ၊ မောင် ကုမ္ပဏီသွားတော့မယ်၊ လှ တယ်မို့လားဟင်"

ဟင်း ... ကျွတ် ...ယောကျ်ားတစ်ယောက်ဖြစ်ပြီး အလှကလည်း မက်သေး။

လှနေ ချောနေတာ သိရက်နဲ့ လှချင် ချောချင်တဲ့ ယောကျ်ားကို ခင် ပိုပြီး သံသယဖြစ်သွားရသည်။

ရင်ထဲက သံသယတွေနှင့် မျက်နှာလေးကို ခပ်မဲ့မဲ့ လုပ်ပြီး နှုတ်ခမ်းသားလေးကို တွန့်ခနဲ မဲ့ပစ်လိုက်သည်။

"ဟာ ... ဟာ ... နှုတ်ခမ်းကြီးက ဘာဖြစ်လို့ တွန့်ပြီးမဲ့ ကျသွားတာလဲ ... ဟား ဟား"

မင်းသက်မှူးတင် တစ်ယောက် ခင့်မျက်နှာလေးကို အနမ်းနွေးနွေးတွေ ပေးအပ်ရင်း ရင်ထဲမှာ မိန့်မိန့်မူးမူးကြီးကြည် မွေ့သွားတော့သည်။





ချစ်ဇနီးလေး မျက်ဝန်းရိပ်ကလေးမှာ သူ့ကိုကြည့်ပြီး သံသယရိပ်ကလေးစွန်းပြီး ဝန်တိုနေတာ သူ သိသိကြီးနှင့် ရင် ထဲမှာ ပီတိဖြင့်ပြုံးမော်သွားရသည်။

သူမလေး သူ့ကို သဝန်တိုပြီဆိုရင် သူကျေနပ်သည်။

မိန်းမတွေ ယောကျ်ားအပေါ် သဝန်တိုလာပြီဆိုရင် အရမ်းချစ်လာပြီ ဆိုတာကို သူက ကျေကျေနပ်နပ်ကြီး နှလုံးသွင်း ထားခဲ့သည်။

"အဟက် ... မောင်သွားတော့မယ်နော်၊ ခင် ပျင်းရင် မာမီနဲ့စကားပြောရင် သွားပြောလေ၊ ဒီနေ့တော့ မာမိတို့ အိမ်ကပဲ ထမင်းချိုင့်ဆွဲစားလိုက်ဦးမယ်၊ မနက်ဖြန်တော့ မာမီတို့အိမ်က ဒေါ်မယ်ကို ခေါ်ထားရမယ်၊ မာမီတို့ဆီမှာ ဒေါ်မယ့်သမီးကလေးထားပြီး မိန်းမဆီတော့ ဒေါ်မယ်ကို ခေါ်ထားရတယ်၊ မိန်းမက အိမ်မှာ အေးအေးဆေးဆေးနေ ပျင်းရင်စာဖတ်၊ အခွေကြည့်၊ ယောကျ်ား ကုမ္ပဏီကအပြန် ကိုမျှော်၊ ဒါပဲမဟုတ်လား"

သူက အမှုပိုလွန်းသည့် ခင့်နှုတ်ခမ်းထွေးထွေးက လေးကို စိုက်ကြည့်ပြီး ချစ်အသည်းယားသွားရကာ ခင့်နှုတ်ခမ်း နုထွေးထွေးကလေးကို လက်ကလေးဖြင့် တအားဆွဲဖျစ်လိမ်ဆွဲ လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... ရှင်နော်၊ လူကဲ မလုပ်နဲ့ ကျွန်မ လုံးဝမကြိုက်ဘူး"

"အမယ်လေးဗျာ၊ ဒီလိုကြီးတော့ မပြောလိုက်ပါနဲ့ဗျာ၊ လူမကဲရပါဘူး၊ မိန်းမတစ်ယောက်တည်းကိုပဲ နှစ်နှစ်ကာကာချစ်တာ မြတ်နိုးတာ၊ အရမ်း အရမ်းကြင်နာခဲ့တာပါကွာ၊ ကိုယ့်ကို သံသယမထားစမ်းပါနဲ့ ခင်ရယ်၊ ခင်ပင်ပန်းပါတယ်ကွာ နော်"

ချော့သလို နော့သလိုကလေး ခင့်မျက်နှာလေးအနံ့အနမ်းနွေးတွေပေးအပ်ရင်း သူ ရင်ခုန်ကြည်မွေ့မိန့်မူးခဲ့တာကြီးကို ခင်က ခေါင်းကလေးတယမ်းယမ်း၊ ငြင်းဆန်နေတာလေးကို သူ ပိုပြီးမြတ်နိုးသွားရသည်။

ရိုးသားလိုက်သည့် ချစ်မိန်းမ။ အဲဒီ မင်းရဲ့ရိုးသားမှုကလေးတွေကို မောင် သိပ်ချစ် သိပ်မြတ်နိုးရတာကွာ။

ရိုးသားဖြူစင်လွန်းသည် အဖြူထည် ချစ်ဇနီးလေးမျက်နှာကလေးအနံ့ ချစ်ကြင်နွေးထွေးစွာ သူ့နှုတ်ခမ်းနနကြီးဖြင့်ဖွဖွကြီးနမ်းမွှေးရင်း ခင့်ကိုယ်လုံးသွယ်သွယ်လေးကို အနောက်ကနေ သိမ်းဖက်ပစ်လိုက်သည်။

ဟွန်း ... ကြည့်စမ်းပါဦး။

သူ အနောက်ကနေ သိမ်းဖက်လိုက်တာကြီးကိုမနေတတ်မထိုင်တတ် ကိုယ်လုံးလေး ယို့သွားလိုက်တာ။





ချစ်မိန်းမရယ် မောင် ကုမ္ပဏီသွားရမှာတောင် စိတ်မဖြောင့်ဘူးကွာ။

ဒါပေမဲ့ ...

အလုပ်ကိစ္စဖြစ်နေတော့ မဖြစ်မနေသွားရဦးမည်ဖြစ်သည်။

"ချစ် ကိုယ် ရုံးသွားတော့မယ်နော်၊ အိမ်မှာ အေးအေးဆေးဆေးနေ၊ ပျင်းရင် မောင့်ကို ဖုန်းဆက်သိလား၊ မောင်သွားပြီနော် ... ဟိတ်"

ခင့်နားရွက်ကလေးကို ခပ်ဖွဖွကလေးကိုက်နှုတ်ဆက်ပြီး ခင့်လက်ကလေးနှစ်ဖက်ကို ဆွဲခါယမ်းရင်း ...

ကားသော့တွဲလေးကို ကောက်ကိုင်လိုက်ကာ အခန်းထဲကနေ မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ထွက်သွားသည့်သူ့နောက်ကျောပြင်ကြီးကို ငေးကြည့်ရင်း ခင့်ရင့်ထဲမှာ မောနွေးနွေးကြီး ခံစားလိုက်ရတော့သည်။

ဟင်း ...

ငါနဲ့နော် ... ခက်လိုက်တာ။ ဘာဖြစ်လို့များ ငါ သူ့ကို စိတ်မချ ဖြစ်နေမိတာလဲ။ ဒီလိုအမူသွက်သွက်ကလေးနဲ့ ကုမ္ပဏီမှာလည်း သူ ဒီစတိုင်ပဲ နေမှာလား။

ကုမ္ပဏီဝန်ထမ်းကောင်မလေးတွေရှေ့မှာလည်း အဲဒီလိုကြွကြွရွရွလေး စတိုင်ကျနေမှာလား မသိ။



www.burmeseclassic.com

www.burmeseclassic.com

ဟင်း ... ယောက်ျားဖြစ်ပြီး ချောလည်းချောပါလျက် စတိုင်ကျကျ မျက်စမျက်လုံးနှင့် အမူပိုပိုတွေက ခင့်ရင်ထဲမှာ သူ့ကွယ်ရာမှာ စိတ်မချဖြစ်စိတ်တွေက တစ်နေ့တစ်နေ့ ဖိစီးလို့လာရတော့သည်။

ဟင်း ...

ခင်ကတော့ အိမ်ထဲမှာပဲ တစ်နေ့တစ်နေ့ ပျင်းလည်းနေ၊ ပျော်လည်းနေ နေရသည့်ဘဝ။

တစ်ခါတစ်ခါ အိမ်ကိုလွမ်းလို့ ဖုန်းဆက်စကားပြောဒီလောက်ပဲ ခင့်မှာ အခွင့်အရေးရှိသည်။

ခင်နှင့် မရင်းနှီး မနီးစပ်သည့် အသိုင်းအဝိုင်းကြားမှာ ခင့်မှာ သူထားရာနေ စေရာသွားခဲ့ရသည့်ဘဝ။

သူကတော့ တစ်နေ့တစ်နေ့ ကုမ္ပဏီသွားလိုက်၊ သူ့မိတ်ဆွေအပေါင်းအသင်း မင်္ဂလာဆောင်သွားလိုက်၊ သူငယ်ချင်းမွေးနေ့သွားလိုက်၊ သူငယ်ချင်းသားသမီးမွေးနေ့ သွားလိုက်နှင့် ဟုတ်နေတာပဲ။

သူမကတော့ ...

တစ်ယောက်တည်း ငေါင်းစင်းစင်းကြီး။

မန္တလေးက အသိုင်းအဝိုင်းမှာဆို ခင်က တက္ကသိုလ်ဆရာမဂုဏ်အရှိန်တွေနှင့် ပွဲတိုင်းတင့်တင့်တယ်တယ် ဟိတ်ဟန်ကြီး





ကြီး သွားလာခဲ့ရသမျှ အခု သူနဲ့ကျမှ ချောင်ထိုးခံရသည့် ဘာမှမဟုတ်သည့် အောက်တန်းကျမိန်းမဘဝ ရောက်ခဲ့ရတော့သည်။

အဲဒါကို အခံမကျေဖြစ်ပြီး ခင် သူနှင့် အိမ်ထောင်ဘက်တစ်လပြည့်တဲ့နေ့က စကားများခဲ့ရသေးသည်။

ခင့်မျက်စိထဲမှာ အမြဲတစေကြွရွနေသည့် ယောက်ျားကို မျက်မုန်းကျိုးလွန်းစွာ မကျေမလည် စိုက်ကြည့်ရင်း ရင်ထဲမှာအစာမကြေဖြစ်နေတာတွေကို ဘာမှမဟုတ်သလိုလေး ခပ်ပါးပါးဟန်ဆောင်တင်းထားလိုက်သည်။

ဒါပေမဲ့ ...

Hair Gel သုံးထားသဖြင့် ဆံပင်တွေရှဲပြီးနက်မှောင်ကာ သပ်သပ်ရပ်ရပ်ကြီးကို ထင်းထင်းကြီးလှနေသည့် မင်္ဂလာဆောင်သွားတော့မယ့်ဆဲ့ဆဲ ယောက်ျားဖြစ်သူကို မနာလိုခန့်တို့စိတ်ဖြင့် ခင့်နှုတ်ခမ်းသားကလေးတွေ မဲ့တဲ့တဲ့လုပ်လျက် စိုက်ကြည့်လိုက်မိသည်။

ခင် မနာလိုနေတာကြီးကို သူက သတိထားမိပုံဖြင့် ခင့်မျက်နှာကလေးအနီး လေမှုတ်ကစားပြီး ခင့်နှဖူးကလေးကို လက်ညှိုးကလေးဖြင့်ထောက်ကာ ပခုံးကလေးနှစ်ဖက်တွန့်လျက် ကြာပါသည့်အသံနှော့နှော့လေးနှင့် ပြောလာတော့ ခင် ပိုပြီးအခံရခက် မျက်မုန်းကျိုးသွားရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟိတ် ... ခင်လေး၊ ဘာတွေ ရှေ့စိတ်တော်ညိုနေရသလဲ ကွာ ပြောပါဦး"

"ကျွန်မ မန္တလေးမှာပြန်နေမယ်၊ ဒီမှာ လုံးဝမနေနိုင်ဘူး"

"ဟာ ... ဘာတွေလျှောက်ပြောနေတာလဲ၊ မဟုတ်တာတွေ ကွာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မ မန္တလေးကအိမ်မှာပဲ ပြန်နေမယ်၊ ရှင်လိုက်နိုင်ရင်လိုက်ခဲ့၊ မလိုက်နိုင်ရင်လည်း ကွဲမယ်"

"ခင်ရယ် ... မင်းမလဲကွာ တစ်နေ့တစ်နေ့ ဘာတွေဖြစ်နေမှန်းကိုမသိဘူး၊ မဖြစ်နိုင်တဲ့ဘာတွေ လျှောက်ပြောနေတာပဲ၊ နားကိုညည်းတယ်၊ မိန်းမလေးတစ်ယောက် ရပါတယ်ဆို ပူညံပူညံဖြစ်နေပြီ တကယ်"

"ဘာပြောတယ်၊ ရှင် ဘာပြောတယ်"

"အား ... ခင် မလုပ်နဲ့၊ မောင် မင်္ဂလာဆောင်သွားခါနီးကိုကွာ၊ ပူညံပူညံနိုင်ရုံတင်မဘူး၊ မောင့်အကျီတွေ တွန့်ကြေကုန်ပြီ၊ ယောကျာ်းအကျီတို့ ပုဆိုးတို့ကျ တစ်စက်မှ လျှော်ဖွပ် မီးပူတိုက်ပေးချင်စိတ်မရှိတဲ့ မိန်းမနော်၊ အေးအေးဆေးဆေးနေကွာ"

"အေးအေးဆေးဆေး မနေတော့ ရှင်က ဘာလုပ်ချင်သလဲ"





"အာ ... ဘာမှ မလုပ်ချင်ပါဘူး၊ မင်းသက်မှုုတင်ဟာ မိန်းမရပြီးကတည်းက မိန်းမက ဒီအရက်သောက်တာ မကြိုက်ဘူးဖြစ်ဆိုလို့ အခု မင်္ဂလာဆောင်တွေကြုံတာတောင် မောင် ဘယ်မှာအရက်သောက်လို့လဲ၊ စီးကရက်အနံ့ကို မခံနိုင်ပါဘူး မူးလို့ပါလို့ မိန်းမ ပူညံပူညံလုပ်ဖြတ်ခိုင်း တော့လည်း အသက်နှစ်ဆယ်တည်းက သောက်လာတဲ့ စီးကရက်ကိုဖြတ်ပစ်ရ၊ ဘယ်မိန်းကလေးနဲ့မှ အရောတဝင် စကားမပြောရဘူးဆိုထားလို့လည်း ကိုယ့်မှာ ခင်တဲ့မိန်းက လေးမိတ်ဆွေတွေကို ခပ်တန်းတန်းနေခဲ့လို့ အခု ကိုယ့်ကို အသိုင်းအဝိုင်းထဲက သူငယ်ချင်းတွေက မယက မယကနဲ့ ကင်ပွန်းတပ်ခံနေရတာ၊ ကဲ ... ကိုယ် ဘယ်လောက်ရှက်ဖို့ ကောင်းနေပြီလဲကွာ၊ ခင် တစ်နေ့တစ်နေ့ ပူညံ ပူညံလုပ်တာ သဝန်တိုတာတွေနဲ့ ကိုယ်တော့ လူတောဝင်မှာမဟုတ်တော့ ဘူး"

"ရှင့်အသိုင်းအဝိုင်းနဲ့ ကျွန်မ မညီမျှတော့ ရှင် မငြီးငွေ့ ဘူးလား"

"ခင်ရယ် ဘာတွေလျှောက်ပြောနေတာလဲကွာ၊ မင်္ဂလာ ဆောင်သွားခါနီးကို ပူညံပူညံ မလုပ်စမ်းပါနဲ့"

ကြည့်စမ်းပါဦး ...



www.burmeseclassic.com

www.burmeseclassic.com



ခင့်ကိုမျှား စလန်ပေးသလို လက်တခါခါနှင့် မျက်စိမှိတ်လိုက် ခေါင်းခါလိုက်လုပ်နေသည့် သူ့မျက်နှာကြီးကိုကြည့်ပြီး ခင့်ရင်ထဲမှာ စိုးစိုးစစ်စစ်မြည်အောင် နာကျင်လှိုင်းရိုက်သွားရကာ ရင်ထဲက ဒေါသတွေ အစွမ်းကုန်ပေါက်ကွဲသွားရပါတော့သည်။

သူ့ရင်ဘတ်ကြီးကအင်္ကျီစကို ဆောင့်ကာဆောင့်ကာဆွဲကိုင်ခါယမ်းပစ်လိုက်ပြီး ခင် ကျုံးအော်ပစ်လိုက်တော့သည်။

"ရှင် ... ရှင်က ကျွန်မကို ချောင်ထိုးထားတာပေါ့လေ၊ မန္တလေးသူ အ,အမ ဆိုပြီး ရှင်ကတော့ ပွဲတိုင်းကျော်ပါတီဂဲလ်တွေနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာမဟုတ်လား၊ ကျွန်မအိမ်က ထိုင်နေပေမယ့် မသိဘူး အောက်မေ့နေသလား၊ မန္တလေးသူ မအ,ဘူးရှင့်။ မအ,ဘူး။ အမြဲတမ်း အပျော်အပါးမက်ပြီး တစေ့ပွဲတောင်တည်နေတဲ့ ယောကျ်ားကို ရထားတာ သေချင်လောက်အောင် စိတ်ဆင်းရဲတယ်၊ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားရက်ဆိုးတာ အစကတည်းက သိပါတယ်"

ညည်းညည်းညူညူ ယောကျ်ားရက်ဆိုးကြောင်း သူ့ကိုယ်သူ အခဲမကျေဖြစ်ပြီး အော်ပြောလိုက်သည့် ခင့်ကိုကြည့်ပြီး သူ တော်တော်စိတ်ပျက်သွားရသည်။





ဟား ... ခက်လိုက်တဲ့မိန်းမ။

သူက သိပ်ချစ်လို့ အလျှော့ပေး အလိုလိုက်တာကို သူမက အမြဲတမ်း အခွင့်အရေးယူပြီး သူ့ကို ညှာခါးစကတည်းက ဂျိုကျဆိုးနှဲ့ခဲ့တာပင်။

လက်ထပ်ပြီးခါစကတစ်ခါ သူငယ်ချင်းမွေးနေ့ကို သွားတော့ ခင့်ကိုပါခေါ်တော့ မလိုက်ဘဲ မဲ့မဲ့ရွဲ့ရွဲ့ အထင်သေးတတ်သည့်မိန်းမကို အိမ်ထောင်သက်တစ်လအတွင်းမှာ သူ ဒုက္ခခံပြီး သည်းခံခဲ့ရသည်။ ကြီးကြီးကျယ်ကျယ်တော့ ရန်မဖြစ်ဘူးခဲ့။

ဒါပေမဲ့ သူ့ကို ကုမ္ပဏီကပြန်လာတိုင်း သူ့ကိုယ်လုံးအနားကို တိုးကပ်ပြီး အင်္ကျီတွေကို ပြူးပြဲရှာဖွေတတ်တာ အစက သူ ဘာမှန်းမသိခဲ့။

နောက်တော့ သူမ သူ့ကိုသဝန်တိုလွန်းစွာ မိန်းကလေးများနှင့် စိတ်မချဖြစ်ပြီး မိန်းကလေးအသုံးအဆောင်ပစ္စည်းလေးတွေများ ကပ်ပါလာခဲ့လေမလားလို့ အကဲခတ်ခဲ့တာတွေကို သူ သိခဲ့ရ၍ ရယ်လည်းရယ်ချင်သွားရသည်။ ပြီးတော့ သဝန်တိုစိတ်ပြင်းကာ သူ့အပေါ် အချစ်လွန်ကျူးနေခဲ့သည့်မိန်းမကို သ ပို့ပြီး အလိုလိုက်ချစ်ခဲ့မိတာ အခုတော့ သူ့မှာ မဟာအမှားကြီးကို ဖိတ်ခေါ်လိုက်မိသလိုဖြစ်သွားရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမြဲတမ်း သူ အပြင်တစ်ခါထွက်တိုင်း အိမ်ထဲမှာ သံသယစိတ် သဝန်တိုစိတ်တွေဖြင့် ကျန်ရစ်ခဲ့သည့် ချစ်ဇနီးလေးရဲ့ ဆိုးနွဲ့ဂျီကျတဲ့ဒဏ်တွေကို နေ့ရှိသရွေ့ခံလာရဖန်များလာတော့ သူ့မှာ နေဧရာမရှိလောက်အောင်ကိုပင် စိတ်ကျဉ်းကျပ်ခဲ့ရသည်။

ကုမ္ပဏီရုံးကိစ္စဖြင့် ရုံးကလက်အောက်ဝန်ထမ်းအမျိုးသမီးကလေးတွေနှင့် ဖုန်းစကားပြောတိုင်း သူ့အနားကနေ တစ်ဖဝါးမှမခွာဘဲ သူ့ဖုန်းစကားပြောခဲ့တာတွေကို အစအဆုံးနားထောင်ပြီး ယောကျ်ားကို လုံးဝမလေးစား အထင်မကြီးသည့်စတိုင်ဖြင့် ဝေဖန်ပုတ်ခတ်လာခဲ့သည်။

သူ ဖုန်းစကားပြောပြီးလို့ ခင့်ကို အပြုံးနွေးနွေးလေးနှင့် ပြုံးပြခဲ့တာကို ခင်က မဲ့တဲ့တဲ့နှုတ်ခမ်းတစ်စုံဖြင့် မျက်နက်ဝန်းလေးကိုထောင့်ကပ်ပြီး ခပ်ထေ့ထေ့အမူကလေးဖြင့် ...

"အဟင်း ဟင်း ... ယောကျ်ားဖြစ်ပြီး အလုပ်ကိစ္စစကားပြောတဲ့အသံကလည်း ပျားရည်အိုးထဲ ရောက်နေသလိုပဲ ချိုလိုက်တာကြီးနော်၊ အင်း ... အင်း ... လောကမှာ ကြောက်စရာအကောင်းဆုံး ယောကျ်ားထဲမှာ စကားချိုချိုယောကျ်ားတွေလည်း ပါဝင်လေရဲ့၊ စကားချိုလေ နှာအိုးကြွယ်လေပါပဲ"





"ခက်တော့တာပဲ ခင်ရယ်၊ မောင်က စီးပွားရေးသမားလေ၊ စီးပွားရေးကျကျ ချိုချိုသာသာ ဆက်ဆံရတာ၊ ဒါ သမုတ်စရာလားကွာ၊ မင်းမလဲ မောင့်ကို သဝန်တိုနေတာနဲ့တင် အသက်ရှည်မှာ မဟုတ်တော့ဘူး"

"အမယ်လေး ... အမယ်လေး ... သဝန်မတိုပါဘူးနော်၊ ရှင့်ကိုအရေးမစိုက်လို့ ရှင့်နောက်တကောက်ကောက်မလိုက်ဘဲ ရှင့်ကို ပစ်စလက်ခတ်ကြီးကို Free ပေးခဲ့တာပဲ၊ သဝန်လည်းမတိုဘူး၊ အူလည်းမကြောင်ဘူး၊ ကိုယ်ချစ်လို့ ကြိုက်လို့ယူထားတဲ့ယောကျ်ားလည်း မဟုတ်ဘူး၊ ဒါပေမဲ့ တစ်နေ့တစ်နေ့ အိမ်ထဲကနေ ကုပ်ချောင်ချောင်းနေရတဲ့ ဘဝတစ်ခုကိုတော့ စိတ်နာမိတာအမှန်ပဲ"

အိမ်ထောင်သက်ကလေး တိုတိုကလေးအတွင်းမှာပဲ အဲဒီလို သူ့ကိုစကားနာထိုး သဝန်တိုခဲ့ပေမယ့် သူ့ကိုယ်သူ အနိုင်ယူ ခေါင်းလုပ်ခဲ့သည့်မိန်းမကို သူ နောက်ဆုံးတော့ အလျှော့ပေးသည်းခံ သူမ မလိုက်ချင်သည့်ပွဲတွေကိုလည်း ဖွတ်အတင်းမခေါ်ဘဲ တစ်ယောက်တည်းနွှဲခဲ့မိကာမှ အခုတော့ အကြီးအကျယ်ရန်လုပ်လာခဲ့လေတော့သည်။

အင်း ... ဒီမိန်းမနဲ့တော့ တစ်သက်လုံး ဒီအတိုင်းသွားရင်တော့ ခက်ရချည့်ရဲ့။


www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ရက်တွေက အတွေးကလေးတွေကို သူ မောင်းထုတ်ပစ်လိုက်ပြီး မျက်ဝန်းအစုံကို ခပ်တင်းတင်းမှိတ် ရင်း ကျဉ်းကျပ်ရှုပ်ထွေးနေသည့် စိတ်အာရုံကို လေပူတစ်ချက် ဟားခနဲ ထုတ်ပစ်လိုက်တော့သည်။ အင်း ... အခုထိ အံခဲမကျေ ရှုဖြင့် ခပ်စိမ်းစိမ်းလေးစိုက်ကြည့်နေသည့် ဇနီးချောလေးကိုလည်း သူ စိတ်ပျက်လက်ပျက်ပင် ခပ်တည်တည်ကြီး စိုက်ကြည့်ရင်း မေးဆတ်ပြလိုက်သည်။

ဘာပြောဦးမလဲ၊ ဘာပူညံပူညံ လုပ်ဦးမလဲ ...

ပြောချင်ရာပြောဆိုသည့် စတိုင်ကြီးဖြင့် သူ မျက်စပစ် မေးဆတ်ပြလိုက်တာကို သူမက ပိုပြီးနာသာခံခက်ဖြစ်သွားပုံဖြင့် မျက်နှာကလေးကို ချာခနဲလွှဲပစ်လိုက်လေသည်။

ပြီးတော့ သူ့ရင်ကို အခံရခက်စေသည့် ခနီးခနဲ့ အသံအီအီကလေးဖြင့် ...

"အမယ်လေး ... အမယ်လေး ... ငါ့နှယ်နော်၊ ထောင့်မကျိုး လုတဲ့ စာတ်ပျက်ရုပ်ကို ရထားတယ်၊ ဟင်း ဟင်း ... မေမေဒေါ်လှိုင်မေထားရဲ့သမီး ခင်ခင်မြတ်မင်းတစ်ယောက် တော့ နုပ်ပစ်ခံရတော့တာပဲ"

မျက်နှာကလေးတစ်ခုလုံး မဲ့သွားကာ သူ့ကို အရေး မစိုက်သလိုဆက်ဆံလာသည့် မိန်းမဖြစ်သူကိုကြည့်ပြီး ဘယ်လိုမှ သည်းခံပေးလို့ မရအောင် စိတ်ကုန်သွားရတော့သည်။





သူ့အရှေ့မှာ သူ့ကို အမူပိုပိုဖြင့် ပြောင်စိန်မဲ့ရွဲ့ အပုတ်ချနေသည့် ဇနီးသည်ရဲ့ပခုံးသားလေးကို သူ ခပ်တင်းတင်း ဆွဲကိုင်ခါယမ်းပစ်လိုက်ပြီး ဒေါသမျက်လုံးပြူးကြီးဖြင့် သူ အစွမ်းကုန်ပေါက်ကွဲသွားပါတော့သည်။

"ခင်နော် ... မင်း ... မင်း သိပ်တရားလွန်လာပြီ၊ မင်း စကားတွေ ရုပ်တန်းကရုပ်တော့"

"အောင်မယ် ရှင်က ဘာကောင်မို့လို့ ကျွန်မကို အမိန့်ပေးရ တာလဲ"

"ဘာကောင်ရမလဲကွ၊ မင်းလင် ... မင်းလင်လေ"

"ရှင်နော် ... ရှင် မမိုက်ရိုင်းနဲ့"

"ငါ့ကို ရိုင်းအောင်လုပ်နေတာက မင်းလေ၊ အလကား ဘယ်လိုမိန်းမမှန်းကိုမသိဘူး၊ ယောကျ်ားကို လျှောက်ချုပ်ချယ်လိုက်တာလည်း လွန်ပါရော၊ သူမို့လို့ စိတ်အမောခံနေတယ်၊ ဒီမှာ ခင် ... မင်းမကြိုက်တာတွေ ကိုယ် အားလုံး ပြင်ပြီးပြီနော်၊ အေး ... မင်း ထပ်ပြီးဂျီကျဖို့တော့မပြင်နဲ့၊ နောက်တစ်ခါ ငါနဲ့အသိပဲ"

"အောင်မယ် ... ရှင်က ... ရှင်က ကျွန်မကို ကြိမ်းရအောင်"

ခင် ဆတ်ဆတ်ခါ နာသွားတာကို သူ လုံးဝဂရုမစိုက် တော့ဘဲ ခင့်ကို ကျောခိုင်းပြီး လက်ခါပြလိုက်ကာ ခြေလှမ်းကျဲကြီးတွေနှင့် အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ဆီက တဝုန်းဝုန်း တဒိုင်းဒိုင်းဖြစ်ကျန်ခဲ့တာတွေကို သူ ဂရုမစိုက်မိတော့။ သူမလေး သူ့ကို အခံရခက်ပြီး ပေါက်ကွဲနေတာကိုသာ ဂရုစိုက်နေခဲ့ရင် Sedona က သူငယ်ချင်းမင်္ဂလာပွဲကို သူ မီမှာမဟုတ်ကော့။

အင်း ... ခင် ... ခင် ... မင်းကလဲ ငါ ဝတ်ကောင်းစားလှနဲ့ဝတ်စားပြီး အပြင်တစ်ခါထွက်တိုင်း စိတ်တွေအပင်ပန်းခံပြီး သဝန်တိုနေရတာ။

ငါ မင်းအစား ရင်မောလှပါတယ် ခင်ရယ်။

ဒီလောက် ယောကျ်ားအပေါ် အချစ်လွန်ပြီး ချုပ်ချယ်ကာ သဝန်တိုစိတ်လွန်ကဲသည့် မိန်းမကို သူ ပိုင်ဆိုင်လိုက်ရတာ သူ စိတ်ရောလူပါ ဖတ်ဖတ်မောခဲ့ရသည်။

ဒါပေမဲ့ ... သူ့အပေါ် သဝန်တိုစိတ်ကြီးလွန်းသည့် ခင့်ကို သူ အသည်းထဲစူးအောင်ကို သိပ်ချစ်ပါသည်။

သူက အဲဒီလို ချစ်လွန်းလို့လည်း ခင်က သူ့အပေါ် ဆိုးနွဲ့ဂျီကျတာလား မသိ။ အင်း ... ဘာပဲဖြစ်ဖြစ် မောင်ကျေနပ်ပါတယ် ခင်ရယ်။





၁၅

"ဟာ ... ဒေါ်မယ် ခင့်လုံချည်တွေကို မီးပူတိုက်လို့ပါလား ဗျာ၊ ဒုက္ခပါပဲ၊ ငရဲတွေ ကြီးကုန်တော့မှာပဲ၊ ခင်ကရော ဘယ်ရောက်သွားပြီလဲ၊ ထဘီတွေကို လူကြီးဖြစ်ပြီး မတိုက်ပါနဲ့ဗျာ၊ ဒီမိန်းမကလည်း ဒေါ်မယ်ကို အကုန်တိုက်ခိုင်းတာပဲ၊ ခက်တော့တာပဲဗျာ"

လူကြီးဖြစ်ပြီး ခင့်ထဘီတွေကိုပါမကျန်အောင် မီးပူတိုက်ပေးနေသည့် သူတို့ရဲ့အိမ်ဖော်အဒေါ်ကြီးကို သူ အားနာလွန်းစွာဖြင့် ခင့်ကို ဗျစ်တောက် ဗျစ်တောက် ဆူပူရင်း ဒေါ်မယ်ကို အားနာစွာပင် ခင့်ထဘီတွေကို သူကိုယ်တိုင် မီးပူယူပြီး ဆွဲလွဲတိုက်ပေးလိုက်တော့သည်။

"ရတယ် ဒေါ်မယ်၊ သူ့ထဘီတွေကို ကျွန်တော်ပဲတိုက်ထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“အို … မဟုတ်တာ သားလေးရယ်၊ မင်းက မိန်းမထဘီကြီးကိုမတိုက်ပါနဲ့ ဒေါ်မယ် တိုက်တာ ဘာမှမဖြစ်ဘူး”

“ရတယ် … ရတယ်၊ သူမှ အသုံးကျအောင်မီးပူမတိုက်တတ်တာ၊ နောက်တစ်ခါ ဒေါ်မယ့်သမီးလေးကိုပဲ မီးပူတိုက်ခိုင်းပါဗျာ၊ ကျွန်တော်လည်း သူ့ကိုပြောပါ့မယ်”

သူက လက်ထဲရောက်နေသည့် မီးပူကို အတင်းလိုက်လုသေးသည့် ဒေါ်မယ့်လက်တွေကို ရှောင်ရင်း ခင့်လုံချည်လေးထည်ကို အမြန်ဆုံး ခပ်သွက်သွက်ကလေး တိုက်လိုက်ရင်း ခင်မသိတတ်လွန်းတာတွေကို ရင်ထဲမှာပဲ ကျိတ်မျိုချရင်း သက်မမောကြီးချလိုက်ရတော့သည်။

“ဟင်း”

ဒီကိစ္စနဲ့ပတ်သက်ပြီး ခင့်ကို မဆူမပူရဲပါ။

ခင် သူ့ကို ငြိုငြင်သွားမှာကို သူအကြောက်ဆုံးဖြစ်သည်။

သူ့မှာ ကိုယ်ချစ်ကိုရှာမိတော့လည်း မိန်းမကို ချော့ပြီးနေရသလို ချော့ပြီးလည်း ပေါင်းနေခဲ့ရသည်။

ဒေါ်မယ်ကို လုံချည်တွေ မတိုက်ခိုင်းဖို့ ခင့်ကို အသိပေးရုံကလေးပဲ သူ ပြောရဲခဲ့သည်။

ဒါတောင် ခင်က ပြုံးတူးပြတဲ့ထ,လုပ်လို့ သူ့မှာ အောင့်သည်းအောက်သက် ငြိမ်ခံခဲ့ရသေးသည်။





အင်း …

ခင် … ခင် …

သူက သိပ်ချစ်လွန်းလို့ အလိုလိုက်တော့လည်း သူ့ကို နိုင်စားလိုက်တာ။ မာမီ့ရှေ့တော့င်မရှောင် မြည်တွန်တောက်တီးတတ်သေးသည်။

အဲဒါကို မာမီက သူမကြွယ်တာနှင့် သူ့ကို မခံမရပ်နိုင် အပြစ်ပြောလာခဲ့တော့သည်။

“သားလေးတစ်ယောက်လည်း မိန်းမရကာမှ တစ်သက်လုံးဗိုလ်လုပ်လာခဲ့သမျှ အခုတော့ အောက်ကပြားပြားဝပ်ပဲ၊ မိန်းမကို ကြောက်လိုက်ရတာကွယ်၊ သူ့ကိုများ မာမီရှေ့မရှောင် သဟောက်သဟ လုပ်နေလိုက်တာ၊ မာမီ ရင်နာလိုက်တာ၊ မင်းက ချစ်လို့ ခေါင်းငုံ့ခံနေပေမယ့် နိစ္စဓူဝကြားမြင်နေရတဲ့ မာမီက အခံခက်တယ်ဟဲ့ သိလား၊ မင်းသက်မှုုတင်ရဲ့”

“သူမှမသိတတ်တာပဲ မာမီရယ်၊ သားလည်း ဘာမှမတတ်နိုင်တော့ဘူး”

“ဟင်း … ငါ တကယ် တစ်နေ့တစ်နေ့ မြင်တွေ့နေရတာအကုသိုလ်လည်း ရပါတယ်၊ ဒီအရက် မသောက်နဲ့ဆိုမသောက်ဘဲဖြတ်၊ ဒီစီးကရက်မသောက်နဲ့ဆို မသောက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထားတဲ့ ဒီလောကြီးတော် ဒီလောက်ကောင်း ဒီလောက် အလိုကျဖြစ်တဲ့ယောက်ျားကို ရထားတာတောင် ဘာတွေ အလိုမကျဖြစ်ပြီး တစ်နေ့တစ်နေ့ တကျိန်းကျိန်းညံနေရတာလဲ၊ တစ်နေ့တစ်နေ့ သူ့ဆူညံသံတွေက နားထဲကို ဝင်ဝင်လာတာ စိတ်ပျက်တယ်၊ မင်းကတော့ မင်းမိန်းမ ပူတာညံတာကို နာဝင်ချိုနေမှာပေါ့လေ ဟုတ်လား၊ မိန်းမကို ဘာညြဇာ အာဏာမှမပေးနိုင်တဲ့ ခပ်ညံ့ညံ့ကောင်၊ မင်းဒက်ဒီရဲ့ချေးကို မင်း စားဖို့ပဲ ကောင်းတော့တယ်”

“အာ ... မာမီကလည်း ရွံစရာကောင်းလိုက်တာဗျာ”

“မင်းသက်မှူးတင် ... ငါ မင်းကို ရယ်စရာပြောနေတာ မဟုတ်ဘူးနော်”

သူ ရယ်ကျဲကျဲကြီး လုပ်လိုက်တာကို မာမီက အခဲရ ခက်သွားပုံဖြင့် ခပ်ထန်ထန်ကြီး ပိတ်အော်လိုက်တော့မှ သူ မျက်နှာပိုးသတ်ပြီး မှုင်မောင်းပြည့်သွားရသည်။

အင်း ...

မွေးထားရတဲ့ မွေးမိခင် ဆိုတော့လည်း သားတစ်ယောက်လုံး မိန်းမကိုအချစ်နာပြီး မိန်းမ ဘာပြောပြော ဘာလုပ်လုပ် ခေါင်းငုံ့ခံနေရသည့်အဖြစ်ကို ဘယ်ကြည့်ရက်ပါ့မလဲ။

ဒါပေမဲ့ ...





မတတ်နိုင်တော့ဘူး မာမီရယ် ...။

သားက မာမီရွေးပေးခဲ့တဲ့ မာမီ့ချွေးမကို အရမ်းချစ်သွားခဲ့ရပြီကိုးဗျ။

သားအချစ်လွန်တော့လည်း သူက ဆိုးနွံ့ဂျီကျလို့ ကောင်းတာပေါ့။

အင်း ...

အခုဆိုရင် ကုမ္ပဏီက သူ့မိတ်ဆွေ သူ့ဝန်ထမ်းတွေ ကတောင် သူနှင့် ခင်တို့ အိမ်မှာ တကျိန်းကျိန်းညံပြီး သူက ခံဘက်ကြီးဖြစ်နေခဲ့ရာတွေကို သိထားကြပြီး သူ့ကို ရင်းနှီးလွန်းသည့် စန္ဒီကတောင် စနောက်လာခဲ့သေးသည်။

စီးကရက် အင်မတန်ကြိုက်သည့်သူ စီးကရက် မသောက်တော့တာကို စန္ဒီက ခပ်ထေ့ထေ့ကလေး ထေ့လာသေးသည်။

“ကိုကြီးမင်းသက် စီးကရက်မသောက်တော့ဘူးလား၊ အမြဲတမ်း စီးကရက်ဘူးဆောင်ထားတဲ့ ကိုကြီးတစ်ယောက်တော့ ခေတ်နောက်ပြန်ကျသွားပြီ၊ စန္ဒီ့မျက်လုံးထဲမှာကြည့်ရတာ ခရော့ပဲ မမိုက်လိုက်တာ”

“အေးဟာ ... သူက စီးကရက်နံ့မုန်းတယ် ဆိုတော့လည်း ဖြတ်လိုက်ရတာပေါ့ဟာ”



www.burmeseclassic.com

"ကိုကြီးက မိန်းမကို တအားကြောက်ရတာပဲ နာမည်ကြီး နော်"

"ဟာ ... တအားကြောက်တာ မဟုတ်ပါဘူးဟာ၊ တအား ချစ်တာပါဟာ၊ ငါ့မိန်းမကဆိုးပေမယ့် ငါ့အပေါ် ကြင်နာ ယုယတာတွေကျ သူမတူအောင်ကောင်းတယ်ကွ"

တမင်သက်သက်ကို မိန်းမကို သိဒ္ဓိတင်လိုက်တာ ကို စန္ဒီက အဟုတ်ယုံသွားပြီး ...

"ဟင် ... ဘာကြင်နာယုယလဲ ပြောစမ်းပါဦး"

"ဟဲ ဟဲ ... ဒါတော့ ဘယ်ပြောလို့ ဖြစ်မလဲကွယ်၊ ချွင်းချက်ကလေးတော့ ထားရသေးတာပေါ့"

ဟင်း ...

သူ့မှာ ပါးစပ်အရသာခံပြီး မိန်းမက သူ့အပေါ် ကြင်နာယုယပါတယ် ပြောလိုက်မိပေမယ့် ခင် သူ့အပေါ် စိမ်းကား တာတွေကို သူအသိဆုံး။

ဒါပေမဲ့ အပြင်ပန်းမှာ စိမ်းကားချင်ဟန်ဆောင်ခဲ့ပေ မယ့် သူ့အပေါ်သဝန်တိုစိတ်လွန်ကဲကာ အစိုးရိမ်ပိုပြီး ချစ်တတ် လွန်းသည့်မိန်းမရဲ့ ဖြူဖြူစင်စင်စိတ်ဓာတ်ကလေးကို အတွင်းကျကျ သိခွင့်ရထားသည့် သူကတော့ မိန်းမကို ကျေနပ်ကြည်ဖြူခွင့်လွှတ် ထားခဲ့သည်။





ဒါတောင် စန္ဒီကို သူ ရေမွှေးမဆွတ်တော့တာကို မသိသေး။

ခင်က ရေမွှေးဆွတ်တာ မကြိုက်လို့ သူ့မှာ ခင်နှင့် လက်ထပ်ပြီးကတည်းက ရေမွှေးမဆွတ်ခဲ့ရတာ အခုဆိုရင် ငါးလ ကျော်သွားခဲ့ပြီဖြစ်သည်။ ရေမွှေးမဆွတ်ရတော့သလို ပလက်တီနမ် လက်ကောက်တွေလည်း ဖြုတ်ခဲ့ရသည်။

ဒါပေမဲ့ ...

ခင်ကတော့ သူ့ကို တစ်နေ့မှ အစာမကြေပါ။

သူ့ဘက်က တာဝန်မကျေခဲ့။ ခင့်ကို လက်ထပ်ပြီး ကတည်းက မန္တလေးကို လိုက်မပို့ခဲ့တာတွေက ခင့်အတွက် အခဲမကျေစရာ ဖြစ်ခဲ့တော့သည်။

အခုဆိုရင် ခင်သည် အိမ်ထောင်သက်ငါးလကျော် ကာလအတွင်းမှာ သူ့ရဲ့အတွင်းစိတ်ဓာတ် ဖြူစင်သန့်ရှင်းခဲ့တာတွေ ကို အတွင်းကျကျ သိသွားခဲ့ပြီး အရင်ကလောက် သူ့အပေါ် သံသယမဖြစ်တော့သလို သူ့ကို ရိုးသားသည့်ယောကျ်ားအဖြစ် နွေးနွေးထွေးထွေး ကြိုဆိုလက်ခံလိုက်လေပြီဖြစ်သည်။

ခင်ကလေး သူ့အပေါ် ချစ်ကြင်တန်ဖိုးထားလာတာ ကို သူ အကျေနပ်ဆုံး ခံစားခဲ့ရသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ညားခါစက သူက အကျင့်လုပ်ပြီး သူ့ပေါင်ပေါ်ကို ခေါင်းအုံးစေခဲ့တာတောင် အရှက်သည်းပြီး ခါးခါးသီးသီးငြင်းခဲ့သည့် မိန်းမက အခုတော့ စိတ်ကြည်ရင် ကြည်သလိုကလေး သူ့ပေါင်ပေါ်မှာ ခေါင်းအုံးပြီးအိပ်တတ်တာလေးကိုမြင်ရတော့ ခင့်ကို သူများတကာ ဘာပဲပြောပြော သူကတော့ ပါးစပ်ထဲငုံထားမတတ် ချစ်ခဲ့မိပါသည်။

ဘယ်သူ ဘာပြောပြော အချစ်မလျော့။

အင်း … ဒါပေမဲ့ …

မထင်မှတ်ဘဲ ဒီနေ့မှာတော့ မာမီနဲ့ သူ အကြီးအကျယ် စကားများရလေတော့သည်။

ခင့်ကိစ္စနှင့်ပတ်သက်ပြီး စကားများခဲ့တာပင်။

ဒေါ်မယ် စခဲ့သည့် ဇာတ်ထုတ်က ရှုပ်သွားရတာဖြစ်သည်။

"မင်းသက်မှူးတင်"

သူ မာမီတို့အိမ်ကို ညနေစောင်းအချိန်မှာ အလည်ရောက်ရှိသွားတုန်းမှာပဲ ဧည့်ခန်းထဲဝင်ဝင်ချင်း မာမီ့အသံဟိန်းဟိန်းကြီးက သူ့အသည်းကို ဖိန်းခနဲ တုန်လှုပ်သွားရပါတော့သည်။

သူ ဝင်လာတာကို ခါးကြီးနှစ်ဖက်ထောက်ပြီး ဟိန်းခနဲမြည်သွားသည့် အသံကြီးဖြင့်ခေါ်လာသည့် မာမီ့ကို သူ တအံ့တသြ ကြည့်လိုက်မိသည်။





"အလကားကောင် မွေးထားရကျိုးမနပ်တဲ့ကောင်၊ ဘုန်းကံမရှိတဲ့ကောင်၊ အမယ်လေး … ယောက်ျားဖြစ်ဘမ်းရှုံးလိုက်တာ၊ ငါမွေးထားရတာတောင် ငါရှက်တယ်၊ မိန်းမထဘီကို မီးပူထိုးပေးသတဲ့တော်၊ ရာဇဝင်ရိုင်းလိုက်တာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ဒီလောက်တောင် နှင် နှာကျူးရသလားဟဲ့ မင်းသက်မှူးတင်ရဲ့"

"အာ … မာမီရယ် ရိုင်းရိုင်းစိုင်းစိုင်းတွေ မပြောပါနဲ့ဗျာ၊ သားက ဒေါ်မယ် တိုက်နေတာကို အားနာလို့ ဝင်တိုက်လိုက်တာပါ"

"အမယ်လေး … ကိုယ့်ထဘီကိုယ်တောင် မီးပူတိုက်မဝတ်နိုင်ရအောင် သူက ဘာလုပ်နေသလဲ၊ တစ်နေ့ တစ်နေ့ ခုတင်ပေါ် တုံးလုံးလှဲလိုက်၊ ဆိုဖာပေါ် တုံးလုံးလှဲလိုက်၊ အခွေကြည့်လိုက်၊ ကြောင်နဲ့ ခွေးနဲ့ စကားပြောလိုက်၊ ဒါပဲ သူ့ အလုပ်ရှိတာ၊ ကိုယ့်အဝတ်အစားတော့ ကိုယ်မီးပူတိုက်ဦးပေါ့၊ အခုတော့ နွားကြီးက အမြင်မတော်တိုင်း လုပ်ပေးနေတာ၊ ငါအမေကရှက်တယ်ဟဲ့ သိလား၊ မိန်းမထဘီကို မီးပူထိုးမယ်၊ ကွယ်ရာမှာ မင်းမိန်းမက လက်ကြောမတင်းဘဲ ညှစ်ထားတဲ့ထဘီရေစိုကိုလည်း လက်ကြောတင်းတင်းညှစ်ပြီး မင်း လှန်းပေးဦးမှာမဟုတ်လား နွားရဲ့"


www.burmeseclassic.com

www.burmeseclassic.com



"မာမီရယ် ရိုင်းရိုင်းစိုင်းစိုင်းတွေ မပြောစမ်းပါနဲ့ဗျာ၊ အဲဒီ
ခင်က မာမီ ချစ်လှချည်ရဲ့ နှစ်သက်လှချည်ရဲ့ဆိုပြီး ရွေး
ပေးထားတဲ့ချွေးမပါဗျာ၊ ခင့်အပေါ် ဒီလောက်အထိ မေတ္တာ
ပျက်မနေပါနဲ့"

"မေတ္တာမပျက်ပါဘူး ချစ်ပါတယ်၊ ရင်ထဲကကို နှစ်နှစ်
ကာကာ ချစ်ပါတယ်၊ ချစ်လို့လည်း ချွေးမရွေ့မှာ ငါ မင်း
နွားကျတာနဲ့ပတ်သက်ပြီး ဘာပြောမိသလဲ ကဲ ပြော၊ သူ
ဒီလောက်လွှန်လွှန်းတာတွေကို ငါက မင်းအမေအစား
ရင်နာလို့ပြောတာပါ၊ တော်ပါပြီ၊ တော်ပါပြီ၊ နောက်
မင်းကို မင်းမိန်းမနဲ့ပတ်သက်ပြီး မကောင်းတာ ဘာမှမပြော
တော့ဘူး၊ မိန်းမထိတော့ နာတတ်လိုက်တာ"

"ဟာ ... အာ မာမီရာ၊ သား စိတ်ညစ်တယ်ဗျာ၊ မာမီက
သားကို တစ်မျိုးမြင်နေတာ၊ မာမီ ချွေးမဘက်ကလည်း
စဉ်းစားကြည့်ပါဦး၊ သူ့ခမျာ မိဘစကားကို နားထောင်ပြီး
သားကို မချစ်မနှစ်သက်ဘဲ လက်ထပ်ခဲ့ရတယ်၊ ပြီးတော့
အမြင့်မားဆုံး ကြိုးစားလာရတဲ့ တက္ကသိုလ်ဆရာမဘဝကို
လည်း စွန့်လွှတ်လိုက်ရတယ်၊ မွေးရပ်မြေဌာနေကိုလည်း
ကျောခိုင်းခဲ့ရတယ်"





မာမီ ခင့်ကို ကိုယ်ချင်းစာပေးဖို့ သူက အသနားခံ
ရှောင်ကြိုက်ပါသည်။

"သူ့ခမျာ သားတစ်မျက်နှာနဲ့ သားအနောက်ကို လိုက်ခဲ့
ရတာ၊ သားက ဒီလောက်တော့ အလိုလိုက်သင့်တာပေါ့၊
တစ်နေ့တစ်နေ့ သူ အိမ်မှာ တစ်ယောက်တည်းပျင်းကျန်
ခဲ့တာလေးကလည်း သနားစရာလေးပါ မာမီရာ၊ တကယ်
တော့ သားမိန်းမက သားကိုချစ်တဲ့စိတ်နဲ့ သဝန်တိုပြီး
သားကို မယုံမရဲဖြစ်နေတာ၊ အဲဒါ မာမီတို့က မသိတော့
ပွဲညံပူညံလုပ်တယ် သားကိုနိုင်စားတယ်ထင်တာ၊ တကယ်
တော့ ..."

"အမယ်လေး ... အမယ်လေး ... သိပါပြီရှင်၊ ကိုယ်တော်
က မိန်းမသဝန်တိုပြီး ပူညံပူညံချစ်တာကို ကျေနပ်တယ်
ပေါ့ ... ဟုတ်လား"

ငေါ့တော့တော့ မာမီစကားကြီးကို သူက ပြုံးစစ
ကြီးဖြစ်သွားပြီး ဒေါ်ဖောင်းနေသည့် မာမီ့ပါးပြင်ကြီးကို မွှေးမွှေး
ကြူလိုက်သည်။

"သွားစမ်းပါ လာချွဲမနေစမ်းနဲ့၊ နင်တို့ သားသမီးရမှ ငါ
ခံစားချက်ကိုနားလည်မယ်၊ မင်းမိန်းမလည်း ကလေးမယူ
သေးဘူးလား၊ မင်းတို့ ကလေးယူဖို့သင့်ပြီ၊ အိမ်ထောင်ကျ



www.burmeseclassic.com

www.burmeseclassic.com



ဘာပ် ငါးလကျော်ပြီ၊ ဒါမှ မင်းမိန်းမလည်း အိမ်မှာ တစ်ယောက်တည်းမပျင်းတော့သလို ယောကျ်ားကိုလည်း သဝန်မတိုနိုင်တော့ဘူး၊ ခင်မွေးရင်လည်း မာမီ ဆုတောင်းပါတယ်၊ သူနဲ့ တစ်ထေရာတည်းတူတဲ့ ခပ်ဆိုးဆိုးသမီးကလေးမွေးပါစေလို့၊ ဒါမှ သူ ဝဋ်လည်မှာလေ၊ အခုနေတုန်းတော့ သူကဗိုလ်ပေါ့၊ ကလေးရမှ သူ့ကလေးက သူ့ကိုဗိုလ်ပြန်ကျတာ မြင်ယောင်ချင်တယ်၊ မင်းမိန်းမကို ကလေးသာယူခိုင်းတော့ သားရေ”

အင်း ... မာမီတို့ကတော့ လုပ်ပြီ။

ခင့်ကို ဝဋ်လည်တာမြင်စေချင်တာနဲ့ပဲ ခင့်ကို ကလေးယူစေချင်တာ၊ ခင့်အစား သူ့ရင်ထဲ ဝမ်းနည်းသလိုကြီးခံစားလိုက်ရသည်။

“မာမီကလည်းဗျာ ခင်က အဲဒီလောက်မဆိုးပါဘူး”

“အေးပါ ... အေးပါ၊ ပြီးပါရော၊ မင်းက မင်းခေါင်းကိုတက်နင်းသွားတောင် မိန်းမက သားကိုချစ်လို့နင်းတာလုပ်ဦးမှာမဟုတ်လား”

ခင် သူ့အပေါ် ဆိုးနွဲ့အနိုင်ယူ ဗိုလ်ကျတာတွေကလည်း မာမီပြောလည်း ပြောစရာပါပဲ။

ဟုတ်တာပေါ့။





မွေးထားတဲ့မိဘက ကိုယ့်သားကို မိန်းမက လူရှေ့မရှောင် သူရှေ့မရှောင်နိုင်စားနေတာကို ဘယ်ကြည့်ချင်ပါ့မလဲ။

အင်း ... ခင် ... ခင်။

မင်းမလည်း ပင်ကိုစိတ်ကိုက အနိုင်ယူချင်ခဲ့တော့လည်း ငါက သိပ်ချစ်နေတဲ့သူပီပီ ငါ့ရဲ့အနိုင်ယူမှုတွေကို နောက်လှုံပြီး မင်းကိုပဲ ခွင့်လွှယ်သည်းခံပေးခဲ့တာ အခုတော့ မောင့်မှာပြင်ဆင်လို့မရတဲ့ အမှားကြီး ဖြစ်သွားပြီ။

မင်းကတော့ မောင့်အပေါ် တစ်သက်လုံး အနိုင်ယူကောင်းတော့မှာပဲ ခင်ရယ်။

“ခင်ကလည်းကွာ နေ့ခင်းကြောင်တောင်ကြီး ခေါင်းလျှော်ရေချိုးရတယ်လို့။ အိမ်ထဲမှာပဲနေပေမယ့် ဒီနှစ် ၂၀၀၈ အပူချိန်က အမြင့်ဆုံးပါလို့ မောင် ပြောထားရဲ့နဲ့ကွာ၊ ဦးနှောက်သွေးကြောပြတ်မှ ဒုက္ခဖြစ်မှာ၊ ခင်က ပြောစကားကို တစ်စက်မှနားမထောင်ဘူး၊ ဆရာမတစ်ယောက်ဖြစ်ပြီးလည်း ဘာမှနားမလည်ဘူးကွာ”

အမြဲတမ်း ...

အသေးစိတ် ခင် စားတာသောက်တာ ရေချိုးတာ ရေအိမ်တက်တာအစက မျက်စိဒေါက်ထောက်ကြည့်ပြီး တစ်နေ့တွင်နေ့ ဗျစ်တောက်ဗျစ်တောက်ပြောတတ်သည့် ယောကျ်ားရဲ့အကြင်



www.burmeseclassic.com

www.burmeseclassic.com



နာခေါင်းတွေကို ခင် နားလည်စွာဖြင့် ကြည့်နူးရင်ခုန်သာယာခဲ့ရလေသည်။

ဒါပေမဲ့ ...

ခင်က သူ့ကို အနိုင်ယူလိုကောင်းလို့ နွဲ့ဆိုးဆိုးတတ်သည့် မိန်းမပီပီ အမူပိုပို အသံနွဲ့နွဲ့လေးဖြင့် ပြန်နွဲ့ပစ်လိုက်မိသေးသည်။

"ဟာ ... အနုမှ ဆယ့်တစ်နာရီကျော် ရှိသေးတာပဲ"

"ဆယ်နာရီပဲ ရေချိုးခေါင်းလျှော်ရမယ်ဆိုတာ ခင် သိမထားဘူးလား"

"အဲဒါက အပူထဲနေတဲ့သူကို ပြောတာလေ၊ ခင်က အရိပ်ထဲနေနေတာပဲ၊ ချိုးလို့ လျှော်လို့ ရပါတယ်"

"ပြောလိုက်ရင်ကွာ ငြိမ်ပြီးနားထောင်နေတာ တစ်ခါမှမရှိဘူး၊ အဲဒီလို ခံခံပြီး ပြန်ပြောတာကြီးကို မောင် မကြိုက်ဘူး"

"မကြိုက်လည်းသေပေါ့၊ ပါးစပ်ပါရင် ပြန်ပြောမှာပဲ"

"ကြည့်ပါလား၊ ပြောရဆိုရတာ သိပ်လက်ပေါက်ကတ်တာပဲကွာ"

"အား ... ရှင်နော်၊ ကျွန်မဆံပင်ကို ဆောင့်ကြီးအောင့်ကြီး သုတ်ပေးစရာမလိုဘူး၊ ဖယ် ... ကျွန်မ သုတ်မယ်"





ခင့်ဆံပင်တွေကို တဘက်ကြီးဖြင့် ဖိသုတ်ပေးနေသည့် သူက ခင့်စကားတွေကို စိတ်ဆိုးအခံရခက်သွားပုံဖြင့် ခင့်ဆံပင်ကလေးကို တအားထိုးဆွ ပွတ်သုတ်ပေးလိုက်သဖြင့် ခင်နာကျင်စွာ ထအော်ပစ်လိုက်တော့သည်။

ပြီးတော့ သူ့ကိုလည်း ဆူပူကြိမ်းမောင်းလိုက်သေးသည်။

"အသုံးမကျဘူး၊ မသုတ်နဲ့၊ မသုတ်နဲ့"

"ခင်နော် ကိုယ် စိတ်တိုလာပြီ၊ ငြိမ်ငြိမ်နေ"

"ရှင်သုတ်တာ နာတယ်၊ ခေါင်းတွေကျိန်းနေပြီ၊ ဟိုမှာ ဒရိုင်ယာနဲ့မှုတ်တော့"

"ဟာ ... ဖြစ်မလား ဒီမှာ ဆံပင်မှ မခြောက်သေးတာ၊ ခြောက်လည်း ဒရိုင်ယာ မမှုတ်ပါနဲ့ နေ့ခင်းနေပူကြီးပါတယ်ဆိုမှ ခေါင်းကို အပူထပ်ပေးလို့ ဖြစ်ဦးမလား ခင်ရယ်"

အင်း ...

သူ့ဘာသာ စိတ်တိုင်းကျ ခင့် ဆံပင်တွေကို တစ်ပင်ချင်းပဲ ဆွဲယူသုတ်ပေးရင်သုတ်ပေးတော့ ခင်တို့က အရေးမစိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာထိုင်ပြီး မျက်နှာလေးကို အလှဆုံး ပြင်ဆင်လိုက်ပါတော့သည်။ အသားရောင်နှုတ်ခမ်းနီကလေးကို နှုတ်ခမ်းလေးပေါ်တင်ရင်းက ခင့်ကို စိုက်ကြည့်နေသည့်ယောကျ်ား ကို ခင်ကမျက်စောင်းလွှလွှကလေးခဲရင်း ရင်ထဲမှာဘယ်လို ကျေနပ် မိမှန်းမသိအောင် ခံစားချက် နွေးသစ်သစ်ကြီး ခံစားလိုက်ရပါသည်။

မောင်ဟာ ခင့်ကို ဘာဖြစ်လို့များ ဒီလောက်အထိ ချစ်ပြီး အလိုလိုက်ရတာလဲဆိုတာ ခင် မစဉ်းစားတတ်အောင်ပါ ပဲ။

လှပလွန်းသည့် ခင့်မျက်နှာလေးကြောင့် သူ ခင့်ကို ဒီလောက်အောက်ကျို့ပြီး ချစ်ခဲ့တာလား။

အင်း ...

ဘာပဲဖြစ်ဖြစ် မောင် ခင့်ကို အရမ်းချစ်၊ အရမ်း အလိုလိုက်တာကိုပဲ ခင် ကျေနပ်ပါတယ်။

အိမ်ထောင်သက် ခြောက်လကျော်ကျော်အတွင်းမှာ ခင် မန္တလေးမြေကနေ မိဘတွေနှင့် ခွဲခွာခဲ့ရတာ ရောက်ခါစက မျက်ရည်လေးကျပြီး မိဘတွေကိုလွမ်းခဲ့မိပေမယ့် ...

အခုတော့ဖြင့် သူ့ရဲ့ အကြင်နာတွေ နွေးထွေးသည့် အချစ်တွေကို ပျော်ဝင်ရင်ခုန်ကျေနပ်ပြီး နေသားကျသွားခဲ့ရလေပြီ ဖြစ်သည်။





အိမ်ထောင်ကျသည့် နေ့ကတည်းက မနားတမ်း မမောနိုင် မပန်းနိုင် ခင့်အချစ်တွေကိုတောင်းခံပြီး သူ့ကို မောင် ခေါ်ခိုင်းသည့် ယောကျ်ားကိုလည်း ခင်က အရေးမစိုက်သလို သူ့အကြင်နာတွေကို ဟန်ဆောင်ကျော်ခိုင်းနိုင်ခဲ့လေသည်။

ရင်ထဲမှာတော့ သူ့ကို လက်ထပ်တဲ့နေ့ကတည်းက "မောင်"လို့ ကင်ပွန်းတပ် ခေါ်ပြီးသားဆိုတာ သူ မသိ။

ဒါကို သူက ခင့်ရင်ထဲက အကြင်နာ ချစ်ခြင်းတွေ ကို ရိုးတုံးလွန်းစွာ မသိဘဲ အိမ်ထောင်သက်ခြောက်လကျော်လာ သည့်နေ့မှာတော့ စကားဆန်းကလေးပြောလာခဲ့လေသည်။

"ခင် မောင့်ကို မောင်လို့မခေါ်လည်း မောင်က ကျေနပ် နားလည်ပြီးသားပါကွာ၊ ခင်လေး မောင့်ကို တစ်နေ့တစ်နေ့ သဝန်ကြောင်နေတာတွေက မောင့်လို့ ခေါ်တာထက် ချစ် တယ်လို့ပြောတာထက် ပိုပြီးလေးနက်တယ်၊ ခင့်ရင်ထဲက မောင့်ကိုချစ်တဲ့အချစ်တွေက မောင့်ကိုသဝန်တိုစိတ်မချတာ တွေနဲ့တင် အရမ်းပေါ်လွင်သွားပြီ"

"အာ ... ရှင်နော်၊ ခင် ဘယ်မှာ ရှင့်ကို သဝန်တိုလို့လဲ၊ လျှောက်ပြီး ကိုယ့်အထင်နဲ့ကိုယ်ကြည့်နေ"

"အဟား ဟား ... ခင်လေး ရှက်သွားပြီ၊ ရှက်ပါနဲ့ ကွာ ကရော် ကရော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်"

"ရှင်နော်လုပ်ပြီး ကိုယ့်ကို အနိုင်ယူဖို့လ်ကျဖို့ကြီး စဉ်းစား မနေနဲ့ဦး၊ အိမ်ထောင်သက်ခြောက်လကျော်သွားပြီနော်၊ ခင့်အလိုကျ ကိုယ်အလိုလိုက်ခဲ့ပြီးပြီ၊ ခင်ကလည်း ကိုယ့် အလိုကျ ပြန်အလိုလိုက်ပေးရမယ်"

"ဘာကိုလဲ"

"ကလေးယူချင်တယ်"

"အာ"

"ဘာလဲ ဘာရှောင်လွှဲချက်တွေနဲ့ငြင်းဦးမလဲ၊ ဒီတစ်ခါတော့ မရဘူးနော် ချစ်၊ မောင် ချစ်ကို အလိုမလိုက်နိုင်တော့ဘူး"

ခင့်မျက်နှာလေးကို သူ့မျက်နှာကြီးနှင့် ပူးယှက်ပြီး မိန့်မိန့်မူးမူးကြီး တောင်းဆိုလာတာကြီးကို ခင် ရှက်လွန်းလို့ မျက်နှာလေးတစ်ခုလုံး နွေးပူပူကြီး ခံစားလိုက်ရတော့သည်။

အို ...

တကယ်ဆိုးတဲ့ယောကျ်ားပဲ။

ခင် ရှက်လိုက်တာ။

"မင်းသက်မှူးတင်နော် ... ရှင်"

"အင်း ... ပြော"

"မသိဘူး ... မသိဘူး၊ ခင့်ကို ဘာမှ လာမပြောတော့နဲ့"





နွေးထွေးသည့် သူ့အနမ်းတွေကို ခင် ဘယ်လိုမှ ရှောင်တိမ်းဖယ်ယမ်းလို့ မရတော့။

သူ့ရဲ့နှုတ်ခမ်းသားထူထူကြီးက ခင့်နှုတ်ခမ်းသား နုနုကလေးဆီမှာ ပွေ့အပ်လျက် ခင့်ကိုယ်လုံးလေးကို သူ့ကိုယ်လုံး ကြီးနှင့် တစ်သားတည်းကပ်အောင် သိမ်းဖက်ထားသည့် သူ့ရင် ခွင်ကျယ်ကြီးထဲမှာ ခင် ယစ်မူးသာယာစွာ မျက်ဝန်းကလေးတွေ မှိတ်ချပစ်လိုက်ပါတော့သည်။

အင်း ...

သူ မိန့်မိန့်မူးမူးကြီး တောင်းဆိုတာတွေကို ခင် လက်ခံလိုက်ရမလား ...။

ဟင့်အင်း ... ခင် ဒါဆို လွတ်လွတ်လပ်လပ်နေလို့ ရတော့မှာမဟုတ်။

နဂိုတည်းကမှ သူက ခင့်ကို ဘယ်နေရာထွက်ထွက် မကြိုက်ချင်ဖြစ်နေတာ ခင် ကလေးရရင်တော့ ပိုဆိုးပြီပေါ့။

ခင့်ကို ချောင်ထိုးကောင်းပြီပေါ့။

"ခင့်ကို မောင် ဆေးတွေ မဝယ်ပေးတော့ဘူးနော်"

"ဟင့်အင်း ... ဟင့်အင်း ... ခင် ကလေးမယူချင်ဘူး"

"မရတော့ဘူး၊ မောင် မင်းကို ခြောက်လအထိပဲ အလိုလိုက် နိုင်မယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး မောင် မင်းကို အလိုမလိုက် တော့ဘူး၊ ကျန်တာ ဘာဆိုးဆိုး ခေါင်းငုံ့သည်းခံမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းသက်မှူးတင်နှော် ကျွန်မကို အဲဒီလို မပြောနဲ့၊ ကျွန်မ လုံးဝမကြိုက်ဘူး"

ခင်က ငိုသံစွက်စွက်ကလေးဖြင့် ပြောလိုက်တာလေးကို သူက ရင်ခုန်အသည်းယားသလို မျက်ခုံးကြီးပင့်ပြီး ခင့်ကိုမေးဆတ်ပြလာခဲ့သည်။

ဟင်း ... ဒီအမူအရာ ဒီစတိုင်တွေကို ခင် မနှစ်မြို့တာ။

ခင့်ကို မခံချင်အောင် တမင်ဆွပေးနေသလို ...။

"မာမီကလည်း ခင့်ကို ကလေးယူစေချင်ပြီ၊ ခင်တစ်ယောက်တည်း ကိုယ် ကုမ္ပဏီသွားတော့ အိမ်ထဲမှာပျင်းကျန်ခဲ့တာလေးကို သနားလို့တဲ့လေ၊ ကလေးလေးရှိတော့ ခင် စိတ်ကလေးလည်း ကြည်တာပေါ့တဲ့"

ဟင်း ...

မသိရင် ခက်လိမ့်မယ်။

သူ့မာမီ ခင့်ကို ကလေးယူစေချင်တာ ခင် မသိစိတ်က သိနေသည်။

ခင့်ကို သူ့သားအပေါ် တာဝန်မကျေတဲ့မိန်းမအဖြစ် အချဉ်ပေါက်ပြီး သူ့သားကလေးတာဝန်ကို ခေါင်းရွက်နိုင်းချင်လို့ ယူနိုင်းချင်တာ ခင် မသိဘဲနေမလား။

သူလား ခင့်ကိုသနားမှာ။





ခင့်ကို သူ့သားကိုနိုင်သည့် မိန်းမဆိုပြီး မျက်မုန်းကျိုးနေတာ။

ဟိုတလောတုန်းကတောင် သူ့သားကို လူရှေ့မရှောင် သူရှေ့မဆောင် ခင်က နိုင်စားတယ်ဆိုပြီး ဆုံးမသလိုလို အပြစ်တင်လာသေးသည်။

"သမီး ခင်ရယ်၊ သမီးလည်း သားကို တစ်နေ့တစ်နေ့ ဆူပူနေတာ မမောဘူးလားကွယ်၊ မာမီတို့ကြားရတာလည်း စိတ်မချမ်းသာဘူး၊ သားလေးက ဘယ်လောက်တောင်ဆိုးသွမ်းနေလို့ သမီးက အလိုမကျဖြစ်ပြီး လူရှေ့မရှောင် သူရှေ့မရှောင် သားကို ပြောချင်ရတာလဲကွယ်၊ သားလေးလည်း သိက္ခာကျလှပါတယ်"

ဟင် ... ကြည့် သူ့သားကို ခင့်က နိုင်တယ်ဆိုပြီးအပြစ်တင်တာ။

သူ့သားက လူကောင်းကြီးဆိုတော့ ခင့်ကို အပြစ်တင်နေတာ ခင် မခံချင်။

ပြီးတော့ ...

သူတို့ပဲ သူ့သားနဲ့ ခင့်ကို အမိဖမ်းယူမတတ် အငမ်းမရ အိမ်ပေါ်တက်ပြီး တောင်းရမ်းထားတာ။

အခုမှဒီစကားတွေပြောလာတော့ ခင် မခံချင်။


www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက မာနတံခွန်ထူထားသည့် မိန်းမဆို တော့ ပိုပြီး မခံချင်ဖြစ်ရသည်။

ခင့်မှာတော့ သူ့သားကို ယူပြီးကတည်းက လူရာ မဝင်တော့သည့်မိန်းမ ဖြစ်ခဲ့ရတော့သည်။

ရင်ထဲက မကျေနပ်စိတ်တွေနှင့် ခင့်နှုတ်ခမ်းလေး အလိုလိုတင်းတည်သွားရကာ သူ့မာမီကို မျက်လွှအလေးပင့်ကြည့် လိုက်ပါသည်။

"မာမီက ခင့်ကိုပဲ အပြစ်တင်နေတာ မာမို့သားဆိုးတာကျ မာမီ မသိဘူး"

မာမို့ကိုတော့ မာမီလို့ ရိုသေလေးစားသမှုနဲ့ ခေါ်ခဲ့ ရလေသည်။ လက်ထပ်ပြီးခါစက မာမို့ကို မာမီကိုယ်တိုင်ရော သူကပါ မာမီလို့ ခေါ်ခိုင်းခဲ့လေသည်။

သူက သူ့မာမီကို မာမီလို့မခေါ်ရင် အခုပဲ လဲသေ သွားတော့မယ့်ပုံကြီးဖြစ်နေတာမို့ စိတ်မချမ်းသာလှသဖြင့် မာမို့ကို ကိုယ့်မိဘနေရာ သဘောထားပြီး သူခေါ်သလိုကြီး လိုက်ခေါ်ခဲ့ ရတာ ရှက်တော့ရှက်ပါသည်။

အခုတော့ မာမီက ယောက္ခမဆိုတော့ ယောက္ခမ စကား ပြောလာပြီပေါ့။

မေမေဆိုရင် ခင့်ကို ဒီလိုစကားမျိုးပြောမှာမဟုတ်။





"သမီးရယ် သမီးကို မာမီက အပြစ်တင်တာမဟုတ်ပါဘူး၊ ကိုယ့်သားလေးဘက်ကလည်းနာပြီး ပြောတာမဟုတ်ပါဘူး၊ တစ်နေ့တစ်နေ့ ဆူညံပူညံတွေက ကြားမကောင်းလို့ပါ"

"မာမို့သားမှ ပုံစံမကျတာ ပြောရတာပေါ့၊ တစ်နေ့တစ်နေ့ ခင့်ကို ဗျစ်တောက်ဗျစ်တောက် လိုက်ပြောနေတာတွေကို ခင် နားမခံနိုင်လို့ ပြန်ပြန်အော်နေရတာ၊ ဘာမဟုတ်တဲ့ကိစ္စ လည်း ပုံကြီးချဲ့ပြီးပြောနေတာ၊ ပြီးတော့ ခင့်ကို အပြင် ထွက်တာမကြိုက်ဘူးလေ၊ ခင် ဒီနယ်မြေကိုရောက်လာတာ ခြောက်လကျော်ပြီ၊ ခင့်ကို တစ်ယောက်တည်း ဘယ်နေရာမှ ပေးမထွက်နိုင်ဘူး၊ သူနဲ့တွဲထွက်ရင်လည်း လမ်းကကောင် လေးတွေက ခင့်ကို ကြည့်ကြည့်သွားတာ သူက ခင့်ကိုရန် ရှာသေးတယ်၊ အဲဒါတွေနဲ့ တစ်နေ့တစ်နေ့ ရန်ဖြစ်နေရတာ"

ဒါတင်မကသေး သူဆိုးတဲ့ဓာတ်လမ်းတွေကို ခင် ဒေါသဖြစ်ဖြစ်နှင့် မာမို့ကို ရင်ဖွင့်ချလိုက်တော့သည်။

"အလကား လူလိမ်၊ ညာလည်း ညာတတ်သေးတယ်၊ ခင့်ကို အခု ခြောက်လရှိပြီ၊ မန္တလေးကို တစ်ခေါက်လိုက် ပို့ဖူးလား၊ သူ ခင့်ကို လိုချင်တုန်းကတော့ တဖွတ်ဖွတ် ရောက်လိုက်တာ၊ ခင့်ကိုရလည်းပြီးရော ခင့်ကို မိဘတွေဆီ တစ်ခေါက်မှလိုက်မပို့တော့ဘူး၊ ခင်က လိုက်ပို့ဖို့ပြောတော့ အင်း ,,, နောက်တစ်ပတ်လိုက်ပို့မယ်၊ ဒီလကုန်ရင်လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ရုံးပိတ်ရက်လိုက်ပို့မယ်နဲ့၊ ခင့်ကို လိမ့်လိမ့်နေတာ ခင် စိတ်ဆိုးတာပေါ့ မာမီရဲ့"

"အင်း ... သားကလည်း သားပဲ"

သူ့သားကို ပြန်တွက်တော့မှ ဘာမှ ဆက်မပြောဘဲ စကားလျှော့ချသွားသည့် မာမီကိုလည်း စိတ်နာသည်။

ခင့်ဘဝကို သူတို့သားအမိ ပုံစံချနေတာ။

ဒီလိုလာပြီး ခင့်ကို ပုံစံချလို့ကတော့ လုံးဝမရ။

အခုလည်းကြည့် မာမီကလည်း ခင့်ကို ကလေးယူစေချင်ပြီတဲ့။

ခင့်ကို ချစ်လို့ ကလေးယူခိုင်းတာမှ မဟုတ်တာ။

"ဟင်း"

တကယ်လည်း အခံရခက်ပါသည်။

"ခင်"

အသံကြည်ကြည်လေးဖြင့် ခေါ်လိုက်သည့် မောင့်အသံကို ခင်က နားခါးစွာ မျက်လုံးထန်ပြီး မော့ကြည့်လိုက်သည်။

"ဘာလဲ"

"ဟာကွာ ... ဘာဖြစ်ရပြန်ပြီလဲ၊ ကိုယ်ပြောတာကို စဉ်းစားနေတာလား"

"ဘာကိုစဉ်းစားရမှာလဲ၊ မစဉ်းစားဘူး၊ ခင် လုံးဝ ကလေးယူချင်စိတ်မရှိဘူး၊ တကယ်လို့ ယူချင်စိတ်ရှိတဲ့အချိန်ရောက်





ရင်လည်း အဲဒီကလေးရဲ့ ချေးကလူ သေးကလူ တာဝန်ကို ရှင် ယူပါ့မယ်လို့ တာဝန်ခံမှ ကျွန်မက မွေးပေးမယ်"

"ခင် စကားကိုတွက်ကပ်မပြောစမ်းပါနဲ့ကွာ၊ ဒီတစ်ခါတော့ ကိုယ် မင်းကို အမိန့်ပေးရတော့မယ်"

"မင်းသက်မှူးတင် ရှင် ဆက်မပြောတော့နဲ့နော်၊ ဆက်ပြောရင် သနပ်ခါးတုံးစာ မိသွားမယ်"

ခင် ပြောလည်းပြော ...

ဒေါသလည်းထွက်လွန်းတာမို့ အခန်းထဲက ထွက်ပစ်ဖို့ သူ့ရင်ခွင်ထဲကနေ တအားရုန်းထွက်ပစ်လိုက်တော့သည်။

သူ့မျက်နှာကြီးကို မကြည့်ချင်။

အလကား လူလိမ်လူညာ။

ခင့်ကို မန္တလေးပို့မယ်၊ ပို့မယ်နဲ့ လေပေးပြီး မသိချင်ယောင်ဆောင်လွန်းသည့် ယောက်ျားကို ခင် ချစ်မိတာ ခင့်ကိုယ်ခင် ရှုံးပြီလို့ပဲ သတ်မှတ်လိုက်မိတော့သည်။

အလကားယောက်ျားတွေ။

ကိုယ်လိုချင်တာရသွားတော့ ပုံစံက တစ်မျိုးဖြစ်သွားရလေပြီ။

ခင် အဲဒါကို မကျေနပ်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

အင်း ...

ဒီကနေ့ ကုမ္ပဏီရုံးပိတ်ရက်မှာ ရုံးကဝန်ထမ်းကောင်လေးကောင်မလေးတွေ အိမ်ကိုအလည်လာတာကို ခင်တစ်ယောက်ကဖြင့် တာဝန်မကျေလှစွာ အောက်ထပ်သို့ဆင်းပြီးတောင် ဧည့်မခံခဲ့။ ခက်ပါတယ်။

ဝန်ထမ်းကောင်မလေးတွေက ခင့်ကို တွေ့ချင်လို့မေးနေပါပြီ။ အဆိုးဆုံးက စန္ဒီ။

သူ့အပေါ် ကြင်နာယုယပါတယ် သူ့မိန်းမကလို့ပြောပြီး ဖော်ကောင်လုပ်သေးသည်။

သူ့မှာ ရှက်မျက်နှာရဲရဲကြီးဖြင့် ခေါင်းက ထောင်တောင်တောင်မရှိမဲ့ရှိမဲ့ ဆံပင်လေးကိုပွတ်ပြီး အိမ်ပေါ်ထပ်ကိုတက်ကာ မိန်းမကို ခေါ်ခဲ့ရတော့သည်။





အိပ်ခန်းထဲက ခုတင်ပေါ်မှာ မှုမှုမင့်မင့်ကလေးခေတင်ကြီးကို ခေါင်းအုံးခုမှီပြီး စာဖတ်နေသည့် ခင့်ကို သူ ချော့ရတော့သည်။

အင်း ...

အောက်က ဟာမလေးတွေ့ အသံကလည်း စွာလိုက်တာ။

အပေါ်ထပ်ကတောင် အတိုင်းသား ကြားရသည်။

"ခင် မောင်တို့ရုံးက ဝန်ထမ်းတွေ အောက်ထပ်မှာ ရုံးပိတ်တုန်း ရောက်လာတာ၊ ခင့်ကိုမေးနေလို့ ငဲမောင်လာခေါ်တာ၊ လာကွာ ခင်လည်း အပျင်းပြေတာပေါ့"

"ကျွန်မ ပျင်းတယ်လို့ ရှင့်ကို ဘယ်တုန်းကပြောဖူးလို့လဲ"

"ခင်ကလည်းကွာ"

မင်းသက်မှူးတင် ကိုယ့်တံခါးနဲ့ကိုယ် ညပ်သွားသည်။

အင်း ...

ခင်ကတော့ ...

အောက်က ကောင်မလေးတွေအသံကြားတာနဲ့တင် သူ့ကို ဗီလာလုပ်ပါပြီ။

စိတ်ညစ်လိုက်တာ မိန်းမရယ်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်သာ ရုံးပိတ်ရက်ဆိုတော့ မနေတတ်မထိုင်တတ်ပျင်းနေတာ ပျော်သွားအောင် ကောင်မလေးတွေနဲ့ သွားပြော၊ သွားပြော"

"ခင်ကလည်းကွာ သက်သက်ရစ်ပြီ၊ ကိုယ့်ရုံးဝန်ထမ်းတွေလာတာ ခင်က ထွက်ဧည့်မခံတော့ မကောင်းဘူး၊ လာပါခင်ရယ်၊ မိန်းမကလိမ္မာပါတယ်ကွာ ... နော်၊ နော် ချစ်"

"ဟင် ... နားခါးလိုက်တာ၊ ဘာတွေမှန်းကို မသိဘူး"

ခင်က ဆောင့်ကြီးအောင့်ကြီး ထဘီကို ဆတ်ခနဲပြင်ဝတ်လိုက်ပြီး သူ့နောက်က မကြည်မလင် လိုက်လာခဲ့လေသည်။

ဒါကို သူက သတိထားမိသွားရကာ ...

သတိပေးရသေးသည်။

"ခင် ကိုယ့်ဝန်ထမ်းတွေရှေ့မှာ ချိုချိုသာသာကလေး နေပေးပါနော်"

"ဆရာ့,မလုပ်စမ်းပါနဲ့"

ဟင်း ...

ဒီမိန်းမတော့ခက်ပြီ။

သူက ချစ်လို့ ထိပ်ပေါ်ရွက်ထားတာက အခုတော့ သူ့ကို နှုတ်လှန်ထိုးဖို့ပဲ အကွက်ရနေပြီဖြစ်သည်။





သူက အရှေ့ကနေ သွက်သွက်ကလေး လှေကားတွေကို တစ်ထစ်ချင်း နင်းလျှောက်လာခဲ့ပြီး ဧည့်ခန်းဆိုဖာကြီးကို ရောက်သွားခဲ့ပေမယ့် ခင်ကတော့ဖြင့် မလာချင် လာချင် လာရသည့်စတိုင်လေးဖြင့် ထဘီကလေး ဗလတ်ဗလတ်နှင့် လျှပ်တိုက်ကာ သူထိုင်သည့်ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်လေသည်။

သူက ခင့် အမူအရာတွေကြောင့် ဝန်ထမ်းတွေကို အရမ်းအားနာသွားရကာ ရယ်သွမ်းသွေးလိုက်ရလေသည်။

"အဟွန်း ... အဲဒါ ကိုယ့်မိန်းမအဆိုးလေးလေ၊ ခင်ခင်မြတ်မင်း၊ အင်္ဂလိပ်စာနည်းပြလေ၊ ကိုယ်နဲ့လက်ထပ်ပြီးတော့ အလုပ်ထွက်လိုက်တာ"

"ဟယ် ... အင်္ဂလိပ်စာနည်းပြ တော်လိုက်တာ၊ စန္ဒီတို့ဖြင့် စာမေးပွဲအောင်ဖို့ မနည်းကြိုးစားရတာ၊ ဘာဖြစ်လို့အလုပ်ထွက်ရတာလဲ မရယ်၊ စန္ဒီ နှမြောလိုက်တာ၊ ရန်ကုန်ကို Transfer လုပ်လိုက်ပေါ့"

အင်း ... စန္ဒီတို့ကတော့ လုပ်ပြီ။

အရင်ကတည်းက ခင်က အလုပ်ထွက်ရသည့်ကိစ္စနှင့် သူ့ကို အစာမကြေ ဖြစ်နေရသည့်ကြားထဲ။

အခု ဆွလေးလုပ်လိုက်တော့ ပိုဆိုးပြီပေါ့။


www.burmeseclassic.com

www.burmeseclassic.com

သူ့မှာ ခင်လည်း အစာမကြေမဖြစ်အောင် စန္ဒီလည်း နားဝင်ချိုအောင် ဖာဖာထေးထေး ပြောလိုက်ရတော့သည်။

"မဟုတ်ဘူး စန္ဒီ၊ သူ ပင်ပန်းမှာစိုးလို့ ကိုယ် ထွက်ခိုင်းလိုက်တာ၊ စီးပွားရေးတစ်ဖက်နဲ့ဆိုတော့လေ သူ အရမ်းပင်ပန်းမှာကိုစိုးရိမ်ပြီး ထွက်ခိုင်းလိုက်တာပါ"

"ကိုယ်က ဟိုင်းဘော့စ်ယောကျ်ားကို ရထားတော့လည်း အရာရာစိတ်တိုင်းကျ ဖြစ်နေရတာပေါ့လေ၊ သူက ကျူတာဆရာမကို အထင်မကြီးလို့ ထွက်ခိုင်းတော့လည်း ထွက်လိုက်ရုံပဲပေါ့၊ ခေါင်းတောင်ပေါ့သေး၊ ဒါပေမဲ့ကွာ ငယ်ငယ်ကတည်းက စာတော်တဲ့လူက ယောကျ်ားရမှ ကိုယ့်အရည်အချင်းကြီးကို အနားသတ်လိုက်ရတာ၊ စိတ်ထဲတော့ တော်တော်မကောင်းဘူး"

"ခင်ကလည်းကွာ"

သူ ခင့်ကို မနှစ်သက်သလိုကလေး ဝင်ဟန့်လိုက်တာကို ခင်က မကျေမနပ်ဖြစ်သွားကာ သူ့ရုံးက ဝန်ထမ်းကောင်မလေးတွေရှေ့မှာပဲ ဒူးချိတ်ထိုင်ပြီး ခြေထောက်ကလေးကို တန့်နှံ့လုပ်နေတော့သည်။

အား ... ဒုက္ခပါပဲကွာ။

သူ့ကို လုံးဝဂရုမစိုက်တော့သလိုကြီး ကောင်မလေးတွေရှေ့မှာ လုပ်ပြနေတာ သူ မဟာအရှက်ကွဲပြီ။





ပြောရင်လည်း ...

ဒီထက်တိုးပြီး ဆက်နှံ့ပြဦးမည်။

သူက မသိသလိုကလေး နေပြလိုက်ပြီး စန္ဒီတို့ကို စကားရောဖောရော လေပစ်သွင်းလိုက်လေသည်။

"စန္ဒီ ... ချို သောက်ဟာ၊ ဇော် သောက်ကွာ၊ မင်းတို့ကလည်း မသိတဲ့လူတွေ ကျနေတာပဲ"

"ကိုကြီးလည်း စန္ဒီတို့ပါလာတာ စားဦး"

စန္ဒီကလည်း အကင်းပါးစွာ ဘာစကားမှဆက်မပြောတော့ဘဲ ရယ်ချင်သည့် မျက်လုံးတွေကိုထိန်းရင်း ထောပတ်သီးဖျော်ရည်ကို တစ်ကျိုက်မော့သောက်ပစ်လိုက်သည်။

ပြီးတော့ သူ့ကို သူမတို့လမ်းက ဝယ်လာသည့် မာလကာသီးသုပ်တွေကို အတင်းကျွေးလာတော့သည်။

"ကိုကြီး မာလကာသီးသုပ်၊ ငရုတ်မှုန့်နဲ့ ဆားနဲ့ ကောင်းတယ်"

"ဟာ ... ငါက အစပ်ကြောက်တယ်ဟ၊ စား စား နည်းနည်းပဲ စားမယ်"

"အင်း ... ကောင်းတယ်၊ စန္ဒီက မာလကာသီးဆို သိပ်ကြိုက်"

စန္ဒီက မာလကာသီးစိတ်ကလေးတွေကို တစ်စိတ်ပြီးတစ်စိတ်ဝါးကာ ခပ်သွက်သွက်ကလေးစားရင်း သူ့အရှေ့သို့ တွန်းပေးလာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

ဟင်း … ခက်လိုက်တာကွာ။

စန္ဒီလည်း မသိတတ်။

မိန်းမကလည်း ဒီလို ကလိုးကလက်တွေကိုမကြိုက်။

သူ့မှာ မိန်းမနှင့်တွဲထိုင်နေရင်းကနေ ကြောက်ချွေးတွေပြန်လာရသည်။

အင်း … ခင့်မျက်လုံးတွေက စိမ်းသထက် စိမ်းလာပြီ။

တစ်ခုခုပြောလိုက်မှဖြင့် …

ဟား … အရှက်ကွဲ။

"စားလေ ကိုကြီးရဲ့၊ ဘာဖြစ်လို့လဲ၊ စား ကောင်းတယ်"

"အာ … တော်ပြီ စပ်တယ်ဟ၊ ချို စားလေ ဇော် စား၊ ခင် မာလကာသီး စားမလားဟင်"

သူ ပြောလိုက်တာကို လုံးဝ မကြားချင်ယောင်ဆောင်လိုက်ပြီး ခြေထောက်ကလေးကို အရင်ကထက် ပိုပြီးနှံ့လိုက်တာမို့ သူ့မှာ စန္ဒီတို့ရှေ့မှာ မျက်နှာကြီးပူထူသွားသည်အထိ ရှက်လည်း ရှက် အားလည်းအားနာခဲ့ရသည်။

စန္ဒီကတော့ ဆယ်ကျော်သက်ပီပီ ခင့်အမူအရာတွေကို မမျိုသိပ်နိုင်ဘဲ …

"အဟင်း ဟင်း"



ဆိုပြီး ရယ်မောလိုက်တော့ ခင့်မျက်လုံးတွေ ပိုပြီးအေးစက်စိမ်းကားသွားလေသည်။

သူက ခင့်ကိုကြည့်ပြီး ချွေးပြန်လာရကာ မျက်ဝန်းအကြည့်တွေနှင့် ဘာမှမပြောဖို့ တောင်းပန်လိုက်ပါသည်။

ဒါကို ခင်က သဘောတွေ့သွားပုံဖြင့် မျက်လုံးကလေးမှေးစင်းပြီး သူ့ကို ခနိုးခနဲ့ ပြုံးကြည့်လာခဲ့တော့သည်။

အမယ်လေး …

ပြဿနာရှာရင်ဖြင့်ဒုက္ခ။

ခင်ရယ် ပြန်ပြီး အပေါ်ထပ်ကိုတက်ပါတော့။

ကိုယ် ခင့်ကိုခေါ်လိုက်မိတာ မှားပြီ။

သူက စိတ်အိုက်စွာဖြင့် ခင် ဘာများပြောမလဲလို့ ရင်တမမဖြစ်နေချိန်မှာပဲ မထင်မှတ်ဘဲ စန္ဒီ့လုပ်ရပ်ကြီးကို အိုးတိုးအမ်းတမ်းကြီး အငိုက်မိသွားပြန်တော့သည်။

"ရှီး … ရှီး"

"အာ … စန္ဒီ ငါ … ငါ့ကို မဆွတ်နဲ့၊ မဆွတ်နဲ့"

ဘာမပြောညာမပြောနှင့် ပါလာသည့် သူမအိတ်ကလေးထဲက ရေမွှေးပုလင်းလေးကို ကိုင်ပြီး သူ့ကို တရှီးရှီးဖျန်းပေးလာသည့် စန္ဒီ့ကို သူ ဘာပြောရမှန်းမသိ ခေါင်းစားသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘာလုပ်တာလဲ”

ဟား ... သေပြီ။

လာပါပြီ ခင်ရဲ့ စွာတူးတူးအသံလေး။

စန္ဒီရော ချိုတို့ပါ ခင့်အသံ စွာစွာလေးကြောင့် အံ့အားသင့်သွားသလို ခင့်ကို ငဲ့ကြည့်လိုက်ကြသည်။

စန္ဒီက ထပ်ပြီးအလိုက်မသိ ခင့်ကိုယ်လုံးလေးကို ရေမွှေးပုလင်းလေးညှစ်ပြီး တရှီးရှီး ဆွတ်လိုက်ပြန်သည်။

“အို ... ဘာလုပ်တာလဲ၊ မင်း ရိုင်းလှချည်လား”

“အို ... မကလည်း စန္ဒီ ဝယ်လာခဲ့တဲ့ ရေမွှေးလေးကို စေတနာနဲ့ ဆွတ်ပေးတာပါ၊ မကြိုက်ဘူးလား၊ မကြိုက်ရင် တောင်းပန်ပါတယ်”

“မကြိုက်ဘူး၊ လုံးဝ မကြိုက်ဘူး၊ မင်း သူများ မကြိုက်မှန်း မသိ ကြိုက်မှန်းမသိ ရေမွှေးတွေ ဆွတ်ဖျန်းပေးရအောင်ကွာ တကယ်ပဲ”

“တောင်းပန်ပါတယ်၊ စန္ဒီ့ကိုယ်စား ချို ထပ်ပြီးတောင်းပန်ပါတယ် မရယ်”

“ဟင်း ရေမွှေးနံ့ကို မကြိုက်ဘူးလား၊ ရေမွှေးမကြိုက်တာ ကမ္ဘာမှာ မတစ်ယောက်ပဲရှိတယ်၊ ကိုကြီးနဲ့ မ စိတ်ဓာတ်ကြီးတော့ Opposite ပဲ”





“ကိုယ်က ရေမွှေးသုံးတဲ့မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် သိပ်မုန်းတာ၊ ယောကျ်ား ရေမွှေးသုံးလာပြီဆိုရင် အဲဒီ ယောကျ်ားက မိန်းမရှိုးပြီပြင်ထား၊ မိန်းမ ရေမွှေးသုံးပြီဆိုရင် အဲဒီမိန်းမက ဘဲရှာပြီပြင်ထား”

“အဟင်း ဟင်း ... ဒါဆို ကိုကြီးမင်းသက် မိန်းမရှိုးပြီပေါ့ ဟိဟိ”

စန္ဒီ့စကားအဆုံးမှာ ခင့်မျက်လုံးတွေ ပိုပြီး စိမ်းတောက်သွားသလို သူ့မျက်နှာကို ပေါက်ထွက်မတတ်စိုက်ကြည့်လာတာ သူ့တစ်ကိုယ်လုံး ကျင်စိမ့်သွားသည်အထိ ဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့သွားပါတော့သည်။

ခင်ရယ် ... ဒီထက်ပိုပြီး ဘာမှ အတိုက်အခံမလုပ်ပါနဲ့တော့။

စန္ဒီရယ် ထပ်ပြီး ခင့်ကို မကလိပါနဲ့တော့။

တောင်းပန်ပါတယ်ကွာ။

ဟူး ... မောပါတယ်။

စန္ဒီကလည်းစန္ဒီ။ ခင်ကလည်းခင်။

နှစ်ယောက်သား တိတ်တုဆိတ် အားပြိုင်နေတာကြီး ကိုကြည့်ပြီး မနေတတ်တော့ဘဲ ခင့်ကို အပေါ်ထပ်တက်ဖို့ သူ မဖြစ်မနေကြီး ပြောလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင် စောစောပက်ဘဲ့ဝတ္ထုလေးကို မောင် ဖတ်ပြီးပြီ၊ အရမ်းကောင်းတာပဲ၊ သွားဆက်ဖတ်ချင်ဖတ်တော့လေ"

သူ ပညာသုံးပြီး ခင့်ကို နှင်ထုတ်လိုက်တာကို ခင်က မထိတရိပြုံးကလေးဖြင့် သူ့ကို စိုက်ကြည့်ပြီး ခပ်မှုမှုအသံကလေးဖြင့် …

"ဟင့်အင်း … ပြီးတော့မှ ဆက်ဖက်မယ်၊ အခုချိန်မှာ မောင့်အနားက ခင် တစ်ဖဝါးမှ ခွာလို့မဖြစ်ဘူး၊ မောင်က ရေမွှေးသုံးတဲ့ယောကျ်ားဆိုတော့ မိန်းမရှုးမှာကို ခင် သိပ်ကြောက်တယ်"

"ဟာ … ခင်"

"မ … ဒါ စန္ဒီ့ကိုစော်ကားတာပဲ"

ဝုန်းခနဲ ထရပ်လိုက်သည့် စန္ဒီ့ကိုကြည့်ပြီး သူငယ်ချင်းနှစ်ယောက်ကလည်း ပြုံးပြုံးပျာပျာဖြစ်သွားကြလေသည်။

"စန္ဒီ တော်ပြီ၊ ကိုယ်တို့ ပြန်ကြစို့"

ဇော်က ဦးဆောင်ကာ စန္ဒီ့လက်ကလေးကို ဆွဲကိုင်ပြီး ဧည့်ခန်းထဲက ထထွက်သွားလေသည်။

စန္ဒီက ခင်နှင့် သူ့ကို မျက်လုံးစိမ်းတွေနှင့်စိုက်ကြည့်ရင်း မကျေပွဲနွှဲဖို့ ပြင်နေလေသည်။





"ကိုကြီးမင်းသက်မိန်းမကို ဒီလောက်ရိုင်းစိုင်းတတ်မှန်း မသိလို့ လိုက်လာခဲ့တာ၊ အခုတော့ လုံးဝ အထင်စမော တယ်ကွာ"

"စန္ဒီ ငါ တောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့ဟာ"

"စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်၊ လုံးဝ မကျေနပ်ဘူး"

"လုံးဝမကျေနပ်တော့ မင်းက ဘာလုပ်ချင်သလဲ"

"ခင် မင်း တော်တော့၊ မင်းကို ငါ လုပ်မိတော့မယ်"

"အောင်မယ် … ရှင်က … ရှင်က"

ခင်က ဆတ်ဆတ်ခါနာသွားပြီး သူအရှေ့သို့ ဗွေ့ခနဲ ရောက်လာတော့သည်။ ခင်၊ သူ့ကို တစ်ခုခု လုပ်တော့မှာကို သိထားသည့်သူက ခင့် ပခုံးသားတွေကို တအား ဆွဲခါယမ်းရင်း …

"မင်းကွာ မင်း ငါ့ကို အရှက်ခွဲတာ၊ အရှက်ခွဲတာ"

အံကြိတ်သံကြီးဖြင့် ပြောလိုက်ပြီး စန္ဒီ့ကို သူ ကျေနပ်အောင် ထပ်ပြီးတောင်းပန်လိုက်ရပါသည်။

"စန္ဒီ … ညီမ ကိုကြီး တောင်းပန်ပါတယ်ကွာ … နော်၊ ကျေနပ်ပါတော့နော်၊ ဒီကနေ့ အဖြစ်တွေကို မေ့လိုက်ပါ တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



“အဟင်း … ့ခစချင်ရင် ကိုကြီးမင်းသက် မိန်းမကို ကိုကြီး စန္ဒီတို့ရှေ့မှာ ဆဲပြ၊ မိုက်မိုက်ရိုင်းရိုင်းဆဲပြမှ စန္ဒီ ကျေနပ်မယ်”

“ဟား … စန္ဒီရယ်”

“ဟား ဟား … မောင်က ကိုယ့်ကို ဆဲရဲမလားကွ၊ ကိုယ့်ကို ဆဲဖို့နေနေသာသာ လက်ဖျားလေးနဲ့တောင်မရှယ်ဖူးဘူး၊ ကိုယ်ကသာ မောင့်ကို ထိုင်ဆိုထိုင် ထဆိုထ ဖြစ်စေခဲ့တာကွ”

“ခင် မင်း ငါ့ကို အရှက်ခွဲလိုက်တာလား”

သူ့မျက်လုံးတွေထဲမှာ ဘာကိုမှမမြင်တော့ဘဲ ပြာဝေမူးမိုက်သွားတော့သည်။

လူတွေရှေ့မှာ သူ့ကို ကောင်းကောင်းကြီး အရှက်ခွဲခဲ့သည့် ခင့်ကိုယ်လုံးလေးကို ကျိုးကြေလုမတတ် ဆုပ်ညှစ်လိုက်သည့်အချိန်မှာ မထင်မှတ်ဘဲ ပွဲက ကြမ်းသွားရလေတော့သည်။

သူ ကမူးရှူးထိုး ပေါက်ကွဲခံစားနေချိန်မှာ …

အငိုက်မိပြီး ခံလိုက်ရတာ …

“ဖြန်း … မှတ်ထား၊ ကျွန်မကိုကြောလို့ ဘယ်တော့မှမရဘူး”

“ခင် … မင်း … မင်း ငါ့ပါးကိုရိုက်တယ်”

“ရိုက်တယ်၊ ရိုက်တယ်၊ နောက်တစ်ချက်တောင်ထပ်ရိုက်ချင်သေးတယ်”





“ခင် မင်း သေလိမ့်မယ်၊ သေချင်ပြီလား”

“ဟာကွာ ငါ … ငါပြန်လုပ်ရင် သေဦးမယ်”

“ဝုန်း”

“ဒုန်း”

ကြိုက်သလောက်ထိုးစမ်း။

ကျွန်မကိုတော့ လာမထိနဲ့ ရှင် ဒီထက်ပွဲပြင်းသွားမယ်မှတ်။

အဟား … ရယ်ရယ်ရသေး။

ခင့်ကို ဒေါသထွက်ပေါက်ကွဲပြီး ခင် ပါးရိုက်လိုက်တာကို ဆတ်ဆတ်ခါနာပြီး ခင့်ကို ပြန်မရိုက်ရဲတော့။

စိတ်ရှိတိုင်း အခန်းနံရံကြီးကို လက်သီးတွေနှင့်စွတ်ထိုးနေတာ။

ထိုးစမ်း ကြိုက်သလောက်ထိုး။

ရှင့်လက်တွေ စုတ်ပြတ်သတ်အောင်ထိုး။

ရှင့်ဟာမ စန္ဒီကိုထိတော့ နာတယ်ပေါ့။

ဟိုဟာမတွေ အုပ်စုကတော့ ခင်တို့ရဲ့ပေါက်ကွဲမကျေနပ်ပွဲကြီးကိုကြည့်ပြီး သဘောတကျပြန်သွားကြလေပြီ။

ဂြိုဟ်မ …

အလကားဟာမ …



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှိတဲ့ယောက်ျားဆိုပြီး ခင့်လက်ထဲကတောင် ကြောင်တောင်လုဦးမလားမသိဘူး။

ကြည့်ရတာ မျက်နှာကိုက မိန်းမဖြစ်ပြီး တစ်စက်မှ ဣန္ဒြေမရ။ ပြောင်ချော်ပြီး ဆီဆွတ်ထားတဲ့မျက်နှာမျိုး။

အမယ်လေး ...

ကြည့်စမ်းပါဦး။

ဟိုအရူးကလည်း ခင့်ကို မဲပြီး အခုထိ ဧည့်ခန်းနံရံကြီးကို လက်သီးတွေနဲ့ ထိုးနေတုန်း။

အဟား သေစမ်း။

"မင်းဟာ ငါ့ကို လူတွေရှေ့မှာ သိပ်ထောင်လွှားပြချင်တဲ့ မိန်းမ သိပ်ရိုင်းပျတဲ့မိန်းမ၊ ယောက်ျားကိုနိုင်တယ်ဆိုပြီး အလဲထုချင်တဲ့ အညံ့ဆုံးမိန်းမ၊ ငါ မင်းကို အလိုလိုက်ခဲ့တာတွေက မင်းကိုချစ်လို့ ငါ ကန်းလို့မဟုတ်ဘူးကွ နားလည်လား"

နားမလည်နိုင်ပါဘူး။

ဟိုဟာမကိုထိလို့ အရမ်းရှက်ပြီးပေါက်ကွဲသွားတာ သူ့မ ရင်ထဲ လုံး၀ မကျေနပ်။

အရင်တုန်းက ဘယ်လောက် ပျပ်လျှာ ပျပ်လျှာ တွဲလိုက်ကြမလဲ။





ဟင်း ... အခံရခက်လိုက်တာ။

တစ်သက်လုံး ဘယ်သူနဲ့မှ အစွန်းအထင်းမရှိ နေလာခဲ့သည့် ခင့်ကျမှ ရည်းစားရှုပ်တဲ့ယောက်ျားနဲ့ တွေ့ရတဲ့အဖြစ်။

ခင့်ဘ၀ကို ခင် ရင်နာမိသည်။

စိတ်လည်းနာသည်။

ဒီလိုယောက်ျားစားမျိုးကို အရူးအမူးချစ်သွားခဲ့သည့် ခင့်ကိုယ်ခင်လည်းနာသည်။

ဒါပေမဲ့ ခင်က ပြတ်သားတဲ့မိန်းမဆိုတာကို သူ သိပ်မကြာခင်မှာ သိစေရမယ်။

ခင် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပြီး ဒေါသတကြီးပေါက်ကွဲနေသည့် သူ့ကို ကျောခိုင်းကာ ဧည့်ခန်းထဲက လှည့်ထွက်လာခဲ့တော့သည်။

ခင့်ရင်ထဲမှာတော့ ဒီဆုံးဖြတ်ချက်တွေနဲ့အတူ ...

ပူလောင်ကျွမ်းရှနေခဲ့ရပါပြီ။

"အို"

ခင်ဟာ ...

ဘာဖြစ်လို့များ မျက်နှာများချင်တဲ့ ယောက်ျားကို မိုက်ရူးရဲဆန်ပြီး ရူးသွပ်ခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခင်ဆိုတဲ့မိန်းမက အသည်းမာသူပီပီ ... ကိုယ်သိပ်ချစ်တဲ့ ယောကျ်ားကိုလည်း အပီအပြင် ပြတ်နိုင်ခဲ့ပါတယ်။

ခင် သူ့ကို ကွာရှင်းဖို့ ဆုံးဖြတ်လိုက်ပါသည်။





## ၁၈

"ဒေါ်မယ်"

ကုမ္ပဏီက ပြန်လာလာချင်း အိမ်ထဲမှာရော အိပ်ခန်းထဲပါ ခင့်ကိုမတွေ့ရတာမို့ သူ ရင်ထိတ်စွာဖြင့် ဒေါ်မယ်ကို မေးလိုက်တာဖြစ်သည်။

သူမေးလိုက်မှ ဒေါ်မယ်က မျက်နှာတစ်ချက်ပျက်သွားကာ ဘာပြောရမှန်းမသိ အိုးတိုးအမ်းတမ်း အမူအရာဖြစ်နေလေသည်။

"ဟာ ... မေးနေတာ မကြားဘူးလား ခင်ရောလို့"

"သားလေးရယ် စောစောကတင် ဖုန်းလာတယ်၊ ခင် မန္တလေးကို ရောက်နေပြီတဲ့"

"ဟာ ... ခင်က ဘာကိစ္စ ... ကျွတ်၊ အဲဒါ ဘာလို့ မပြောတာလဲ၊ ဒီမိန်းမကို အပြင်လုံးဝမထွက်စေနဲ့ဆိုတာ ဒေါ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် မှာထားတယ်လေ၊ သူ အပြင်ထွက်ရင်လည်း ကျွန်တော့်ကို ဖုန်းဆက်ဆိုတာ ဘာလို့မဆက်သလဲ၊ ဒေါ်မယ်တို့ကလေ သိပ်ပေါ့လျော့တာပဲ၊ အခုတော့ ခက်ပြီ။ သူ မန္တလေးပြန်တာ အကောင်းပြန်တာ မဟုတ်ဘူးဗျ၊ ဟိုတစ်နေ့က ရန်ပွဲနွှဲထားတာဗျာ ... ကျွတ်၊ ခက်ကုန်ပြီ”

ဟား ...

ဒုက္ခမှ မဟာဒုက္ခ။

ဒီမိန်းမဆိုးလေး မန္တလေးပြန်သွားတာ သူ့ကို ဘယ်လိုသတင်းဆိုးတွေပေးပြီး ယောက္ခမတွေ စိတ်မကြည်ဖြစ်အောင် ပြောဦးမလဲမသိ။

အိမ်ထောင်ရေးပြိုကွဲချင်လောက်တဲ့အထိ စိန်ခေါ်ရင်တော့ဖြင့် ...

တွေးရင်းနဲ့တောင် သူ့နှလုံးသားတစ်ခုလုံး ကျွမ်းမြည့်သွားရသည်။

ဒုက္ခပေးလိုက်တာကွာ။

တကယ်စိတ်ဆိုး စိတ်နာရမှာက သူ။

အခုတော့ သူမက တစ်ပြန်ကြီး သူမမိဘတွေကို သူဆိုးတဲ့အကြောင်းတွေကို ဦးအောင်သွားတိုင်ပြီဖြစ်သည်။

မျက်ရည်ခံထိုးပြီး သူနှင့် မပေါင်းနိုင်တော့သည့်အကြောင်းကို မိဘတွေကို တင်ပြတော့မည်။





သူ့အပြစ်ကို တစ်ခုပြီးတစ်ခု ချပြတော့မည်။

စကားတတ်တိုင်း သူ့ကို တစ်ခုပြီးတစ်ခု အပြစ်ထောက်ပြတော့မည်။

“ဟား ... ဒေါ်မယ်တို့ကလည်းဗျာ၊ သူ အပြင်ထွက်မယ်ဆိုရင် ကျွန်တော့်ကို ဖုန်းဆက်ပါလို့ပြောထားရက်နဲ့ဗျာ၊ အခုတော့ ကျွန်တော်က မန္တလေးကမေမေတို့ အပြစ်တင်ချင်စရာဖြစ်သွားပြီ၊ ခင့်ကို တစ်ယောက်တည်း မန္တလေးပြန်ခိုင်းခဲ့တာ ကျွန်တော် မကောင်းဘူးဖြစ်သွားပြီ”

“သမီးက ဒီရန်ကုန်ထဲက သူ့သူငယ်ချင်းဆရာမ အိမ်ကိုသွားမှာ၊ သားလေးကို ဖုန်းမဆက်တော့ဘူးပြောပြီး ထွက်သွားတော့ ဒေါ်မယ်လည်း စိတ်ချပြီး သားလေးဆီ ဖုန်းမဆက်တော့တာပါ”

“အခုတော့ ကောင်းပြီပေါ့ဗျာ၊ အခုလောက်ဆိုရင် သူ့မိဘတွေရှေ့မှာ ကျွန်တော် မကောင်းကြောင်းဖောက်သည်ချပြီပေါ့”

“မင်းက ခင့်အပေါ် ဘာတွေ မကောင်းတာ လုပ်ထားလို့ ဒီလောက် နောက်ကျောမလုံ ဖြစ်နေရတာလဲ”

သူ စိတ်ပျက်လက်ပျက် ရေရွတ်လိုက်တာကြီးကို အပေါ်ထပ်တက်လာသည့် ဒက်ဒီနှင့်မာမီက ကြားသွားပြီး သူ့ကို ခပ်ထေ့ထေ့ ရိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ဘာမှပြန်မပြောမိတော့ဘဲ ဆိုဖာကြီးမှာ စိတ်ပျက်လက်ပျက် ခပ်လျော့လျော့ကြီး မှီထိုင်ချလိုက်မိသည်။

ဟုတ်ပေသားပဲ။ ဒက်ဒီပြောလည်း ပြောစရာ။

ခင့်အပေါ် တာဝန်အကျေလွန်နေသည့်သူ့ကို ဒက်ဒီနှင့်မာမီတော့ မျက်မုန်းကျိုးနေရပြီဖြစ်သည်။

အင်း ...

သူ အရမ်းချစ် အရမ်းအလိုလိုက်တာတွေကို အခွင့်ကောင်းယူပြီး ဟိုတစ်နေ့က စန္ဒီတို့ရှေ့မှာ မိန်းမက သူ့နိုင်ငံနိုင်တယ်ဆိုတာကို ကောင်းကောင်းကြီး ဖွင့်ပြသွားခဲ့တာ။

သူစိမ်းတွေရှေ့မှာ ရက်ရက်စက်စက်ပါးရိုက်ခဲ့တာကြီးကို သူ့မှာရှက်လို့ ကုမ္ပဏီတောင်မသွားတာ တစ်ပတ်တိတိ။

ဒီတစ်ပတ်အတွင်းမှာ အိမ်မှာနေခဲ့ပေမယ့် ခင်နှင့်မျက်နှာချင်းမဆိုင်ဖြစ်အောင် သူ ရှောင်နေခဲ့သည်။

ခင်နှင့် တစ်ခန်းတည်းလည်း အတူတူမအိပ်တော့။

ဒီလောက် လူရှေ့မရှောင် သူရှေ့မရှောင် ဆိုးသွမ်းလွန်းသည့်မိန်းမကို စိတ်နာလွန်းလို့ သူ လျစ်လျူပြုကျောခိုင်းထားခဲ့သည်။

အင်း ... ဒီနေ့တော့ ကုမ္ပဏီကို မျက်နှာပူပူဖြင့် ထွက်လာခဲ့တော့ ရုံးရောက်ပြန်တော့လည်း စန္ဒီ အလုပ်ထွက်စာတင်ခဲ့တာကြီးကို စိတ်ကသိကအောက် ဖြစ်ခဲ့ရသည်။





အခု ကုမ္ပဏီကပြန်တော့ မိန်းမက သူ့မိဘတွေဆီ ဆင်းသွားခဲ့ပြီ။

"ဟား"

သူ ဘာမှ မစဉ်းစားချင်တော့အောင် ခေါင်းတွေထူပူပြီး လေပူကြီး မှုတ်ထုတ်လိုက်သည်။

"ဟားခနဲလုပ်ပြီး ပူလောင်ခံစားမနေနဲ့၊ အခုလို မင်းမိန်းမဆိုးတာတွေက မင်း အသုံးမကျလို့၊ မင်းဟာ ပြားပြားဝပ်မိန်းမကို ကြောက်နေရတော့ အခုတော့ ဟိုတစ်နေ့က အဖြစ်က ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ ဟင်၊ မင်းမို့လို့ မရှက်တယ်ကွယ်၊ ကိုယ့်ကုမ္ပဏီဝန်ထမ်းတွေရှေ့မှာ မိန်းမပါးရိုက်တာခံရတာ မင်းမရှက်ပေမယ့် ငါရှက်တယ် သိလားဟဲ့ မင်းသက်မှူးဘင်ရဲ့"

"မာမီရယ် ဒါကိုပဲ ထပ်ပြီးပြောမနေစမ်းနဲ့ဗျာ"

"ပြောရမယ်ဟဲ့ ပြောရမယ်၊ ဘာတဲ့ ကိုယ်ကသာ မောင့်ကို ထိုင်ဆိုထိုင် ထဆိုထ ဖြစ်စေခဲ့တာတဲ့၊ ဟင်း ဟင်း ... ကောင်းရော နင့်မှာ ဘာဂုဏ်သိက္ခာမှ မရှိတော့ဘူး"

"မာမီရယ် စိတ်ရှုပ်ရတဲ့ကြားထဲ ဒုက္ခပါပဲဗျာ"

စိတ်ရှုပ်ရှုပ်နှင့် သူ ခေါင်းကြီးကို ခါယမ်းပစ်လိုက်တော့သည်။ ဒက်ဒီကတော့ အခုထိ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ခေါင်းကြီးတညိတ်ညိတ်လုပ်ပြီး သူ့ကို အထင်သေးရှုံ့ချနေသည်။



www.burmeseclassic.com

www.burmeseclassic.com

သိပ်နွားကျတဲ့ကောင်လို့ ...။

ဒက်ဒီပါးစပ်က ဖွင့်မပြောခဲ့ပေမယ့် ဒက်ဒီ မျက်လုံးတွေက သူ့ကို အထင်သေးရှုံ့ချနေတာ သူ နာကျင်အခံရခက်ပါသည်။

အခုမှ သူ ဒက်ဒီမာမီတို့ရဲ့ ဆူပူမှုကြီးကို ခေါင်းပူမတတ် ခေါင်းခံခဲ့ရတော့သည်။

"အေး ... မင်းမိန်းမဟာ မင်း နှင်ချတာမဟုတ်ဘဲ မိဘတွေ ဆီဆင်းသွားတာ၊ မင်း လုံးဝ လိုက်ခေါ်စရာ မလိုဘူး၊ ဒီလောက်ဆိုးတဲ့ချွေးမလုပ်ရပ်တွေကို ဒက်ဒီတို့ ခွင့်မလွှတ်ချင်ဘူး"

"ဟာ ... မဟုတ်ဘူး၊ အဲဒီနေ့က ဖြစ်တဲ့ပြဿနာက သားဘက်ကလွန်တာဖြစ်နေတာ၊ ပြီးတော့ စန္ဒီကလည်းမကောင်းဘူး"

"အဲဒီတော့ မင်းက ဘာဖြစ်ချင်သလဲ"

"ဟို ... သား ... သား သူ့ကို သွားခေါ်ရမှာပေါ့ ဒက်ဒီရယ်"

"အမယ်လေး ... သွားပြီ ... သွားပြီ"

မာမီက သူ့မျက်နှာကြီးကို ဒေါသတကြီး ကြည့်ပြောလာလျက် သူက ဒက်ဒီနှင့်မာမီတို့ကို ရင်မဆိုင်ချင်တော့ဘဲ ခေါင်းကြီးငိုက်စိုက်ချပြီး ဆိုဖာကြီးကနေ ထထွက်လာခဲ့တော့သည်။





အနောက်မှာ မာမီကတော့ ဒေါကြီးမောကြီးဖြစ်ကျန်ခဲ့တော့သည်။ ဒက်ဒီ မာမီတို့ သူကြောင့် အခုလို ခံစားကြေကွဲနေခဲ့တာကြီးကိုလည်း သူ မကြည့်ရက်။

ဟား ... ဒုက္ခပါပဲကွာ။

ငါ ဘာဖြစ်လို့များ မိန်းမရတာ ကံမကောင်းရတာလဲ။

တစ်သက်လုံး ဗိုလ်ကျလာသည့်လူတစ်ယောက်က မိန်းမနဲ့ကျမှ နောက်ပါးဖြစ်ခဲ့ရတာ သူ့ကိုယ်သူလည်း နာကြည်းမိသည်။

"သွားပြီ မရတော့ဘူး၊ မင်းသား မိန်းမကို အချစ်လွန်တော့ မင်းချွေးမက ဆိုးလို့ကောင်းပြီပေါ့ကွာ၊ မင်းနဲ့ ငါ့သား သားနဲ့ ချွေးမကို ကြည့်ပြီး တစ်နေ့တစ်နေ့ စိတ်မချမ်းမသာဖြစ်ရမှာ၊ သူ့လင်သူမယားကတော့ သူ့ဘာသာ ဘာလုပ်လုပ် ကျေနပ်ကြည်ဖြူနေတာပဲ၊ မင်းသား ဦးကျိုးသွားပြီ မရတော့ဘူး"

မှတ်လောက်သားလောက် ပြောတတ်သည့် ဒက်ဒီ့စကားကြီးက သူ့နှလုံးသားကို အရှိန်ပြင်းပြင်းထိမှန်သွားခဲ့လေသည်။

ဟုတ်ပါတယ် ဒက်ဒီရယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒက်ဒီ ပြောသလိုပါပဲ။

သား မိန်းမအပေါ် အလိုလိုက်ပြီးချစ်ခဲ့မိတာ။

အခုတော့ မိန်းမက နိုင်လို့ကောင်းလို့ နိုင်စားသွား ပြီဗျာ။

ဒက်ဒီ ပြောသလို ...

သား ဦးကျိုးသွားပြီပေါ့ဗျာ။





၁၉

"ကောင်းတယ် ကောင်းတယ်၊ အခုမှ ယောကျ်ားကနှင်ချလို့ မျက်ရည်လေးစက်လက်စက်လက်ကျပြီး ဖေဖေ ကယ်ပါ မေမေကယ်ပါ၊ အန်တီလေးကယ်ပါဖြစ်ပြီ။ ငါပြောတာ ညည်း မယုံဘူးမဟုတ်လား ခင်"

အို ...

ကြည့်စမ်း ...

ခင် ဒေါသထွက်လွန်းလို့ ကိုယ့်ဘဝကိုယ် ယောကျ်ားရတာ ကံမကောင်းခဲ့တာကြီးကို နာကြည်းပြီးဝမ်းနည်းလို့ သူတို့ ရှေ့မှာ မျက်ရည်ကျခဲ့တာကို ခင့်ကို မေမေက မညှာမတာ တစ်ပြန်လှောင်နေတာ ခင် နာကျင်အခံရ ခက်ပါသည်။

ဘယ်မှာလဲ ...


www.burmeseclassic.com

www.burmeseclassic.com



ခင်ဟာ ယောက်ျားနှင်ချရတဲ့ မိန်းမစားမှမဟုတ်တာ။

ယောက်ျားကိုသာ ခင်က နှင်ချမှာ။

ခင် ဝမ်းနည်းလွန်းလို့ မျက်ရည်ကျခဲ့တာကို အထင်သေးရှုတ်ချနေသည့် မိသားစုသုံးယောက် မျက်နှာတွေကို ခင်က ခပ်စိမ်းစိမ်းပင် စိုက်ကြည့်လိုက်သည်။

ရင်ထဲက မခံချင်သည့် ကြေကွဲခံစားချက်တွေလည်း အစွမ်းကုန် ပေါက်ကွဲသွားပါတော့သည်။

"ခင့်ကို ယောက်ျားကနှင်ချရဲမလား၊ ခင်ကသာ ယောက်ျားကိုမောင်းချမှာ၊ ခင့်ဘဝမှာ မှတ်ထား မေမေ၊ လင်ကိုဘုရား သားကိုသခင် ကိုးကွယ်တတ်တဲ့ မိန်းမစား မဟုတ်ဘူး၊ အခု မျက်ရည်ကျခဲ့တာလည်း ခင့်ဘဝခင် ရင်နာလွန်းလို့ ယောက်ျားရက်ဆိုးတာကို ဝမ်းနည်းလွန်းလို့သိလား၊ အဖေကိုလည်းမကယ်နိုင်ဘူး၊ အမေကိုလည်းမကယ်နိုင်ဘူး၊ အန်တီလေးကိုလည်းမကယ်နိုင်းပါဘူး၊ ခင်က ဒေါင်ဒေါင်မြည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့မိန်းမ၊ ယောက်ျားလုပ်စာကိုမှီခိုစားတတ်တဲ့ ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး"

"ညည်းက ဒီစကားပြောရအောင် ဘယ်သူ့စောင်းပြောတာလဲ"





မေမေ့ကိုပေါ့လို့ စိတ်ထဲကနေ ခံပြောပစ်လိုက်သည်။

မေမေဟာ လင်ကိုဘုရား သားကိုသခင်ကိုးကွယ်သည့်မိန်းမ။

ယောက်ျားလုပ်စာကို မှီခိုစားပြီး ယောက်ျားကို အိမ်ကနေ ပြုစုယုယသည့် အမျိုးသမီးဖြစ်နေခဲ့တာ။

ခင်တို့ကတော့ လုံးဝပဲ။

"ဟင်း ဟင်း ... ငါ့သမီးလေး တော်ပါတယ်၊ တော်ပါတယ်ဆိုကာမှ ယောက်မမြင်းစီးထွက်လာတာ ရက်ဖို့ကောင်းလိုက်တာ၊ တို့များတော့ တစ်ခါမှမကြုံဖူးပေါင်၊ အိမ်ထောင်သက် ရှစ်လကျော်ရှိသေးတယ် ယောက်ျားကို စိတ်ဆိုးစိတ်ကောက်ပြီး အိမ်ပေါ်က ဆင်းလာသတဲ့"

"ဆင်းလာတာမဟုတ်ဘူး အတည်ကွဲမှာ၊ စာချုပ်မှာ လက်မှတ်ထိုးပြီး တစ်ခုလပ်ဘဝခံယူမှာ"

"ခင် .... ညည်း ... ညည်း အရိုင်းအစိုင်းမ၊ စကားကို ဆင်ခြင်ပြောစမ်း"

"မေမေတို့ ကြိုးတုတ်ပေးထားတဲ့ယောက်ျားကို ခင် လုံးဝမပေါင်းနိုင်ဘူး၊ အဲဒါက ခင့်ရဲ့ဆုံးဖြတ်ချက်အတည်ပဲ၊ ခင့်ဘဝကို အခုလို ခံစားကြေကွဲရအောင်လုပ်တာ မေမေ၊ ခင့်ရဲ့ဘဝကို ပျက်အောင်လုပ်တာ မေမေ၊ မေမေသိလား ... ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ခင် ချုပ်ယိုမှ ထားသည့် ဒေါသနှင့်မာနတွေ ပွင့်ထွက်ကွာကျသွားရပြီး မေမေ့ရှေ့မှာ ဝမ်းနည်းတကြီး ဟီးချင့်ကြွေးလိုက်မိပါတော့သည်။

တကယ်တွေးကြည့်စမ်း ...

အပြစ်တင်ရမယ်ဆိုရင် ...

မေမေ့ကိုပဲ အပြစ်တင်ရမှာ။

မတော်ရသေးသည့် သမက်လောင်းကို သမီးမယူလို့ကိုမဖြစ်အောင် အိမ်ပေါ်တင်ထားပြီး သမီးကို သိက္ခာပျက်အောင် ထိုးချပေးစားခဲ့တာ။

ဟိုဘက်က ယောက္ခမကလည်း သူ့သားကို အငမ်းမရထိုးအပ်နေတာ။ ခင့်ကို အမိဖမ်းမတတ် ရယူပြီးမှ ခင်မကောင်းတဲ့အကြောင်း ဆိုးတဲ့အကြောင်းကို မေမေတို့ဆီဖောက်သည်ချပြီးရောပေါ့။

ဒါကြောင့် မေမေက ရောက်ရောက်ချင်း ခင့်ကိုအပြစ်တင်ကြိမ်းမောင်းလာခဲ့တာ။

ဟွန်း ...

တစ်ယောက်မှ မကောင်းဘူး။

မိဘတွေရော ယောက္ခမတွေရော ယောကျ်ားကိုပါအာလုံး မုန်းတယ်။





မကြည့်ချင်လောက်အောင်ကိုပင် မုန်းပါသည်။

“အမယ်လေး ... အမယ်လေး ... ငါ့ကို ပြန်ပြီးနှုတ်လှန်ထိုးနေလိုက်တာ၊ ခင် ညည်းဟာလေ မိဘအပေါ်လည်းအကောင်းမမြင် ယောက္ခအပေါ်လည်း အကောင်းမမြင်၊ ယောကျ်ားအပေါ်လည်း အကောင်းမမြင်နဲ့၊ ညည်း တစ်နေ့ဝဋ်လည်မယ်၊ ညည်းလို မိဘတွေအပေါ် အကောင်းမမြင်တဲ့သမီးမျိုး ညည်း ရကိုရဦးမယ်”

မေမေက မနိုင်,နိုင်ရာနှင့် ပြောလာတော့ ခင့်မှာဘာမှ ပြန်ပြောစရာစကားလုံး မရှိတော့တာမို့ ဒေါသလည်းဖြစ်စိတ်လည်းနာ ဝမ်းလည်းဝမ်းနည်းပြီး ကိုယ့်အရွယ်ကြီးနှင့် မရှက်မိတော့ဘဲ ကလေးလေးတစ်ယောက်လို မိဘတွေရှေ့မှာ ဝမ်းနည်းတကြီး ငိုချလိုက်မိပါတော့သည်။

“အဟင့် ... ဟင့် ... ဟီး”

“ဟာကွာ ... သမီး အရမ်းဝမ်းနည်းနေပြီ၊ ထား မင်းလည်းသမီးကိုမဆူတော့နဲ့၊ မင်းက တစ်ဖက်စကား နားဝင်ပြီးသမီးကိုချည်း ဖိမဲမနေနဲ့၊ တောင်ငူကလည်း တောင်ငူမောင်းထောင်ကလည်း မောင်းထောင် ရှိဦးမှာပေါ့၊ ကဲ ... ကဲ ... သမီးလည်း ခရီးပန်းလာတာ အခန်းထဲသွားအနားယူတော့”



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခင့်ပခုံးကလေးကို နှစ်သိမ့်သလိုကလေး ဖွဖွကလေးကိုင်ပြီး ချော့မော့တော့ ခင် ပိုပြီးဝမ်းနည်းသွားပါသည်။

ဝမ်းနည်းမျက်ရည်များ အတောမသတ်ကျလာသလို ငိုရှိုက်သံတွေကလည်း ကျယ်လောင်သွားတော့သည်။

"အဟင့် ... ဟင့် ... ကိုယ့်ဘဝကိုယ် သိပ်မုန်းတယ်၊ မိန်းမဘဝကို သိပ်မုန်းတယ်"

ခင်က ကိုယ့်ပေါင်လေးကို ကိုယ်ထုပြီး ကိုယ့်ဘဝ ကိုယ် မုန်းတီးကြောင်း ဟစ်ကြွေးလိုက်သည်။

ဒါကို မေမေက မျက်စောင်းကြီးခဲပြီး ဧည့်ခန်းထဲက လှည့်ထွက်သွားသလို အန်တီလေးကလည်း ခင့်ရဲ့မျက်နှာကို ကျီးကန်းဟိုရမ်းဒီရမ်း ...

စိတ်မချမ်းသာဘဲ ဧည့်ခန်းထဲကနေ လှည့်ထွက်သွားတော့သည်။

ဧည့်ခန်းထဲမှာ ကျန်ရစ်ခဲ့သူကတော့ ခင့်ကို နားလည်စွာဖြင့် ချော့မော့နှစ်သိမ့်ပေးခဲ့သည့် ဖေဖေပင်ဖြစ်သည်။

ခင်က ဖေဖေ့ကို ရင်ထဲကခံစားရသမျှကို ရင်ဖွင့်ချလိုက်ပါတော့သည်။

"ဖေဖေ ခင် ... ခင် သူနဲ့ ရှစ်လကျော်ကြီးနေလာခဲ့တာ တစ်နေ့မှ စိတ်မချမ်းသာဘူး၊ ခင် စိတ်ချမ်းသာချင်တယ်၊ ခင် သူ့ကို ကွာရှင်းချင်တယ် ဖေဖေ"





"လင်ခန်းမယားခန်းပြတ်တယ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် နာလောက်ကြည်းလောက်တဲ့ အပြစ်ကြီးကြီးရှိမှ သမီးရယ် ပြတ်ကျတာပါ၊ အခု သမီးဖြစ်တဲ့ပြဿနာလေးက သေးသေးလေး၊ ဒီကိစ္စကလေးနဲ့ ဘယ်လိုလုပ်ပြီး လင်မယားပြတ်စဲခွင့်ရမှာလည်း သမီးရယ်"

"မသိဘူး ... မသိဘူး ခင်ကတော့ ကွဲမှာပဲ"

လင်ယောက်ျားကို ကွဲချင်လွန်းလို့ ဆတ်ဆတ်ခါနေသည့် သမီးဖြစ်သူကို ဘာစကားမှမပြောတော့ဘဲ ဖခင်ဖြစ်သူက ဧည့်ခန်းထဲကနေ လှည့်ထွက်လာခဲ့တော့သည်။

အင်း ... သမီးလေး စိတ်ဆိုးတုန်းပြောတဲ့စကားကို ဖခင်ဖြစ်သူက နားလည်ပေးလိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀

သူ ခင့်ဆီကို ရောက်လာခဲ့ပေမယ့် ခင်နှင့် လုံးဝ မျက်နှာချင်းဆိုင်ခွင့်မရခဲ့ဘဲ ယောက္ခမတွေကိုပဲ သူ ရိုရိုကျိုးကျိုး တောင်းပန်လိုက်ရသည်။

"အဲဒီနေ့က ဖြစ်ခဲ့တဲ့ပြဿနာက ကျွန်တော် မှားတာပါ ဖေဖေနဲ့ မေမေ၊ သူက ကျွန်တော့်ကို မယုံမကြည်ဖြစ်ပြီး မျက်စိဒေါက်ထောက်ကြည့်နေတဲ့အချိန်မှာ ကျွန်တော့်ရဲ့ ဝန်ထမ်းတွေကို အိမ်လည်ခေါ်လိုက်မိတာ ကျွန်တော် မှားသွားတာ၊ ကျွန်တော် ရှက်လည်း ရှက်တယ်ဗျာ"

"အေးကွယ် ... ဘာမဟုတ်တာလေးနဲ့ အခုလိုဖြစ်ကျတာ အသိုင်းအဝိုင်းကြားမှာ ကြားလည်းမကောင်းပါဘူး၊ အိမ်က သမီး သားအပေါ်ဆိုးတာတွေကိုလည်း မေမေတို့သိပါတယ်၊





သမီးရဲ့ဆိုးသွမ်းမှုတွေကို သားက ခွင့်လွှတ်သည်းခံတာတွေ ကိုလည်း မေမေတို့ အားနာတယ်"

ရောက်ရောက်ချင်း ယောက္ခမတွေနှင့် စကားပြော ဖြစ်ခဲ့ပြီး ထမင်းစားတော့လည်း ယောက္ခမတွေနှင့် အတူမစားဖြစ်ဘဲ ခင့်ကို မျှော်ရင်းနှင့် သူတစ်ယောက်တည်း စားဖြစ်ခဲ့သည်။

အင်း ...

ခင်ကတော့ဖြင့် သူရောက်လာတာကို ...

နည်းနည်းမှ ဂရုမစိုက်ဘဲ သူရောက်ကတည်းက သူမ အခန်းတံခါးကို လော့ခ်ချပြီး အခန်းအပြင်ကို လုံးဝမထွက်တော့တာ သူ တော်တော်ခံရခက်ပါသည်။

ဟင်း ... ပိုလွန်းတဲ့ မိန်းမ။

သူနှင့် မျက်နှာချင်းဆိုင်ရမှာစိုးပြီး ရေလည်းထွက်မချိုး ထမင်းလည်းထွက်မစားနှင့် သူ့ကို ဆန့်ကျင်တာ သူ အသည်းယားလှသည်။

ဖြစ်နိုင်ရင် ခင့် အခန်းတံခါးကို ရအောင်ဖွင့်ပြီး အခန်းထဲက ခုတင်ကြီးပေါ်မှာ မျက်လုံးအိမ်ကလေးတွေ အစ်ကျမတတ်ငိုထားသည့် ဇနီးလေးကို ချော့မြှူလိုက်ချင်တာ။

ရင်ခွင်ထဲ ဆွဲပွေ့ဖက်ပြီး ဆံပင်အိအိစင်းစင်းကလေးတွေကို နှုတ်ဖြင့်ကိုက်ပြီး ချော့အနမ်းတွေ ပေးချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ဖြင့် ...

ညသန်းခေါင်ကျော်အချိန်ကြီးမှာ သူ့မှာ တစ်ယောက်တည်း ဧည့်ခန်းဆိုဖာကြီးမှာ ဆောင်းလေဖြူးဖြူးနှင့် အအေးခံပြီး မိန်းမ မကြည်ဖြူလို့ အခန်းထဲမဝင်ရဘဲ ဧည့်ခန်းမှာပဲ သူကလည်း ငုတ်တုတ်မိုးလင်းခံမည်။

ခင်က သူ့ကို ဆန့်ကျင်နေသလို ...

သူကလည်း ခင့်ကို ဆန့်ကျင်ပြရမည်။

ဒါမှ မိဘတွေ သူ့ကို အမြင်မတော်ဖြစ်ပြီး သူ့သမီးကို ဆူပူပြီး သူ့ကို အခန်းထဲခေါ်ခိုင်းခဲ့မှာ။

အင်း ...

သူက အကြံကြီးကြီးဖြင့်ပင် ဧည့်ခန်းထဲမှာ အအေးခံနေလိုက်သည်။

"ဟယ် ... သားလေး အခန်းထဲဝင်အိပ်တော့လေ၊ ဘာဖြစ်လို့ ဧည့်ခန်းထဲမှာ ဒီအတိုင်းကြီးငုတ်တုတ်ထိုင်ပြီး အအေးခံနေရတာလဲ ကျွတ် ...၊ ဘာမှစိတ်ဆင်းရဲခံပြီး တွေးမနေနဲ့၊ ခင့်ကို မေမေတို့ ဖျောင်းဖျပေးပါမယ်၊ မင်း တစ်ပတ်နှစ်ပတ်တော့ သည်းခံစောင့်ရလိမ့်မယ်နော်"

သူ အအေးခံနေတာကို မေမေ တွေ့သွားပြီးပြောလာတော့ ...





"အဟွန်း"

သူ မေမေ့ကို ဘာမှ ပြန်မပြောမိဘဲ ခေါင်းကြီးငုံ့ချရင်း ရှက်ပြုံးကြီး ပြုံးလိုက်မိသည်။

ဟင်း ...

မိန်းမအခန်း ဝင်မအိပ်ရရင်ဖြင့် သူကတော့ ဒီအတိုင်းပဲ ငုတ်တုတ်မိုးလင်းခံမည်။

ခင်ရယ် ... မင်းမှ မူတတ်တာ မဟုတ်ဘူး၊ မောင်လည်း မူတတ်ပါတယ်။

"သားလေး သွား သွား ... အခန်းထဲမှာ သွားအိပ်တော့"

"ရပါတယ် မေမေ၊ ကျွန်တော် မအိပ်ချင်သေးဘူး"

"အင်း ... ခက်တော့တာပဲကွယ်"

သမက်ဖြစ်သူ သမီးနဲ့ မျက်နှာချင်း မဆိုင်ရသဖြင့် ငုတ်ကောက်ကိုကျနေတာကြီးကိုကြည့်ပြီး ဒေါ်လှိုင်မေထား မနေသာတော့ဘဲ သက်ပြင်းမောကြီးချကာ သမီးဖြစ်သူရဲ့ အခန်းဆီသို့ လှည့်ထွက်လာခဲ့ရတော့သည်။

အဲဒီနောက် တိတ်ဆိတ်နေလှန်းသည့် သမီးအခန်းကို တဒေါက်ဒေါက် ခေါက်ပစ်ပြီး အဖွင့်ခိုင်းလိုက်သည်။

"ဒေါက် ... ဒေါက်"

"ခင် မအိပ်သေးဘူး မဟုတ်လား၊ မေမေ့ကို တံခါးဖွင့်ပေးစမ်း သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ...

အခန်းအပြင်က တဒုန်းဒုန်း တံခါးခေါက်သံက ပို ကျယ်လာသဖြင့် ခင်က နှုတ်ခမ်းသားကို တင်းခနဲ မဲ့ပစ်လိုက်သည်။

ဟင်း ...

မသိရင်ခက်မယ် ...

ဟိုအကောင် အခန်းထဲဝင်ဖို့ ရှေ့ကနေ တင်ကြိုဖွင့် နိုင်းတာ မသိဘူး မှတ်နေလား။

ခင်သည် ယောကျ်ားဖြစ်သူကို စိတ်နာလွန်းစွာဖြင့် နှုတ်ခမ်းသားလေးကို ဖိကိုက်ရင်း တဒုန်းဒုန်းထုနေသည့် တံခါးဝ ကြီးကို စိုက်ကြည့်ရင်း ရင်ထဲက ဒေါသတွေက ပေါက်ကွဲသွားရ တော့သည်။

"ဒေါက် ... ဒေါက် ... ခင် တံခါးဖွင့်စမ်းဆို"

"မဖွင့်ဘူး ... မဖွင့်ဘူး"

ခေါင်းကို တအားခါယမ်းပြီး တအားကျုံးအော်ပစ် လိုက်တော့ ခင် မျက်လုံးထဲ မှုးခနဲပြာဝေသွားပြီး ခေါင်းထဲ မိုက် ခနဲဖြစ်သွားတော့သည်။

"အား ... မူးလိုက်တာ"

"ဟင် ... ဘာဖြစ်တယ်၊ ခင် ... ခင် ဘာဖြစ်တာလဲ"

"အား ... မေမေ ... မေမေ ခင် မူးတယ်၊ အန်လည်းအန် ချင်တယ်၊ ခင် ရင်ပြည့်ပြီနဲ့တူတယ် ... အား ... ဝေါ့"





"ဟယ် ... လုပ်ပါဦး ဆရာဝန်ခေါ်၊ ခင် သမီး တံခါးဖွင့်"

"အား ... အဟင့် ဟင့် ... မူးတယ်၊ ခင် အရမ်းမူးတယ်"

ခင် ပြောလည်းပြော အန်လည်း အန်လိုက်ပြီး ကြောက်ကြောက်နှင့် မေမေ့ကို တံခါးဖွင့်ပေးရင်း တံခါးဝမှာပဲ ပုံလျက် လဲကျသွားတော့သည်။

"ခင် ... သမီး လုပ်ပါဦး သားလေးရေ"

"ခင်"

အဲဒီအချိန်မှာ ဘယ်အချိန်က ဘယ်လို အနောက်မှ ချက်ချင်းကြီးရောက်လာသည့် သမက်က သမီးဖြစ်သူရဲ့ကိုယ်လုံး လေးကို ဖွေ့ခနဲပွေ့ချီပြီး အိပ်ခန်းခုတင်ကြီးဆီ တင်ချပေးလိုက် တာကြီးကိုကြည့်ရင်း ဒေါ်လှိုင်မေထား ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ကြောင်နေသည်။

"ခင် ... ခင်"

"မေမေ ... မေမေ မူးတယ်၊ ခင် အရမ်းမူးတယ်"

"အေး ... အေး ... ဆရာဝန်လာတော့မယ်၊ သိပ်မကြာပါ ဘူး သမီး၊ ဘာမှ မဖြစ်ပါဘူး၊ မူးသေးလား သမီး"

"အင်း ... မူးတယ်"

အခုမှ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက အပူတွေ လျှော့ခနဲအေးမြသွားရသလို ခင် မူးတယ်ဆိုတာကြီးကို သူ ကောင်းကောင်းနားလည်လိုက်ရသည်။

ဟွန်း ... ကောင်မလေး တစ်ယောက် မိခင်တစ်ယောက် ဖြစ်ပြီဆိုတာကို သူ တစ်ထစ်ချ ယုံလိုက်သည်။

ခမမေကတော့ သူ့သမီး မူးပြီးအန်တာကို ရင်ပြည့်တယ် ဖျားတယ်ထင်တာ။

မဟုတ်ဘူး မေမေရ။

မေမေ့သမီး ကိုယ်ဝန်ရှိတာဗျလို့ သူ ဝမ်းသာအားရ ထပြီးအော်ပစ်လိုက်ချင်သည်။

အင်း ...အခုတော့ သူ့မှာ ရင်ထဲက နွေးထွေးကြင်နာမှုတွေကို မျိုသိပ်ပြီး ခင့်လက်ကလေးကို ဖွဖွကလေးဆုပ်ကိုင်ရင်း ...

"ခင် ဘာမှမဖြစ်ဘူး ဆရာဝန်လာပြီ"

ဟု သူ ကြင်နာစွာ ဖွဖွဆိုလိုက်တာကို အကဲမကျေသည့် မျက်လုံးစိမ်းလေးဖြင့် မော့ကြည့်လာတာကို သူ မိန့်မိန့်ကြီး ပြုံးမိလေသည်။

မူးနေတဲ့ကြားက သူ့ကို ရန်စောင်နေနိုင်သေးသည်။

ဆရာဝန်ကတော့ သူတို့နှစ်ယောက် တိုက်စစ်ဆင်နေတာကို မသိဘဲ အပြုံးချိုချိုမျက်နှာကြီးဖြင့် သူ ထင်ထားသည့်





အတိုင်းပင် ခင့်မှာ ကိုယ်ဝန်ရှိပြီဆိုတာကြီးကို ဝမ်းသာအယ်လဲ ပြောလာလေသည်။

"ဒေါ်ထားတို့တော့ မြေးချီရပြီဗျာ၊ ခင့်မှာ ကိုယ်ဝန်ရှိနေပြီ နှစ်လရှိပြီ"

"အို"

ကြားလိုက်ရသည့်စကားတွေအတွက် ခင် ရှက်လွန်းလို့ ပိုပြီး မူးမိုက်သွားတော့သည်။

အား ...

ဒါဆို ခင် ရှုံးပြီပေါ့။

ခင် အရှုံးကြီးရှုံးပြီ။ ခင် သူ့ကို ပေးဆပ်ရသည့် မိန်းမဖြစ်ပြီပေါ့။

ဆရာဝန်က လိုအပ်သည့်ဆေးတွေကို ထိုးပေးအပြီး ညဉ့်လည်းနက်နေတာမို့ သိပ်မကြာခင်မှာပဲ ပြန်သွားတော့သည်။

ဆရာဝန်ပြန်သွားတော့မှ ခင့်ရင်ထဲက နာကျင်ခါးသီးသည့်ခံစားချက်တွေ ပွင့်ထွက်သွားတော့သည်။

ခင့်လက်ကလေးကိုဆုပ်ကိုင်ပြီး ခင့်မျက်နှာလေးကို ကြင်နာနွေးထွေးစွာ စိုက်ကြည့်နေသည့် သူ့မျက်နှာ။

ပြီးတော့ ပြုံးပျော်ကျေနပ်နေသည့် မေမေတို့ရဲ့မျက်နှာတွေကိုကြည့်ပြီး ခင် ခေါင်းကြီးမောကြီး ပေါက်ကွဲသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှက်ဒေါသလို့ပြောမယ်ဆိုရင်လည်း ပြောလို့ရသည်။

“သွား … သွား … ခင့်အခန်းထဲကို ဘယ်သူမှမလာနဲ့၊ ဘယ်သူ့မျက်နှာမှ မကြည့်ချင်ဘူး … အဟင့် ဟင့်”

ခင် ပြောလည်းပြော ရှက်လွန်းလို့ မျက်နှာလေးကို ခေါင်းအုံးကြီးနဲ့ ဖိအပ်ပြီး ဝမ်းနည်းတကြီးငိုချလိုက်ပါတော့သည်။

သူကတော့ ခင် ငိုနေတာကို ကောင်းကောင်းကြီး သဘောကျနေမှာပေါ့။

ဟင်း … မေမေကလည်း ခင် အခု ဝဋ်လည်ပြီဆိုတာကို ကောင်းကောင်းကြီး လှော်နိုင်ပြီပေါ့။

“သမီးရယ် … ကလေးမဟုတ် သူငယ်မဟုတ် မဆိုးရဘူးလေ၊ သမီးက မိခင်ဖြစ်တော့မယ်”

“ဘာမိခင်လဲ၊ ဘာမှ မကြားချင်ဘူး နားခါးတယ်၊ နားခါးတယ်”

“ခင် မေမေ့ကို ခံမအော်နဲ့လေ”

“ဟင်း ဟင်း … ဘာလဲ မေမေက ခင့်ကို ဝဋ်လည်ပြီဆိုပြီး ပျော်နေတာပေါ့”

“ဟာ … ဘာတွေလျှောက်ပြောနေတာလဲ ခင်ရယ်၊ မေမေ့ကို အားနာစရာ၊ မေမေရယ် ခင့်အစား ကျွန်တော်တောင်းပန်ပါတယ်”





“အမယ်လေး … ငါ့သမက်ရယ် တောင်းပန်မနေစမ်းပါနဲ့ ကွယ်၊ ကဲ … ကဲ … မေမေတို့သွားပြီ၊ သားရေ မင်းမိန်းမ မင်းနိုင်အောင် ထိန်းပေတော့”

အင်း …

မေမေနဲ့ အန်တီလေးက ခင့်အခန်းထဲက လှည့်ထွက်သွားလေတော့သည်။

မေမေကတော့ ခင် မခံနိုင်သည့်စကားလုံးတွေနှင့် ခင့်ကိုကိုင်ပေါက်သွားခဲ့ပြီ။

ဒီလိုဘဝကြီးကို ခင် မုန်းတီးစက်ဆုပ်စွာဖြင့် မျက်ဝန်းကလေးကို ခပ်တင်းတင်း မှိတ်ချလိုက်ပြီး သူ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်လိုက်တော့ သူက ခင့်ကိုလွှတ်မပေးဘဲ သူပါ ခင့်ခေါင်းအုံးပေါ် မျက်နှာအပ်ချပြီး လှဲအိပ်လိုက်သဖြင့် ခင် ဆတ်ဆတ်ခါသွားရကာ …

“ဟင် … ရှင် … ရှင် … အခု ကျွန်မ ခုတင်ပေါ်က ဆင်း၊ အခုဆင်း”

“မိန်းမ ဘာဖြစ်တာလဲကွာ၊ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦးမှပေါ့၊ ကိုယ်က လွှတ်လွှတ်လပ်လပ် မဟုတ်တော့ဘူး၊ မိခင်လောင်းဖြစ်သွားပြီကွ … ဟွန်း … ဟွန်း”

“ဘာမိခင်လောင်းလဲ၊ အဟင့် ဟင့် … မုန်းတယ်၊ မုန်းတယ်၊ ဒီမိန်းမဘဝကြီးကို မုန်းတယ်”



www.burmeseclassic.com

www.burmeseclassic.com

ခင် ကိုယ်ဝန်ရှိတာကို ကျိတ်ဝမ်းသာနေကြသည့် လူသားတွေအတွက် ခင်က အဖြည့်ခံမိန်းမဖြစ်ရသည့်ဘဝကြီးကို အရမ်းမုန်းမိကာ ခင်သည် ကိုယ့်ဗိုက်ကလေးကိုယ် တဘုန်းဘုန်း ထုပစ်လိုက်တော့သည်။

ယောက်ျားကလည်း ခင့်ကို ကောင်းကောင်းအနိုင် ယူလို့ရသွားပြီ။

မေမေကလည်း ခင် ဝင့်လည်မှာကို စောင့်ကြည့် မည်။

ယောက္ခမကလည်း ခင် ကလေးတစ်ယောက်နဲ့ အလုပ်ရှုပ်ရတော့မယ့်ဘဝကြီးကို ပြုံးပြုံးကြီး ကျေနပ်တော့မယ်။

ခင် မုန်းလိုက်တာ။

"ကဲ ... ကဲ ... မုန်းတယ်၊ မုန်းတယ်"

"ဟာ ... တော့ ... ခင် ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ဗိုက်ကိုထုတာလဲ၊ ဟာ ... ဒုက္ခပဲကွာ"

သူက ခင့်လက်ကလေးကို ဆွဲကိုင်ပြီး သူ့နှုတ်ခမ်းသားကြီးဖြင့် ထွေးငုံရင်း ခင့်မျက်ဝန်းကလေးကို နွေးနွေးကလေး နမ်းရှိုက်လာခဲ့ဘာကြီးကို မုန်းတီးစက်ဆုပ်စွာဖြင့် ခင် သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်မိသည်။

ဒါပေမဲ့ ခင် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ခွင့်မရခဲ့ပါ။





သူ့ရင်ခွင်ထဲမှ ရုန်းထွက်ခွင့်မရတော့ ခင် ပိုပြီး ဒေါဖောင်း ပေါက်ကွဲသွားတော့သည်။

"မုန်းတယ် ... သိပ်မုန်းတယ်"

"ဟာ ... ဘာကိုမုန်းတာလဲ၊ အဆက်အစပ်မရှိ၊ မေမေ့ကို မုန်းတာလား၊ မာမီကိုမုန်းတာလား၊ ကဲ ... ပြောပါဦး"

"မောင့်ကို"

ခင် ဘာကြောင့်များ သူ့ကို ခပ်နွဲ့နွဲ့လေးပြောလိုက် မိမုန်းမသိ။ အခုလိုပြောလိုက်မိတာကြီးကို အရမ်းရှက်သွားတဲ့ အချိန်မှာ သူက တအားထအော်လိုက်တော့သည်။

"အား"

"ဘာဖြစ်တာလဲ"

"ကမ္ဘာတည်သွားပြီ"

"ဘာကိုလဲ"

"မောင့်ကို မုန်းတယ် စကားသစ်ကလေး"

"ဟွန့်"

ကြည့်စမ်းပါဦး ...

ပြောတတ်လွန်းသည့် မောင့်နှုတ်ခမ်းကလေးတွေကို ခင် မြတ်နိုးလွန်းလို့ မျက်စိစုံမှိတ်ပြီး နမ်းရှိုက်လိုက်ချင်ပေမယ့် တကယ်တမ်းကျ ခင်ဟာ ဣန္ဒြေကြီးသည့် သိက္ခာရှိသည့် မိန်းမ တစ်ယောက်ဖြစ်ခဲ့တာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



မောင် နမ်းခဲ့သည့် အကြင်နာအနမ်းတွေကို မိန့်မိန့် မူးမူးကြည်နူးပြီး ရင်ခုန်ကျေနပ်ခဲ့ရသည့် မိန်းမဖြစ်ခဲ့ရတော့သည်။

တကယ်တော့ ...

မောင်ရယ် ကျွန်မရင်ထဲမှာ ...

ရှင့်ကို မြတ်နိုးခဲ့တာကြာပါပြီ။

ရှင့်ရဲ့အမူစတိုင်တွေကို အထင်မကြီးလို့ ...

ရှင် ကျွန်မအပေါ် အနိုင်ယူဗိုလ်ကျခဲ့တာတွေကို

မုန်းလွန်းလို့ ရှင့်ကိုချစ်တယ်လို့ ပါးစပ်က

ဖွင့်ဟမပြောခဲ့သမယ့်

ကျွန်မရင်ထဲမှာ ရှင့်ကို ချစ်တယ် ဆိုတဲ့စကားလုံး ထက် လေးနက်တဲ့ စကားသစ်ကလေးကို

အဖြေပေးခဲ့ပြီးသွားပြီ ...

အဲဒီအဖြေလေးကတော့ ...

"မောင့်ကိုမုန်းတယ်"

ပရိသတ်အတွက်
အမြဲတမ်း

ရှင်မီထယ်

BURMESE CLASSIC .com

www.burmeseclassic.com